www.burmeseclassic.com

# ပျား

လေအသုတ်လိုက်ကြွေခြင်း

BURMESE CLASSIC

GRAPHIC DESIGN
THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဖျူးစာပေ)

အမှတ် - ၅၂၀(က)၊ အင်းဝ (၄)လမ်း။

(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျင်ရင် (မြ-၀၀၃၂၆) (ရွှေခြသေ့်ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း စော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုဇင်ဦးနှင့်ညီများ

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

ဖျူးစာပေ

၀၉ ၅၀၃၀၁၀၆၊ ၀၉ ၂၅၄၁၂၀၈၈၀၊ ၀၁ ၈၅၀၀၆၉၆

| |
|---|
| ၈၉၅ . ၈၃ |
| ဖျူး |
| လေအသုတ်လိုက်ကြွေခြင်း |
| ဖျူးစာပေ၊ ၂၀၁၅။ |
| ၂၄၀ - စာ၊ ၁၂ x ၁၈ စင်တီ။ |
| (၁) လေအသုတ်လိုက်ကြွေခြင်း |


# အခန်း (၁)

"ငါသွားတော့မယ်"

လေးနက်က သူငယ်ချင်းတွေ ဆုံတွေ့နေကျဖြစ်သော ကောင်းမြတ်ရဲ့အိမ်လေးထဲကနေ ထွက်ခွာရန် ပြင်သည်။

"မင်းကလည်း ရောက်တာမှ မကြာသေးဘူး။ မိန်းမရပြီးမှ မင်းအချိုးတွေ ပြောင်းတယ်နော်၊ သူငယ်ချင်းတွေကို ပစ်ထားချင်နေတယ်"

ဖိုးချိုကပါ ဝင်ဖောက်လိုက်သော လေးနက် အိမ်ပြင်မထွက်ဖြစ်သေးဘဲ နောက်ပြန်လှည့်လိုက်ရ၏။

"မင်းတို့ ငါ့ကို အဲဒီကိစ္စ မပြောကြရင်ကောင်းမယ်ကွာ"

"ဘာကိစ္စလဲ၊ မင်းမိန်းမကိစ္စလား"

ဖိုးချိုက သိရဲ့သားနဲ့ တမင်ပင် ပြန်မေးသည်။

"ငါ့ဘက်က အတတ်နိုင်ဆုံး လိုက်လျောပေးပြီးသွားပြီ ဖိုးချို။ [illegible] တင်းခံနေတာတော့ မတတ်နိုင်ဘူး။ တစ်ခုခုဖြစ်ကြပြီဆို တကယ်



www.burmeseclassic.com

www.burmeseclassic.com



တမ်းနစ်နာတာက မိန်းကလေးပဲဆိုတာ သူတို့မေ့နေတဲ့ပုံပဲ''

ယောကျ်ားမတွေနှင့်အတူ လိုက်နေနေသော လေးနက်က မကျေ မချမ်းစကား ဆိုသည်။ မိန်းမယူထားတာ တစ်နှစ်ကျော်ရှိပြီဆိုပေမယ့် ယောကျ်ားမနဲ့အဆင်မပြေနိုင်ဖြစ်နေသော လေးနက်ကို ဖိုးချိုတို့တွေ နားလည်ပေးနိုင်ပါသည်။ သူ လက်ထပ်ယူထားသည့်ပိုင်းလေးကိုလည်း အမှန်တကယ် တမ်းသာဆို အဲဒီအချိန်တုန်းက ယူဖြစ်ဖို့ အစီအစဉ်မရှိသေး။

အရာအားလုံးက တလွဲတွေချည်း ဖြစ်ခဲ့ရတော့ အဲဒီက အကျိုးဆက်မှန်သမျှကိုလည်း ခုချိန်မှာ လေးနက် ခံစားနေရသည်။

''ငါ ပြန်တော့မယ်ကွာ၊ ဆယ်နာရီလည်းထိုးနေပြီ၊ အမေ စိတ်ပူနေမှာစိုးလို့ကွ''

''ဘယ်လို အမေ ဟုတ်လား''

''ဟုတ်တယ် ကောင်းမြတ်၊ မနေ့တညကေ ငါ့အိမ်မှာ ပြန်နေနေတယ်''

''မင်းကို ပိုင်းလေးက ဘာမှမပြောဘူးလား''

''ထုံးစံအတိုင်း ဖုန်းတွေတော့ တဂွမ်ဂွမ်ဆက်တာပေါ့ကွာ၊ ဒီကြောင့်လည်း ငါ့မှာဖုန်းကို စက်ပိတ်ပိတ်ထားရတယ်''

ဟိုနှစ်ကောင် ဘာမှထပ်ပြီး အထွန့်မတက်ခင်မှာ သူ ထွက်လာခဲ့လိုက်သည်။ ငါးမိနစ်လောက် လမ်းလျှောက်သွားရုံနှင့် သူ့အိမ်ကို ပြန်ရောက်ပြီ၊ အိမ်မှာက အမေရယ် မမကြီးရယ် နှစ်ယောက်တည်းရှိတာ။ စောစောစီးစီး အိပ်ရာဝင်တတ်ကြသူများမို့ သူ့အမြဲတမ်း သော့အပိုတစ်ချောင်း ဆောင်ထားရသည်။



ကိုယ့်အိမ်မှာ ကိုယ်ပြန်လာနေရတဲ့ ခံစားချက်က ဘာနဲ့မှမတူ။ အမြဲတမ်း ချုပ်လှောင်ထားသလို ခံစားနေရသော ဒုက္ခကနေ လွတ်မြောက်လာခဲ့သည်။ သွားလည်းသွားပြန်ပြီ စားလည်းစားပြန်ပြီ တတွတ်တွတ် လိုက်ကြည့်ပြောဆိုနေတတ်သည့် ပိုင်းလေး ဘေးနားကနေ ရုန်းထွက်လာနိုင်ခဲ့တာကိုပဲ သူ ဝမ်းသာနေမိပါပြီ။

■ ■ ■

''မနေ့က ငါ့ဖုန်း အဲဒီကောင်အိတ်ထဲ ပါသွားတာ၊ သွားပြန်မယူလို့ ရမလားဟ''

ကြည်သာက မျက်လုံးကြီးပြူးပြီး ပြောသည်။ ချမ်းက ပခုံးလေး တစ်ချက်တွန့်ပြလိုက်၏။ ဒီနေ့မနက် ကော်ဖီဆိုင်ထိုင်ဖို့ ကြည်သာ့ဆီ ဖုန်းဆက်လိုက်တော့ စက်ပိတ်ထားပါသည်ဆိုတဲ့ အဖြေနဲ့သာ တိုးခဲ့ရသည်။ ဆယ်မိနစ်လောက်နေတော့မှ လမ်းဘေးဖုန်းတစ်လုံးဖြင့် ကြည်သာ ဆက်သွယ်လာပြီး ချမ်းတို့ ခုမှဆုံဖြစ်သည်။

ကော်ဖီတစ်ခွက်တောင် အေးအေးလူလူ သောက်ခွင့်မပေးဘဲ သူ့ဖုန်းကို စိတ်ပူနေသည့် ကြည်သာ့ကို ချမ်း စူးစူးရှရှ စိုက်ကြည့်ပစ်လိုက်တော့ အထက်ပါအတိုင်း မျက်လုံးကြီးပြူးပြီး ပြောလိုက်သည်။

''နင့်ကိုငါက သွားမယူနဲ့လို့များ ပြောမိလို့လား ကြည်သာရယ်၊ ကော်ဖီလေးဘာလေး အေးအေးချမ်းချမ်း သောက်ပါရစေဦး''

''အေးပါ သောက်ပါ ငါကရော ဘာများပြောနေလို့လဲ''

''ဘာမှသာ မပြောတယ်၊ ငါတော့ နားငြီးလို့ သေတော့မလား

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ဟာ"

ခုလိုကျတော့လည်း မျက်နှာငယ်လေးနှင့် ရှေ့တည့်တည့်မှာ ခပ်နွေးနွေးသာ ကျန်တော့သော ကော်ဖီကို ယူသောက်သည်။

"ငါပါ လိုက်ခဲ့မယ်"

"အခု ငါသွားမှာ ယောက်ျားလေးတွေပဲရှိတဲ့ အိမ်နော်၊ နင်က ဘာလိုက်လုပ်မှာလဲ"

"ဘာလိုက်လုပ်ရမှာလဲ၊ နင့်ဖုန်းသွားယူတာကို အဖော်လိုက်ပေး တာပေါ့၊ တော်ကြာနေ အပေါင်းအသင်းတွေနဲ့တွေ့ပြီး ငါနဲ့ရုပ်ရှင်ကြည့်ဖို့ ချိန်းထားတာကို ရောက်မလာတော့မှာစိုးလို့ပေါ့ သိပြီလား"

ပြောလည်းပြော နေရာကနေလည်း ချမ်း ထလိုက်သည်။ ကြည် သာ ခေါင်းကိုကုတ်၏။ သူ ဘယ်တုန်းကများ ချမ်းကို နိုင်ခဲ့ဖူးလို့လဲ။

နောက်ဆုံးတော့လည်း သူ့သူငယ်ချင်းနေသည်ဆိုသော တိုက် လေးဆီသို့ ချမ်းတို့ရောက်လာခဲ့ကြသည်။ လေးထပ်တိုက်၏အပေါ်ဆုံး အထပ်။ အပေါ်ပိုင်းဗလာကျင်းထားပြီး တစ်ကိုယ်လုံးမှာ တက်တူးများ ဖြင့် ပြည့်နေသည့်တစ်ယောက် တံခါးလာဖွင့်ပေးသည်။ အဲဒီတစ်ယောက် အပါအဝင် အခန်းထဲမှာ နောက်ထပ်ယောက်ျားလေး သုံးယောက်။ အားလုံး က ချမ်းတို့အရွယ် မတိမ်းမယိမ်းများပင်ဖြစ်သည်။

"နင် ဒီမှာ ခဏထိုင်နေဦး"

ကြည်သာက ရုပ်တည်ကြီးနှင့်ပြောကာ အတွင်းခန်းထဲ ဝင် သွား သည်။ ကျန်သည့်ယောက်ျားလေးများလည်း နောက်ကလိုက်ဝင်သွားေ မယ့် တစ်ဦးတည်းကျန်ခဲ့သော တစ်ယောက်က အနက်ရောင်ကိုင်းကြီးများ





ဖြင့် ထင်းခနဲနေအောင် ပေါ်နေသောမျက်မှန်များအောက်ကနေ ချမ်းကို စူးစူးစိုက်စိုက် ငေးကြည့်နေခဲ့သည်။ သူ ဘယ်သူလဲ။ အကြည့်တွေက ရဲတင်းလွန်းသောကြောင့် ချမ်း စိတ်ထဲပင် တစ်မျိုးကြီး ခံစားနေရသည်။

"မင်းက ချမ်းဆိုတာလား"

ဟင် သူကချမ်းနာမည်ကိုလည်း သိနေပါလား။ ဟိုကောင် ကြည် သာ ချမ်းအကြောင်း ဘာတွေများပြောထားပါလိမ့်။

"ချမ်း နာမည်ကို ဘယ်လိုသိတာလဲ"

သူက ဆရာကြီးအထာမျိုး တစ်ချက်ပြုံးလိုက်ပြီး

"မနေ့က ကြည်သာလာတော့ မင်းအကြောင်းတွေ တော်တော် များများ ပြောတယ်လေ"

ချမ်း ထင်သည့်အတိုင်းပါပဲလား။ ကြည်သာတစ်ယောက်ကလေ အမြဲတမ်း ပါးစပ်ဖွာလွန်းသည်။ ချမ်းရဲ့ ဘယ်လိုအကြောင်းတွေကိုများ သူ လျှောက်ပြောထားတာပါလိမ့်။

"ကြည်သာက ဘာတွေပြောတာလဲ"

ချမ်းအသံက အနည်းငယ် ဘောက်ဆတ်ဆတ် ဖြစ်နေမှာတော့ ကျိန်းသေပါသည်။ နဂိုတည်းကလည်း တခြားမိန်းကလေးတွေလို ညင် ညင်သာသာ နွဲ့နွဲ့နှောင်းနှောင်း မပြောတတ်သည့်ကြားက ခုလိုမျိုး ကိုယ် မသိသော လူတစ်ယောက်က ကိုယ့်ကိုသိနေပါသည်ဆိုသည့် အနေအထား ထားမှာ ချမ်းအသံက ဘယ်လိုမှ ပုံမှန်ထွက်မလာနိုင်။

"မင်းက စိတ်ကြီးတဲ့ပုံပဲနော်၊ စိတ်မပူပါနဲ့၊ ကြည်သာက မင်း မကောင်းကြောင်း ပြောတာမဟုတ်ပါဘူး၊ မင်းချစ်ဖို့ကောင်းတဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲ ပြောပြတာပါ"

ရှေ့တည့်တည့်မှာထိုင်ပြီး လူကို အားမနာတမ်းကြည့်ကာ ပြုံးပြုံးကြီးပြောနေသည့် ထိုလူကို ချမ်း မျက်စောင်းထိုးပစ်လိုက်သည်။ ထို အချိန်မှာပဲ အခန်းထဲကနေ ကြည်သာ ပြန်ထွက်လာခဲ့သည်။ ကြည်သာ့ ကိုပါ တစ်ဆက်တည်း မျက်စောင်းထိုးလိုက်ရင်း ချမ်း နေရာမှထလိုက် သည်။

"နင်ဖုန်းရပြီဆို သွားရအောင်"

"အေးပါဟ"

ကြည်သာက လက်ထဲမှာပါလာသော ဆေးပြင်းလိပ်ကို တစ် ချက်ဖွာလိုက်ပြီး ချမ်းကို စကားလာပြောသည့်လူလက်ထဲသို့ လှမ်းပေး လိုက်သည်။ ထိုလူကလည်း တစ်ချက်နှစ်ချက် ဖွာရှိုက်လိုက်ပြီး ဘေးမှ ပြတင်းပေါက်ဘောင်လေးပေါ်သို့ လှမ်းတင်လိုက်၏။

"ဟော့ကောင်တွေ မင်းတို့ဟာ ငါ ပြတင်းပေါက်ဘောင်ပေါ် တင် ထားတယ်နော်၊ ပြီးမှ ပျောက်လို့ ရှာမနေကြနဲ့ဦး"

ဆေးပြင်းလိပ်လေးတစ်လိပ်ကိုတောင် တစ်အိမ်လုံးမှာ ရှိသမျှ သော ယောကျ်ားတွေအားလုံး မျှသောက်နေကြတာလား။ ချမ်းစိတ်ထဲ ဘဝင်မကျနိုင် ဖြစ်သွားရသည်။

"ငါလည်း လိုက်မယ် ကြည်သာ"

"မင်းက ဘယ်ကိုလိုက်မှာလဲ လေးနက်၊ နေခဲ့စမ်းပါကွာ"

"မင်းတို့ကရော ဘယ်သွားမလို့လဲ"

"ငါနဲ့ချမ်းနဲ့ ရုပ်ရှင်သွားကြည့်မလို့ကွ"





"ဒါဆို ငါလည်းလိုက်မယ်လေကွာ"

"ဟာ လေးနက် မင်းအဲဒီလို မလုပ်နဲ့ကွာ၊ ချမ်းနဲ့တူတူ ရုပ်ရှင် ကြည့်ခွင့်ကို ငါ ဘယ်လောက်တောင် ခက်ခက်ခဲခဲ ရထားတာလဲ သိလို့ လား"

"တော်ပြီ မင်းကိုမပြောတော့ဘူး။ ဒီက ချမ်းကိုပဲ ပြောတော့ မယ်၊ ကျွန်တော် လိုက်ခဲ့မယ်နော် ချမ်း"

လေးနက်ဆိုသည့်လူက ကြည်သာ့ကို စိတ်မရှည်စွာပြောလိုက် ပြီး ချမ်းဘက်သို့လှည့်ကာ ခပ်ပြုံးပြုံးမေးသည်။ ဘယ်လိုလူလဲ။ သူနဲ့ ချမ်းက ခုမှတွေ့ဖူးတာကို။

ချမ်း မသိချင်ယောင်ဆောင်ကာ အိမ်ထဲမှ ထွက်ခဲ့သည်။ ချမ်း နောက်ကနေ ကြည်သာပါ လိုက်ထွက်လာ၏။

"နင့်သူငယ်ချင်းမဟုတ်ဘူးလား။ ခေါ်ရင်ခေါ်လိုက်လေ"

"အာ ဘာလို့ခေါ်ရမှာလဲဟ"

"နင့်ကိုလည်း ငါက တမင်ပြောနေတာ"

"နင်က ဘာလို့တမင်ပြောတာတုန်း"

"နင်နဲ့ စာရင်းရှင်းစရာရှိတယ် ကြည်သာ"

လမ်းလျှောက်နေတာကို ရပ်တန့်လိုက်ပြီး ကြည်သာနှင့် မျက်နှာ ချင်းဆိုင်လိုက်၏။ သူနဲ့ရှင်းစရာရှိတယ်ဆိုတော့ နည်းနည်း ကြောင်အမ်း အမ်းဖြစ်သွားပုံပါပဲ။

"ငါတို့နှစ်ယောက် ဘာရှင်းစရာရှိလို့လဲ ချမ်းရဲ့"

"ရှင်းစရာရှိတာပေါ့ နင် ဘာဖြစ်လို့ ငါ့အကြောင်းတွေကို အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လူတွေဆီ လျှောက်ပြောထားတာလဲ''

"ငါက နင့်အကြောင်းတွေ လျှောက်ပြောတယ် ဟုတ်လား။ နင့်ကို ဘယ်သူပြောတာလဲ''

"ဘယ်သူပြောရမှာလဲ ခုနက နင့်သူငယ်ချင်း လေးနက်ဆိုလား ဘာလားလေ၊ သူပြောတာပေါ့''

"လေးနက် ဟုတ်လား။ သူက နင့်ကိုဘာပြောတာလဲ''

ကြည်သာ မျက်လုံးပြူးမျက်ဆန်ပြူးနှင့်မေးသည်။

"နင် သူတို့ကို ဘာပြောခဲ့လဲ''

"ငါနဲ့ အခုတွဲနေတဲ့ ကောင်မလေးက ချစ်ဖို့သိပ်ကောင်းတယ်လို့ပဲ ပြောခဲ့တာပါ အဟီး''

ခေါင်းကိုတစ်ချက်ကုတ်လိုက်ပြီး စပ်ဖြဲဖြဲလုပ်ကာ ကြည်သာဆိုသည်။ ချမ်း မျက်စောင်းထိုးပစ်လိုက်၏။

"နေပါဦး နင်က ငါ့ကို နင်နဲ့တွဲနေတယ်လို့ ထင်နေတာလား''

"မဟုတ်ဘူးလားလို့''

အဲဒီ ကြည်သာတစ်ယောက်ကတော့ ချမ်း ပြောတာဆိုတာကို တော်တော်လေး ခံချင်နေပုံရပါသည်။ ချမ်းက လက်နှစ်ဖက်ကို ခါးတွင် ထောက်လိုက်၏။

"ဒီမှာ ကြည်သာ နင့်ကိုတစ်ခွန်းပဲပြောမယ်၊ အခုလိုမျိုး ငါက နင်နဲ့တွဲသွားတွဲလာလုပ်နေတာကို တစ်မျိုးတွေ လျှောက်ထင်မနေနဲ့၊ ဘယ်သူ့ကိုမှလည်း နင့်အထင်တွေ လိုက်ပြောမနေနဲ့၊ ငါနဲ့နင်နဲ့ တွဲနေတာ မဟုတ်ဘူး။ အဲဒါ ဘယ်လိုမှ ဖြစ်မလာနိုင်ဘူး။ နင်နဲ့ငါက သူငယ်ချင်း





ဟုတ်ပြီလား''

"အဲဒီလိုတော့ မပြောပါနဲ့ ချမ်းရယ်''

မျက်နှာငယ်လေးနှင့် ကြည်သာဆိုတော့ ချမ်းက နှာခေါင်းရှုံ့ သည်။ အဲဒီ ကြည်သာတစ်ယောက်ကလေ ယောကျ်ားကြီးဖြစ်ပြီး ဘယ် တော့မှ တည်တည်တံ့တံ့ မနေ။ စကားဆိုလည်း အမြဲတမ်း လျှောက်ပြော တတ်သည်။ မျက်နှာအမူအရာကလည်း ခုတစ်မျိုး တော်ကြာတစ်မျိုး အမျိုးမျိုးပြောင်းလဲတတ်၏။ ဒါပေမဲ့ သူ့ရဲ့ကောင်းကွက်လေးတစ်ခုက အမြဲ တမ်း အကူအညီပေးတတ်ပြီး ပျော်ပျော်နေတတ်ခြင်းပင်ဖြစ်သည်။

ဒါကြောင့်လည်း ချမ်းနဲ့ခုလို သူငယ်ချင်းဖြစ်ခွင့်ရတာပေါ့။

"အဲဒီလိုကလွဲရင် ငါ့မှာပြောစရာမရှိဘူး ကြည်သာရယ်''

ချမ်းက လေအေးလေးနှင့် ပြောလိုက်တော့ သူ ခေါင်းငိုက်စိုက် ကျသွားသည်။ ကြည်သာနဲ့က ကျောင်းမှာ အတူတူတွေ့ဆုံခင်မင်ခဲ့ပြီး ...တလောကတော့ ချမ်းကို ရည်းစားစကားပြောထားသည်။ ချမ်းက မသိချင် ...ယောင်ဆောင်ကာ အရင်လိုပဲ သူငယ်ချင်းတွေအတိုင်း ခင်ခင်မင်မင်နေခဲ့၏။

ကိုယ့်ကိုရည်းစားစကား လာပြောထားသည့်လူဆိုပြီး ရှိုးတိုးရှန့် ...နဲ့ ရှောင်ခွာခွာနေခြင်းမျိုးတွေလည်း ချမ်းမှာမရှိ။ အရင်လို အခေါ် ...အပြောမပျက်ခဲ့သည်ကို ကြည်သာက တစ်မျိုးတစ်မည် ထင်သွားမှာတော့ ...း မလိုလားပါ။

"နင် ငါနဲ့ ရုပ်ရှင်တူတူ ကြည့်ဦးမှာလားဟင် ချမ်း''

"ကြည့်မှာပေါ့ ဘာလို့မကြည့်ရမှာလဲ၊ လာ သွားမယ်၊ ဒီကားက ...ည်ကြီးတော့ လက်မှတ်မရမှာတောင် စိုးရိမ်ရတယ်၊ မြန်မြန်သွားပြီး



www.burmeseclassic.com

ဝယ်ထားမှ စိတ်ချရမှာ"

ရယ်ရယ်မောမောနှင့် ချမ်း ပြောလိုက်ပြီး ရုပ်ရှင်ရုံများဘက်သို့ ခြေလှမ်းကို ဦးတည်ကာ ခပ်သွက်သွက်လေးသွားလိုက်လျှင် ကြည်သာလည်း အပြေးကလေးပါလာခဲ့၏။

ချမ်းကိုယ်တိုင်က မိန်းကလေးတစ်ယောက်ဆိုပေမယ့် လွတ်လပ်ပေါ့ပါးစွာနေတတ်ပြီး ယောကျ်ားလေးများနှင့် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်သောကြောင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းက လူကြီးသူမတွေ အထင်သေးခြင်းကို အမြဲခံရသည်။ ဒါပေမဲ့ ချမ်းနှင့်ထဲထဲဝင်ဝင် ပေါင်းဖူးသည့် သူငယ်ချင်းအားလုံးကတော့ ချမ်းအကြောင်းကို သိကြပါသည်။

ယောကျ်ားလေးအပေါင်းအသင်းများပေမယ့် ကလက်တက် တက်နေခြင်းတော့မဟုတ်။ လူငယ်ပီပီ ပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ် နေထိုင် ခြင်းသာ ဖြစ်သည်။ ချမ်းကိုယ်တိုင်က ကိုယ့်နေထိုင်မှုစရိုက်အပေါ် ဘယ်တုန်း ကမှ အဆိုးမမြင်ခဲ့ပါ။

ဘယ်သူတွေ ဘာပြောပြော ကိုယ်ကောင်းနေရင် ခေါင်းဘယ်မှ မရွေ့ဘူးလို့ လက်ခံထားခဲ့သည့် မိန်းကလေးဖြစ်သည်။

■ ■ ■

"သမီးလေး ပြန်လာတာ နောက်ကျတယ်နော်"

အိမ်ထဲသို့ ဝင်လိုက်သည်နှင့် အတူနေ အဒေါ်အပျိုကြီးက ဆီးပြောသည်။ ချမ်းက လက်ထဲမှာပါလာသော ဖုန်းလေးကို လှည့်ပတ် ဆော့ကစားရင်း အိမ်နောက်ဖေးဘက်ဆီ တန်းဝင်လာခဲ့လိုက်၏။ အနောက်ကပါလာသော အန်တီမေ့ခြေသံကို ကြားရသည်။





"ထမင်းစားမလို့လား သမီး။ ချဉ်ပေါင်ဟင်းရည်က အေးနေပြီ။ အန်တီမေ ပြန်နွှေးပေးထားမယ်၊ အဝတ်အစားတွေ ဘာတွေ သွားလဲချည်"

ချမ်းရဲ့အခန်းလေးက အပေါ်ထပ်တစ်ထပ်လုံးပင် ဖြစ်သည်။ ဟိုးအရင်က ပေါင်ကောင်တိုက်လိုမျိုးမို့ တစ်ခန်းတည်းဆိုပေမယ့် အထပ်နှစ်ထပ်နှင့်နေရထိုင်ရ ကျယ်ကျယ်ဝန်းဝန်းရှိသည်။ အောက်ထပ်မှာ အန်တီမေနေပြီး အပေါ်ထပ်က ချမ်းနေသည်။

ဟိုဘက်ဘေးခန်းမှာတော့ ချမ်းရဲ့အဒေါ်အငယ်ဆုံး အန်တီမေ့ညီမ အန်တီလေးတို့မိသားစုနေ၏။

ချမ်းရဲ့မိဘများ ဆုံးပါးသွားပြီးနောက်မှာ အဘိုးအဘွားလက်ထက်ကတည်းက အမွေအဖြစ် ကျန်ရစ်ခဲ့သည့် ဒီတိုက်ခန်းနှစ်ခန်းကို ခွဲဝေယူတော့ အန်တီမေနှင့်အန်တီလေးက တစ်ယောက်တစ်ခန်းရသည်။ ချမ်းကိုတော့ အကြီးဖြစ်သည့် အန်တီမေက ခေါ်ယူထားခဲ့ခြင်းပါ။ အန်တီမေမှ ခေါ်သွားရင်လည်း အန်တီလေးနဲ့ချမ်းက အဆင်မပြေ။ ချမ်းရဲ့ဘယ်သူ့ကိုမှ သိပ်ဂရုတစိုက်ပြောဆိုတတ်ခြင်းမရှိသည့် အပြုအမူတွေကို အန်တီလေးက သဘောမကျ။ ဒါကြောင့်လည်း ချမ်းနဲ့ဆို တကျက်ကျက် ရန်ဖြစ်ခဲ့ရတာပေါ့။

အန်တီမေနဲ့ တူတူနေရတာ ချမ်းအတွက် အအေးချမ်းဆုံးပါ။ ချမ်းက တော်ရုံတန်ရုံ ဘာစကားမှမပြောရင်တောင် အပြစ်မဆိုတတ်။ ချမ်း လုပ်ချင်တာတွေဆိုလည်း တားမြစ်ပိတ်ပင်တတ်ခြင်းမရှိ။ တော်တော်လေး အပျိုမတော်ဖြစ်လာတော့မှ အနည်းအကျဉ်း ပြောတာဆိုတာလေးတွေပဲ ရှိသည်။ ဒါတောင်မှ သူ ဘယ်လောက်ပြောပြော ချမ်းက နားထောင်တတ်သူမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်တမ်းဆိုရင်တော့ ကိုယ့်ဘာသာကိုယ်လည်း ဘာဖြစ်လို့ ဒီလိုတွေဖြစ်နေတယ်ဆိုတာ နားမလည်ခဲ့။ မိဘတွေငယ်ငယ်တည်းက ဆုံးပါးသွားတော့ ချမ်းတစ်ယောက်တည်း အထီးကျန်ခဲ့သည်။ အိမ်မှာဆိုလည်း အန်တီလေးက ဟိုဟာမလုပ်ရ ဒီဟာမလုပ်ရ အမြဲတားမြစ်နေတော့ ချမ်းအတွက် အနေရအထိုင်ရ သိပ်ခက်ခဲခဲ့၏။ ထိုအချိန်တွေမှစကာ ချမ်းရဲ့ပျော်ရွှင်ရာနေရာသည် သူငယ်ချင်းများရှိသော ကျောင်းမှာသာဖြစ်ခဲ့၏။

သူငယ်ချင်းအပေါင်းအသင်းတွေနဲ့သာဆို ချမ်း ပြောချင်တာတွေပြောလျက် ပျော်ရွှင်ကြည်နူးနေတတ်သည်။ အိမ်ပြန်ရောက်လာရင်တော့ ချမ်း ဘယ်သူနဲ့မှ သိပ်စကားမပြောခဲ့။ ဆယ်တန်းအောင်ပြီးတည်းက အန်တီလေးကတော့ ချမ်းရဲ့စရိုက်ကို ပြင်လို့ရမှာမဟုတ်တော့ဘူးဆိုကာ လက်လျှော့လိုက်သည်။ စကားလည်းမပြောတော့သောကြောင့် ချမ်းဘဝက ပိုလို့တစ်ယောက်တည်းဖြစ်လာခဲ့၏။

အချိန်ရှိသရွေ့ ဘော်ဒါအပေါင်းအသင်းများနှင့်သာ သွားလာတတ်လာသည်။ ဟိုးငယ်စဉ်တုန်းက တစ်ခန်းတည်းတက်ခဲ့တဲ့ သူငယ်ချင်း မိန်းကလေး သုံးယောက်ရှိပေမယ့် သူတို့တွေနဲ့ တက္ကသိုလ်ချင်းမတူသည့်အတွက် အမြဲတမ်းလည်း မတွေ့ဖြစ်ခဲ့။ ထို့ကြောင့်ပင် ချမ်းတစ်ယောက်တည်း ထပ်ဖြစ်ခဲ့သည်။ ခုလက်ရှိ တက္ကသိုလ်ရောက်မှ ခင်မင်ခဲ့သော သူငယ်ချင်းအသစ်တွေကလည်း ယောကျ်ားလေးများသည်။ ယောကျ်ားလေးတစ်အုပ်နှင့် တတွဲတွဲ သွားလာနေသော မိန်းကလေးတစ်ယောက်ကို ပတ်ဝန်းကျင်ကလည်း ရှုတ်ချချင်သည်။

ဒါပေမဲ့ ချမ်းကတော့ ဘယ်သူ့ကိုမှ သိပ်ဂရုမစိုက်ပါ။ ချမ်းဟာ





မိန်းမပျက်တစ်ယောက်မဟုတ်။ ကလက်တက်တက် လျှပ်ပေါ်လော်လီနေသော မိန်းမတစ်ယောက်လည်းမဟုတ်။

အိမ်နောက်ဖေးကို ပြန်ဝင်လာလိုက်ပြီး အန်တီမေ နွေးပေးထားသော ချဉ်ပေါင်ဟင်းရည်နှင့်ငါးကြော်ကို ထမင်းပန်းကန်ပေါ်ပုံလိုက်ပြီး ည့်ခန်းဘက်ထွက်ခဲ့လိုက်သည်။ တီဗွီကြည့်ရင်း ထမင်းစားတတ်တာက ချမ်းရဲ့ညတိုင်းအကျင့်။

"သိပ်ညဉ့်မနက်နဲ့နော် ချမ်း။ အိပ်ရေးပျက်တာ ကိုယ့်အတွက် ကောင်းတာမဟုတ်ဘူး"

"အင်းပါ ရုပ်ရှင်တစ်ကားပဲကြည့်မှာ၊ အန်တီမေလည်း ချမ်းကိုမစောင့်ဘဲ အိပ်တော့"

"တော်ကြာ ချမ်းက မီးတွေမပိတ်ဘဲ အိပ်ရာဝင်သွားမှာစိုးလို့ပါ"

"မမေ့ဘူး ဟုတ်ပြီလား။ သေသေချာချာ ပိတ်လိုက်ပါ့မယ် နော်"

အန်တီမေက အပျိုကြီးဆိုသည့်အတိုင်း ကိစ္စသေးသေးလေးတွေကအစ အဲဒီလိုလိုက်ပြီး ပူပန်နေတတ်သည်။ တစ်ခါတစ်ခါတော့လည်း ချမ်းနဲ့ စကားများရတာ အဲဒါတွေပေါ့။ ဘာမှမဟုတ်တာလေးတွေ ကအစ လိုက်စိတ်ပူပန်နေတတ်တော့ ချမ်းက စိတ်မရှည်တော့လျှင် သူ့ကိုပြောပစ်လိုက်ရော။ ထိုအခါ ချမ်းက သူ့ကိုပြန်ခံပြောပါတယ်ဆိုပြီး ဝမ်းနည်းနေတတ်သေးသည်။

"ဒါဆို အန်တီမေ အိပ်ပြီနော်"

အန်တီမေ အိပ်ရာထဲဝင်သွားတော့မှပင် သရဲကားတို့ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်မွန် တိတ်တိတ်ဆိတ်ဆိတ် ကြည့်ရတော့၏။ ဒီလိုမျိုး အသံဗလံ တွေ ဘာမှမရှိသည့်ညမျိုးမှာ တစ်ယောက်တည်း သရဲကားကြည့်ရတာ လောက် ကောင်းသည့်အရသာ ရှိဦးမလား။ ချမ်းကတော့ အဲဒါကို သဘော ကျသည်။

■ ■ ■

ကြည်သာ စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကို တဖြင်းဖြင်း ကုတ်လိုက် သည်။ ဒီကောင်တွေအားလုံးပေါင်းပြီး သူ့ကိုဝိုင်းရစ်ကြပြီဆို သူ ဘယ် တော့မှမနိုင်။ ခုလည်း ကောင်းမြတ်အိမ်ကို ဖုန်းဆက်ခေါ်ကာ သူ့ကို လေးနက် ဦးဆောင်သော သူငယ်ချင်းများက ဝိုင်းစားနေကြသည်။

"မင်းက သူငယ်ချင်းချင်း ကျောတယ်ပေါ့ ဟုတ်လား"

ဖိုးချိုက ရုပ်တည်ကြီးနှင့် ဝင်ပြောသည်။

"မင်းနဲ့တွဲနေတာလည်း မဟုတ်ဘဲ ငါတို့ကို ဖောတာ ဘာ သဘောလဲ၊ အထင်ကြီးအောင်လို့လား"

ဒါက ကောင်းမြတ် အပြော။ ဒီကိစ္စမှာ ကြည်သာ လေပေါ် တာတော့ မှန်ပါသည်။ ချမ်းကို သူနဲ့ကြိုက်နေတယ်ဆိုတဲ့သဘောမျိုး သက် ရောက်အောင် ဒီကောင်တွေကို ပြောထားခဲ့မိသည်။ ဟိုနေ့က ချမ်းကိုယ်တိုင် လေးနက်ရှေ့မှာ ငြင်းဆန်သွားတော့ ကြည်သာ ဆက်ဖောလို့ မရတော့ ဘေးကျပ်နံကျပ် ဖြစ်နေ၏။

"ဟုတ်တယ်ကွာ ချမ်းနဲ့ငါက ကြိုက်နေတာမဟုတ်ဘူး၊ ဒါပေ ချမ်းက ငါ့ကိုခင်ခင်မင်မင် ရှိတာတော့ မင်းတို့အမြင်ပဲလေ"

"ဒါကတော့ မင်းက သူ့ကိုအရင်ရှာဖွေတွေ့ရှိသွားတာကိုး၊ ငါ





နဲ့လည်း သိသွားရင် နောက်ဆို မင်းထက်တောင် ပိုရင်းနှီးသွားဦးမှာ"

လေးနက် စကားက ဘာသဘောလဲ။ ဟိုနေ့က သူ့ကိုချန်ထား ခဲ့သည့်အတွက် မကျေနပ်လို့ ဒီနေ့တမင်သက်သက်ကြီး ခေါ်ရစ်နေတာ မှန်းတော့ ကြည်သာ သိသည်။

"မင်းတို့က အခုဘာဖြစ်ချင်တာတုန်း"

"ငါ့ကိုချမ်းရဲ့ဖုန်းနံပါတ်ပေး"

ဆေးနက်လေသံက အတည်ပေါက်ကြီးဖြစ်သည်။

"ဟုတ်တယ် လေးနက်ကို ချမ်း ဖုန်းနံပါတ်ပေးလိုက်"

ဒီကောင်တွေ အားလုံးပေါင်းပြီး ပြောပြီဆို ကြည်သာ ရှောင် သွဲလို့မရတာ ကျိန်းသေပါသည်။ ဟိုးအရင်တည်းက ငယ်နိုင်တွေလို ဖြစ်နေ တာ ဒီသုံးယောက်ထဲမှာမှ လေးနက်ကို ကြည်သာ အရှိန်ဆုံးဖြစ်သည်။ ဟိုနေ့က ချမ်းရှေ့မှာမို့ တမင်သက်သက် လေးနက်ကို အနိုင်နဲ့ ပိုင်းပြီး ချွင်ရှင်ရုံ အတူမခေါ်ဘဲထားခဲ့ခြင်း ဖြစ်ပေမယ့် သိပ်မကြာခင် တစ်ရက်ရက်မှာ ခုလို ခေါ်အရစ်ခံရတော့မယ်ဆိုတာလည်း ကြည်သာ သိနေခဲ့ပြီးသား။

ဒါပေမဲ့ ထူးဆန်းနေတာက ကြည်သာ့ကို ဒီတိုင်းရစ်နေခြင်း သက် သက်မဟုတ်ဘဲ ချမ်း ဖုန်းနံပါတ်ကို ဘာ့ဖြစ်လို့ တောင်းနေတာလဲ။ ချမ်း ဖုန်းနံပါတ်တောင်းရလောက်အောင်ကတော့

"မင်းပေးမှာလား မပေးဘူးလား ကြည်သာ"

"ငါပေးရင် မင်းတို့က ဘာလုပ်မလို့လဲ"

"ဟိုနေ့တည်းက ချမ်းကိုမြင်ပြီး ငါခင်ချင်နေတာ၊ ဒီတော့ မင်းဆီက ဖုန်းနံပါတ်ရမှဖြစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ချမ်းက မလွယ်ဘူးနော်"

"အောင်မာ မင်းကများ ပြောရတယ်ရှိသေး။ မင်းနဲ့တောင် အဆင်ပြေပြေ ဆက်ဆံနိုင်သေးရင် ငါနဲ့ဘာလို့ အဆင်မပြေစရာရှိလဲ"

"ဒါပေမဲ့ကွာ"

ကြည်သာ ဘာမှမပြောဘဲ အင်တင်တင် လုပ်နေလိုက်သည်။ လေးနက်က မေးစေ့ကို လက်ညှိုးဖြင့်ပွတ်ကာ တစ်ခုခုကို အကြံထုတ်နေသည့်ပုံ။

"ဒီလိုလုပ်မယ်လေ ကြည်သာ၊ မင်းငါ့ကိုပေးရမယ့်အကြွေးက ဘယ်လောက်လဲ"

လေးနက် နှုတ်က ထွက်လာသော စကားကြောင့် ကြည်သာ မျက်လုံးပြူးသွားသည်။ သူ ငွေလိုလို့ဆိုပြီး လွန်ခဲ့တဲ့ နှစ်လလောက်တည်းက လေးနက်ဆီက ချေးထားသည့်ပိုက်ဆံ ခုထိ ပြန်မဆပ်ရသေး။

"အဲဒီတုန်းက မင်း ငါ့ကို တစ်ပတ်ပဲစောင့်လို့ ပြောခဲ့တာနော် ဒါပေမဲ့ ငါက ဘော်ဒါချင်းပဲဆိုပြီး ဘာမှမပြောခဲ့တာ ခုချိန်ထိပဲ"

"ငါးသောင်းလေ"

"ဩော် တော်သေးတာပေါ့၊ မင်းမှတ်တော့မှတ်မိသေးတာကိုး"

"ငါ မမေ့ပါဘူးကွာ လေးနက်ကလည်း"

"မမေ့ဘူးဆိုတော့ ငါတို့ပြောလို့ဆိုလို့ ကောင်းတာပေါ့ကွာ ဒီလိုလုပ်မယ် ငါ့ဆီက ချေးထားတဲ့ ငါးသောင်းကို ပြန်မပေးနဲ့တော့၊ အဲဒီအစား ချမ်း ဖုန်းနံပါတ်ပဲပေး"

"ဟင် မင်း မင်း တကယ်ကြီးပြောနေတာလား လေးနက်"





"တကယ်ပေါ့ကွ၊ ငါ ဘယ်တုန်းက စကားကို ရှုံ့ချည်နှပ်ချည် ပြောဖူးလို့လဲ"

ကြည်သာ သက်ပြင်းလေးတစ်ခု ဖြည်းညင်းစွာ ချလိုက်မိသည်။

■ ■ ■

"ဟယ်လို"

"အခု ပြောနေတာ ချမ်းလားမသိဘူး"

ဖုန်းလေးကိုကိုင်ထားရင်းနှင့် ချမ်း မျက်မှောင်ကျုံ့လိုက်မိသည်။ ဒီအသံကို ချမ်း မရင်းနှီးပါ။ ပြီးတော့ နံပါတ်ကလည်း ချမ်းတစ်ခါမှ မသိသောနံပါတ် ဖြစ်သည်။ ဘယ်သူများပါလိမ့်။

"ဘယ်သူလဲ မသိဘူး"

"လေးနက်ပါ"

လေးနက် တဲ့။ အဲဒီနာမည်ကြားတာနဲ့တင် အသားဖြူဖြူ မျက်ခုံးတန်းတန်းနှင့်အနက်ရောင်ကိုင်းကြီးကြီး ပါဝါမျက်မှန်တပ်ထားသော ယောက်ျားတစ်ယောက်ပုံက ချမ်း အမြင်အာရုံမှာ တန်းခနဲနေအောင် ပေါ်လာသည်။

နေပါဦး။ ဒီလူက ချမ်းဆီကို ဘာကြောင့်ဖုန်းဆက်တာလဲ။

"ဘယ်က လေးနက်လဲ"

တမင်ပင်မသိချင်ယောင်ဆောင်ကာ မေးလိုက်သည်။ သူ့ဘက်မှ ရယ်သံတိုးတိုးလေး ကြားရ၏။

"ချမ်း မမှတ်မိဘူးလား၊ဟိုတစ်နေ့က ကြည်သာနဲ့တူတူ ချမ်းဆိုက်လာတော့ တွေ့ဖူးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဟိုမှန်ကြောင်နဲ့တစ်ယောက်လား"

ကိုယ့်ဘာသာပြောပြီး ချမ်း ကြိတ်ရယ်လိုက်မိသည်။ သူ့ဘက်မှ ခေတ္တ အသံတိတ်သွား၏။

"ချမ်းတို့နဲ့ ရုပ်ရှင်တူတူ လိုက်ကြည့်ဖို့ ပြောခဲ့တဲ့တစ်ယောက်လေ၊ ဒီလောက်ဆိုရင်တော့ မှတ်မိပါတယ်နော်"

"ဟုတ်ကဲ့ ချမ်း မှတ်မိပါပြီ၊ ဒါနဲ့ ချမ်းဆီကို ဘာဖြစ်လို့ ဖုန်းဆက်တာလဲ မသိဘူးနော်"

"ချမ်းနဲ့ ခင်မင်ခွင့်ရချင်လို့ပါ"

"ဘာဖြစ်လို့ ခင်ချင်တာလဲ၊ ချမ်းကအနိုင်ကျင့်တတ်တယ်နော်"

"ရပါတယ် ကြည်သာ့ကိုတောင် ချမ်းက သူငယ်ချင်းအဖြစ် အသိအမှတ်ပြုနိုင်မှတော့"

"ချမ်းနဲ့ သူငယ်ချင်းဖြစ်ချင်ရင်" လွယ်ပါတယ်၊ ချမ်းပြောတာတွေ နားထောင်ပေးရမယ်၊ ချမ်း သွားချင်တဲ့နေရာတွေ လိုက်ပို့ပေးရမယ်၊ ချမ်း စားချင်တာတွေ ဝယ်ကျွေးရမယ်"

"ဒီလောက်ကတော့ ရပါတယ်ကွာ"

"အာမတွေ စွတ်ခံမနေနဲ့နော်၊ ချမ်းက ဆိုးတယ်လို့ ပတ်ဝန်းကျင်က သတ်မှတ်ထားတဲ့ ကောင်မလေး၊ အဲဒီလို ကောင်မလေးတစ်ယောက်နဲ့ ခင်ရတာ ဘာအကျိုးမှရှိမှာမဟုတ်ဘူး"

"ကိုယ်ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်ကွာ၊ ချမ်းကို ခင်မင်ချင်တယ်ဆိုတာထက် စိတ်ဝင်စားနေမိတာ"

ဟင် ဘယ်လိုကြီးတုန်း။ ခုမှစသိသည့် ယောကျ်ားတစ်ယောက်





...စကားတွေကလည်း စည်းကျော်နေသလိုပါလား။

"ချမ်းက ခင်မင်ခွင့်ပဲ ပြုမှာနော်၊ စိတ်ဝင်စားတာ မဝင်စားတာ ...တော့ ချမ်း တာဝန်မယူဘူး"

"ရပါတယ်ဗျာ၊ အဲဒါက ကျွန်တော့်အပိုင်းပါ"

"အိုကေ ဒီလိုဆို သူငယ်ချင်းလုပ်ခွင့်ပြုရတော့မှာပေါ့နော်"

" Thanks နော်"

လေးနက်က ဖုန်းချမလို့ လုပ်နေတုန်းမှာပဲ ချမ်းက လျင်လျင် ...နှိုက်လေး တားလိုက်၏။

"ခဏလေးနော်၊ မေးစရာလေးရှိလို့"

"ဘာများလဲ ချမ်းရဲ့"

"ချမ်း ဖုန်းနံပါတ်ကို လေးနက်က ဘယ်လိုရတာလဲ"

သေချာတာကတော့ ကြည်သာကလွဲပြီး ဘယ်သူ့ဆီကမှ မဖြစ်...

"ကြည်သာ့ဆီကပေါ့"

"ဩော် ဟုတ်၊ အဲဒီကောင် အနားမှာရှိရင် ဖုန်းပေးလိုက်ပါ..."

"ဒါဆို ခဏလေး ကိုင်ထားဦး"

ကြည့်စမ်း၊ ကြည်သာဆိုတဲ့တစ်ယောက် ချမ်း ဖုန်းနံပါတ်ကို ...ပေးရုံသာမက အနားမှာတောင် ရှိနေလိုက်သေး၏။ ကြည်သာ... ...သာ နင်တော်တော်မလွယ်ပါလား။

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



ကြည်သာ့အသံက ခပ်တိုးတိုး။

"ယောကျ်ားကြီးဖြစ်ပြီး နင်တော်တော်ပါးစပ်ဖွာပါလား ကြည်သာ"

"ငါမပေးဘူးလို့ ပြောပါသေးတယ်ဟာ၊ လေးနက်က ငါ့အညာကို ကိုင်လိုက်လို့"

"ဩော် အေး ငါမပြောလိုက်ချင်ဘူးနော်၊ ဟိုက ဘယ်အညာကိုကိုင်လိုက်လို့ နင်က ဒီလောက်ထိ ရက်ရောနေရတာလဲ"

ချမ်း စိတ်တိုသံလေးနှင့် မေးလိုက်တော့ တစ်ဖက်မှ ပြန်ဖြေသံ မကြားရ။ တအောင့်လောက်ကြာမှ

"ကြည်သာက ဖုန်းနံပါတ်ပေးလိုက်လို့ ချမ်း သူ့ကိုစိတ်ဆိုးနေတာလား။ အဲဒီလို မလုပ်ပါနဲ့ ချမ်းရယ်၊ ခုလည်း ကျွန်တော့်ကို ခင်မင်ခွင့်ပေးပြီးပြီဆိုတော့ သူငယ်ချင်းတွေဖြစ်သွားပြီပဲ၊ ကြည်သာ့ကို ပြဿနာမရှာပါနဲ့တော့နော်"

ကြည်သာ့လက်ထဲမှ ဖုန်းကို လေးနက် ယူပြောလိုက်ခြင်း ဖြစ်သည်။ ချမ်း စိတ်တွေကိုလျှော့ချလိုက်ရ၏။ နေပါစေဦး ဒီကောင် ကြည်သာ စကားမပြောဘဲနဲ့ကို နေပစ်လိုက်ဦးမယ်။

■ ■ ■

လေးနက်တစ်ယောက် အတွေးများဖြင့် တစ်ယောက်တည်း ပြုံးနေမိသည်။ သူ အိပ်မပျော်နိုင်သေး။ ဝရန်တာမှာ ငုတ်တုတ်ထိုင်ရင်း ဆေးလိပ်ဖွာနေမိသည်။ မှုတ်ထုတ်လိုက်သော မီးခိုးငွေ့တွေထဲမှာ ချမ်းရဲ့မျက်နှာလေး ပေါ်ပေါ်လာနေ၏။





မျက်လုံးလေးတွေ သိပ်လှသည့်ကောင်မလေး။ တခြားခေတ်ရဲ့ သမီးပျိုတွေလို မျက်ကပ်မှန်တွေ အရောင်စုံတပ်ဆင်ထားခြင်းမဟုတ်ဘဲ သူ့နဂိုကိုက မျက်ဆန်အညိုရောင်လေးနှင့်။ ကော့ပြီးရှည်သွယ်သည့် မျက်တောင်များက ဝန်းရံထားတာ။ မျက်ခုံးနက်နက် ပါးမို့မို့နှင့် ကောင်မလေး။ နှုတ်ခမ်းဆိုတာမျိုးက ကော့ညွှတ်ပြီးနီရဲနေမှ လှပတယ်လို့ လူတွေသတ်မှတ်ကြပေမယ့် ဒီကောင်မလေးကျတော့ အောက်ဘက်ကို အနည်းငယ်ကွေးညွှတ်ချင်သယောင် ဖြစ်နေသော ညိုတိုတိုနှုတ်ခမ်းလေးနှင့်လည်း ချစ်ဖို့အလွန်ကောင်းနေသည်။

သူမ စိတ်တိုလာလျှင် ထိုနှုတ်ခမ်းလေးတွေက ရှေ့သို့ စူထွက်လာလျက် ပေစောင်းစောင်း ကြည့်တတ်သေး၏။ တစ်ခါလောက်လေးပဲ တွေ့လိုက်ရတာဆိုပေမယ့် ထူးဆန်းစွာပင် လေးနက်ရင်ထဲမှာ စွဲလမ်းနေမိသည်။ ဘဝမှာ မိန်းကလေးတစ်ယောက်နဲ့ပတ်သက်ပြီး ခုလိုမျိုး စွဲလမ်းသွားမိတာ ပထမဆုံးအကြိမ်ပါလို့ ပြောရင် သူ့ကိုအားလုံးက ဝိုင်းဆဲကြမှာလည်း မြင်ယောင်၏။

ဒါပေမဲ့ မတတ်နိုင်ခဲ့ပါ။ ချမ်းဆိုတဲ့ မိန်းကလေးကို လေးနက်ဘကယ်ပဲ စိတ်ဝင်တစား စောင့်ကြည့်ချင်နေမိတာကတော့ အမှန်ပါပဲ။

ခုလည်း ဖုန်းလေးကို သူ ကောက်ယူပြီး ဆက်ရန်ကြိုးစားနေမိသည်။ နာရီကိုကြည့်လိုက်တော့ ညဆယ့်နှစ်နာရီခွဲနေပြီ။ သူ ဖုန်းဆက်လိုက်ရင် ချမ်း အိပ်ပျော်နေမှာလား။ သူ့ဖုန်းသံကြောင့် လန့်နိုးသွားရတဲ့ အခြေအနေမျိုးတော့ သူ မဖြစ်စေချင်ပါ။ ဒါကြောင့်ပင် ဖုန်းလေးကို ခုတင်ဘေးက စားပွဲပေါ် ပြန်တင်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်အောင် အိပ်စက်ပြီး မနက်မိုးလင်းမှပင် ဆက်ပါတော့ ညည်း။ သူ့ကြောင့်နဲ့ ဒီမိန်းကလေးကို အနှောင့်အယှက် မဖြစ်စေချင်ပါ။ သူနဲ့ပတ်သက်ပြီး ချမ်းရဲ့စိတ်ထဲမှာ ကောင်းခြင်းများဖြင့်သာ မှတ်မိတည်ရှိနေစေချင်သည်။ သူ့ရဲ့စိတ်ပျက်စရာ ဘယ်လိုနောက်ကြောင်းကိုမှ ချမ်းကို မသိစေချင်။ သူ ပြန်တည်ဆောက်မည့် ဘဝအသစ်ထဲမှာ ချမ်းကို ရှေ့ဆုံးက ပါဝင်ပတ်သက်နေစေချင်သည်။

သူ့ဆန္ဒတွေ ပြည့်ဝပါ့မလား။ ဘာပဲဖြစ်ဖြစ် သူ့ဘက်ကတော့ အကောင်းဆုံး ကြိုးစားဖို့ ဆုံးဖြတ်ခဲ့ပြီဖြစ်သည်။

ချမ်းဆိုတဲ့ မိန်းကလေးရေ လေးနက်ဆိုတဲ့လူဟာ မင်းအတွက် သိပ်အရေးပါတဲ့ယောကျ်ားတစ်ယောက် ဖြစ်လာစေရမယ်။

ခုလိုမျိုး စိတ်ကိုဒုန်းဒုန်းချလိုက်မှပင် လေးနက် အိပ်ပျော်သွားတော့သည်။

ခုနစ်နာရီတိတိမှာ မြည်လာသော ဖုန်းနှိုးစက်လေးကို လှမ်းပိတ်လိုက်ပြီး သူ ဆက်အိပ်နေမိသည်။ အဲဒါ သူ့အကျင့်ပဲ။ ဖုန်းကိုခုနစ်နာရီ နှိုးစက်ပေးထားတတ်ပေမယ့် ဘယ်တော့မှ ခုနစ်နာရီအတိမှာ မနိုးတတ်။ အနည်းဆုံးတော့ နောက်ထပ်တစ်နာရီလောက်ပေပြီး ဆက်အိပ်နေတတ်သည်။

ခုလည်း အဲဒီအတိုင်း။ သူ တကယ်တမ်း နိုးလာတော့ မနက် ရှစ်နာရီခွဲတော့မည်။ အိပ်ရာထက်မှာ ငေါက်ခနဲ ထထိုင်လိုက်ပြီး သူ အိပ်ချင်မူးတူးဖြစ်နေသေးသည်။ ဒါပေမဲ့ ချမ်းဆိုတဲ့အသိတစ်ခု ဝင်လာတာနဲ့ သူ့လက်များက ဖုန်းလေးဆီ ရောက်သွား၏။ ဖုန်းမြည်သံရှည်လေးထဲမှာတောင်





သူ့စိတ်တွေ တုန်လှုပ်နေသည်။

တကယ်ပါ ချမ်းနဲ့ပတ်သက်ပြီး သူ့ဆီမှာ လာဖြစ်နေသည့် ခံစားချက်တော်တော်များများသည် လုံးဝအသစ်စက်စက်ဖြစ်၏။

"ဟယ်လို" ဆိုတဲ့ အိပ်ချင်မူးတူးသံလေးတစ်ခု သူ့နားထဲ ပြုတ်ကျသွားသည်။ နားထဲက သွေးကြောမျှင်လေးတွေကနေတစ်ဆင့် သူ့တစ်ကိုယ်လုံး နွေးထွေးသွားသလိုပါပဲ။

"ဘယ်သူလဲ၊ စကားပြောလေ"

ဒီကောင်မလေး အိပ်ချင်မူးတူးနှင့် ဖုန်းနံပါတ်ကို မကြည့်မိတာလား။ ဒါမှမဟုတ် လေးနက်ဖုန်းနံပါတ်ကိုပဲ ဖုန်းထဲမှာမမှတ်ထားလို့လား။

"လေးနက်ပါ"

"လေးနက် ဟုတ်လား၊ ခြော် အင်း ပြော"

ချမ်း ဖုန်းသာပြောနေတာ အိပ်လျက်သားကြီးနဲ့ မျက်လုံးတောင်မှ ဖွင့်ခဲ့လားမသိ။

"ဝရန်တာ ထွက်ကြည့်လိုက်"

"ဘာတုန်း။ အိပ်နေတဲ့သူကိုဖုန်းဆက်ပြီး ဘာလို့ဝရန်တာ ထွက်ကြည့်ခိုင်းတာလဲ"

"မင်းရဲ့အိပ်ရာထဲကနေ အခုထ၊ မျက်လုံးတွေကိုစုံဖွင့်ပြီး ဝရန်တာ ထွက်ကြည့်လိုက်၊ ကျွန်တော်ရောက်နေတယ်"

"ဘယ်ကိုရောက်နေတာလဲ"

"မင်းကို ဝရန်တာ ထွက်ကြည့်ခိုင်းမှတော့ ကျွန်တော် ဘယ်ရောက်နေတယ်လို့ မင်းထင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ချမ်း အိမ်ရှေ့ရောက်နေတာလား"

"အခုထွက်ကြည့်လေ"

စကားသံလေးတိတ်သွားလျက် လှုပ်လှုပ်ရှားရှားအသံများသာ ဖုန်းထဲမှာ ကြားနေရသည်။ ချမ်း အိပ်ရာထဲကထပြီး ဝရန်တာဆီသွားနေတာပဲဖြစ်ရမည်။

"ဘယ်မှာလဲ"

အလိုမကျသံလေး။

"သေချာရှာလေ ချမ်းရဲ့"

သူ တွေးကြည့်တာနှင့် မြင်ယောင်နိုင်ပါသည်။ ခုချိန်လောက်ဆို သူ့ကိုရှာမတွေ့လို့ ချမ်း မျက်မှောင်လေးကျုံ့လျက် နှုတ်ခမ်းဖူးလေးကို စူထားတော့မည်။

"ဟာ သေချာရှာနေတာပဲ မတွေ့ဘူး"

ခပ်ဆတ်ဆတ်သံလေးကြောင့် သူ တိုးတိုးလေး ရယ်လိုက်မိ၏။

"ဘာရယ်တာလဲ"

"ကဲ အခုအိပ်ချင်မူးတူးဖြစ်နေလား။ မဖြစ်တော့ဘူး မဟုတ်လား အိပ်ရာထပြီး မျက်နှာသစ် ရေမိုးချိုးတော့၊ ခဏနေရင် ကျွန်တော် ထွက်လာခဲ့မယ်"

"ဘာပြောတယ် ခဏနေရင် ကျွန်တော်ထွက်လာမယ်ဆိုတာ ဘာသဘောလဲ၊ ခုနကပြောတော့ အိမ်ရှေ့ကိုရောက်နေတယ်ဆို"

"ဒါကတော့ မင်းအိပ်ချင်မူးတူးဖြစ်နေတာလေး ပြေသွားအောင် လုပ်ပေးတာပါ၊ ကျွန်တော်လည်း ခုနကမှ အိပ်ရာနိုးတာလေ၊ နိုးနိုးချင်း





ဖုန်းဆက်လိုက်တာ၊ မင်းအသံလေးကို ကြားချင်စိတ်ပေါက်လာလို့"

"အဲဒါ သူငယ်ချင်းလား"

"မသိဘူး။ ဒါပေမဲ့ ကျွန်တော် ဟိုနေ့တည်းက ပြောပါတယ်၊ ချမ်းကိုစိတ်ဝင်စားတယ်ဆိုတာလေ"

"အင်း အဲဒီတော့"

ခုနကလို အိပ်ချင်မူးတူးသံမျိုးမဟုတ်တော့ဘဲ တမင်လုပ်ယူထားသော ညစ်ကျယ်ကျယ်သံလေး ဖြစ်လာသည်။

"အဲဒီတော့ အဆင်သင့်လုပ်ထားနော်၊ ကျွန်တော် ခဏနေလို့ ချမ်းတို့လမ်းထိပ်ရောက်ရင် ဖုန်းထပ်ဆက်လိုက်မယ်၊ မနက်စာတူတူ သွားစားရအောင်"

တစ်ဖက်မှ ပြန်ပြောတာကို နားမထောင်တော့ဘဲ သူ ဖုန်းချလိုက်သည်။ ချမ်း သူ့ကိုတမင်ညစ်ပြီး ငြင်းနေဦးမှာစိုးလို့ပါ။ ရေကို ခပ်သွက်သွက်လေးချိုးလိုက်ပြီး တီရှပ်အဖြူရောင်တစ်ထည်နှင့် ဘောင်းဘီတိုတစ်ထည် ယူဝတ်လိုက်သည်။ သူက ဆံပင် ဘိုတိုသာ ထားတတ်သောကြောင့် ခေါင်းဖိုင်းကိစ္စအတွက် အချိန်ပေးစရာမလို။ ရိုးရိုးရှင်းရှင်းနှင့် လွတ်လပ်ပေါ့ပါးသော ဆင်ယင်မှုကို သူ နှစ်သက်သည်။

ချမ်းတို့အိမ်အောက်ကို သူ ရောက်သွားချိန်မှာ ကိုးနာရီခွဲအတိ ဖြစ်၏။ သူ ဖုန်းဆက်လိုက်သည်။ ချမ်းများ မလာနိုင်ဘူးဟု ပြောလေမလားလို့ တွေးပူနေမိသေး၏။ သို့သော် သူ့ပူပင်မှုတွေ ဖြစ်မလာခဲ့ပါ။

ယောကျ်ားဆန်သော တီရှပ်အနက်ရောင်အကျပ်လေးကို အောက်က ဂျင်းစကပ်တိုလေးနှင့် တွဲဝတ်ပြီး သူ့ဆီသို့ လျှောက်လှမ်းလာနေသော



www.burmeseclassic.com

www.burmeseclassic.com



ချမ်းပုံစံက ဆွဲဆောင်မှုရှိနေသည်။ ဆံပင်ခွေခွေလေးများက ဂုတ်နားမှာတင် ဝေ့ဝေ့လေးမို့ ငယ်ရွယ်နုပျိုပြီး ချစ်ဖို့ကောင်းသော မိန်းကလေးတစ်ယောက် ၏ပုံရိပ်တွေအားလုံး ချမ်းထံမှာ တွေ့ရှိရသည်။

သူ ပြုံးပြလျက် ငေးကြည့်နေတာမြင်တော့ ချမ်း နှုတ်ခမ်းလေး ရှုသည်။ ဒါလေးက သူမ စိတ်ထဲမှာ စနိုးစနောင့် တစ်ခုခုဖြစ်တိုင်း အမှတ် မထင် ပြုမူမိနေကျ အမူအရာလေးနဲ့တူပါရဲ့။

"ချမ်းကို ဘာလို့ မနက်စာတူတူသွားစားဖို့ ပြောတာလဲ"

ချမ်းတို့အိမ်နားက လက်ဖက်ရည်ဆိုင်လေးမှာ ထိုင်မိကြတော့ ချမ်းကပင် စတင်မေးသည်။ သူကစပြီး တစ်ခုခုပြောဖို့ ကြိုးစားနေတုန်း မှာပဲ ချမ်းထံမှ စကားသံကြားလိုက်ရခြင်း ဖြစ်၏။

"အမှန်အတိုင်း ပြောရမလား။ ညာပြောရမလား"

"ကိုယ် အားသန်တဲ့အတိုင်းပြော"

အရွဲ့တိုက်သလို ပြောလိုက်ပုံလေးက လေးနက်ကို ရယ်မော မိသွားစေသည်။

"ဒါဆိုလည်း အမှန်အတိုင်း ပြောပါ့မယ်၊ တကယ်တော့ ည တည်းက ချမ်းဆီကို ကျွန်တော် ဖုန်းဆက်ချင်နေတာ၊ ဒါပေမဲ့ ချမ်း အိပ်နေရင် အနှောင့်အယှက်ဖြစ်နေမှာစိုးလို့ မနက်နိုးမှပဲ ဆက်လိုက်တာလေ၊ ချမ်းအသံ လေး ကြားပြီးသွားတော့ ချမ်းမျက်နှာလေးကိုလည်း တွေ့ချင်လို့"

တချမ်းချမ်းထဲ ချမ်းနေသော လေးနက်ကိုကြည့်ပြီး သူမအတွေး တွေ နည်းနည်းနယ်ချဲ့လိုက်မိ၏။ ဒီလူ့ပုံစံက ချမ်းထက်အသက်သိပ်ကြီးပုံ မရသော်လည်း လူကြီးဆန်သည်။ ဝတ်ပုံစားပုံ သန့်ပြန့်ရိုးရှင်းသည်။ မျက်မှန်





ကိုင်းအနက်ရောင်များအောက်က မျက်ဝန်းတွေက ယုံကြည်ရာတစ်ခုကို မရရအောင်လုပ်မယ့် တိကျပြတ်သားသော မျက်ဝန်းမျိုးတွေ။

"ချမ်းက အခု ဘာတွေလုပ်လဲဗျ"

"ကျောင်းတက်တယ်လေ၊ ကျောင်းမသွားဖြစ်တဲ့နေ့ကတော့ အပြင်မှာ ဘော်ဒါတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်တယ်၊ ဂစ်တာတီးတယ်၊ လျှောက်သွားတယ်၊ လျှောက်စားတယ်၊ အရမ်းကို ရိုးရိုးရှင်းရှင်းပဲ၊ ကဲ ဘာသိချင်သေးလဲ"

"သိချင်တာတွေကတော့ အများကြီးရှိသေးတာပေါ့၊ ဒါပေမဲ့ ဒီနေ့ တော့ ဒီလောက်ပါပဲ"

"ကျေးဇူးတင်ပါတယ် မဟုတ်ရင် ဒီကြာဇံသုပ်ကို ကောင်းကောင်း စားရမှာကို မဟုတ်ဘူး"

ငရုတ်သီးများများဖြင့် သုပ်ထားသော ကြာဇံသုပ်ကိုတူနှစ်ချောင်း နှင့်ညှပ်ကိုင်လိုက်ရင်း ပါးစပ်ထဲသွင်းလိုက်တာကို သူက ငေးမောကြည့်နေ သေး၏။ ဒီလူ ဘယ်လိုလဲ၊ ချမ်း လုပ်သမျှတွေကို အဲဒီလိုကြီး လိုက်ကြည့် နေတော့မှာလား မသိပါ။

"ရှင်လည်း စားလေ"

သူ့ရှေ့က စားပွဲပေါ်မှာရှိနေသော ခေါက်ဆွဲသုပ်ပန်းကန်က တစ် စက်မှမထိရသေးဘဲ ဒီအတိုင်း။ လမ်းဘေးမှာဖွင့်ထားသော လက်ဖက်ရည် ဆိုင်လေးကို ချမ်းက ခေါ်လာတော့ သိပ်များဘဝင်မကျလို့လား။

"ရှင်က လမ်းဘေးဆိုင်က အစာတွေ မစားတတ်ဘူးလား"

"ဟာ မဟုတ်ပါဘူး။ စားတတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖျာဖျာသလဲခြင်းပြီး ချက်ချင်းပင် စားပွဲပေါ်မှ အသုပ်ပန်းကန်ကို ကောက်ယူစားလိုက်သော လေးနက်ကိုကြည့်ပြီး ချမ်း စိတ်ထဲမှာ သဘောတော့ကျသွားသည်။

"နောက်ဆိုရင်လည်း ကျွန်တော် အမြဲလာမယ်နော် ချမ်း"

"ချမ်းက ဒီလိုကျောင်းပိတ်ရက်ပဲ ဒီအချိန်ရှိတာနော်၊ ကျောင်းဖွင့်တဲ့ရက်တွေဆို မနက်စာကို ကျောင်းက ကင်တင်းနဲ့မှာပဲ စားဖြစ်တာများတယ်"

"ဪ ဟုတ်လား။ ကြည်သာတို့နဲ့လား"

ကြည်သာတို့နဲ့လားလို့ သူမေးလိုက်ပုံက နည်းနည်းတော့ အလိုမကျဖြစ်နေပုံ။ ချမ်းကတော့ အသုပ်စားမပျက် ပြုံးပြုံးလေး ခေါင်းညိတ်ပြလိုက်သည်။

"ဒါနဲ့ ရှင်ကရော ဘာလုပ်တာလဲ၊ ကျောင်းတက်တုန်းပဲလား"

"ကျွန်တော်က ပြီးခဲ့တဲ့နှစ်ကပဲ ကျောင်းပြီးသွားပြီလေ"

"ဒါဆို ချမ်းထက် တစ်နှစ်ကြီးတာပေါ့၊ ချမ်းက သုံးလေးနှစ်လောက်ကြီးမယ် ထင်နေတာ"

"ဘာလဲ ကျွန်တော်က အိုနေလို့လား"

"နေပုံထိုင်ပုံက နည်းနည်းလူကြီးဆန်နေလို့ပါ"

"ဒါကတော့ လူကြီးဆန်မှဖြစ်မယ့် နေရာလေးတွေ တော်တော်များများနဲ့ ဆက်ဆံခဲ့ရလို့ပါ၊ တကယ်တော့ ကျွန်တော်လည်း လူငယ်တစ်ယောက်ပါပဲ၊ အလုပ်သွားရင်တော့ လူကြီးတစ်ယောက်လိုနေရတာပေါ့ဗျာ၊ ကောင်းမြတ်တို့နဲ့တွေ့တော့လည်း ကျွန်တော်က လူငယ်တစ်





ယောက် ပြန်ဖြစ်သွားတာပါပဲ၊ ဪ ကောင်းမြတ်တို့ကို သိတယ်မဟုတ်သား။ ဟိုတစ်နေ့က မင်းလာတဲ့ အိမ်ပိုင်ရှင်ပေါ့၊ တစ်ရက်လောက် မင်းကိုသူတို့နဲ့ မိတ်ဆက်ပေးရမယ်"

"ယောက်ျားလေးအပေါင်းအသင်းများတယ်ဆိုပေမယ့် ချမ်းကယောက်ျားတကာကိုတော့ သူငယ်ချင်းအဖြစ် ဆက်ဆံနေတာမဟုတ်ဘူးနော်"

ကုန်သွားပြီဖြစ်သော အသုပ်ပန်းကန်ကို ဘေးဘက်သို့ တွန်းပို့လိုက်ပြီး ကော်ဖီကို တစ်ငုံယူသောက်ရင်း သူ ခေါင်းညိတ်သည်။

"ကျွန်တော် သိတာပေါ့၊ ယောက်ျားလေး အပေါင်းအသင်းများနဲ့တော့ ချမ်းကို ကျွန်တော် အထင်မသေးပါဘူး"

"ချမ်းက ပတ်ဝန်းကျင်ကို သိပ်ဂရုမစိုက်တတ်ဘူးလေ"

"အင်း အဲဒါ ကောင်းပါတယ်"

အဲဒီနေ့က ချမ်းနဲ့စကားပြောခဲ့ရတာ လေးနက်အတွက် တကယ့်ကို အမှတ်တရပါပဲ။

ဒီလိုမျိုး အတူတူရှိနေခွင့်ရသည့် နေ့ရက်လေးတွေ နောက်ထပ်အများကြီး အများကြီး လေးနက် ပိုင်ဆိုင်ချင်မိသည်။ သူ့ရဲ့တခြားတစ်ဘဝက စိတ်ညစ်စရာ အိမ်ထောင်ရေးတစ်ခုကို မေ့ပျောက်ပစ်ထားနိုင်ပြီး ပျော်ရွှင်စရာနေ့သစ်လေးတွေကို ချမ်းဆိုတဲ့ ကောင်မလေးကြောင့် လေးနက်ပြန်လည်ပိုင်ဆိုင်ခွင့်ရမယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"နင် ဗိလေးနက်နဲ့ ဖုန်းတွေဘာတွေ ထပ်ပြောဖြစ်နေတယ်ဆို"

အတန်းတစ်ချိန်နဲ့တစ်ချိန်အကူး ထမင်းစားဖို့ ကင်တင်းနဲ့ကို ချမ်း တစ်ယောက်တည်း ထွက်လာတော့ ကြည်သာနှင့် တည့်တည့်တိုးသည်။ ချမ်းကိုမြင်တာနှင့် စတင်မေးလိုက်ပုံက အပြစ်တင်ချင်တာလိုလို။

"ဘာဖြစ်လို့လဲ ငါက သူနဲ့ဖုန်းမပြောရဘူးလား"

"မဟုတ်ပါဘူး ငါမသိလိုက်လို့ပါ၊ ဟိုတစ်ရက်က ကောင်းမြင့် တို့နဲ့ဆုံတော့ ပြောပြမှ သိတာ၊ နင်က ငါ့ဆီကျတော့ ဖုန်းလေးဘာလေး တောင် ဆက်ဖော်မရတော့ဘူး"

"နင်က တော်တော်လေးလည်း ဖုန်းဆက်ချင်စရာကောင်းတဲ့ လေ၊ ဘယ်လိုသူငယ်ချင်းလဲ၊ ငါ့အကြောင်းတွေကို တခြားယောက်ျား တွေဆီ ဖောက်သည်ချတတ်တဲ့ သူငယ်ချင်းမျိုးလား။ တော်ပြီဟာ နင် ငါ့ကို စကားလာမပြောနဲ့ လောလောဆယ် နင့်ကိုငါ စကားပြောချင်စိတ် မရှိဘူး"





သူထိုင်နေသော ဝိုင်းမှာမထိုင်ဘဲ ချမ်းက သီးသန့်တစ်ဝိုင်း ထိုင် လိုက်သည်။

"နင် တစ်ယောက်တည်းဆို ငါလာထိုင်နေပေးမယ်နော်"

"ငါ နင့်ကိုစိတ်ဆိုးနေတယ်နော် ကြည်သာ၊ နင့်ဟာနင် အေး အေးဆေးဆေး သက်သက်ထိုင်"

"နင်ကလည်း စိတ်ကြီးပဲ၊ ငါ့ကိုကျတော့ စိတ်ဆိုးပြီး ဟို လေးနက် ကျတော့ မနက်စာတွေ ဘာတွေတောင် သွားစားသေးတယ်ဆို"

"ဘာဖြစ်လဲ ငါ့ဟာငါ ဘာလုပ်လုပ်၊ နင့်ကိုပြောပြခွင့်တောင်း ရဦးမှာလား"

ကြည်သာ့ကို ခပ်စွာစွာလေး ပြောနေရပေမယ့် ချမ်း စိတ်ထဲ တော့ တစ်ခုခုကို ဘဝင်မကျ ဖြစ်သွားသည်။ လေးနက်ဆိုတဲ့လူက ချမ်းနဲ့ မနက်စာစားတာ ဖုန်းပြောဖြစ်တာတွေကအစ သူငယ်ချင်းတွေကို လျှောက်ပြောပြသတဲ့လား။ အဲဒါ ဘာသဘောလဲ။

"ကြည်သာ နင်သွားတော့နော်၊ ငါအခု တကယ် စိတ်မကြည် ဘူး။ နင်အခု မသွားရင် တစ်သက်လုံး စကားမပြောဘဲနေလိုက် မယ်"

ကြည်သာ ဘာမှမပြောတော့ဘဲ ထွက်သွားမှ ချမ်း သက်ပြင်း ချမိသည်။ ဒီကောင့်ကို ခုလို အပြစ်ပေးပါမှ နောက်ဆို စကားတွေ လျှောက်မဖွာရဲတော့မှာ။ နောက်ပိုင်း ချမ်း စိတ်ပြေသွားတော့မှပဲ စကား ပြန်ပြောဖို့ စဉ်းစားထားပါသည်။

ပြီးတော့ လေးနက်၊ သူကရော ချမ်းကိုချဉ်းကပ်လာတာ ရိုးရိုး



www.burmeseclassic.com

www.burmeseclassic.com



သားသားမှဟုတ်ရဲ့လား။ အခုလောလောဆယ်ထိတော့ သူနဲ့ဖုန်းနေ့စဉ် ပြောဖြစ်တိုင်း မရိုးမသားဖြစ်တာ တစ်ခုမှ ချမ်း သတိမထားမိသေး။ ချမ်းကို ခင်မင်ချင်သည်။ ချမ်းကို စိတ်ဝင်စားပါသည်ဆိုပြီး ဂရုတစိုက်ရှိတာလေး တွေက မရိုးသားသည့် အရိပ်အယောင်တွေမှ မဟုတ်တာ။

ချမ်းကိုယ်တိုင်ကလည်း ဒီရက်ပိုင်းတွေမှာ မသိမသာလေးနှင့် လေးနက်ထံမှ ဖုန်းကိုမျှော်တတ်လာသည်။ များသောအားဖြင့်တော့ ညနေ ကျောင်းက ပြန်ချိန်မျိုးမှာ သူ ဖုန်းဆက်တတ်သည်။ အလုပ်လုပ်နေရင်း နဲ့ သတိရလာလို့ဆိုပြီး အကြောင်းပြချက် ပေးတတ်သေး၏။

သူ့အလုပ်က ထွေထွေထူးထူးတော့ မဟုတ်။ ကောင်းမြတ်တို့ နှင့်ပေါင်းကာ ဖက်ရှင်ဆိုင်လေးတစ်ဆိုင် ဖွင့်ထားပြီး ခုလောလောဆယ် တော့ သူက ဆိုင်ထိုင်ပေးနေသည်လို့ ပြောသည်။ ငယ်စဉ်တည်းက အမေ ဆုံးသွားပြီး အမေရယ် အစ်မရယ်နဲ့ တူတူနေသည်။ သူ ပြောပြထားသည် သူ့ဘဝက ရိုးရှင်းပါသည်။

ပြီးတော့ သူ့ရဲ့ရိုးရှင်းတဲ့ အဲဒီဘဝလေးထဲမှာ ချမ်း ပါဝင်ချင် နေမိသည်။ ဒါကို လက်မခံချင်ပါဘဲလျက် ချမ်း လက်ခံထားရ၏။ သူ့ဖုန်း ကို မျှော်မိပြီး သူနဲ့စကားပြောနေရတဲ့အချိန်တိုင်း ချမ်း ရင်တွေခုန်လျက် ကြည်နူးနေမိသည်။ ဒါက ချမ်းဘဝတစ်ခုလုံးစာအတွက် ပထမဆုံးဖြစ် ပေါ်လာသော ထူးဆန်းသည့်ခံစားမှု။

ယောကျ်ားလေးပေါင်း မြောက်မြားစွာနှင့် သွားလာလုပ်ရှား တပူ တွဲတွဲ နေခဲ့ဖူးသော်လည်း သူနဲ့ကျမှ ထူးခြားသည့်ခံစားချက်တွေ ဖြစ်ပေါ် လာတာ။





ကန်စွန်းပလိန်းရယ် ရှောက်သီးသုပ်နှင့်ထမင်းဖြူတစ်ပွဲရယ် မှာယူ လိုက်ပြီး စားရန်ပြင်ဆဲမှာပင် ဖုန်းလေးက အသံမြည်လာ၏။ တိုက်တိုက်ဆိုင် ဆိုင်ပါပဲ၊ လေးနက်ဆီမှ ဖြစ်သည်။

"ဘာလုပ်နေတာလဲ ချမ်း"

"ကင်တင်းနဲ့မှာလေ အတန်းပြီးလို့ ထမင်းစားဖို့ လုပ်နေတာ၊ လေးနက်ကရော"

"ကျွန်တော်လည်း ဆိုင်ကို ကောင်လေးတွေနဲ့ထားခဲ့ပြီး ထမင်း စားထွက်လာတာဗျ"

ဘာမှလည်းမဟုတ်ပါဘဲ ထိုတိုက်ဆိုင်မှုလေးအတွက်ပင် ချမ်း တို့နှစ်ယောက် ပြုံးတူရယ်မောမိကြသည်။ သူနဲ့ဆို ချမ်းရဲ့စိတ်တွေ လွတ် လပ်ပေါ့ပါးစွာ ရှိနေရသလိုပါပဲ။

"ဪ လေးနက်ကို တစ်ခုမေးရဦးမယ်"

"ဘာများလဲ ချမ်းရဲ့"

ပြောပြီးတော့မှ ချမ်း မေးသင့်မမေးသင့် ပြန်စဉ်းစားကြည့်လိုက် သေး၏။ စိတ်ထဲမှာ ဇဝေဇဝါနှင့် သိချင်မှုတွေကို ထိန်းလို့မရလွန်းသော ကြောင့် မေးရန် ဆုံးဖြတ်လိုက်သည်။

"သူငယ်ချင်းတွေနဲ့ ချမ်းအကြောင်း ပြောဖြစ်သေးလား"

"ချမ်းအကြောင်း ဟုတ်လား။ အမှန်အတိုင်းပြောရင် ချမ်း စိတ်ဆိုး သွား"

"ဘာကိုဆိုလိုတာလဲ လေးနက်၊ ချမ်းနောက်ကွယ်မှာ ချမ်း အ ကြောင်းကို ပြောနေခဲ့တာ သေချာပါတယ်ဆိုတဲ့ သဘောလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဝန်ခံပါတယ်၊ ဒါပေမဲ့ ချမ်းအကြောင်းကို ပြောခဲ့တယ်ဆိုတာ တခြားတော့မဟုတ်ပါဘူး။ ချမ်းကို သတိရတဲ့အခါ သူငယ်ချင်းတွေကို ရင်ဖွင့်မိတာလောက်ပါဗျာ၊ အဲဒီအတွက်ချမ်း စိတ်ဆိုးလားဟင်"

အသံက နူးညံ့ပျော့ပျောင်းစွာ တောင်းပန်နေသလို၊ အစတုန်းက စိတ်ဆိုးချင်ခဲ့ရင်တောင် သူ့အသံကြောင့် စိတ်မဆိုးဖြစ်တော့မှာ သေချာပါသည်။

"ကြည်သာက ဒီနေ့ ကျောင်းမှာချမ်းကို လာရစ်နေလို့ပါ၊ အဲဒါကြောင့် မေးကြည့်တာ"

"ဘာလဲ အဲဒီကောင် ဟိုစကားဒီပြော ဒီစကားဟိုပြော လုပ်ပြန်ပြီလား။ တစ်ရက် သူ့ကို အေးအေးဆေးဆေးဆုံပြီး အဲဒီကိစ္စတွေ မေးရဦးမယ်"

လေးနက်အသံက ကြည်သာ့ကို တစ်ခုခုပဲ လုပ်တော့မည့်ပုံ ဟင့်အင်း သူတို့သူငယ်ချင်းတွေကြားမှာ ချမ်းကြောင့်နဲ့တော့ အဖုအထစ် မဖြစ်စေလိုပါ။

"ကြည်သာ့ကို ဘာမှမပြောပါနဲ့နော် လေးနက်၊ သူက အနေအကျင့်လေးရှိပေမယ့် စိတ်ရင်းကောင်းပါတယ်၊ ချမ်းရဲ့သူငယ်ချင်းတစ်ယောက်ပါပဲ"

"မင်းရဲ့အဲဒီ ရိုးသားတဲ့စိတ်လေးကို ကျွန်တော် သဘောကျတယ် ချမ်းရယ်"

"ဟာ တော်ပြီ ဘာတွေလာပြောနေတာလဲ၊ နောက်အတန်းဆို



တောင် ရောက်တော့မယ်၊ ချမ်း ခုထိ ထမင်းမစားရသေးလို့ ဖုန်းချလိုက်တော့မယ်နော်"

"ကောင်းပါပြီဗျာ၊ ကျွန်တော် ညကျမှပဲ ဖုန်းထပ်ဆက်လိုက်မယ်နော်"

ခုန်လှုပ်သွားသော ရင်ကိုတည်ငြိမ်အောင် လုပ်လိုက်ရင်း ထမင်းကို ခပ်မြန်မြန် စားလိုက်သည်။ ချမ်း ကိုယ့်ကိုယ်ကိုယ် ထူးဆန်း သလို ခံစားနေရတာလည်း အဲဒီအချက်တွေပါပဲ၊ သူက အဲဒီလိုမျိုးလေး ပြောလိုက်တာနှင့် ချမ်း ဘာပြန်ပြောလို့ ပြောရမှန်းမသိအောင် ရင်တွေခုန်နေတတ်သည်။

ယောကျ်ားလေးတော်တော်များများဆီက အီစီကလီလိုလို အညှီအဟောက်လိုလိုနှင့် ရည်းစားစကားပြောခြင်းတွေ ချမ်း နားထောင်ခဲ့ဖူးပါသည်။ တစ်ခါမှ ဒီလိုကြီး မဖြစ်ခဲ့ဖူး။ ရင်ခုန်ဖို့ နေနေသာသာ သူတို့ပြောနေတဲ့ ဒိုင်ကြောင်တွေ နားထောင်ပြီး ချမ်း ရယ်ချင်လာတာပဲ မှတ်မိသည်။ သူတို့ စကားတွေမှန်သမျှလည်း ဘယ်တုန်းကမှ ခေါင်းထဲ ဝင်မလာခဲ့။ ခုတော့ လေးနက်က ဘာပဲပြောပြော ချမ်း သေသေချာချာ မှတ်မိနေတတ်သည်။

လေးနက်ရယ် ရှင်က ချမ်းဘဝထဲကို ထူးခြားပြီး ကြည်နူးဖို့ကောင်းတဲ့ ခံစားချက်တွေ သယ်ဆောင်လာပေးတဲ့သူပါ။ အဲဒီစကားလေးကို စိတ်ထဲကတိုးတိုးလေး ရေရွတ်လိုက်ရင်း ချမ်း ကင်တင်းနံထဲက ထွက်လာခဲ့လိုက်၏။ အတန်းချိန်စတင်နေတာ ဆယ်မိနစ်လောက်တောင် ရှိပြီလေ။

ခုလို ချမ်း နောက်ကျရတာ ရှင့်ကြောင့် သိလား ဟင်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ဆီကို ဖုန်းထပ်မဆက်တော့ရင် ကောင်းလိမ့်မယ်"

"ခုချိန်ထိ နင်နဲ့ငါ ပတ်သက်မှုက လင်မယားအဖြစ်ပဲ ရှိနေသေးတာလေ"

တစ်ဖက်ကနေ အသံစူးစူးဖြင့် အော်ပြောလိုက်သော ဝိုင်းအသံကြောင့် လေးနက်မျက်နှာကြီး ရှုံ့မဲ့ပစ်လိုက်သည်။ သူမ ဖုန်းနံပါတ်များကို ဘလက်လစ်ထဲထည့်ထားမှန်း သိသွားသောကြောင့် လေးနက် မသိသည့် နံပါတ်အသစ်တစ်ခုကို အသုံးပြုပြီး ဆက်ခဲ့ခြင်းဖြစ်သည်။

"နင် အဲဒီလို လုပ်လို့မရဘူးနော်"

"ငါနဲ့မရှင်းခင် အရင်ဆုံး မင်းအမေနဲ့ဖြေရှင်းတာ ပိုကောင်းလိမ့်မယ်၊ မင်းအမေက ယောကျ်ားတစ်ယောက်ကို သူ့လက်ဝေခံဖြစ်စေချင်နေတာလား ငါက ဘယ်တော့မှ အဲဒီလို ဖြစ်လာမယ့်ကောင် မဟုတ်ဘူးလေ"

"ဘယ်လိုပဲဖြစ်ဖြစ် ငါတို့နေနေတာ သူ့အိမ်လေ၊ သူ့ကိုငါတို့ ရှာသမျှ ပိုက်ဆံအပ်သင့်တာပေါ့"

ခုချိန်ထိ ဒီလိုစကားမျိုး ပြောနေသော ဝိုင်းကို လေးနက် စိတ်ပျက်တာ မမှားပါဘူးလို့ ကိုယ့်ကိုယ်ကိုယ် ပိုယုံကြည်လာမိသည်။ သူမ အတင်းပူဆာလွန်းသောကြောင့် ယောက္ခမအိမ်ပေါ် တက်နေပေးသည်ထိ လေးနက်လိုက်လျော့ခဲ့ပြီးပါပြီ။ ဒါပေမဲ့ ကိုယ်ရှာဖွေထားသည့် ငွေကြေးများအားလုံးကို ယောက္ခမထံအပ်ပြီးမှ ပြန်လည်တောင်းယူသုံးစွဲရမယ်ဆိုတာကိုတော့ သူ ဘယ်လိုမှ လက်မခံနိုင်။

ယောကျ်ားတစ်ယောက်ရဲ့မာနဆိုတာထက် လူတစ်ယောက်ရဲ့ အခွင့်အရေးကို စော်ကားနေသလို သူ ခံစားလာရသည်။ ပြီးတော့ ဝိုင်း





ကိုယ်တိုင်ကလည်း အမေဆန္ဒကိုမလွန်ဆန်နိုင်သည့်သူတစ်ယောက်။ တစ်နှစ်လောက် သည်းခံပြီးသည့်အခါမှာတော့ သူ ဆက်လက်ခံစားနိုင်စွမ်း မရှိတော့။

"နင်နဲ့ငါ့ကို အမေက အတင်းပေးစားထားတာ မဟုတ်ပါဘူး။ အခုမှ အမေ့ကိုအကြောင်းပြပြီး နင် ထွက်ပြေးဖို့ မစဉ်းစားပါနဲ့"

သူ ဟက်ခနဲ တစ်ချက်ရယ်လိုက်မိသည်။

"နင့်အမေက အတင်းပေးစားတာတော့ ဘယ်ဟုတ်ပါ့မလဲ၊ နောက်ကနေ မြှောက်ပေးတာမျိုးပဲရှိခဲ့တာလေ မဟုတ်ဘူးလား"

တစ်ညမှာ ဝိုင်းက သူ့အိမ်မှာ လူကြီးတွေ ခရီးထွက်နေလို့ သူမ တစ်ယောက်တည်းကြောက်ပါသည်ဆိုပြီး လေးနက်ထံ ဖုန်းဆက်လာ ခဲ့သည်။ ငိုသံစွက်နေသောအသံလေးကြောင့် သူ ရောက်ရှိသွားခဲ့ချိန်မှာ

"ဘယ်မှာလဲ နင်ပြောတော့ နောက်ဖေးဘက်က ခြေသံတွေကြားတယ်ဆို ငါသွားကြည့်ပေးမယ်"

သူ အိမ်နောက်ဖေးဘက်ကို ခြေသံလုံလုံဖြင့် လျှောက်သွားလျက် အိမ်သာ ရေချိုးခန်းအားလုံးကို လိုက်ကြည့်ပေးမယ့် ဝိုင်း ပြောသလို ခြေသံကြားအောင် လုပ်မည့်လူမျိုး အရိပ်အယောင်လေးတောင် မတွေ့ရ။

"ဘာမှမရှိဘူး နင်ကြောက်မနေနဲ့တော့"

"လူမဟုတ်ဘူးဆိုတော့ ဟိုလေ သရဲများလား လေးနက်"

"အာ နင်ကလည်းပေါက်ပေါက်ရှာရှာ၊ သရဲတွေဘာတွေ အဲလိုအကြည့်မရှိပါဘူး"

ဝိုင်းရဲ့သဘာဝလွန်အပြောကြောင့် သူ စိတ်ရှုပ်သွားမိသည်။ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေများ ကြောက်တတ်လိုက်သည့်နေရာမှာ နှစ်ယောက်မရှိဘူး။ ငယ်ငယ်တည်းက တစ်ကျောင်းတည်းတက်ခဲ့သော သံယောဇဉ်ဖြင့် ဝိုင်းနဲ့ လေးနက်တို့ ရည်းစားအဖြစ် တွဲလာခဲ့ကြတာ ခုထိ သုံးနှစ်လောက် ရှိပြီ။ ဒါပေမဲ့ တစ်ခါတလေ ဝိုင်းရဲ့ ကဂျိကကျောင်ကျမှုများကို သူ စိတ်မရှည်ချင်။

"ဒါပေမဲ့ ငါ ကြောက်တယ်၊ နင်စောင့်ပေးဟာ"

"ဟာ မကောင်းပါဘူး၊ နင်နဲ့ငါ နှစ်ယောက်တည်းရှိတာ နင့်အမေသိသွားရင် မကောင်းဘူးလေဟာ"

ဝိုင်းရဲ့အမေက သူ့ကို လမ်းမှာတွေ့ရင်တောင် မကြည့်ကြည့်နှင့် ကြည့်ကြည့်သွားတတ်တာ၊ ခုလိုမျိုး ညကြီးအချိန်မတော် သူ့အိမ်ပေါ် ရောက်နေမှန်းသာ သိသွားရင် ဘယ်လောက်တောင် မိုးမီးလောင်သွားမလဲ မသိ။

"မေမေက မနက်စောစောမှ ပြန်ရောက်မှာပါဟ၊ ငါတစ်ယောက်တည်း ဘယ်လိုမှ အိပ်လို့ရမှာမဟုတ်ဘူး။ အဲဒီတော့ ငါအိပ်ပျော်သွားတဲ့အထိပဲ ငါ့ဘေးမှာ နေပေးဟာနော်၊ ပြီးရင် နင့်အိမ်နင်ပြန်လေ၊ တံခါးကို ဒီတိုင်း ဆွဲပိတ်သွားလိုက်ရင် ရတယ်"

သူမှ အဲဒီလို မစောင့်ပေးရင် ဝိုင်းက ကဂျိကကျောင်ကျတော့မည့် မျက်နှာပေးမျိုးနှင့် ပြောလာတော့ သူ စိတ်ကိုလျှော့ချပစ်လိုက်သည်။ အင်းလေ ခဏလောက်ထိုင်နေပေးလိုက်တာ ဘာမှမဖြစ်သွားလောက်ပါဘူးလို့ သူ ပေါ့ပေါ့တန်တန် တွေးလိုက်မိ၏။

အဲဒါကပဲ သူ့ဘဝအတွက် အမှားယွင်းဆုံး အပြောင်းအလဲတစ်ခုကို ဖြစ်ပွားစေခဲ့ခြင်း ဖြစ်သည်။



အိပ်ရာထက်မှာ ဝိုင်းက လှဲအိပ်လိုက်သည်။ သူက ဝိုင်းအခန်းထဲက ကုလားထိုင်တစ်လုံးတွင် သက်သောင့်သက်သာ ဝင်ထိုင်နေလိုက်၏။

"နင်လည်း အိပ်ချင်ရင် ဒီမှာခဏမြစ်ဖြစ် လာလှဲနေလိုက်ပါလား"

ဝိုင်းက သူ့ဘေးမှ နေရာလွတ်ကို လက်နှင့်ပုတ်ပြရင်း ပြောသည်။ သူ ခေါင်းကို ချက်ချင်းခါပစ်လိုက်၏။

"မလှဲတော့ပါဘူးဟာ၊ နင်ပဲ အိပ်ပျော်အောင် အိပ်ပါ၊ ငါသိပ် နောက်ကျနေရင် ငါ့အမေ ပြောနေဦးမှာမို့လို့"

"ဒါဆိုလည်း ပြီးရော"

ဝိုင်း သူ့ကိုမျက်စောင်းလေးထိုးပြီး တစ်ဖက်သို့ စောင်းအိပ်လိုက်သည်။ အင်္ကျီအိတ်ကပ်ထဲမှာပါလာသော ဆေးလိပ်ဘူးကိုထုတ်ပြီး ဆေးလိပ်တစ်လိပ်ကို မီးညှိရှိုက်ဖွာလိုက်၏။

"ဝိုင်း နင်အိပ်ပြီလား"

ဆေးလိပ်သုံးလိပ်လောက် ကုန်သွားချိန်မှာ သူ အသံတိုးတိုးလေးဖြင့် မေးလိုက်သည်။ ပြန်မဖြေနိုင်တော့ဘဲ ဝိုင်း အိပ်ပျော်နေပြီ ဆိုရင် သူ ပြန်တော့မလို့ပါ။ အိမ်မှာ အမေက သူပြန်မလာမချင်း မအိပ်သေးဘဲ အိမ်တံခါးဖွင့်ပေးဖို့ စောင့်နေမှာ။

"ငါ ဘယ်လိုအိပ်ပျော်မှာလဲ၊ နင့်ဆေးလိပ်ငွေ့တွေကို ဒီလောက်ရှူမိနေတာ၊ အိပ်မပျော်တဲ့အပြင် အသက်ရှူတောင် ကျပ်နေသေးတယ်"

"နင်"

သူ ဘာကိုမှန်းမသိ စိတ်တိုသွားမိသည်။ အဲဒီအချိန်မှာပဲ တံခါးကိုတွန်းဖွင့်လိုက်သည့်အသံများနှင့်အတူ အခန်းထဲဝင်လာသော ခြေသံ

www.burmeseclassic.com



တွေကို ကြားလိုက်ရခြင်းဖြစ်၏။

ရှုတ်တရက်မို့ သူ လန့်သွားသည်။ ခုနကလည်း ခြေသံတွေ ကြားတယ်လို့ ဝိုင်းက ပြောခဲ့တာမဟုတ်လား။ အိမ်ပေါ်ထိတက်ပြီး ဓားပြ တိုက်တတ်သည့်သတင်းတွေကလည်း ခုတလော တော်တော်ရေပန်းစား နေတာ။

"ဝိုင်း ထဦး ခြေသံကြားတယ်၊ တစ်ယောက်ယောက်ဝင်လာ တာလားမသိဘူး။ နင်ကလည်းဟာ တံခါးကို သေချာမပိတ်ထားဘူး ဟုတ် လား"

"အေး ငါ တံခါးပိတ်ဖို့ မေ့သွားထယ်နဲ့တူတယ်"

မလုံမလဲပုံစံမျိုးနှင့် ပြန်ဖြေခဲ့သော ဝိုင်းကို သူ လုံးဝသံသယ မဝင်ခဲ့မိ။ အခန်းရှေ့တည့်တည့်မှာ ပေါ်လာသော သူမအမေမျက်နှာကြီး ကို မြင်လိုက်ရမှ သူနိုးဝင်တယ်ထင်ပြီး တိုက်ခိုက်ရန် အသင့်ပြင်ထား သော စိတ်တွေက ချက်ချင်းပင် ထိတ်လန့်တုန်လှုပ်ခြင်းများအဖြစ် ပြောင်း လဲသွားတော့သည်။

"မင်းတို့က ဒီမှာ ဘာလုပ်နေတာလဲ"

အသံက တကယ့်ကို ကြောက်မက်ဖွယ်ရာ မိုးထစ်ချုန်းသံလိုမျိုး အခန်းတစ်ခုလုံးကို လွှမ်းခြုံသွား၏။ သူ ချွေးစေးများပင် ပျံလာသည်။ ဝိုင်းကလည်း ဝင်ရောက်ဖြေရှင်းခြင်းမပြုဘဲ မျက်နှာငယ်လေးနှင့် ထိုင်နေ၏။ ထိုအခါမှပင် သူတော့ ထောင်ချောက်တစ်ခုထဲ သက်ဆင်းမိသွားခြင်းမှန်း နားလည်လိုက်တော့သည်။

သူ ဘယ်လောက်ပဲ ဖြေရှင်းဖြေရှင်း ဘာမှအကျိုးမထူးလာတော့





တာကို သဘောပေါက်လိုက်သည်။ လေးနက်အမေကိုယ်တိုင်ကလည်း ယောကျ်ားဆိုတာ ကိုယ့်တာဝန်ကိုယ်ယူရမယ်လို့ တစ်ခွန်းတည်းသာ ပြောခဲ့၏။ သူ ဘာတတ်နိုင်မှာလဲ။ သူ့မှာ ခံသာသွားတာဆိုလို့ ဝိုင်းနဲ့က လက်ရှိတွဲ နေသော ရည်းစားဖြစ်နေသည်ဆိုသည့် အချက်လေးတစ်ခုပင်ရှိသည်။

တကယ်ဆို သူ အိမ်ထောင်ပြုဖို့ထိ တစ်ခါမှ မစဉ်းစားခဲ့မိသေး။ သူငယ်ချင်းများနှင့် လွတ်လပ်စွာ ပျော်ရွှင်စွာ နေထိုင်ချင်သေးသည်။ အိမ် ထောင်ဆိုသော ပိတ်လှောင်ခံထားရမည့် အရာကြီးတစ်ခုထဲ သူ မဝင်ရောက် ချင်သေး။ ခုတော့ သူ့ဘဝတစ်ခုလုံးက အချည်နှောင်ခံထား လိုက်ရသလိုပါပဲ။

"နင်နောက်ဆို ငါ့ဆီဖုန်းထပ်မဆက်တာကောင်းလိမ့်မယ် ဝိုင်း"

"ငါတစ်ယောက်တည်း ဘယ်လိုလုပ်ရမလဲ၊ နင်က ငါ့ယောကျ်ား လေ"

သူ နှုတ်ခမ်းလေးကို တွန့်ရှုံ့ကလေးပြုံးလိုက်သည်။

"နင့်အမေရဲ့စကားတွေကိုပဲ နားထောင်ပြီး သမီးအလိမ္မာလေး တစ်ယောက်အဖြစ် ကြိုးစားနေလိုက်ပါတော့၊ ငါနဲ့ကတော့ ဒီဘဝမှာ ဆုံစက်ကုန်သွားပြီလို့ သဘောထားလိုက်ပါ"

"နင် ဒီလောက်လွယ်လွယ်ကူကူနဲ့ ပြတ်သားနိုင်တယ် ဟုတ် လား"

ဝိုင်းအသံမှာ ဒေါသတွေ ပျော်ဝင်နေကြပြီ။

"အစတည်းကလည်း ငါလိုလိုလားလားနဲ့ စတင်ထားတာ မဟုတ် ဘူးလေ၊ ငါ့ကိုယ်ငါ လက်ထပ်ဖို့ သိပ်စောတယ်လို့ သတ်မှတ်ထားတုန်း အနေအထားတစ်ခုမှာ ငါ နင့်ကိုယူလိုက်ရတယ်၊ နင့်အိမ်မှာ လိုက်နေရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်ခွဲနေမယ်ဆိုတော့လည်း နင့်အမေနဲ့ မခွဲနိုင်ပါဘူးဆိုပြီး ဖွတ်တင်းခံနေခဲ့တာ၊ အဆိုးဆုံးက နင့်အမေရဲ့ချုပ်ကိုင်မှုတွေ၊ တော်ပြီ ဝိုင်း၊ ငါ ဘာမှ ထပ်မပြောချင်တော့ဘူး''

သူ ဖုန်းချပစ်လိုက်သည်။ စက်ကိုပါ တစ်ခါတည်း ပိတ်ထားလိုက်၏။ တကယ်ပါ သူ့ဘဝကြီးကို အစကနေ ပြန်လည်စတင်ခွင့်ရခဲ့မယ်ဆိုရင် ဟိုးအစတည်းက ချမ်းနဲ့ သိကျွမ်းရင်းနှီးခွင့်ရပြီး ချမ်းအနားကနေသာ အရာအားလုံးကို ပြောင်းလဲပစ်လိုက်ချင်သည်။

"ဘာတွေဖြစ်နေတာလဲ သား"

သူတစ်ယောက်တည်း စိတ်ပျက်လက်ပျက်နှင့် ဝရန်တာလေးမှာ ထွက်ထိုင်နေတုန်း အနားသို့ အမေရောက်လာသည်။

"ဝိုင်း ဖုန်းဆက်လို့ပါ"

သူ့နားမှာ ဝင်ထိုင်လိုက်ပြီး အမေက ပခုံးလေးတစ်ဖက်ကို ခပ်ဖွဖွ ပုတ်ကာ

"သား ဘယ်လိုခံစားနေရတယ်ဆိုတာကို နားလည်ပါတယ်၊ ဒါပေမဲ့ သေချာစဉ်းစားပါ သား။ ဘယ်အရာကိုမှ လွယ်လွယ်ကူကူ မဆုံးဖြတ်စေချင်ဘူး".

အမေက နဂိုတည်းက အနေအေးသည့်အတိုင်း လေးနက်ကိစ္စတွေမှာလည်း ဘာမှဝင်မစွက်ဖက်တတ်။ အမေတစ်ယောက်ဖြစ်တိုင်း နေရာတကာ မှန်တယ်မှားတယ် မစဉ်းစားဘဲ ဝင်ပါချင်တတ်သော စိတ်ဆန္ဒမျိုး အမေ့မှာ နည်းနည်းမှမရှိ၊ ဒါကြောင့်လည်း အမေ့ကိုလေးစားစွာ ရှိသေချစ်ခင်မိသည်။





"သား နားလည်ပါတယ်၊ ဒါပေမဲ့ အခု အခြေအနေကတော့ သား ပြန်လက်ခံနိုင်ဖို့ ခဲယဉ်းနေတယ်"

အမေရော သူရော ငြိမ်သက်စွာ ထိုင်နေမိကြသည်။ သားတစ်ယောက်ကို တစ်ခုလပ်ဆိုတာကြီး မဖြစ်စေချင်သည့် အမေ့သဘောကို နားလည်ပေမယ့် သူကိုယ်တိုင်က စိတ်ကုန်ခမ်းလာတာလေ။ နောက်ထပ် အချိန်တွေအများကြီး တစ်ဘဝလုံးစာလောက် ဝိုင်းနားမှာ ထပ်ရှိနေပေးဦးမယ်ဆိုရင် သူ ခံနိုင်ရည်ရှိမည်မထင်ပါ။

ခုလောလောဆယ်တော့ သူ့ရင်ထဲက ခိုင်မာသည့်ဆုံးဖြတ်ချက်သည် ချမ်းနှင့်နီးစပ်ခွင့်ရရေးသာ ဖြစ်၏။ သူ့စိတ်ထဲမှာ အချိန်တိုင်းနီးပါး ရှိနေသော မိန်းကလေးသည် ချမ်းသာဖြစ်၏။ ချမ်း မျက်နှာလေးကို အချိန်တိုင်း မြင်နေချင်သောစိတ်က ဒီရက်တွေထဲမှာ သူ့ကိုအမြဲလိုလို ဖိစီးနေသည်။

"သား အပြင်သွားဦးမယ် အမေ"

မိုးရွာဖို့ အစပျိုးသည့်အနေနှင့် မိုးဖွားလေးတွေ ကျနေပြီမို့ ထီးတစ်ချောင်းကို ယူလိုက်ပြီး အပေါ်ကနေ မိုးကာဂျာကင်လေးကို ဝတ်လိုက်သည်။ ကောင်းမြတ်က ကားခဏငှားသွားသည်မို့ သူ ဒီအတိုင်းပဲ ထွက်လာခဲ့လိုက်သည်။ ဘတ်စ်ကားမှတ်တိုင်နားသို့ ရောက်လာသည်ထိ အငှားယာဉ်များ မတွေ့မိသေး။ ထိုအချိန်မှာပင် မြို့ထဲသွားမည့် ဘတ်စ်တစ်စီး လာရပ်သည်မို့ သူ ခပ်မြန်မြန်တက်ခဲ့လိုက်သည်။

ရှစ်နာရီထိုးလောက်ပဲရှိသေးပေမယ့် မိုးရွာနေပြီမို့ လမ်းပေါ်မှာ ခြိတ်တိတ်နေသည်။ ကန်တော်ကြီးရှေ့မှတ်တိုင်ကနေ ဆူးလေကို နှစ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်တိုင်ပဲရှိသော ခရီးလေးအား သူ ကြာလွန်းသည်ဟု ထင်နေမိသည်။ လမ်းတစ်လျှောက်လုံး ဖုန်းခေါ်လာသော်လည်း ချမ်းရဲ့ဖုန်းလေးက ဆက်သွယ်မှုဧရိယာပြင်ပသာ ဖြေနေ၏။ ထို့ကြောင့်လည်း သူပိုပြီး စိတ်တွေလှုပ်ရှားလွန်းနေတာ ဖြစ်သည်။

သူ ချမ်းတို့အိမ်အောက်ကိုရောက်တော့ ရှစ်နာရီခွဲနေပြီ။ ချမ်းတို့အိမ်လေး မီးလင်းနေတာတွေ့ပေမယ့် ချမ်းရဲ့အရိပ်လေးတောင်မှ မတွေ့ရပါ။ မိုးရွာကြီးထဲမှာ ထီးတစ်ချောင်းနှင့် သူ ရပ်နေခဲ့တာ မိနစ်နှစ်ဆယ်ကျော်လာပြီ။ ဘောင်းဘီတိုလေးဝတ်ထားသော သူ့ခြေသလုံးကို ခြင်တွေကလည်း ဝိုင်းတွယ်နေကြတာ မညှာမတာ။

ချမ်း အိမ်မှာရော ရှိရဲ့လား။ အိမ်မှာမရှိဘူးဆိုရင် ချမ်းကို ဘယ်နေရာမှာ သွားရှာရမှာလဲ။ ဖုန်းကို အဆက်မပြတ်ခေါ်ပေမယ့် ဆက်သွယ်မှုဧရိယာပြင်ပထက် ဘာမှပိုထူးခြားမလာ။ တစ်ခါက ချမ်း ခေါ်ခဲ့ဖူးသော ဖုန်းနံပါတ်တစ်ခုကို သွားသတိရသည်။ သူမအိမ်ဖုန်းလို့ ပြောခဲ့ဖူးတာပဲ။ ဆက်ကြည့်ရင်တော့ အိမ်မှာ ရှိ မရှိ သိရနိုင်သည်။

"ဟယ်လို ချမ်းနဲ့ ပြောချင်လို့ပါ ခင်ဗျာ"

"ချမ်းမရှိဘူးကွဲ့! မိုးမရွာခင်တည်းက ထွက်သွားတာ"

ခပ်အေးအေးပင် ပြန်ဖြေသော အသံပိုင်ရှင်ဟာ ချမ်းပြောပြဖူးတဲ့ အဒေါ်အပျိုကြီးဆိုတာ ဖြစ်ပါလိမ့်မည်။

"ဘယ်သူဆက်တယ် ပြောလိုက်ရမလဲ သား"

"လေးနက်လို့ ပြောပေးပါ ခင်ဗျာ"

သူ ယဉ်ယဉ်ကျေးကျေးပင်ပြောပြီး ဖုန်းချလိုက်သည်။ ချမ်း





မှာမရှိဘူးဆိုတော့ ဘယ်တွေများလျှောက်သွားနေလဲ မသိ။ လေပွေ ချက်မှတ်ထုတ်လိုက်ရင်း သူ လိုက်ရှာရန်ဆုံးဖြတ်လိုက်သည်။ ပထမ ချမ်းသွားတတ်သည့်နေရာများကို စဉ်းစားကြည့်လိုက်တော့ သူနဲ့ စာအတူ တစ်ခါစားဖူးသည့် လက်ဖက်ရည်ဆိုင်လေးကို သွားသတိ ည်။ ချမ်းတို့အိမ်နှင့် မဝေးလှသော နေရာမှာမို့ သူ မျှော်လင့်ချက်များ ခြေလှမ်းများကို ခပ်မြန်မြန် လှမ်းလိုက်၏။

မိုးတွေလည်းရွာနေပြီး ဆိုင်လည်းပိတ်ခါနီးပြီဖြစ်သောကြောင့် ရှင်းနေသော ထိုင်ခုံများကသာ နေရာယူထားသည့် ဆိုင်လေးထဲမှာ ကို သူ ထီးထီးကြီး တွေ့လိုက်ရသည်။ ဆိုင်အပြင်ဘက်မှ ထီးမိုး အုပ်မိုးထားသော စားပွဲလေးမှာ ချမ်း တစ်ဦးတည်းထိုင်နေခြင်း ဖြစ်သည်။ တန်းတန်းမတ်မတ် ရောက်လာခဲ့သော ဒီဆိုင်လေးမှာ ချမ်းကို တွေ့ က်ရသည့်အတွက် သူ ဘယ်လောက်တောင် ဝမ်းသာသွားတယ်ဆို ပြောပင်မပြတတ်။

ချမ်းကလည်း သူ့ကိုလှမ်းမြင်လိုက်တော့ အံ့သြသွားသည့်ပုံ လုံးလေးများ ပြူးကျယ်သွားသည်။

"လေးနက် ဘယ်လိုရောက်လာတာလဲ"

"ချမ်းကိုလိုက်ရှာနေတာ"

သူ့အဖြေစကားကြောင့် ချမ်း ပိုလို့ပင် အံ့သြသွားမိသည်။ သူက ရွာကြီးထဲမှာ ထီးတစ်ချောင်းဆောင်းပြီး ချမ်းကိုလိုက်ရှာနေတယ်တဲ့။ တွေများ ဒီလောက် အရေးကြီးနေတာလဲ။

"ဘာကိစ္စမို့လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စမှ မရှိပါဘူး ချမ်းရယ်၊ မင်းကိုတွေ့ချင်လာလို့ပါ"

"ဘယ်လို"

လေးနက် ပြောလိုက်သော စကားဟာ ချမ်းနလုံးသားကို ယပ်… ပေးလိုက်သလို အေးခနဲ ဖြစ်သွားစေခဲ့တာ အမှန်ပါပဲ။ သူ့မျက်ဝန်းများ… ငေးကြည့်မိတော့လည်း လိမ်ညာပြောနေသည့် မုသားရဲ့ အရိပ်အယောင်… တစ်ခုမှမတွေ့ရ။

"တကယ်ပြောတာပါ ကျွန်တော် ချမ်း အိမ်ရှေ့မှာ သွား… စောင့်နေတာ အကြာကြီးပဲ၊ မနေနိုင်တော့လို့ ချမ်း ဟိုတစ်ခါက ပေး… တဲ့ အိမ်ဖုန်းဆိုတာကို ဆက်လိုက်တော့မှ ချမ်း အခေါ်က အိမ်မှာမရှိ… ဆိုလို့ ကျွန်တော် ဒီဆိုင်မှာ လာရှာတာ"

"ချမ်း ဒီဆိုင်မှာ ရှိနေတယ်လို့ ဘယ်သူပြောလိုက်တာလဲ"

"ဘယ်သူမှမပြောပါဘူး။ ဒီအတိုင်းပဲ စိတ်မှန်းနဲ့လိုက်လာခဲ့လို့… တာ"

"ဒါဆို လေးနက်က တော်တာပေါ့၊ ချမ်းလည်း အိမ်မှာ… ယောက်တည်း ပျင်းနေတာနဲ့ ထွက်လာခဲ့လိုက်တာ၊ ဒီလည်းရောက်… မိုးလည်းရွာရောပဲ၊ ပြန်ဖို့ကလည်း ထီးမပါလို့လေ၊ မိုးအတိတ်ကိုစော… နေတာ"

"ဟာ ဒါဆို ကျွန်တော်က ကယ်တင်ရှင်ဖြစ်သွားတာပေါ့နော်"

ဝမ်းသာအားရ ပြောလိုက်သော လေးနက်အသံဟာ ချမ်း… …နားထောင်လို့အလွန်ကောင်းနေခဲ့သည်။ လေးနက်နဲ့ပတ်သက်… နိုင်သမျှအရာအားလုံးကို အကောင်းတွေချည်းပဲ မြင်ပေးနေမိသည်ထိ ချမ်း…





စိတ်တွေ လှုပ်ရှားတုန်ယင်နေခဲ့တာပါ။ အဲဒါကို လေးနက်ရော သတိထားမိသွားပြီလား။

"ကော်ဖီသောက်ဦးမလား လေးနက်"

"မသောက်တော့ပါဘူး ချမ်း၊ ကျွန်တော်က ချမ်းနဲ့တွေ့ဖို့ အဓိကပါ"

"ဟွန့် ပေါ်တင်ကြီး"

မျက်စောင်လေးထိုး နှုတ်ခမ်းလေးစူပြီး ချမ်းပြောတော့ သူ ရယ်မောသည်။

"ချမ်းကို စပြီးခင်မင်ခွင့်တောင်းထဲက ကျွန်တော် ပွင့်ပွင့်လင်းလင်းပြောထားခဲ့ပါတယ်နော်၊ ချမ်းကို စိတ်ဝင်စားနေတယ်ဆိုတာ"

"အိုး တော်တော့၊ ဘာတွေပြောနေမှန်းလည်း မသိဘူး"

ဂျင်းဘောင်းဘီအိတ်လေးထဲမှ ပိုက်ဆံတချို့ကို နှိုက်ထုတ်ပြီး စားပွဲပေါ်တင်လိုက်သည်။ ပြီးတော့ သူ့ကိုတောင် မစောင့်ဘဲ ချမ်း ရှေ့မှ ထွက်သွား၏။ ထီးတစ်ချောင်းနှင့် သူ ချမ်းနောက်ကနေ အပြေးလိုက်ခဲ့ရသည်။

"မိုးတွေစိုကုန်ပြီ ချမ်းရာ၊ နေမကောင်းဖြစ်ရင် ဘယ်လိုလုပ် မလဲ"

ချမ်း ကိုယ်လေးပေါ်သို့ ထီးကို အုပ်မိုးပေးလိုက်ပြီး သူ ကရုဏာဒေါသသံလေးနှင့် ပြောမိသည်။ ချမ်းက ခြေလှမ်းများကို စုံရပ်လိုက်ပြီး သူ့ကိုမော့ကြည့်၏။ လေးနက်.မှတ်မှတ်ရရ ဖြစ်နေသော ပေစောင်းစောင်းအကြည့်လေး။

"နေမကောင်းတော့ ဘာဖြစ်တုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အရင်တုန်းကတော့ ချမ်း နေမကောင်းချင်တိုင်း မကောင်း ခွင့်ရှိပေမယ့် အခု မရှိဘူး"

"အောင်မှာ နေမကောင်းတာတောင် လာပိတ်ပင်နေသေးတယ်"

"ဟုတ်တယ် အရင်တုန်းကတော့ ချမ်းနဲ့မခင်မင်သေးတဲ့အတွက် နေမကောင်းဖြစ်လည်း ကျွန်တော် မသိရဘူးလေ၊ အခုက ချမ်း နေမကောင်း ဖြစ်တယ်ဆို ကျွန်တော် ဘယ်လိုမှ နေနိုင်မှာမဟုတ်ဘူး။ စိတ်ပူပြီး တစ်ခုခုဖြစ် သွားနိုင်တယ်"

အဲဒါ အပိုစကားတွေမှန်း ချမ်း သိသားပဲ။ သူ့နေရာမှာ တခြား ယောကျ်ားတစ်ယောက်သာဆို ရယ်မောဟားတိုက်ပြီး လှောင်ပြောင်မိ တော့မှာ။ ခုတော့ သူဖြစ်နေသည့်အတွက် ချမ်း ရယ်မောဖို့နေနေသာသာ ရင်တွေတောင် ခုန်နေမိသည်။

ချမ်းတို့နှစ်ယောက် မိုးရွာကြီးထဲမှာ ခြေစုံရပ်ပြီး ငြိမ်သက်နေ မိကြတာ ငါးမိနစ်လောက်တောင် ရှိပြီလားမသိ။ တစ်ယောက်မျက်နှာ တစ်ယောက် ငေးမောလျက် ဘာစကားမှလည်း ထပ်မပြောဖြစ်ကြ တစ်ခုခုဆို ပြတ်ပြတ်သားသား လေးလေးနက်နက် လုပ်ကိုင်တတ်မည့် သူ့မျက်ခုံးတွေ ကို ချမ်း သဘောကျသည်။ ချောမောနေခြင်းမျိုး မဟုတ်ဘဲ ယောကျ်ားဆန် သော သူ့ရုပ်ရည်ကို နှစ်သက်သည်။

သူ့ထံ၌ ချမ်း အသိတရားတွေ နစ်ဝင်နေတုန်းမှာ မိုးနဲ့အ တိုက်ခတ်လိုက်သော လေပြင်းတစ်ချက်ကြောင့် လေးနက် ဆုပ်ကိုင် သော ချာလီထီးလေးက လွင့်စင်သွားသည်။ ထိုအခါမှ တစ်ယောက် တစ်ယောက် ငေးကြည့်နေမိကြသောအကြည့်များထဲကနေ နှစ်ယောက်





သန့်နိုးလျက် ရယ်မောရင်း ထီးကိုအပြေးအလွှား ပြန်လိုက်ကောက်ရ၏။

မိုးရေများဖြင့် စိုရွှဲနေသော နှစ်ဦးသား တစ်ယောက်ကိုတစ် ယောက်ကြည့်ရင်း ရယ်မောမိကြပြန်သည်။ ဒီအချိန်လေးကို ချမ်း ဘယ် တော့မှ မေ့တော့မည်မထင်ပါ။

တကယ်တော့ အိမ်မှာ အန်တီလေးက အန်တီမေ့ကို ပြောနေ သော စကားများကြောင့် ချမ်း စိတ်ညစ်ပြီး လက်ဖက်ရည်ဆိုင်မှာ တစ် ယောက်တည်း လာထိုင်နေခြင်း ဖြစ်သည်။

"မမတူမက ယောကျ်ားလေးတွေနဲ့ အပေါင်းအသင်းလုပ်နေတော့ ဆိုက္ကက်ထဲမှာ မော်တို့ မျက်နှာပျက်ရတယ်၊ အပြင်ထွက်လိုက်တာနဲ့ နင့်တူမ ကိုလေ ကောင်လေးတစ်ယောက်နဲ့ လက်ဖက်ရည်ဆိုင်ထိုင်နေတာ တွေ့လိုက် တယ်၊ နင့်တူမကိုလေ ကောင်လေးတစ်အုပ်နဲ့ ဂစ်တာထိုင်တီးနေတာ မြင်ခဲ့တယ်ဆိုတာချည်းပဲ၊ ဒီလို အရှက်တရားမဲ့တာမျိုးတွေ ကျပ်ကျပ်လုပ် နေတာ ဘယ်နေ့ဘဝပျက်မလဲ မသိဘူး။ မမ ကြည့်ပြောပါဦး မော်ကတော့ သူ့ကိုစိတ်ကုန်လွန်းလို့ ဘာမှကို ပြောချင်ဆိုချင် စိတ်မရှိဘူး"

ပြောချင်တာပြောပြီး အန်တီလေး ပြန်ထွက်သွားတော့ အန်တီ မေမှာ မျက်စိပျက်မျက်နှာပျက်နှင့် ကျန်ခဲ့သည်။ သူမအပေါ်ထပ် လှေကား ထိပ်လေးကနေ နားထောင်နေရင်းမှ အောက်ထပ်သို့ ဆင်းလာခဲ့လိုက်သည်။ သူမကိုမြင်တော့ အန်တီမေက တစ်ခုခုပြောရန် ပြင်သည်။

"ချမ်း အပြင်ခဏသွားဦးမယ်"

အန်တီမေ ဘာမှမပြောနိုင်ခင် ချမ်းက ဦးအောင်ပြောပြီး အိမ်ပြင် ထွက်ခဲ့လိုက်သည်။ ပြီးတော့ ဘယ်သွားရမှန်းလည်းမသိသောကြောင့် လက်



www.burmeseclassic.com

www.burmeseclassic.com



ခက်ရည်ဆိုင်မှာ လာထိုင်နေမိခြင်းဖြစ်သည်။

"တစ်ကိုယ်လုံး စိုရွှဲသွားပြီ ချမ်းရာ၊ နေမကောင်းဖြစ်ရင် ကျွန်တော် စိတ်ပူရမှာကို"

"ဘယ်သူက ပူခိုင်းလို့လဲ ပူနဲ့ပေါ့"

ချမ်း ရှေ့ကနေ အပြေးကလေး ထွက်သွားလျှင် သူလည်း နောက်ကနေ ထီးကြီးတကားကားနှင့် ပြေးလိုက်လာ၏။ နောက်တော့ ချမ်းကိုယ်ပေါ်ကို ထီးအုပ်မိုးပေးလိုက်ပြီး

"ဘယ်မှလျှောက်ပြေးမနေနဲ့၊ ထီးအောက်မှာပဲနေတော့ ကြားလား"

ဆရာလုပ်ချင်သလို သူ့လေသံကိုလည်း ချမ်း နားထောင်ကောင်းနေခဲ့သည်။ သူ့ကိုမော့ကြည့်ပြီး အပြုံးလေးနှင့် ချမ်း ခေါင်းညိတ်ပြတော့ သူ တစ်ခုခုပြောတော့မှာလိုလို။ မျက်ဝန်းတွေက ချမ်းမျက်နှာကို ငေးကြည့်လျက် ရီရီဝေဝေ။ အဲဒီအကြည့်တွေကိုတော့ ချမ်းရင်မဆိုင်ရဲစွာ ခေါင်းလေးငုံ့ထားလိုက်မိသည်။

တို့နှစ်ယောက် အိမ်ပြန်ကြမယ်နော် လေးနက်။

■ ■ ■

"ဟတ်ချိုး"

အိမ်ရောက်တော့ ရေစိုအဝတ်များကိုချွတ်ပြီး သူ ရေချိုးလိုက်သည်။ ဗွက်တွေမိုးရေတွေနဲ့ သူ ဒီတိုင်းကြီး အိပ်လို့ရမှာမဟုတ်ဘူးလေ။ အဲကွန်းမဖွင့်ရင် အိပ်မပျော်တတ်သည့် ထုံးစံအတိုင်း အဲကွန်းကိုဖွင့် စောင်ထူထူကိုခြုံပြီး အိပ်လိုက်သည်။ ညလယ်လောက်ရောက်တော့ သူ့တစ်





ကိုယ်လုံး ချမ်းစိမ့်တက်လာ၏။ စောင်ထူထူကလည်း သူ့ကို အနွေးဓာတ်လောက်စွာ မပေးနိုင်တော့သလိုပါပဲ။

တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်မှုများကြောင့် အဲကွန်းဖွင့်ထားသော အိပ်ရာဘေးမှ စားပွဲပေါ်သို့ပင် သူ လက်မလှမ်းချင် ဖြစ်နေမိသည်။ စောင်ကို ခေါင်းမြီးခြုံလိုက်ပြီး လက်နှစ်ချောင်းကိုပေါင်ကြားထဲ ညှပ်ထားလိုက်သည်။ နာချေမိသည့် အရေအတွက်ကလည်း မနည်းတော့။

သေချာပါတယ်၊ သူ ဖျားနေပြီ။

နောက်တော့ သူ မေ့ခနဲ အိပ်ပျော်သွားသည်။ သူ့နားထဲသို့ ပြတင်းပေါက်ဘက်မှ ငှက်သံလေးများ ဝင်ရောက်လာချိန်မှာ သူ့မျက်လုံးများဖွင့်ချင်တော့။ လူက နုံးချိနေသည်။ ခြေဖျားလက်ဖျားတွေ အေးစက်ပြီး ခေါင်းပြင်ကတော့ မီးလိုခြစ်ခြစ်တောက် ပူနေသည်။

ခဏနေတော့ သူ့ဖုန်းလေးမှ နှိုးစက်သံ မြည်လာ၏။ ဒါဆို မနက် ခုနစ်နာရီထိုးပြီပေါ့၊ နှိုးစက်လေးက မြည်မြဲမြည်နေဆဲမှာပင် သူ ပြန်အိပ်ပျော်သွားခဲ့သည်။ နောက်တစ်ကြိမ် သူ ပြန်နိုးလာရတာကတော့ နှိုးစက်သံကြောင့်မဟုတ်ဘဲ ဖုန်းဝင်လာသည့် မြည်သံကြောင့်ဖြစ်သည်။ သူ့ဘေးနားလျက်မှာရှိနေသော ဖုန်းလေးကို သူ ကောက်ကိုင်လိုက်၏။

တခြားဘယ်သူဖြစ်ဖြစ် သူ ကိုင်ဖြစ်မှာမဟုတ်ပေမယ့် ချမ်းဖြစ်နေသောကြောင့် သူ ကိုင်လိုက်ခြင်းဖြစ်သည်။

"ဟဲလို လေးနက်"

"ဟယ် လို"

သူ့အသံက ပုံမှန်မဟုတ်တာ ချမ်း သတိထားမိမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"လေးနက်အသံက တစ်မျိုးကြီးပဲ ဘာဖြစ်နေတာလဲဟင်"

"ဖျား နေပြီ"

"ဟယ် ညက မိုးတွေမိသွားတော့ ဖြစ်ပြီပေါ့ လေးနက်ရယ် ခုတ္တပါပဲ၊ အခု အိမ်မှာပဲမဟုတ်လား။ ဘာဆေးတွေ သောက်ထားလဲ"

နေမကောင်းသည့်ဒဏ်ကို ကောင်းကောင်းကြီး ခံစားနေရသည် ကြားကာပင် လေးနက် ပျော်သွားမိသည်။ ချမ်းဆီက စိတ်ပူပန်သည့် အသံမျိုး လေး ကြားလိုက်ရတာ လေးနက်အတွက်တော့ ရောဂါတစ်ဝက်လောက်ကို တောင် သက်သာသွားစေပါသည်။

"စိတ်ပူလို့လား"

အာခေါင်တွေ ခြောက်ကပ်နေသောကြောင့် စကားပြောရတာ အဆင်မပြေသည့်ကြားထဲက ချမ်းကို မေးမိသေးသည်။

"လေးနက်ပဲ ညကပြောတယ်လေ၊ ချမ်း နေမကောင်းဖြစ်ရင် လေးနက် ဘယ်လိုခံစားရမယ်ဆိုတာ၊ အခု သူနေမကောင်းဖြစ်တော့ ဒီက လည်း အတူတူပဲပေါ့"

အရဲစွန့်ပြီး ပြောလိုက်ရသော စကားလေးမှန်း သိသာပါသည် ပုံမှန်ထက် အသံလေးတွေ တိုးဖျော့နေတာ။

"အခု လေးနက် ဘာဆေးမှမသောက်ရသေးဘူးမဟုတ်လား ထပြီး ဆေးသောက်လိုက်နော်"

"အင်း မထနိုင်ဘူး"

"ဟောတော့ ဘယ်လိုလုပ်မလဲ၊ အိမ်မှာ ဘယ်သူမှမရှိဘူးလား"

"ရှိပါတယ်၊ ရတယ် ခဏနေလို့မှ အိပ်ရာထဲက မထသေးရင်





အမေ လာနှိုးလိမ့်မယ်"

"ဖြစ်ရမယ် လေးနက်ရယ်"

"သားရေ မထသေးဘူးလား။ ကိုးနာရီတောင် ထိုးတော့မယ်"

ချမ်း စကားမဆုံးခင်မှာပင် တစ်ဖက်ဖုန်းထဲမှ အမျိုးသမီး တစ် ယောက်အသံ ကြားလိုက်ရသည်။ သူ့အမေလားမသိ။

"အမေ လာနှိုးနေပြီ ချမ်း"

"ဒါဆို ချမ်း ဖုန်းချလိုက်တော့မယ်နော်၊ ခဏနေမှ ပြန်ဆက် လိုက်မယ် သိလား"

ဖုန်းကိုသာ ချလိုက်ရပေမယ့် ချမ်း ရင်ထဲမှာ သူ့အတွက် စိုးရိမ် ပူပန်မှုများဖြင့် နေမထိထိုင်မသာ ဖြစ်နေမိသည်။ ဖြစ်နိုင်ရင် ချမ်း ကိုယ်တိုင် လိုက်သွားပြီး သူ့နားမှာရှိနေချင်တာပါ။ ဒါပေမဲ့ သူ့အိမ်က ဘယ်လမ်း ထဲမှာရှိတယ်ဆိုတာလောက်သာသိပြီး တစ်ခါမှလည်း မရောက်ဖူးသည့် အပြင် အဲဒီလိုကြီး လိုက်လာတာကို သူ့အိမ်ကလူတွေ သဘောကျပါ့မလား။

ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူးဟု ခဏခဏ ပြောတတ်သော ချမ်းတစ်ယောက် ခုတော့ လေးနက်မိသားစုက သူမကို တစ်ခုခု အထင် အမြင်လွဲမှာမျိုးကို စိုးရွံ့နေမိသည်။

ဖုန်းလေးကို တကြည့်ကြည့်နှင့် ချီတုံချတုံ ဖြစ်နေမိ၏။ သူမ ဖုန်းပြန်ခေါ်သင့်ပြီလား။ နာရီဝက်လောက်တောင် ကြာနေခဲ့ပြီပဲ။ ဒါမှမဟုတ် ဆေးသောက်ပြီး သူ ပြန်အိပ်ပျော်နေမလားမသိ။ နောက်ဆုံးတော့ လက်ထဲမှာ တကိုင်ကိုင်ဖြစ်နေသော ဖုန်းလေးကို ဘေးတွင် ပြန်ချထားလိုက်သည်။ ဖျားနေတာဆိုတော့ သူ အေးအေးဆေးဆေး နားပါစေလေ။ ညနေခင်း

www.burmeseclassic.com

www.burmeseclassic.com



လောက်ကျမှပဲ ချမ်း ပြန်ဆက်လိုက်ပါတော့မည်။

■ ■ ■

"ချမ်း ဖုန်းပြန်ခေါ်မယ်ဆိုပြီး ညာတယ်"

နေ့လယ်စာ စားနေတုန်းမှာပင် လေးနက်ထံမှ ဖုန်းဝင်လာသောကြောင့် ချမ်း ကမန်းကတန်း ကောက်ကိုင်လိုက်မိသည်။

"မဟုတ်ပါဘူး လေးနက်ရယ်၊ ချမ်းက လေးနက် နေမကောင်းဘူးဆိုတော့ အေးအေးဆေးဆေး နားရအောင်လို့ပါ၊ ညနေဘက်လောက်ကျမှ ပြန်ခေါ်ဖို့လုပ်ထားတာ၊ ဘယ်လိုလဲ လေးနက် သက်သာရဲ့လားဟင်"

"အင်း တကယ်တော့ ကျွန်တော်လည်း ဆေးသောက်ပြီး အိပ်ပျော်သွားတာ၊ ခုမှ နိုးတယ်လေ"

"တွေ့လား ချမ်း သိသားပဲ၊ ဖုန်းသာဆက်မိရင် လေးနက်ကို နှောင့်ယှက်သလို ဖြစ်သွားတော့မှာ"

"ချမ်းကြောင့်နဲ့တော့ ကျွန်တော် ဘယ်တော့မှ အနှောင့်အယှက် မဖြစ်ဘူး။ အဲဒါကိုတော့ သံသယမဝင်နဲ့"

"နေလေး နည်းနည်းပြန်ကောင်းတာနဲ့ စကားတွေက များလာပြီနော်"

"ဩော် ချမ်းရယ်"

သူ ဘာမှထပ်မပြောတော့ဘဲ အသံတိတ်နေသည်။ အသက်ရှူသံတစ်ခုကသာ ချမ်း နားထဲမှာ အချက်မှန်မှန် ကြားနေရ၏။

"ဘာလို့ အသံတိတ်သွားတာလဲ"





"ကျွန်တော်ပြောတာတွေကို ချမ်းက အပိုတွေလို့ထင်နေတယ် မဟုတ်လား"

ခုမှပင် သူ့အသံက ပျော့တော့လျက် နေမကောင်းသည့်အသံနှင့် ပြန်တူသွားသည်။

"အပိုတွေလို့ ထင်တယ် ဟုတ်လား။ မထင်ပါဘူးနော်၊ ဒါပေမဲ့ ရယ်တော့ရယ်ရတယ် သိလား။ မနေ့က ချမ်းကို နေမကောင်းဖြစ်မှာ စိုးရိမ်နေတဲ့သူက သူကိုယ်တိုင်ကျ ပျော့ပျော့လေး ဟီ ဟီ"

"ချမ်းက ကျွန်တော်နေမကောင်းတာကို လှောင်တယ်ပေါ့"

"အို ချမ်း မလှောင်ပါဘူးကွာ၊ ချမ်းက လေးနက် စိတ်ဆိုးသွားမှာစိုးလို့ နောက်လိုက်တာပါ၊ တကယ်တော့ လေးနက် ဖျားနေမှန်းသိလိုက်တည်းက ချမ်းလေ တအားစိတ်ပူနေမိတာ၊ ခြေမကိုင်မိလက်မကိုင်မိပဲ"

သူမ တိုးတိုးလေး ဝန်ခံတော့ လေးနက် ရင်ထဲလှိုက်ခနဲနေအောင် ကြည်နူးသွားမိသည်။

"ကျွန်တော် ချမ်းကို တွေ့ချင်လိုက်တာ"

"ဟွန် မနေ့ညကလေးတင် တွေ့ထားတာလေ"

တကယ်တော့ ချမ်းလည်း သူ့ကိုတွေ့ချင်နေခဲ့တာပါ။ ဒါပေမဲ့ အဲဒါကိုတော့ ချမ်း ဝန်မခံချင်ဘူးလေ။

"အမှန်ကိုပြောရရင် ကျွန်တော်က ချမ်းကို နေ့တိုင်းတွေ့ချင်ချင်တာလေ"

"ဒါဆို မနက်ဖြန် နေကောင်းသွားရင် ကျောင်းကိုလိုက်ခဲ့ပေါ့၊ ဒီဆို ချမ်းနဲ့တစ်နေ့လုံး တွေ့ရမှာ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား ဒါဆို ကောင်းပြီလေ၊ မနက်ဖြန်တစ်ရက်တော့ ကောင်းမြတ်နဲ့ဖိုးချို့ကို ဆိုင်လာခိုင်းလိုက်မယ်"

လေးနက်တို့ သူငယ်ချင်းသုံးယောက်ပေါင်းကာ ဒီဖက်ရှင်ဆိုင်လေးကို ဖွင့်ထားခဲ့ပေမယ့် တကယ်တမ်း ဆိုင်မှာအမြဲထိုင်ဖြစ်နေခဲ့သူက လေးနက် တစ်ယောက်တည်း။ သူတို့နှစ်ယောက်ကတော့ အဆိုတော်ဖြစ်ချင်ကြသူတွေ၊ တစ်နေ့ တစ်နေ့ သီချင်းတွေရေးလိုက်၊ Underground ပွဲလေးတွေလိုက်ဆိုနှင့် ဘဝကို ဖြတ်သန်းနေကြသူတွေ။

နိုင်ငံခြားမှာနေသော ကောင်းမြတ်မိဘများက သားဖြစ်သူကိုပါ လှမ်းခေါ်ပေမယ့် အဆိုတော်ဖြစ်ချင်စိတ် ပြင်းထန်နေသည့် ကောင်းမြတ်ကတော့ မြန်မာပြည်ကနေ နည်းနည်းမှမခွာဘူးဆိုပြီး ပေကပ်နေသည်။ ဖိုးချို့ကျတော့လည်း သူ့မိဘတွေက အစိုးရဝန်ထမ်းအရာရှိတွေမို့ သားကိုလည်း သူတို့နည်းတူ ဂုဏ်ရှိသည့်အလုပ်တစ်ခုနှင့် ရပ်တည်စေချင်သည်။ ဒါပေမဲ့ ဖိုးချို့ကတော့ မရ၊ အဆိုတော်ပဲလုပ်မည်ဆိုပြီး သူတို့နှစ်ယောက်ပေါင်းကာ တက်ညီလက်ညီ ကြိုးစားနေကြခြင်းဖြစ်သည်။

သူကတော့ ဘေးကနေ ကူညီသူပေါ့။ Hip Hop ဂီတကို ရူးသွပ်မှုခြင်းတူပေမယ့် လေးနက်က အဆိုတော်တစ်ယောက်တော့ မဖြစ်ချင်ခဲ့၊ ငယ်ရွယ်စဉ်တုန်းကတော့ ရူးသွပ်မှုကြောင့် ထိုဂီတနှင့်ပတ်သက်သည့် တီးသည့်ခတ်သည့် ပညာရပ်များကို လေ့လာဆည်းပူးခဲ့သေးသည်၊ နောက်ပိုင်းတော့ ကောင်းမြတ်တို့လို အခြေတကျလုပ်ကိုင်ဖို့ ဆန္ဒမရှိသည့်အတွက် သူတို့က တချို့သီချင်းလေးတွေ လာတီးခိုင်းရင် အကြမ်းသဘော တီးပေးလိုက်တာမျိုးသာ ရှိသည်။





လေးနက်ရဲ့တကယ့်ရည်ရွယ်ချက်က စီးပွားရေးသမားတစ်ယောက်လုပ်ပြီး ဘဝကို တည်တည်ငြိမ်ငြိမ်နှင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ဖို့ ဖြစ်သည်။

"သူတို့ မအားရင် ဘယ်လိုလုပ်မလဲ လေးနက်ရဲ့၊ ချမ်းက နောက်ဘာပါ၊ ကျောင်းလိုက်လာလို့ ချမ်းက အတန်းတက်နေရင် လေးနက် တစ်ယောက်တည်း ပျင်းနေမှာပေါ့"

"ချမ်းကလေ အမျိုးမျိုးပဲနော်၊ မျှော်လင့်ချက်ပေးလိုက် ပြန်ဖျက်လိုက်နဲ့"

"ဘာလဲ လေးနက်က တကယ်လိုက်ချင်လို့လား"

"အင်း လိုက်ချင်တယ်၊ ဖြစ်နိုင်ရင် ချမ်းကျင်လည်နေတဲ့ ပတ်ဝန်းကျင်တိုင်းကို ကျွန်တော်လည်း ရင်းနှီးချင်တယ်"

လေးနက်က ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းပြီးခဲ့သူမို့ ချမ်းတက်နေသော တက္ကသိုလ်သို့ မရောက်ဖူးဘူးတဲ့လေ။ ဒါကြောင့်လည်း ချမ်းက ခေါ်ခဲ့တာပါ။ ပြီးတော့ ချမ်း စိတ်ထဲကနေလည်း သူနဲ့တစ်နေ့လုံး တူတူရှိနေချင်ခဲ့တာ။

"ဒါပေမဲ့ ဇနမကောင်းရင်တော့ မလိုက်ရဘူးနော်"

"အခု ချမ်းနဲ့စကားပြောလိုက်ရတာနဲ့တင် ဇနကတော်တော်ကောင်းနေပြီ"

ချမ်း အဲဒီနေ့ညက တော်တော်နှင့် အိပ်မပျော်ခဲ့။ သူနဲ့တွေ့ဖူးဆုံဖူးခဲ့တာက အမြဲတမ်းလိုလို တစ်ခဏတာလေးတွေ၊ ခုလိုမျိုး ချမ်းနဲ့တူတူ အချိန်တွေအကြာကြီး တူတူရှိပေးနေမယ်ဆိုတော့ ချမ်း ပျော်ရွှင်ကျေနပ်နေမိသည်။

■ ■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ချမ်းတို့အိမ်ရှေ့မှာ ကားလေးရပ်လိုက်တော့ ခုနစ်နာရီတိတိ သူ့ဖုန်းလေးက နှိုးစက်ထမြည်သည်။ ဒီနေ့တော့ မင်းက နောက်ကျသွား ပြီ နှိုးစက်လေးရေလို့ လေးနက် စိတ်ထဲက ပြောလိုက်မိ၏။ သူ ရောက်နေ ပြီဖြစ်ကြောင်း ဖုန်းဆက်ပြီး မကြာခင်မှာပဲ ချမ်းကို သူမအိမ်အောက်ကနေ သူ့ထံလက်ကလေးလှမ်းပြလျက် ပြုံးပြုံးလေး လျှောက်လာတာ မြင်နေရ သည်။

မနက်ခင်းမှာ စောစောစီးစီး မြင်လိုက်ရသော ချမ်းပုံစံလေးက သူ့ရင်ကို အေးမြလန်းဆန်းသွားစေသည်။ အဖြူရောင်ရင်ဖုံးအင်္ကျီလက်တို လေးကို ဆန္ဒင်းမကောင်းတုံးပုံ အကွက်လေးများဖြင့် ပုံဖော်ထားသော ကချင် ထည်ထဘီအနီရောင်ရဲရဲလေးနှင့် တွဲဖက်ဝတ်ဆင်ထားသဖြင့် သူ့အမြင်မှာ ဆန်းပြားနေသည်။ ချမ်းနဲ့ဆုံတိုင်း လူငယ်ဆန်ဆန် လွတ်လပ်ပေါ့ပါးသော အပြင်အဆင်များဖြင့်သာ မြင်တွေ့ခဲ့ရတာလေ။





"ကောင်းသော နံနက်ခင်းပါ လေးနက်"

"ဟုတ်တယ် တကယ့်ကို လှတဲ့ မနက်ခင်း"

ကားပေါ်သို့ သူမ ရောက်သည်နှင့် သူ စက်ကိုနှိုးလိုက်သည်။ အနီးကပ်မြင်လိုက်ရသော သူမ ပါးပြင်ထက်က ပါးကွက်ပါးပါးလေးက တောမဆန် ဒိတ်မအောက်ဘဲ သူမနှင့်လိုက်ဖက်တင့်တယ်လွန်းနေသည်။ မွှေးပျံ့သော ရနံ့သင်းသင်းလေးက သူမရှိနေသော လေးနက် ကားလေး ထဲ၌ ဝေ့ဝဲသင်းကြိုင်နေသည်။

"အံ့မယ် ကြည့်စမ်း။ လေးနက်က ပုဆိုးတွေဘာတွေနဲ့ အဟင်း"

ကားမောင်းနေသော သူ့ကိုကြည့်ပြီး ချမ်း ပြုံးပြုံးလေး ပြော လိုက်သည်။ သူက ခရမ်းရောင်နုနု တီရှပ်လက်ရှည်ကို အပေါ်ဆုံးကြယ်သီး တစ်လုံးဖြုတ် ဝတ်ထားပြီး အောက်ကအနက်ပေါ်မှာ ခရမ်းရောင်ကွက်စိပ် စိပ်လေးတွေ ဖော်ထားသော ချည်ပုဆိုးလေးနှင့်။ ဒီနေ့ ချမ်းတို့နှစ်ယောက် လုံး မြန်မာဆန်ဆန် တင့်တယ်နေကြသည်လို့ ချမ်း တစ်ယောက်တည်း ကြိတ်တွေးပြီး ပျော်နေမိသည်။

"မနက်စာ စားပြီးပြီလား ချမ်း"

"ဟင့်အင်း ချမ်းက ကင်တင်းနဲ့မှာ အတန်းမစခင်စားဖို့ စဉ်းစား ထားတယ်၊ လေးနက်ရော စားခဲ့ပြီလား"

"နိုးပါ၊ ကျွန်တော်က ချမ်းနဲ့တူတူ စားချင်လို့"

သူတို့ကားလေးကို ကျောင်းထဲသို့ ချိုးကွေ့ဝင်လိုက်သည်။ သူတို့ ရောက်သွားတော့ ရှစ်နာရီပင်မထိုးတတ်သေး။ ကင်တင်းနဲ့မှာ အေးအေးဆေး ထိုင်ပြီး စားဖို့သောက်ဖို့ အချိန်ကောင်းကောင်း ရပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လေးနက်တို့နှစ်ယောက်လုံး ထမင်းဖြူဆီဆမ်းနှင့် ကြက်ဥကြော်မှာစားကြပြီး စကားတွေဖောင်ဖွဲ့နေမိသည်။

"အရှင်းကြီး နေကောင်းသွားပြီပေါ့"

ပြောပြောဆိုဆို သူ့နဖူးပေါ်သို့ လာထိသော လက်ချောင်းနွေးနွေးလေးတွေ။ သူ့နှလုံးသား လည်ချောင်းဝရောက်လာသလို လှုပ်လှုပ်ရှားရှား ဖြစ်သွားရ၏။ ဝါးလက်စ ထမင်းလုပ်ကို နင့်ခနဲ မြိုချလိုက်ရင်း ချမ်းကို သူ ငေးကြည့်နေမိသည်။ အဲဒီတော့မှ သူမလုပ်ရပ်ကို ပြန်သတိထားမိပြီး ရှက်ဝဲဝဲလေးဖြစ်သွားကာ ထမင်းကို သည်းကြီးမည်းကြီး ငုံ့စားလိုက်သည်။

"ဖြည်းဖြည်းစားပါ ချမ်းရဲ့၊ နောက်က ဘယ်သူလိုက်လာလို့လဲ"

"လေးနက်နော် မစနဲ့ သိလား"

မစနဲ့ဆိုတော့မှ သူက အသံတိတ်ရယ်သည်။ ချမ်း သူ့ကိုနှုတ်ခမ်းလေးစူပြီး ပေစောင်းစောင်း ကြည့်ပစ်လိုက်သည်။

"ဘာဖြစ်သွားတာလဲဟင်"

"ဘာဖြစ်ရမှာလဲ"

သူမ မသိချင်ယောင်ဆောင်ကာ ပြန်မေးသည်။

"ချမ်း ရှက်သွားတာ မဟုတ်လား"

"အိုး ဘာတွေပြောနေတာလဲ"

လုပ်မိလုပ်ရာအဖြစ် ရှေ့ကထမင်းကြော်ပန်းကန်ကိုပဲ ငုံ့စားရန် ချမ်း ကြိုးစားမိပြန်သည်။ သူက ဒီတစ်ခါတော့ ရယ်တည်ကြီးနှင့် ချမ်းကို ကြည့်နေလျက်က





"ကျွန်တော် ချမ်းကို ပြောစရာရှိတယ်"

"ဘာလဲ"

တမင်ဟန်လုပ်ထားသော လေသံမာမာနှင့် မေးလိုက်ရပေမယ့် ချမ်း ရင်တွေခုန်ပြီး လက်ဖျားတွေ အေးစက်နေတာ ကိုယ့်ဘာသာပဲ သိသည်။

"အခု မပြောသေးဘူးလေ၊ ကျောင်းကပြန်ရင် ကျွန်တော်တို့ တစ်နေရာရာ သွားကြတာပေါ့"

"ဘယ်သွားဦးမလို့လဲ လေးနက်ရဲ့"

"ဒီနေ့ ဆိုင်မှာ ဟိုနှစ်ကောင်ကို ထားခဲ့လို့ရပြီး လစ်ထွက်လာမိတဲ့ အထိမ်းအမှတ်အဖြစ် ကျွန်တော်တို့ တစ်နေရာရာကိုတော့ အေးအေးဆေးဆေး သွားသင့်တယ်ထင်တယ်၊ စိတ်ပြေလက်ပျောက်ပေါ့"

"ဟွန့် လည်တယ်နော်"

သူမ အပြောကို သူ ကျေကျေနပ်နပ်ကြီး ရယ်မောထောက်ခံလိုက်သည်။ သူ ဖွင့်ပြောလိုက်ရင် ချမ်း စိတ်မဆိုးလောက်ပါဘူးနော်။

ချမ်းကို သိပ်ချစ်တယ်။ အဲဒါကို ကျွန်တော် ဆက်ပြီး မထိန်းချုပ်ထားချင်တော့ဘူး ချမ်းရယ်။

"လက်တွေ့ချိန်ဆိုတော့ လေးနက်ကို အတန်းထဲခေါ်သွားဖို့ အဆင်မပြေဘူး။ ကင်တင်းနံ့မှာပဲ ထိုင်စောင့်နေနော်"

"အင်းပါ ကျွန်တော်နားလည်ပါတယ်"

ချမ်း သူ့နားကနေ ထွက်ခွာသွားတော့ ယူဆောင်လာသော အိတ်ဆောင်ကွန်ပျူတာလေးကိုဖွင့်ပြီး သူ လုပ်စရာရှိတာတွေ ထိုင်လုပ်နေလိုက် သည်။ ကောင်းမြတ်နဲ့ဖိုးချိုက သူတို့နှစ်ယောက် ဆိုင်စောင့်နေရသည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် သီချင်းတစ်ပုဒ်စာတီးလုံးတွေ အကြမ်းတီးနိုင်းလိုက်ခြင်း ဖြစ်သည်။ ဒီကောင်တွေကတော့ ဒီလို အပေးအယူမရှိဘဲ ဘာမှ ကြည်ကြည်ဖြူဖြူ လုပ်ပေးမှာမဟုတ်။ ချမ်းနဲ့ချိန်းထားတာမှန်းသိလို့ တမင်ကိုညစ်ပြီး လေးနက်အား အနိုင်ကျင့်ခြင်းဖြစ်သည်။

"ဟာ လေးနက် ဆိုင်ရှေ့မှာ မင်းကားကိုတွေ့လို့ ငါမသက်သာ ဖြစ်နေတာ၊ မင်းက ကျောင်းကို ဘာလာလုပ်တာလဲ"

မော့ကြည့်စရာမလိုဘဲ ဒီအသံကျယ်ကျယ်ကို သူ မှတ်မိပါသည်။ ဘယ်သူရှိမလဲ ကြည်သာပေါ့။ သူကရော ချမ်းနဲ့ မေဂျာတစ်ခုတည်း တူတူဆိုပြီး လက်တွေ့ချိန်မဝင်ဘူးလား။ အလုပ်ကို ကောင်းကောင်းမွန်မွန် လုပ်လို့ရမှာမဟုတ်တော့မှန်း သေချာသွားသောကြောင့် လေးနက် စိတ်ရှုပ်သွားမိတာကို ဝန်ခံချင်ပါသည်။

"မင်းကရော လက်တွေ့မသွားဘူးလား"

"နေပါဦး မေးပုံက မင်းကရော လက်တွေ့မသွားဘူးလားဆိုတော့ ဘယ်သူက လက်တွေ့သွားလို့လဲ"

စုံထောက်အထာဖမ်းပြီး မျက်မှောင်ကြီးကျုံ့လျက် မေးသည်။ နောက်မှ လက်ဖျောက်တစ်ချက်တီးပြီး မျက်လုံးကြီးပြူးလျက်

"ချမ်း ချမ်းက လက်တွေ့သွားတာ မဟုတ်လား။ မဟုတ်မှလွဲရော မင်းက ချမ်းဆီလိုက်လာတာလား"

အစတည်းက ချမ်းဆီလာတာလားလို့ မေးချင်နေတာကို တိုက်ရိုက်မမေးဘဲ ဝေ့လည်ကြောင်ပတ်လုပ်နေသေးသည်။ သူ ဒီကောင့်ကို ဘယ်လိုပထုတ်ရမလဲ စဉ်းစားနေမိ၏။





"ချမ်းဆီကို လိုက်လာတာလားဆိုတော့ ဟုတ်တယ်ပဲ ပြောရမှာပေါ့၊ တိတိကျကျဆိုရင်တော့ ချမ်းကို အိမ်တိုင်ရာရောက်သွားခေါ်ပြီး ကျောင်းထိလိုက်ပို့ပေးတာ၊ သိပြီလား"

သူ့အပြောကြောင့် ကြည်သာ့မျက်နှာ ဆီးစေ့လောက်လေး ငယ်သွား၏။

"မင်းနဲ့ချမ်းက တော်တော်တိုးတက်နေပြီလား လေးနက်"

"မင်းသိပ်သိချင်ရင် ချမ်းကို မေးကြည့်ပေါ့"

"မင်းကို ဖုန်းနံပါတ်ပေးလိုက်လို့ သူက ငါ့ကိုခုထိ စကားမပြောဘူးကွ"

သူ သိသားပဲ။ ဒါကို တမင်သက်သက်မေးလိုက်မှန်းမသိဘဲ ကြည်သာက ဆွေးဆွေးမြည့်မြည့် ပြောသည်။

"မင်းအတန်ချိန်နောက်ကျနေပြီမဟုတ်လား သွားတော့လေ ကွာ"

"မင်းတစ်ယောက်တည်းထိုင်နေရတာကို ငါက အတန်းထဲသွားလို့ ဘယ်ကောင်းပါ့မလဲကွာ"

"ရတယ် ငါက တစ်ယောက်တည်းလည်း အဆင်ပြေတယ်၊ မင်းသာ အမှတ်မလျော့စေနဲ့"

"ငါက ခုနစ်ဆယ့်ငါးရာခိုင်နှုန်း အပြည့်ရှိသွားပြီ၊ ဒါကလည်း မင်းရဲ့ နောက်ဆုံးပရယ်တီကယ်ချိန်ဆိုတော့ ဒီတစ်ချိန်လေးပျက်ရုံနဲ့ ဘာမှ မဖြစ်တော့ဘူးကွ"

ပထုတ်ချင်ပါတယ်ဆိုမှ ဘယ်လိုမှကိုမရ ဖြစ်နေသည်။ မထူးတော့ပြီမို့ သူ သက်ပြင်းကို သိသိသာသာကြီးချလိုက်ပြီး လုပ်စရာရှိတာ

www.burmeseclassic.com



များကို ဆက်လုပ်ရန် ကွန်ပျူတာဆီ အာရုံပြန်လွှဲလိုက်၏။

"မင်းဘာတွေလုပ်နေတာလဲ"

ကွန်ပျူတာကိုလှမ်းကြည့်လိုက်ပြီး ပါးစပ်ကလည်း စပ်စုလိုက်သည်။ သူ ပြန်မဖြေတော့ အနားသို့ တိုးသထက်တိုးလာပြီး

"မင်း သီချင်းတီးနေတာလား ဘာလဲ ဟိုနှစ်ကောင်အတွက်လား"

"ကြည်သာ မင်းဘာသာမင်း အေးအေးနေပါကွာ၊ ငါ့ကို အာရုံလာမနှောက်ပါနဲ့"

သူ ပေါ်တင်ပင် ပြောပစ်လိုက်တော့ ကြည်သာ မျက်နှာပျက်သွားသည်။ ကြည်သာက ကောင်းမြတ်တို့လိုပင် ရက်ပ်ဂီတကို ရူးသွပ်သူတစ်ယောက်၊ ကောင်းမြတ်တို့ကနေတစ်ဆင့်မှ လေးနက်နဲ့ သီကျူမ်းရင်းနှီးခဲ့ခြင်းဖြစ်သည်။ သေသေချာချာ ပေါင်းကြည့်ရင် ခင်မင်ဖို့ကောင်းမေမယ့် ယောက်ျားတန်မဲ့ ပါးစပ်ဖွာတာကိုတော့ သူ မကြိုက်။ အော်ကျယ် အော်ကျယ် ဟောင်ဖွာဟောင်ဖွာနှင့် တစ်ခါတလေ မိန်းမကြီးတစ်ယောက်လိုပဲ။

"မင်းက ခုတော့ ချမ်းနဲ့ လုံးဝအိုကေနေပြီဆိုပြီး ငါ့ကိုဘေးမဲ့တာလား" .

"ဘာမှမဆိုင်ဘူး ကြည်သာ၊ ငါအခု အလုပ်လုပ်နေတာမို့လို့ မင်းကို တခြားတစ်နေရာရာ သွားစေချင်ရုံပဲ၊ ချမ်းနဲ့ဘာမှမပတ်သက်ဘူး"

"ငါ့အတွက်ကတော့ ချမ်းက ငါနဲ့အတူရှိနေရာကနေ မင်း ရောက်လာမှ ပါသွားတာကွ၊ ငါ့ကိုလည်း ကိုယ်ချင်းစာဦး"





"မင်းကို ကိုယ်ချင်းစာရအောင် မင်းနဲ့ချမ်းက ကြိုက်ခဲ့ကြတာမှမဟုတ်တာ"

"ဒါဆို မင်း ဘယ်လိုကြိုသိမလဲ၊ ငါနဲ့ တွဲပါများလာရင် သံယောဇဉ်တွေ ပိုလာတာမျိုးလည်း ဖြစ်နိုင်တာပဲ၊ ခုတော့ မင်းကြောင့်"

ကြည်သာက အတည်ပေါက်ကြီး ပြောနေခြင်းဖြစ်သည်။ စကားလုံးတွေကလည်း အက်သံတွေပါနေ၏။ သူ ဒီကိစ္စကို သေချာဖြေရှင်းရတော့မည်မှန်း သဘောပေါက်လိုက်ပါသည်။

"ဒီမှာ ကြည်သာ ငါက ချမ်းကို စိတ်ဝင်စားတယ်လို့ပဲ ပြောခဲ့တာ၊ မင်းဆီက လုယူခဲ့တာမဟုတ်ဘူး။ လုယူရအောင်လို့လည်း ချမ်းကို မင်းပိုင်ဆိုင်ထားတာ မဟုတ်ဘူး။ ချမ်းက ချစ်သူရည်းစားမရှိသေးတဲ့ အပျိုတစ်ယောက်၊ ငါ့မှာ ကြိုးစားပိုင်ခွင့်ရှိတယ်၊ မင်း မကျေနပ်ရင် မင်းလည်း ကြိုးစားခွင့်ရှိတာပဲ"

သူ့စကားကိုကြားတော့ ကြည်သာက နှုတ်ခမ်းများမဲ့လျက် ရယ်သည်။ တစ်ခုခုကို လှောင်ပြောင်သရော်ချင်သလိုလို။

"ချမ်းက လွတ်လပ်တဲ့ အပျိုတစ်ယောက်ဆိုတာကိုတော့ လက်ခံပါတယ်ကွာ၊ ဒါပေမဲ့ အဲဒီအပျိုလေးကို မင်းမှာ ကြိုးစားပိုင်ခွင့်ရှိလို့လားသေချာလည်း စဉ်းစားပါဦး"

ကြည်သာ ပြောလိုက်သော စကားကြောင့် သူ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။ ဘာကိုဆိုလိုလိုက်တယ်ဆိုတာ သူ တန်းခနဲနေအောင် သဘောပေါက်တာပေါ့။ သူ့ဘဝရဲ့ပြင်မရတဲ့ အနာကြီးတစ်ခု၊ ဒီထက်ပိုမှန်မှန်ကန်ကန် ပြောရရင် ချမ်းမသိသေးသော အလွန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မားသည့်ကိစ္စကြီးတစ်ခု။

"အဲဒီတော့ မင်းက ဘာလုပ်ချင်တာလဲ ကြည်သာ"

အံကိုတင်းနေအောင် ကြိတ်ထားပြီး သူ မေးလိုက်သည်။ သူ့အမူအရာကိုကြည့်ပြီး ကြည်သာ နည်းနည်းတော့ တွန့်သွားတာ သူ သတိထားမိ၏။

"မင်း ဖုံးကွယ်ထားတဲ့ကိစ္စကို ချမ်းသာသိသွားရင် ဘယ်လိုလုပ်မလဲ"

"ချမ်း ဘယ်လိုနည်းနဲ့မှ မသိနိုင်ဘူး။ မင်းသာ ငြိမ်ငြိမ်နေမယ်ဆိုရင်ပေါ့"

"မင်း ငါ့ကို ခြိမ်းခြောက်နေတာလား လေးနက်"

"ငါက ခြိမ်းခြောက်တတ်တဲ့ကောင် မဟုတ်ဘူးကွ၊ တကယ်လုပ်တတ်တဲ့ကောင်ဆိုတာ မင်းသိမှာပါ"

ဒါကိုတော့ ကြည်သာ ယုံပါသည်။ လေးနက်တို့တစ်ဖွဲ့လုံးကို ကြည်သာ ကြောက်နေရတာလေ။ ဒီကောင်တွေက သူတို့လုပ်နေတဲ့ကိစ္စတွေမှာ ဝင်ဖျက်သည့် ဘယ်သူ့ကိုမဆို ပညာကောင်းကောင်းပေးတတ်ကြသည်။ ဒီတိုင်းဆိုရင်တော့ ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင် နေတတ်ကြပေမယ့် သူတို့လုပ်နေတဲ့ ဘယ်လိုအရာကိုမှ ဝင်နှောင့်ယှက်ခွင့်တော့ မပြု။

"စိတ်ချပါ ငါမပြောပါဘူး၊ ဒါပေမဲ့ သူ့ဘာသာ တခြားတစ်နေရာရာက သိလာရင်တော့ ငါလည်းမတတ်နိုင်ဘူးနော်"

ကြည်သာ ပေးသော ဒီကတိက ယုံရဖို့ ရာနိုင်နှုန်းတစ်ဝက်





လောက်ပဲ သေချာသည်။ ဒီလောက် လေပေါတဲ့ကောင်က တစ်ချိန်ချိန်မှာ လွှတ်ခနဲ ထွက်မသွားပါဘူးလို့ ဘယ်သူကမှ အာမမခံနိုင်။ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ။ လောလောဆယ်တော့ အဲဒီကတိကို လက်ခံထားရမှာပေါ့လေ။

"မင်း ကံကောင်းပါစေကွာ"

အနားကနေ ကြည်သာ ထွက်သွားပေမယ့် သူ့အာရုံတွေ သီချင်းဆိုခြင်း လုပ်ငန်းထဲကို ချာနိပြန်သွင်းလို့ မရတော့။ ညနေကျရင် ချမ်းကိုဖွင့်ပြောဖို့ လုပ်ထားခဲ့တာတွေအတွက် ကံမကောင်းခြင်း နိမိတ်တွေများလား။ ချမ်းကြောင့် ကြည်လင်လန်းဆန်းနေခဲ့သော စိတ်တွေအားလုံး ခုတော့ ဘယ်ကိုလွင့်စင်ပျောက်ကုန်တယ်မသိ။

သူ့ရင်တွေ ပူလာသည်။ တစ်ခုခုကို စိုးထိတ်ကြောက်ရွံ့လာမိ၏။ သူ မလိုချင်ခဲ့သော အဲဒီကိစ္စကို ဘယ်လိုနည်းနဲ့ချေဖျက်ပစ်ရမလဲ။ သူ့ရင်ထဲမှာ ချမ်းတစ်ယောက်တည်းပဲ ရှိတယ်ဆိုတာ သူ ဘယ်လို သက်သေပြရမလဲ။

ဝိုင်းဆိုသော မိန်းမတစ်ယောက်အကြောင်းကိုသာ ချမ်း သိသွားရင် ဘာတွေဖြစ်သွားနိုင်သည်ဆိုတာ လေးနက် မတွေးရဲ။ အဲဒီအချိန်ရောက်လာမှာ သူ သိပ်ကြောက်နေမိသည်။

*

အာရုံတွေ စုမရတော့ပြီမို့ ကွန်ပျူတာကို အိတ်ထဲထည့်ပြီး ပြန်သိမ်းထားလိုက်၏။ ကော်ဖီတစ်ခွက်မှာပြီး စီးကရက်ဖွာရင်း သူ့ထိတ်လန့်မှုတွေ စိတ်ထဲကနေ ပြန်ရုပ်သိမ်းဖို့ ကြိုးစားလိုက်သည်။ အခုချိန်မှာ ချမ်းနဲ့သူ့အတွက် အကောင်းဆုံးအနေအထားတစ်ခုကို ရောက်နေတာပဲ။ သူက



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုကြောက်ရွံ့နေရမှာလဲ မဟုတ်ဘူးလား။

ညနေကျရင် ချမ်းကို ချစ်ကြောင်းတွေ သူဖွင့်ပြောမည်။ ချမ်းကလည်း သူ့ခံစားချက်ကို နားလည်မှာပါ။ ရှေ့လျှောက် သူတို့နှစ်ယောက်အတွက် အနာဂတ်က ရင်ခုန်ပျော်ရွှင်စရာတွေနဲ့ချည်းပဲ ပြည့်နှက်နေမှာ သေချာပါသည်။

"ဟိတ် ဘာတွေတွေးနေတာလဲ၊ မျက်နှာကို ပြုံးလို့"

အသံချိုချိုလေးနှင့်အတူ ချမ်း အနားရောက်လာသည်။ သူ သောက်လက်စ စီးကရက်ကို မီးငြိမ်းသတ်လိုက်၏။

"အတန်းပြီးသွားပြီလား ချမ်း"

"ပြီးပြီ လေးနက်"

"ဒါဆို ကျွန်တော်တို့ ဘာလုပ်မလဲ"

"ကျန်တာတွေက ရိုးရိုးစာသင်ချိန်တွေပဲ ကျန်တော့တာ၊ ကျောင်းနောက်ဆုံးနေ့ဆိုတော့ ဘယ်သူမှလည်း တက်တော့မယ် မထင်ပါဘူး ချမ်းတို့လည်း ပြန်မယ်လေ"

ကျောင်းကနေ ချမ်း ပြန်တော့မယ်ဆိုလို့ သူ ပျော်သွားသည်။ ကြည်သာနဲ့တွေ့ဆုံဖို့ အခွင့်အရေး နည်းသွားပြီမဟုတ်လား။

"ဒါဆို ပြန်ရအောင်လေ ချမ်း။ နေ့လယ်စာကိုတော့ ရန်ကုန်ပြန်ရောက်မှပဲ တူတူစားကြတာပေါ့"

"ကောင်းပါပြီရှင်"

ကျောင်းကအပြန် တစ်လမ်းလုံး လေးနက်တစ်ယောက် တိတ်ဆိတ်နေ၏။ တစ်ခုခုကို အတွေးတွေ နှစ်နေတာလား။ သာကေတဘက်





က ကားတွေတရကြမ်းမောင်းတတ်သည်မို့ အာရုံပဲ စူးစိုက်နေသလားမသိ။ မျက်မှောင်ကြီးကျုံ့လျက် တစ်ချိန်လုံး သုန်မှုန်နေသည်။

ဒါပေမဲ့လေ သူ ဘယ်လိုနေနေ ကြည့်ကောင်းသပ်ရပ်နေတာကတော့ ချမ်း မငြင်းနိုင်သည့် အမှန်တရားပင် ဖြစ်၏။ ဘေးမှာထိုင်ပြီး သူ မောင်းတဲ့ကားကိုစီးလျက် သူ့မျက်နှာကို ငေးကြည့်နေရတာ ချမ်းအတွက် ပြီးပြည့်စုံနေသလို ခံစားရသည်။

ပြီးတော့ ချမ်းကို သူဒီနေ့ ပြောစရာရှိတယ်တဲ့။ ချမ်း ရင်ထဲမှာ အေးစက်တုန်ယင်နေခဲ့တာ လက်တွေ့ခန်းထဲမှာတောင် အာရုံသေချာစူးစိုက်လို့မရခဲ့သည်ထိ။

အမှန်ကို ဝန်ခံရရင် ဆယ်ကျော်သက်အရွယ်တည်းက ဖုန်းနဲ့ အီစီကလီလာလုပ်သော ရွယ်တူကောင်လေးများကို ပြန်လည်တုံ့ပြန်စကားတွေ ပြောဖူးပေမယ့် ခုချိန်ထိ ရည်းစားရယ်လို့ မယ်မယ်ရရ တစ်ယောက်မှ မထားဖူးသေးသည်မို့ ရင်ခုန်နေမိသည်။

ချမ်း လေးနက်ကိုချစ်တယ်။ သူပြောလာမယ့်စကားတစ်ခွန်းကိုလည်း ရင်ခုန်စွာနဲ့မျှော်လင့်နေခဲ့မိတယ်။ ဒီနေ့တော့ ချမ်း ကြားချင်လွန်းလှသည့် စကားလေးကို သူ ပြောတော့မယ်နဲ့ တူပါရဲ့။

လေးနက် မောင်းလာသော ကားလေးက စိမ်းလန်းစိုပြေရှေ့မှာ ရပ်လိုက်တော့လည်း ချမ်း အတွေးလေးဖြင့် ရင်ခုန်မိတာပါပဲ။ ဒီလိုနေရာမျိုးလေးတွေမှာ ကောင်လေးနဲ့ ကောင်မလေးအတွဲလေးတွေ ကြည်ကြည်နူးနူး လာရောက်လည်ပတ်ကြတာ များတယ်မဟုတ်လား။ အခုတော့ ချမ်းနဲ့လေးနက် နှစ်ယောက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



"နေ့လယ်စာ အရင်စားမလားဟင် ချမ်း"

လေးနက်က စားသောက်ဆိုင်များရှေ့က ဖြတ်လျှောက်မိတော့ စကားစပြောလာသည်။ ချမ်းအတွေးတွေ ရုတ်ခနဲ ပျောက်ကွယ်သွား၏။

"လေးနက် ဆာပြီလား။ ချမ်းကတော့ သိပ်မဆာသေးပါဘူး"

"ကျွန်တော်လည်း အဲဒီလောက်ကြီး မဆာသေးပါဘူး။ ဒါဆို တစ်နေရာရာမှာ အရင်ထိုင်ကြမလားဟင်"

သူ့ကိုခပ်လျှမ်းလျှမ်းလေးတစ်ချက်ကြည့်လျက် ချမ်း ခေါင်း ညိတ်ပြလိုက်သည်။ ရေကန်စပ်နားမှာရှိသော သစ်လုံးခုံလေး၌ သူက နေရာယူလိုက်၏။ ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေထဲတွင် မိုးရဲ့ရနံ့တွေ ရနေသည်။ နေ့လယ်ဘက်ဆိုပေမယ့် မိုးအုံ့တုံ့တုံ့ဖြစ်နေသော ကြောင့် ချမ်းတို့ ဒီနေရာလေးမှာ အေးချမ်းစွာ ထိုင်နေနိုင်သည်။

လေတစ်ချက်တစ်ချက် ခပ်ပြင်းပြင်းတိုက်လိုက်တိုင်း ဆံပင်ဝုတ် ဝဲခွေခွေလေးတွေ နောက်ဘက်သို့ လွင့်ပါသွားပြီး နားမှာပန်ထားသော ငွေရောင်နားကွင်းကြီးကြီးလေး ဘယ်ညာလှုပ်ရမ်းနေတာ ကြည့်ကောင်း ကောင်းနှင့်ပင် လေးနက်ငေးကြည့်နေမိသည်။

နှစ်ဦးသား ဘာစကားမှမပြောဖြစ်သေး။ ပတ်ဝန်းကျင်အနေအ ထားက ငြိမ်ငြိမ်လေးထိုင်ပြီး ငေးနေရုံနဲ့တင် စိတ်ကိုအေးချမ်းနေစေသည်။ မြက်ခင်းစိမ်းတွေ ကန်ရေပြင်ကျယ်ကြီး၊ ရာသီဥတုအနေအထားကြောင့် ကမ်းပြန်ကပ်ရန် ကြိုးစားနေသော ရွက်လှေငယ်လေးတွေ။

"ချမ်း"

"ဟင်"





ကန်ရေပြင်ဆီက အကြည့်မခွာဘဲ သူမ တိုးတိုးလေး ထူးသံည်။

ခုချိန်မှာ အဲဒီကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲဆွဲသွင်းထားခွင့်ရရင် ဘယ် လောက်များ ကံကောင်းလိုက်မလဲလို့ သူ တွေးနေမိ၏။

"ချမ်းအပေါ်မှာ ကျွန်တော် ဘယ်လိုခံစားနေရတယ်ဆိုတာ ချမ်း သိလား"

"အို ချမ်း ဘယ်သိပါ့မလဲ"

ခုမှပင် သူ့ကိုမျက်လုံးလေး စွေကြည့်ဖော်ရသော ချမ်းကို သူ ချစ်လိုက်တာ။ ဆိုင်ဆိုင်မဆိုင်ဆိုင် ချမ်းနဲ့ပတ်သက်ရင် အရာအားလုံး ကို သူ ချစ်မိနေသည်။

"ချမ်း"

"ပြောစရာရှိတာ ပြောလေ၊ ဘာလို့ နာမည်ကိုပဲ ထပ်ခါတလဲလဲ ခေါ်နေတာတုန်း"

အဲဒီ စိတ်မရှည်သံလေးကိုလည်း သူ ချစ်တယ်။ သူ့ရင်ထဲမှာ မထိန်းသိမ်းနိုင်တော့စွာပင် ချမ်း လက်လေးတစ်ဖက်ကို ဆွဲယူကိုင်လိုက် မိသည်။

"ဟင် အဲဒါ ဘာလုပ်တာလဲ"

ပါးစပ်ကသာ စိတ်တိုသလိုလေး ပြောလိုက်ပေမယ့် သူ့လက်ထဲ ရောက်နေသော သူမလက်များကိုတော့ မရုန်းပါ။ ဒါကပဲ လေးနက် အတွက် ပိုလို့ရင်ခုန်စေအောင် ဆွဲဆောင်နေတာပဲ မဟုတ်လား။

"ချမ်းကို စိတ်ဝင်စားနေတယ်လို့ ကျွန်တော် ပြောခဲ့ဖူးတယ် နော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားရုံနဲ့ ဒီလိုလုပ်ရလား"

"မဟုတ်တော့ဘူး။ အခုကျတော့ စိတ်ဝင်စားရုံသက်သက် မဟုတ်တော့ဘူး။ ကိုယ် ချမ်းကိုချစ်တယ်"

မျှော်လင့်နေခဲ့ရသော စကားကို ခုမှ နားနဲ့ဆက်ဆက်ကြား လိုက်ရတာမို့ ချမ်း လေထဲမြောက်တက်သွားသလို အသည်းထဲ လှပ်ခနဲ ဖြစ်သွားသည်။ သူ ဆုပ်ကိုင်ထားသော လက်များကိုလည်း မရုန်းမိသေးဘဲ သူ့မျက်ဝန်းများထဲ ငေးကြည့်နေမိ၏။ အဲဒီမျက်ဝန်းတွေထဲမှာ တိကျပြတ်သားမှုတွေကို ချမ်း အမြဲတမ်း ရှာဖွေတွေ့ရှိခဲ့တာလေ။ သူ ပြောနေတဲ့ စကားလုံးတွေဟာ အလိမ်အညာတွေ မဟုတ်ပါဘူးလို့ ထောက်ခံပေးနေသော မျက်ဝန်းတွေ။

ဒါဆို ချမ်း မျက်ဝန်းတွေကရော သူ့ကိုငေးစိုက်ကြည့်နေမိတဲ့ အခုချိန်မှာ ဘယ်လိုများဖြစ်နေမှာပါလိမ့်။

"ချမ်းလည်း ကိုယ့်ကိုချစ်နေတယ် မဟုတ်လား"

အို သူက အပိုင်တွက်ပြီး ပြောနေတာပါလား။ ချမ်း နည်းနည်းတော့ စိတ်ဆိုးချင်သွားမိသည်။ အဲဒီလိုကြီး ပြောစရာလား။

"ဘယ်သူပြောတာလဲ"

"ချမ်းရဲ့မျက်လုံးတွေက ပြောတာပေါ့"

သူ့အပြောကြောင့် ချမ်း မျက်လွှာလေး ချထားလိုက်မိသည်။

"မျက်လုံးတွေကို မဖုံးကွယ်ပစ်လိုက်ပါနဲ့ ချမ်းရယ်၊ သူတို့သိပ်ရိုးသားတယ်လေ၊ ချမ်း နှုတ်ခမ်းလေးတွေက ငြင်းနေရင်တောင် သူတို့ကတော့ အမှန်တရားကို ဘယ်တော့မှ မငြင်းဆန်နိုင်ဘူး"





ဟုတ်လို့လား။ ခုချိန်မှာ ချမ်းမျက်ဝန်းတွေက ဘယ်လိုစကားမျိုးတွေကို ဖော်ဆောင်နေကြတာတဲ့လဲ။

• "ချမ်း ကိုယ့်ကို ထပ်ပြီးဖုံးမထားပါနဲ့နော်၊ ကိုယ်ချမ်းကို ဖွင့်ပြောချင်နေခဲ့တာ ကြာပါပြီ"

ချစ်ပါတယ်လို့ စတင်ပြောလိုက်တဲ့အချိန်ကစပြီး သူ့ကိုယ်သူ ကျွန်တော်လို့ ပြောနေရာကနေ ကိုယ်ဆိုပြီး ပြောင်းလဲသွားတာ သတိထားမိပါ၏။ အဟင်း အရာအားလုံးက ပြောင်းလဲဖို့ အချိန်ကျပြီလို့ သူ တွက်ဆထားလေသလား။

"ဖြေပါနော် ချမ်း"

အမှန်ဆို ချမ်း ရင်ထဲမှာ လေးနက် ရောက်နေခဲ့တာ ကြာပါပြီ။ တစ်ခါမှ မဖြစ်ပေါ်ဖူးသော ခံစားချက်များဖြင့် ချမ်း သူ့ကို ကြိတ်ပြီး မျှော်လင့်စောင့်နေခဲ့ရတာ။ ဒါပေမဲ့ ခုလိုမျိုး တော့တော့ဆိုင်ဆိုင် ဖြေရတော့မယ်ဆိုတော့ နှုတ်ခမ်းတွေက တုန်ယင်ဆွံ့အနေခဲ့သည်။

ဘဝရဲ့ပထမဆုံးအချစ်ဦးကို နစ်နစ်နဲနဲ ချစ်မိနေတာဖြစ်ကြောင်း နှုတ်များတွေက ထုတ်ပြောဖို့ မဝံ့မရဲဖြစ်နေ၏။

"အဲဒီလက်ကို မရုန်းတာ ဘာဖြစ်လို့ ထင်လဲဟင် လေးနက်"

သူက ဆုပ်ကိုင်ထားသော ချမ်း လက်လေးကို ပိုမိုတင်းကျပ်အောင် ဖိညှစ်လိုက်ရင်း ဆွဲယူနမ်းရှိုက်လိုက်တော့ ချမ်းရင်ထဲမှာ မီးရှူးမီးပန်းတွေ ပစ်ဖောက်သလိုလို လျှပ်စစ်စီးကြောင်းတွေ တစ်ကိုယ်လုံး အနှံ့ပြေးရောက်ထိုးဖောက်သွားသလိုလို၊ အို ဘယ်လိုကြီးမှန်းကို မသိတော့ပါ။

"အရမ်းချစ်တယ် ချမ်းရယ်"



www.burmeseclassic.com

*သူ့အနမ်းတွေက နဖူးပြင်လေးထက်သို့ ကျရောက်လာပြန်သည်။*
ချမ်းကတော့ အပြင်ပိုင်းက ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေမိသော်လည်း အတွင်းပိုင်းမှာ ကလီစာတွေ ဖောက်ထိုးမိုးမျှော် ဖြစ်နေသလို ခံစားနေရသည်။

သာမန်ထက် အနည်းငယ်ထူသယောင်ရှိသော သူ့နှုတ်ခမ်းရဲရဲများက ယောက်ျားဆန်သော သူ့မျက်နှာကို ပိုလို့ယောက်ျားပီသသွားစေခဲ့သော အရာများဖြစ်၏။ အဲဒီနှုတ်ခမ်းတွေရဲ့ နွေးထွေးမှုက ခုတော့ သူမမျက်နှာထက်ဆီမှာ။

နဖူးလေးဆီကနေ ပါးပြင်လေးထက်သို့ ရောက်ရှိလာသော သူ့အနမ်းတွေ။ ဆုပ်ကိုင်ထားသော လက်များကိုလည်း ဖြေမလွှတ်ပေးတာမို့ သူမ ကယောင်ကတမ်းနှင့် ထိုလက်များကိုပဲ ပိုလို့တင်းနေအောင် ဆုပ်ထားလိုက်မိသည်။ နောက်တော့ သူ့နှုတ်ခမ်းများရဲ့လားရာက ရင်ခုန်လွန်းကာ အသက်ကိုမနည်းရှူနေရသဖြင့် ခြောက်သွေ့တုန်ယင်နေသော သူမ နှုတ်ခမ်းလေးများဆီ။

"ဟင်"

"ဟာ ဒီမိုးကွာ"

နှစ်ဦးသားရဲ့ မျက်နှာပေါ်ကို တဖျောက်ဖျောက် ကျဆင်းလာသော မိုးစက်လေးတွေ။ ဖွဲဖွဲလေးရွာခြင်း မဟုတ်ဘဲ လေရောမိုးပါ တပြိုင်တည်းကျလာတာမို့ တစ်ယောက်လက်တစ်ယောက်ဆွဲကာ အနီးမှ စားသောက်ဆိုင်အမိုးလေးအောက်ဆီ အပြေးအလွှား သွားဝင်နေလိုက်ရ၏။

အမိုးလေးအောက် ရောက်တော့မှ သက်ပြင်းချနိုင်လျက် ဆံပင်ထက်မှ ရေစက်များကို လက်နှင့်ပွတ်သပ်ချပစ်လိုက်သည်။ အပြင်မှာတော့



မိုးက သည်းကြီးမည်းကြီး ရွာချနေပြီ။ သူမတို့နှစ်ယောက်သား စားပွဲတစ်လုံး၌ ဝင်ထိုင်ပြီး စားသောက်စရာများ မှာယူလိုက်၏။

"တော်တော် အနှောင့်အယှက်ပေးတဲ့မိုး"

သူ မကျေမချမ်း ရေရွတ်တော့ ချမ်း မျက်စောင်းလေးထိုးပစ်လိုက်သည်။ ပြီးတော့ ရယ်လည်းရယ်ချင်နေမိ၏။ ချမ်းကိုယ်တိုင်ကလည်း သူ့နှုတ်ခမ်းလေးများကို မသိစိတ်ထဲက ရင်ခုန်စွာ မျှော်လင့်နေခဲ့မိတာလေ။ ဟင့်အင်း ချမ်း ရှက်မနေချင်ပါ။ ကိုယ့်ရင်ထဲက မြတ်မြတ်နိုးနိုး မျှော်လင့်ခဲ့သူဆီက အကြင်နာတွေကို တမ်းတမ်းမက်မက် လိုချင်လှပါသည်။

ထမင်းစားသောက်ကြတော့လည်း ချမ်းကို ဂရုတစိုက်စိုက် အရိပ်တကြည့်ကြည့်နှင့်။ ဒီလိုအချိန်လေးတွေကို ချမ်း တစ်သက်လုံး ပိုင်ဆိုင်ခွင့်ရရင် ဘယ်လောက်ကောင်းလိမ့်မလဲနော်။

"လေးနက်"

"ပြောလေ ချမ်း"

နှုတ်ဖျားက ပြောမထွက်ခဲ့သေးသော ချစ်စကားတစ်ခွန်းကို အားယူပြောရန် ကြိုးစားလိုက်သော်လည်း တကယ်တမ်း ထွက်မလာပြန်။ ဘာလို့များ အဲဒီစကားလေးတစ်ခွန်းပြောဖို့ကို သူမ နှုတ်ဖျားတွေ ထိတ်အတုန်ယင်နေရတာလဲ။ အချစ်ဆိုတာ ဒီလောက်တောင် ရင်ခုန်စိတ်လှုပ်ရှားစရာ ကောင်းတာကြီးလား။

"စားလို့ကောင်းလားလို့"

ပြောချင်သည့်စကားနှင့် ဘာမှမသက်ဆိုင်သော စကားတစ်ခွန်းသာ ချမ်း ပါးစပ်ကထွက်ကျသွားသည်။ သူတောင် နည်းနည်းကြောင်

www.burmeseclassic.com



အမ်းအမ်း ဖြစ်သွားပုံပါပဲ။ နောက်မှ ခေါင်းကိုညိတ်လိုက်ပြီး

"ကောင်းပါတယ် ကိုယ့်ချစ်သူလေးနဲ့တူတူ မျက်နှာချင်းဆိုင်ထိုင်ပြီး စားနေရတော့ ပိုလို့တောင် ကောင်းနေသေးတယ်"

"ဟွန်း ပိုပြန်ပြီ"

"ချမ်းနော် ကိုယ့်ကို အဲဒီလို မပြောနဲ့၊ ချမ်းကို ချစ်တဲ့စိတ်မှာ ဘယ်နေရာ အပိုလုပ်နေတာမပါဘူး"

"စိတ်ကြီးပါပဲလား။ ဒီက နောက်တာပါ"

"ကိုယ့်အချစ်နဲ့ပတ်သက်ပြီး ဘယ်တော့မှ မနောက်ပါနဲ့ ချမ်း။ ကိုယ်အတည်ပြောနေတာ"

ရုပ်တည်ကြီးနှင့် ပြောလာလေတော့ ချမ်းတစ်ယောက် နည်းနည်းပင် လန့်သွားမိသည်။

"ဟုတ်ပါပြီ ရှင်ရယ် နောက်ဆို မနောက်တော့ပါဘူးနော်"

ထိုအခါမှပင် ပြုံးဖော်ရသော သူ့မျက်နှာကြောင့် ချမ်းလည်း သက်ပြင်းလေးတစ်ချ မသိမသာ ချလိုက်မိတော့သည်။

■ ■ ■

မိုးက အချိန်တော်တော်လေးကြာအောင် ရွာသွန်းလိုက်ပြီး သူမတို့နှစ်ယောက်လည်း စားသောက်ဆိုင်ထဲမှာ ချောင်ပိတ်မိနေကြ၏။

ချမ်း အိမ်ရှေ့ကို သူ့ကားလေးထိုးဆိုက်လိုက်တော့ ညနေပင် စောင်းတော့မည်။ ချမ်းတို့တိုက် အောက်ဆုံးထပ်က စိုက်ပျိုးထားသော ပန်းပင်လေးတွေက မိုးရွာသွန်းပြီးစမှာ တောက်ပလန်းဆန်းလွှန်းနေသည်။ နေ့တိုင်းမြင်တွေ့နေကျ ပန်းပင်လေးတွေဆိုပေမယ့် ဒီနေ့ကျတော့ သူတို့တွေ





...င် ပိုမိုလှပနေသလို ချမ်း ခံစားနေရသည်။

အချစ်ဆိုတာ လောကကြီးကို တကယ်ပဲ ပိုလှသွားအောင် မြင်...င်မိလာစေတဲ့ သတ္တိမျိုးရှိနေတာလား။ အံ့သြစရာကြီးနော်။

"ပြန်တော့လေ"

ကားပေါ်ကို ပြန်မတက်သေးဘဲ ကားတံခါးကို မှီပြီးရပ်နေသေး... လေးနက်ကို နောက်ပြန်လေးလှည့်ကြည့်ရင်း ချမ်းပြောလိုက်သည်။ ...ဘာမှပြန်မဖြေဘဲ ချမ်းကို မမိုတ်မသုန် စိုက်ကြည့်နေ၏။ သူ့အကြည့်...ကြောင့် ချမ်း ခြေလှမ်းလေးများကို သူ့ဘက်သို့ ပြန်လျှောက်သွား...သည်။

အဲဒီတစ်ယောက်ကတော့လေ ချမ်းကို အိမ်မပြန်ဖြစ်အောင် လုပ်နေ... မသိတော့ပါ။

"ဘာပြောစရာရှိသေးလို့လဲ အ လေးနက် ဘာလုပ်တာလဲ"

သူမ လက်တစ်ဖက်ကို ဆောင့်ဆွဲလျက် ကားပေါ်သို့ အတင်း...န်းတင်လိုက်သည်။ သူကိုယ်တိုင်လည်း ကားမောင်းသူနေရာမှာ အမြေး... တက်ထိုင်လိုက်ပြီး တရကြမ်းမောင်းထွက်လိုက်၏။ ဒါ သူ ဘာလုပ်...လဲ။

"လေးနက် ဘာလုပ်တာလဲ၊ ဘယ်သွားဦးမလို့လဲဟင်"

သူ ဘာမှမဖြေ။ ကားကိုသာ မောင်းမြဲမောင်းနေ၏။

"လေးနက် ဘယ်သွားမလို့လဲလို့ မေးနေတယ်လေ၊ အဲဒီလိုကြီး...နဲ့ကွာ"

"မင်းကိုမခွဲနိုင်သေးလို့"



www.burmeseclassic.com

www.burmeseclassic.com



ဟင် ချမ်းကိုမခွဲနိုင်သေးလို့တဲ့။ သူ့အဖြေက။

ချမ်း ဘာပြောလို့ပြောရမှန်း မသိအောင်ပင် ကြောင်အမ်းဆွံ့အ သွားမိသည်။ လေးနက်ရယ် ရှင်ဟာလေ လုပ်လိုက်မှဖြင့် အထိတ်တလန့် တွေ့ပါလား။

တကယ်ဆို ချမ်းလည်း လေးနက်ကို ခွဲနိုင်သေးတာမှ မဟုတ် တာ။ ဖြစ်နိုင်ရင် ရှင့်ဘေးနားမှာပဲ အချိန်တိုင်းရှိနေချင်တာ။ ဘယ်ကို ခွဲပြီး ထွက်မသွားချင်ဘူး။ ရှင့်လက်ကို မြဲမြဲဆုပ်ကိုင်ထားပြီး လော ကြီးကို ရင်ဆိုင်ပစ်လိုက်ချင်တာ။ အဲဒီလောက်ထိ ကြီးမားသော စွမ်းအ မျိုးတွေကို အချစ်ကပေးစွမ်းနိုင်တာ ချမ်း အရင်က မသိခဲ့ပါ။ ခုတော့ အချစ်ဆိုတဲ့အရာကြီးက ကိုးကွယ်ချင်စရာကောင်းလောက်အောင်ကို တန် ရှိလှချည်လား။

"ရှင့်ကို ချမ်း ချစ်တယ်"

လမ်းဘေးတစ်နေရာမှာ ကားလေးကို တွန့်ခနဲ ထိုးရပ်ပစ်လိုက် ၏။ အသက်ကို ပြင်းပြင်းတစ်ချက် ရှိုက်သွင်းလျက် သူ ချမ်းကို လှည့် ကြည့်လိုက်သည်။ သူ တစ်ချိန်လုံး ကြားချင်နေခဲ့လျက် ခုမှပင် တကယ် တမ်း နားနဲ့ဆက်ဆက် ကြားလိုက်ရသော စကားလေးတစ်ခွန်း။

တစ်ခါမှ မကြုံတွေ့ မခံစားဖူးသည့် အတွေ့အကြုံလိုမျိုး ရင်တွေ သိပ်ခုန်နေသည်။ ကန့်ရေပြင်စပ်နားမှာ မအောင်မြင်ခဲ့သော အ အတွေ့တစ်ခုကို သူ ချက်ချင်းအကောင်အထည်ဖော်လိုက်၏။

နှုတ်ခမ်းနှစ်ခု ထိစပ်သွားမှုက သိပ်ကိုလျင်မြန်လွန်းသည်။ မျက်လုံးလေးအဝိုင်းသားဖြင့် ပြန်လည်ရုန်းမထွက်နိုင်ဘဲ လေဟာန





မျော့လွင့်သွားသလို ခံစားလိုက်ရသည်။ အချိုမြိန်ဆုံးတွေထက် ချိုမြိန်လွန်း သော အရသာဟာ သူ့နှုတ်ခမ်းများမှာ ခိုအောင်းနေမှန်း ချမ်း အသိနောက်ကျ သိုက်လေခြင်း။

■ ■ ■

ဘဝတစ်ခုလုံး အမှောင်ကျသွားပြီလို့ ထင်မှတ်ယူဆထားခဲ့သမျှ ကို ချမ်းက အလင်းပေးနိုင်ခဲ့သော မီးအိမ်လေးတစ်ခုပါပဲ။ လေးနက်ရဲ့ စိတ်ရှုပ်ထွေးနောက်ကျိရခြင်းတွေ အားလုံးဟာ ချမ်းကြောင့် အရာရာ ည်ငြိမ်နေသားကျလာသည်။ ဘဝကြီးဟာ အခုတော့ နေပျော်သပျော် ဖြစ်လာသည်လို့ ခံစားရ၏။

"ဟော့ကောင် အခြေအနေလေး ပြောပါဦး"

ဖုန်းကိုကောက်ကိုင်လိုက်သည်နှင့် ဖိုးချိုအသံပြဲပြဲက ဆောင့်ဝင် လာသည်။

"ဘာအခြေအနေကို ပြောရမှာလဲကွ"

"မသိချင်ယောင်ဆောင်မနေနဲ့ မင်းဟိုနေ့က ငါတို့ကို ဆိုင်စောင့် ခိုင်းပြီး ချမ်းနဲ့ချိန်းထားတယ်ဆိုတာ ကျောင်းထိလိုက်သွားတာဆို"

ဘယ်သူပြောတာလဲလို့ အထူးမေးစရာမလို။

"ကြည်သာဆိုတဲ့ကောင်ကတော့လေ လှည့်ကြည့်စရာမလိုဘူး။ စိတ်ချရတယ်"

"ကြည်သာ့ကို ဘာမှအပြစ်တင်မနေနဲ့ မင်းတို့နှစ်ယောက် အခြေ အနေကိုပဲပြော၊ အဆင့်တက်ပြီလား ဒီတိုင်းပဲလား"

"မင်းတို့က ဘာလုပ်ဖို့လဲ"

www.burmeseclassic.com



"မင်းတို့အခြေအနေ တိုးတက်ပြီဆိုရင် ငါတို့ကိုပြုစုဖို့ တောင်းဆိုရတော့မှာပေါ့ကွာ ဟဲ ဟဲ"

ဖိုးချို အသံက စပ်ဖြဲဖြဲ။

"ဒီလိုဆိုလည်း ဒီတစ်ပတ်ပိတ်ရက်ကို မင်းတို့သွားချင်တဲ့ဆိုင်ပြော"

"ဟာ ဟော့ကောင် ဒါဆို မင်းအိုကေသွားပြီပေါ့"

ခုကျတော့ ဝမ်းသာအားရသံကြီးနှင့် ထအော်နေပြန်သည်။ သူ့ခံစားချက်ကို နားလည်ပေးပြီး သူ လုပ်ချင်တာတွေကိုအမြဲတမ်း အားပေးခဲ့သော ဒီသူငယ်ချင်းတွေဟာ သူ့အတွက် အားကိုးအားထားရာတွေပါပဲ။

"မင်းကွာ ဒီလိုကိစ္စကို ငါတို့ကို လျှို့ထားတယ် ဟုတ်လား"

ဒါက ကောင်းမြတ်။ ဖိုးချိုက့ စပီကာဖွင့်လိုက်ပုံရသည်။

"မလျှို့ပါဘူးကွာ၊ မင်းတို့ကိုတွေ့ရင် ပြောပြမလို့ပါပဲ၊ တွေ့မှ မတွေ့ဖြစ်တာ"

"ဩော် အေး ကောင်းတယ်နော်၊ အခု မင်းပြောနေတဲ့ဖုန်းကြီးက ဘာလုပ်ဖို့ထားထားတာလဲ"

"အဟဲ ဒါက ချမ်းနဲ့ပြောဖို့"

"ခွေးကောင် သေချင်းဆိုး"

အစရှိသဖြင့် ပီယဝါစာလေးတွေကို ပျစ်ပျစ်နှစ်နှစ် ဆဲဆိုနေ ခြင်းအာလေးနက် ပြုံးပြုံးကြီး ခံယူလိုက်သည်။ ခုချိန်မှာ ဘဝင်္ဂပျော် စရာတွေချည်း ပြည့်နှက်နေတာလေ။ ချမ်းလို့ စဉ်းစားလိုက်တာနှင့် အနောက် ကဒေ ကြည်နူးပျော်ရွှင်မှု ခံစားချက်လေးတွေ တွဲလျက်လိုက်ပါလာတတ် တာ





"ဟော့ကောင် တချမ်းချမ်းထဲပဲ ချမ်းမနေနဲ့ဦးနော်၊ ငါတို့ သီချင်းတီးခိုင်းထားတာလေးလည်း လက်စသပ်ပေးဦး၊ ဒီလကုန်ကျ ပွဲတစ်ခုရှိတယ်၊ အဲဒီမှာ ဆိုမယ်လို့ စဉ်းစားထားတာ"

"အေးပါကွာ မမေ့ပါဘူး လကုန်ဖို့ကလည်း နှစ်ပတ်ကျော်လောက်တောင် လိုပါသေးတယ်၊ ချမ်းနဲ့ဖုန်းပြောပြီးတာနဲ့ မင်းတို့သီချင်းကို လုပ်ပေးမယ်နော်"

"မင်းတော့နော် ထပ်ဆဲမိရင်လည်း ငါတို့အလွန်ဖြစ်တော့မယ်"

"ဒါဆိုလည်းမဆဲနဲ့တော့ပေါ့ကွာ၊ တော်ပြီ တော်ပြီ၊ မင်းတို့နဲ့ပြောနေရတာ အချိန်ကုန်တယ်၊ နောက်ခဏနေရင် ချမ်းဆီက ဖုန်းလာတော့မှာ busy ဖြစ်နေရင် ငါ့ကိုစိတ်ဆိုးနေဦးမယ်"

"ငမွန်ကြီး"

အဲဒီလို လှလှပပ နားဝင်ပီယံနာမည်လေးကို တစ်ချက်တည်းဆောင့်ဆောင့်အောင့်အောင့်ကြီး ခေါ်ပစ်ပြီး ကောင်းမြတ် ဖုန်းချသွားသည်။ သူ တဟားဟား အော်ရယ်လိုက်မိ၏။

ဒီရက်ပိုင်း ချမ်း စာမေးပွဲရှိသောကြောင့် သူ့ဘက်ကစပြီး ဖုန်းသိပ်ဆက်ဖြစ်။ ချမ်း စာကျက်နေတာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ။ ချမ်းကပဲသူမ စာကျက်ခဏနားချိန်တွင် သူ့ထံဖုန်းခေါ်တတ်သည်။ ဒါကြောင့်လည်း ချမ်း ဖုန်းခေါ်သည့်အချိန်မှာ အဆင်သင့်ဖြစ်နေအောင် သူက အမြဲပြင်ဆင်ထားရ၏။

ဟောကြည့် သူ တွေးနေတုန်းမှာပင် ချမ်းဆီက ဖုန်းဝင်လာ ခဲ့သည်။ ချမ်းအသံလေးကို ဒီတစ်နေ့လုံး မကြားရသေးသောကြောင့် သူ



www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်းပင် ကောက်ကိုင်လိုက်သည်။

"ဟယ်လို"

"ဟင် အသံကလည်း ဘာတွေအသည်းအသန် ဖြစ်နေတာလဲ"

"ချမ်းအသံကို အရမ်းကြားချင်နေလို့"

တစ်ဖက်ကနေ ချမ်း တိုးတိုးလေး ရယ်မောလိုက်တာကိုလည်း သူ သဘောကျမိသွားပြန်သည်။

"စာတွေကျက်လို့ ပြီးပြီလား ချမ်း"

"ကျက်စရာတွေက သိပ်မရှိပါဘူး လေးရယ်၊ တွက်ရချက်ရ တာတွေက များတာလေ၊ သိပ်မုန်းတာပဲ"

ဒီစကားကို ချမ်း နှာခေါင်းလေးရှုံ့ နှုတ်ခမ်းကလေးမဲ့ကာ ပြောလိုက် တာမှန်း သူ မတွေ့ရဘဲနှင့် အတပ်ပြောနိုင်ပါသည်။

"မတွက်မချက်ချင်ရင် ဘာလို့ Physics ဘာသာကို ယူခဲ့တာ လဲ"

"မသိဘူး ဒီလိုပဲ လျှောက်ဖြည့်လိုက်တာ"

"ဗွန် ဘယ်လိုကြီးလဲ၊ ကိုယ်သဘောကျတဲ့မေဂျာကို ထိပ်ဆုံး ရေးရမှာပေါ့"

"သဘောကျတာက မြန်မာစာ၊ စိတ်ပညာ၊ ဒဿနိကဗေဒ ဘာသာ တွေ"

"ဒါဆို ဘာလို့ မယူခဲ့သေးတုန်း"

"အဲဒီတုန်းက အန်တီလေးက ချမ်းကို ချုပ်ကိုင်ထားတာလေ သူက အဲဒီဘာသာတွေကို မကြိုက်ဘူး။ မယူရဘူးတဲ့၊ Science ထဲက





င်ခုခု ရွေးရမယ်ဆိုလို့"

ငယ်ငယ်တည်းက အန်တီလေးဆိုတဲ့ အဒေါ်အငယ်ဆုံးရဲ့ လက် အောက်မှာ ချုပ်ချယ်ခံရမှုတွေနှင့် ကြီးပြင်းခဲ့ရသောကြောင့် ချမ်းက သူ့ဘဝ သူ မကျေနပ်ဖြစ်နေသော ကောင်မလေးတစ်ယောက်မှန်း ချမ်း စကား အရ သူ သိနေခဲ့ပါသည်။ လူငယ်ဆန်ဆန် လွတ်လွတ်လပ်လပ် နေချင် သော ချမ်းကို အဝတ်အစား အစားအသောက်အစ လိုက်လံစီမံ ခြယ်လှယ် ခဲ့သောကြောင့် တကယ်တမ်း အရွယ်တစ်ခုရောက်လာသည့်အချိန်မှာ ကြော လုပ်ချင်ရာကို ဖွတ်လုပ်ပြီး စကားနားမထောင်သော ကလေးတစ် ယောက် ဖြစ်လာခဲ့သည်။

ဒါကြောင့်လည်း ကလေးတွေကို ငယ်စဉ်တည်းက အတင်းအဓမ္မ ချုပ်ကိုင်ဘဲ မျှမျှတတ စဉ်းစားရွေးချယ်ခွင့်ပေးခြင်းကသာ အကောင်းဆုံးဖြစ် သည်လို့ သူ ခံယူထားမိ၏။ ဒါမှလည်း ကြီးပြင်းလာသည့်အခါမှာ ကိုယ့်ကိုယ် ကိုယ် ယုံကြည်မှုရှိရှိနှင့် မှန်ကန်သော ရွေးချယ်မှုတွေကို လုပ်နိုင်လာမှာ ဖြစ်လာ။ ရွေးချယ်မှုမှားယွင်းခဲ့ရင်လည်း အဲဒီမှားယွင်းမှုအတွက် ပြည့်ပြည့် ဝ တာဝန်ယူတတ်တဲ့စိတ်မျိုး ရှိလာမှာလေ။

ဘယ်သူကမှတော့ ဘေးပတ်ဝန်းကျင်က အတင်းတွန်းအား ပေး သောကြောင့် ရွေးချယ်လျှောက်လှမ်းခဲ့ရသည့် လမ်းတစ်ခုအတွက် အဆုံးထိ တာဝန်ယူချင်ကြမှာလဲ၊ တစ်နည်းနည်းနဲ့ ရုန်းထွက်ဖို့ ကြိုးစားကြမှာပဲ မဟုတ် လား

"ကိုယ်ကတော့ တွက်နေချက်နေရရင် ပျော်တယ်၊ စာသိပ်မ ကျက်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန့် ဒါဆိုချမ်းကိုယ်စား လေးပဲ သွားဖြေလိုက်တော့"

"ချစ်တော့ချစ်တယ်ကွယ် စာတော့မလုပ်နိုင်းနဲ့၊ ကိုယ်နဲ့စာ[illegible] တွေနဲ့ မတည့်ဘူး။ သူတို့ကိုမြင်ရင် အလိုလို အိပ်ချင်လာတာ"

"ဩော် တော်တော်လည်း အားကိုးရတယ်နော်"

"အားကိုးရပါတယ်ဗျာ၊ စာလုပ်ရမှာ မဟုတ်တဲ့ တခြားဟာ[illegible] ခုခု ပြောကြည့်ပေါ့"

"ဒါဆို ချမ်း အခု စာလည်းဆက်မလုပ်ချင်တော့ဘူး။ တစ်[illegible] လုံး ညောင်းညာကိုက်ခဲနေပြီ၊ လမ်းလျှောက်ထွက်ချင်တယ်၊ ကော်ဖီသော[illegible] ချင်တယ်၊ လုပ်ပေးမှာလား"

"နာရီကိုလည်း ကြည့်ဦးနော် ချမ်း။ ညဆယ့်တစ်နာရီ[illegible] နေပြီ"

ချမ်းမျက်နှာလေးကို မြင်ရဖို့အတွက်ဆို သူ ချက်ချင်းပဲ [illegible] သွားလိုက်ချင်တာပေါ့။ ဒါပေမဲ့ ချမ်း အိမ်ကနေ ထွက်လာဖို့ အဆင်[illegible] မှာကို စိတ်ပူမိလို့ပါ။

"တခြားဟာ ပြောကြည့်ဆို ဒါတောင် မလုပ်ပေးချင်ဘူးလား"

ဒါ စိတ်ကောက်တော့မည်လို့ ကြိုတင်အချက်ပြလိုက်[illegible] လေသံပေါ့။ နောက်ဆုံးတော့လည်း လေးနက်ပဲ အလျှော့ပေးရတာပ[illegible]

"ကော်ဖီပါဝယ်ပြီး လာပို့မယ်ဗျာ၊ စောင့်နေတော်မူပါ"

"ဟုတ်"

ခုကျတော့လည်း ယဉ်ယဉ်ကျေးကျေး ချစ်စဖွယ်လေး [illegible] လျက် ဖုန်းချသွားသည်။ ချမ်း ဘာပဲလုပ်လုပ် သူ ချစ်နေမိတာ ဘယ်[illegible]





လုပ်ရမှန်းပင် မသိတော့။ ကိုယ့်ရင်ထဲက ခံစားချက်ကို ကိုယ်တိုင်တောင် နားမလည်နိုင်တော့တာ ထူးဆန်းလွန်းနေသည်။

ဖုန်းချလိုက်သည်နှင့် သူချက်ချင်းပင် ကုတ်အင်္ကျီပါးလေး တစ်ထည် ကောက်ဝတ်လိုက်ပြီး အိမ်အောက်ကို ခြေသံလုံလုံနှင့် ဆင်းလာခဲ့၏။ ကားစက်နိုးနေလျှင် အမေနဲ့မမကြီး နိုးသွားမည်စိုးသောကြောင့် ခြံတံခါးကို အသာလေးတွန်းဖွင့်လျက် ဒီတိုင်းပဲ ထွက်လာခဲ့လိုက်သည်။

လမ်းထိပ်ရောက်မှ တက္ကစီတစ်စီးငှားပြီး တစ်ညလုံးဖွင့်သည့် ဆိုင်တစ်ဆိုင်ကို ဦးတည်သွားလျက် ကော်ဖီအရင်ဝယ်ရ၏။ ပြီးမှ ချမ်းအိမ်ဘက်ဆီသို့။

"ကိုယ် ရောက်တော့မယ်နော် ချမ်း"

"ချမ်းက အိမ်အောက်တောင် ရောက်နေပြီ၊ အိမ်နားက ကားဂိတ်မှာ"

"မင်းတစ်ယောက်တည်း ဘာလုပ်နေတာလဲ ချမ်း"

"လေးကို ဆင်းစောင့်နေတာလေ"

"အာ မင်းကတော့လုပ်ပြီ ချမ်းရယ်၊ အစ်ကို မြန်မြန်လေး မောင်းပေးပါနော်"

ချမ်းကိုလည်းပြောလျက် တစ်ဖက်ကိုလည်း လှမ်းပြောလိုက်သည် ဆိုတော့ လေး သူ့ကားနဲ့သူလာတာ မဟုတ်ဘူးနဲ့တူတယ်။ လမ်းလျှောက်ရင်းနဲ့ ရောက်လာသော ကားဂိတ်လေးမှာပဲ ချမ်း ထိုင်လိုက်ပြီး ဖြတ်သွားသည့် အငှားယာဉ်များကို လိုက်ငေးနေမိသည်။

ချမ်းရှေ့တည့်တည့် လမ်းမကြီးပေါ်မှ ဖြတ်သန်းသွားသော ငါးစီး



www.burmeseclassic.com

www.burmeseclassic.com



မြောက် အငှားယာဉ်ပေါ်ကနေ လေး ကော်ဖီခွက်လေးကိုင်လျက် ခပ်သွက်သွက် ဆင်းလျှောက်လာသည်။ မျက်မှောင်ကြီးကျုံ့ပြီး ချမ်းကို စူးစူးကြီးကြည့်နေတာ အဝေးကပင် သတိထားမိလောက်ပါရဲ့။

"မင်းတစ်ယောက်တည်း ညဘက်ကြီး အပြင်ဘာလို့ထွက်လာတာလဲ ချမ်း"

"လေးရယ် အဝေးကြီးလည်းမဟုတ်ပါဘူး။ ဟိုးနားကနေ ကွေ့လိုက်ရင် ချမ်းအိမ်ကိုတောင် မြင်နေရပါပြီ"

"အခု မင်းအိမ်ကိုမြင်ရတာ မမြင်ရတာက ပြဿနာလား။ ဒီလောက် လူပြတ်နေတဲ့အချိန်မှာ မင်းတစ်ယောက်တည်း မကြောက်မလန့်နဲ့ကွာ"

သူ တရစပ်ပြောပြောဆိုဆိုနှင့် ချမ်း ဘေးမှာ ထိုင်ချလိုက်သည်။ ခုံတန်းလျားလေးပေါ်မှာ တင်ထားသော ကော်ဖီခွက်ကို ယူလိုက်ပြီး ချမ်း တစ်ငုံသောက်လိုက်၏။

"နွေးနွေးလေး ကောင်းလိုက်တာ"

သူ မျက်လုံးကြီးပြူးပြီး ချမ်းကို ကြည့်သည်။

"မင်းကိုဆူနေတာ၊ အခု မသိချင်ယောင်ဆောင်နေတာလား"

"ချမ်းကို မဆူနဲ့ကွာ၊ မကြိုက်ဘူး"

အားအင်ဖျော့တော့နေသော အသံလေးဖြင့် ပြောလိုက်ပြီး သူ့ပခုံးထက်မှာ ချမ်း မှီချလိုက်သည်။ ဘာမှထပ်မပြောတော့ဘဲ အသံတိတ်သွားတာမို့ သူ့ပခုံးထက်ကနေ သူ့မျက်နှာကိုမော့ကြည့်မိတော့ မျက်မှောင်ကြီးကကျုံ့ထားဆဲ။ ဆတ်ခနဲ ခေါင်းပြန်ထလျက် ခပ်မတ်မတ် ပြင်ထိုင်လိုက်သည်။





နောက်တော့ သူ့မျက်နှာကို ချမ်း လက်နှစ်ဖက်နှင့်ညှပ်ကိုင် ကာ မျက်နှာချင်းဆိုင်တည့်တည့်သို့ ဆွဲယူလိုက်၏။ လက်များဖြင့် အတင်းဖိညှပ်ထားသောကြောင့် သူ့မျက်နှာက တွန့်ခေါက်လျက် နှုတ်ခမ်းထူထူလေးက ရှေ့ကိုချွန်ထွက်နေသည်။ ထိုပုံစံကို သဘောတကျနှင့် ချမ်း ရယ်လိုက်မိသေး၏။

ပြီးမှ ထိုချွန်ထွက်နေသော နှုတ်ခမ်းလေးကို ချမ်းရဲ့နှုတ်ခမ်းများဖြင့် ဒီကပ်နမ်းပစ်လိုက်သည်။ သူ မျက်လုံးများပြူးသွားပြီး ချမ်း ပခုံးနှစ်ဖက်ကို လက်များဖြင့် တွန်းထုတ်၏။

ဘာလဲ သူက ချမ်းနမ်းတာကို မလိုချင်ဘူးဆိုတဲ့သဘောလား။

သူ့နှုတ်ခမ်းများကို လွတ်မြောက်ခွင့်ပေးလိုက်ပြီး ချမ်း ခပ်တည်တည် ပြန်ထိုင်နေလိုက်သည်။ ထုံးစံအတိုင်း ချမ်းရဲ့ဂယ်ပုံ ခပ်ကွေးကွေး နှုတ်ခမ်းလေးကတော့ စူပုပ်နေတာပေါ့လေ။

"ချမ်းရာ ဘယ်လိုဖြစ်တာလဲ၊ ကိုယ် စကားကောင်းပြောနေတာကို"

ချမ်း ဘာမှပြန်မပြောမိ။ ပြန်လည်းမပြောချင်။ ဒီကတော့ စာကျက်နေရင်းတန်းလန်းနှင့် သူ့ကိုတွေ့ချင်စိတ်ကြောင့် ဖုန်းဆက်ပြီး တကူးတက ခေါ်မိတာ။ ပြီးတော့ အိပ်ရာမဝင်သေးသော အန်တီမေ အလစ်မှာခိုးဆင်းလာရတာ။ လမ်းမှာ လူပြတ်တာတွေ ဘာတွေ တွေးနေချိန်ရတာမဟုတ်။ ဒါကို သူကတော့။ တွေးရင်းနှင့် ချမ်း ဝမ်းနည်းလာမိသည်။

"ဒီလို အချိန်မတော်ကြီး လမ်းပေါ်မှာ လျှောက်သွားနေတာ လူတွေမြင်ရင် ဘယ်လိုထင်မလဲ၊ သာမန်မိန်းကလေးတစ်ယောက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလုပ်မှာမဟုတ်ဘူးလေ၊ လမ်းပေါ်မှာ ခုချိန်သွားလာနေတယ်ဆိုတာလည်း ယောက်ျားတွေချည်းပဲ၊ ယောက်ျားဆိုတာမျိုးက ဒါမျိုးဆို စိတ်ဝင်တစားနဲ့ ကြည့်မှာပဲကွ"

သူ တကယ်ပြောနေတာပဲ။ ချမ်းကို စနောက်နေရုံသက်သက် ဆူနေခြင်းမဟုတ်။ အဲဒါက ချမ်းကို ပိုဝမ်းနည်းလာစေသည်။ ပြီးတော့ ချမ်း နာကျင်သွားတဲ့ စကားတစ်ခု။

"အစတည်းက ချမ်းက သာမန်မိန်းကလေးတစ်ယောက် မဟုတ် မှန်း လေး မသိခဲ့ဘူးလား"

မျက်ရည်များ ရစ်ဝဲနေသော မျက်ဝန်းတွေ။ တုန်ယင်နေသော အသံလေးဖြင့် သူမ မေးမိလျှင် သူ အလန့်တကြားဖြစ်သွားသည်။

"ကိုယ် ဆိုလိုတာ မင်းထင်နေသလို မဟုတ်ဘူးနော်"

"ဒါဆို လေးက ဘာကိုဆိုလိုတာလဲ"

သူမအသံလေး အဖျားခတ်တုန်ယင်နေတာ သိသာလွန်းသည် သူ ရုတ်တရက် ဘာပြောလို့ပြောရမှန်းမသိ။

"လေးလည်း သူများတွေလိုပဲ ချမ်းကို ဂုဏ်ငြိမ်မရှိဘူးဆိုပြီး ထင်နေတာလား။ သိက္ခာမရှိတဲ့ မိန်းမတစ်ယောက်လို့ မြင်နေတာလား"

ရုတ်တရက် သူမ မျက်ရည်တွေ ပါးပြင်ထက်သို့ တရစပ် ဆင်းလာတော့ သူ ပျာပျာသလဲ ဖြစ်သွားသည်။ သူ ပြောချင်သည် သဘောက ချမ်း ထင်နေသလို မဟုတ်ဘူးလေ။

"ဟာကွာ ကိုယ်ပြောချင်တာ အဲဒီလို မဟုတ်ဘူးကွ"

ဒီကိစ္စကို သူ ဘယ်လိုရှင်းပြရမလဲ။ သူက ချမ်း လုပ်ရပ်မှာ





သွင်းနေကြောင်း၊ မလုပ်သင့်ကြောင်းပဲ ပြောချင်ခဲ့တာလေ။ ချမ်း ထင်နေသလို အထင်သေးရှုတ်ချချင်ခဲ့တာမှ မဟုတ်တာ။

"တော်ပြီ လေးကို မုန်းတယ် သိလား"

ချမ်း သူ့နားကနေ ထပြေးသွားသည်။ သူ နောက်ကနေ ချက်ချင်း ပြေးလိုက်လျက် ချမ်း လက်တစ်ဖက်ကို လှမ်းဆွဲထားလိုက်၏။

"ချမ်း ကိုယ်ပြောတာကို နားထောင်စမ်း"

ချမ်း သူ့ကိုမကြည့်၊ ခေါင်းကိုငုံ့ပြီး တအင့်အင့်နှင့် ငိုကြွေးနေသည်။ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် နေတတ်သော ကောင်မလေးတစ်ယောက်က ဒီလို ရှိုက်ကြီးတငင် ငိုကြွေးတတ်မှန်း သူ လုံးဝမသိခဲ့။ ပြီးတော့ ချမ်း ငိုကြွေးနေရတာ သူ့ကြောင့်တဲ့လေ။ သူက ချမ်းကို အမြဲတမ်း ပျော်စေချင်တဲ့သူ။

"ဒီတစ်လောကလုံးက ချမ်းကို နားမလည်ပေးနိုင်ရင်တောင် ကိုယ်ကတော့ ချမ်းဘေးနားမှာ အမြဲရှိနေမှာပဲ"

"ဒါဆို ချမ်းကို ဘာလို့ အဲဒီလိုပြောတာလဲ'

ကလေးတစ်ယောက်လို ငိုကြွေးပြီး ပြစ်တင်ပြောဆိုနေသော ချစ်သူလေးကို သူ အားမလိုအားမရ ဖြစ်လာသည်။

"ကိုယ် မင်းကိုစိတ်ပူလို့ ပြောမိတာတွေပါချမ်းရယ်"

ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်ပြီး ချမ်း ကျောလေးကိုဖွဖွ ပုတ်သပ်လျက် သူ ချော့မော့နေမိသည်။ တအင့်အင့်ရှိုက်ငိုနေသောကြောင့် လှုပ်ခါနေသော ကိုယ်လေး တဖြည်းဖြည်း ငြိမ်ကျသွားတော့မှ သူမ မျက်နှာလေးကို သူ့လက်များဖြင့် ပင့်မော့စေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များဖြင့် စိုစွတ်နေသော ပါးပြင်လေးက မြင်မကောင်းရက်လောက်စရာ။ ချမ်း ကျွန်တော့်ကို သိပ်ချစ်မှန်းသိပေမယ့် 'ကျွန်တော် ပြောလိုက်သော စကားတစ်ခွန်းကြောင့် သူမ ဒီလောက်ထိ ခံစားသွားရလိမ့်မယ်လို့ ထင်မထားခဲ့တာအမှန်။

မျက်ရည်စီးကြောင်းလေးတွေကို သူ့လက်မလေးဖြင့် အသာ ပွတ်သုတ်ပေးလိုက်သည်။

"ကိုယ့်ကို ဘာလို့များ အထင်လွဲတာလဲကွာ၊ ခုနတုန်းက မင်းကို ဘယ်လောက်ထိ စိတ်ပူသွားမိတယ်ဆိုတာ မင်း နားလည်စေချင်တယ်"

အမြဲတမ်း စကားများတတ်သော ကောင်မလေးက ခုတော့လည်း နှုတ်ပိတ်တိတ်ဆိတ်လျက် သူ့ကိုငေးမောကြည့်နေပြန်သည်။

"မင်းစွပ်စွဲသလိုမျိုးတွေ ကိုယ် တစ်ခါမှ မင်းအပေါ် မတွေးခဲ့ပါဘူးကွာ၊ ကိုယ့်ကို စိတ်မဆိုးနဲ့တော့နော် ကြားလား"

သူမ ခေါင်းလေးတစ်ချက်ညိတ်သည်။ ပြီးတော့ လက်နှစ်ဖက်ဖြင့် သူ့ကိုသိုင်းဖက်လိုက်ပြီး ရင်ဘတ်ပေါ်မှာ ငြိမ်သက်နေ၏။

"အရမ်းချစ်တယ် ကလေးရယ်"

■ ■ ■



## အခန်း (၄)

ဒီနေ့ ချမ်း စာမေးပွဲနောက်ဆုံးနေ့။

စာမေးပွဲရက်တွေတစ်လျှောက်လုံး လေးကို ချမ်း မတွေ့ဖြစ်အောင်နေခဲ့သည်။ လေးကို တွေ့လိုက်ရင် မခွဲချင်တော့ဘဲ သူမစိတ်တွေ ပျံ့လွင့်လွန်းလို့ပါ။ လေးကလည်း ချမ်းရဲ့တောင်းဆိုမှုကို အသာတကြည် လိုက်လျောပေးခဲ့ပါသည်။ စာမေးပွဲခန်းထဲက ထွက်သည့်အချိန်ကို ဖုန်းလှမ်းဆက်ပြီး သတင်းမေးတာကလွဲရင် ကျန်တဲ့အချိန်တွေမှာ တိတ်တိတ်ဆိတ်ဆိတ် နေပေးခဲ့၏။

လေးဟာ ချမ်းအတွက် အကောင်းဆုံးအဖော်မွန်တစ်ယောက်ဆိုတာ ခုထိတော့ ချမ်း ယုံကြည်ထားမိဆဲပါပဲ။

ကျောင်းကပြန်လာလျှင် လေးနဲ့တွေ့ဖို့ ချိန်းထားတာမို့ ခဏတ ဖြုတ် အနားယူပြီးတာနှင့် ရေမိုးချိုးပြင်ဆင်လိုက်သည်။ ရာသီဥတုသိပ်မအေးတော့တာမို့ ချည်သားဂါဝန်ကားကားလေးကိုပဲ အပေါ်က လက်



www.burmeseclassic.com

www.burmeseclassic.com



ပြတ်ကုတ်အရှည်လေးနှင့် တွဲဝတ်လိုက်၏။ မျက်နှာကိုလည်း ချမ်းက သိပ်ပြင်ဆင်တတ်တာမဟုတ်။ Cream Puff လေး နည်းနည်းလောက်ရိုက်ပြီး မျက်ခွံပေါ်မှာ အနက်ရောင်ပါးပါး Eye Liner လေးတစ်ကြောင်း ဆွဲလိုက်တာနှင့် ပြီးပြည့်စုံသွားပြီ။

နာရီကိုကြည့်မိတော့ လေးနာရီထိုးရန် ငါးမိနစ်သာ လိုတော့သည်။ လေးနာရီထိုးအတိကို ဖုန်းဆက်မယ်လို့ ချမ်း သေချာမှာထားသောကြောင့် ခုလောက်ဆို လေးတစ်ယောက် ဖုန်းတကိုင်ကိုင်နဲ့ ဖြစ်နေတော့မှာ မြင်ယောင်မိသည်။

ဒါပေမဲ့ ချမ်းအထင်နဲ့ လက်တွေ့က လုံးဝကိုကွဲပြားသွားခဲ့၏။ ချမ်း သူ့ဆီကို ဆက်တိုက်ဖုန်းခေါ်နေတာ ဆယ်မိနစ်တိတိရှိပြီ။ စက်ပိတ်ထားပါသည်ဆိုသော အဖြေစကားတစ်ခွန်းကိုသာ ချမ်း ထပ်ခါတလဲလဲကြားနေရ၏။ လေး ဘာဖြစ်နေလို့လဲ။ ချမ်း ဖုန်းဆက်လိုက်တာနှင့် မြည်သံရှည်လေးတောင် နှစ်ခါမမြည်ရသေးခင် ကောက်ကိုင်တတ်သော လေးက ခုတော့ သူမ ဖုန်းဆက်မယ်ဆိုတဲ့အချိန်မှာတောင် စက်ကို ပိတ်ထားလိုက်သေးသည်။ ဒါ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။

လေး တစ်ခုခုများ ဖြစ်နေတာလား။ ချမ်း ရင်တွေပူလာသည်။ ဖုန်းကိုကိုင်ပြီး အိမ်ရှေ့နဲ့အိမ်နောက်ကို ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိ၏။

"ချမ်း ဘာဖြစ်နေတာလဲ၊ အဝတ်အစားတွေလဲပြီး အပြင်ထွက်တာလည်း မဟုတ်ဘူး။ ဟိုဘက်နဲ့ ဒီဘက်လျှောက်နေတာ မျက်စိတောင်နောက်နေပြီကွယ်"





ညည့်ခန်းမှာထိုင်ပြီး စာအုပ်တစ်အုပ်ဖတ်နေသော အန်တီမေက မျက်မှန်ပေါ်ကနေ ပင့်ကြည့်လျက် ချမ်းကို ထုတ်ပြောရလောက်သည်ထိ ချမ်း ပျာယာခတ်နေခဲ့သည်။ ဖုန်းမကိုင်တဲ့နောက်တော့ ချမ်း ဘာ ဆက်လုပ်ရမှန်းလည်း မသိ။ လေး အိမ်ဆိုတာကိုလည်း တစ်ခါမှ မရောက်ဘူးသည့်အတွက် လိုက်သွားချင်ရင်တောင် ဘယ်ကဘယ်လိုလုပ်ရမှန်း မသိ။

ချမ်းမှာ မသိတာတွေနှင့်သာ ပြည့်နက်လျက် လေးနှင့်ပတ်သက်ချင် လုပ်နိုင်တာ ဘာမှမရှိမှန်း နားလည်လိုက်သည်။ ထိုအသိကြောင့်ပင် ရင်ထဲမှာ ဆို့နင့်လာလျက် မျက်ရည်တို့ ရစ်ဝိုင်းလာ၏။ အရင်ကဆို တော်ရုံတန်ရုံလောက်နဲ့ မျက်ရည်ဆိုတာ ဘာလဲ မေးယူရမည့် ချမ်းသည် ခုတော့ လေးနဲ့ပတ်သက်သည့်အတွေးတစ်ခုတည်းလောက်နဲ့တင် မျက်ရည်ဝဲတတ်နေပြီ။

"ဒီနေ့ စာမေးပွဲနောက်ဆုံးနေ့မို့ သူငယ်ချင်းတွေနဲ့ လျှောက်လည်ဖို့ ချိန်းထားတာ သူတို့က ဖုန်းစက်ပိတ်ထားလို့လေ၊ ချမ်း စိတ်တိုကွန်းလို့ အန်တီမေရော"

စိတ်တိုနေကြောင်း ပြောမိသည့်အသံများက ဆို့နင့်ကြေကွဲနေသလို အက်ကွဲနေကြသည်။ အန်တီမေကတော့ သတိထားမိပုံမပေါ်။

ဒီလိုနာကျင်ရသည့် ခံစားချက်မျိုးတွေကို အန်တီမေက ဘယ်သိပါ့မလဲ။ ချမ်း ငယ်ငယ်တည်းက အဖေတို့မောင်နှမတွေ စုပေါင်းပြီး ဆိုင်းကားတွေထောင်စားကြသည်။ အထူးဘတ်စ်ကားတွေခေတ်ရောက်လာတော့လည်း အထူးကားများအဖြစ် ပြောင်းလဲလုပ်ကိုင်စားသောက်လာကြသည်။ ကားစီးရေများများထောင်ထားတာမို့ ရတဲ့ငွေတွေကို ဘဏ်မှာအပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝိုမျှားလာသည့် ဘဏ်တိုးငွေနဲ့တင် အန်တီမေက ထိုင်စားနေရရုံ ဖြစ်သည်။ မောင်နှမတွေ ပြုစုမျိုးထောင်ရင်းနှင့် အိမ်ထောင်ပြုဖို့ကိုလည်း ဘယ်တုန်းကမှ မတွေးခဲ့ဖူးသော အပျိုကြီးစစ်စစ် ဖြစ်၏။

"ဒါဆိုလည်း သမီးရယ် စာမေးပွဲရက်တွေမှာ ပင်ပန်းလာတာ အေးအေးဆေးဆေး ကိုယ့်ဘာသာ အနားယူပါတော့လား။ အလကား အပင်ပန်းခံနေတယ်"

"ဟူး မဖြစ်သေးပါဘူး ချမ်း သူတို့ဆီ လိုက်သွားကြည့်လိုက် ဦးမယ်"

ဒီလိုမျိုးတော့ ချမ်း အိမ်ထဲမှာပဲ ထိုင်စောင့်မနေနိုင်တော့၊ ချက်ချင်း ပင် ဖိနပ်ကောက်စီးလိုက်၏။

"ချမ်းရေ အပြင်သွားမယ်ဆိုလည်း ညဦးမနက်စေနဲ့နော်"

အန်တီမေ့အသံက နောက်ကနေ ကပ်ပါလာသည်။ သူမ ခြေ လှမ်းများကတော့ ရှေ့ဆီသို့ မြန်သထက်မြန်မြန် သွားနေမိ၏။ တစ်ခါမှ ဒီလိုမဖြစ်ဖူးတာမို့ ချမ်းအတွက် ထူးထူးခြားခြား ဖြစ်နေသည်။ လေး တစ်ခုခု ဖြစ်နေတာလို့ပဲ စိတ်ကထင်နေမိ၏။ ချမ်းရဲ့ချစ်သူက ခုလိုမျိုး ကတိပေးပြီးရင် ဘယ်တော့မှ ဖျက်တတ်သူမဟုတ်။

ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် မတွေ့ရတာ ဘယ်လောက် တောင် ကြာပြီလဲ။ တိတိကျကျ ရေတွက်ရင် ရှစ်ရက်ပင်ကျော်သွားပြီ။ စာမေးပွဲရက်တွေမှာ လေးမျက်နှာလေးကို သိပ်တွေ့ချင်ခဲ့ပေမယ့် သူ့ မှာသိပ် ထားခဲ့ရသည်။ လေးလည်း ချမ်းလိုပဲဖြစ်နေမှာပါ။ ချစ်သူတွေဖြစ်ပြီးတည်းက တစ်ယောက်ကိုတစ်ယောက် အကြာကြီး





ခွဲဖူးတာမို့ ရင်ထဲမှာ အလွမ်းတွေနဲ့ ပြည့်နှက်နေတာလေ။

လမ်းထိပ်ထွက်ပြီး တက္ကစီတစ်စီး တားလိုက်သည်။ လက်က သည်း ဖုန်းလေးကို အဆက်မပြတ် နှိပ်နေမိ၏။ ဘာလို့များ စက်ပိတ် ထားတာလဲကွယ်။ ဖုန်းထဲက မိန်းမအသံတစ်ခါကြားတိုင်း ချမ်းရဲ့စိတ်ပူ ပန်မှုတွေက တစ်ထစ်တိုးတိုးလာနေသည်။

လေးနက်ရယ် ရှင့်ကို ချမ်း ဘာကြောင့်များ အဲဒီလောက်ထိ ချစ်မိသွားတာလဲ မသိတော့ပါဘူး။

■ ■ ■

"ဒီမှာ ဝိုင်း နင့်ကိုငါ အခေါက်ခေါက်အခါခါ ပြောပြီးပါပြီ၊ ငါတို့ နှစ်ယောက် ဘယ်လိုမှမဖြစ်နိုင်တော့ဘူးဆိုတာကို၊ နင်ဒီလို ပေခံနေလို့လည်း ဘာမှထူးလာမှာမဟုတ်ဘူးကွ"

"အဲဒီတော့ နင်ပြောချင်တာက ငါ့ကို ဒီစာချုပ်ပို့လိုက်တာ ခြောက်ရုံ သက်သက် မဟုတ်ဘဲ တကယ်အတည်ပေါ့"

လွန်ခဲ့တဲ့ တစ်ပတ်တည်းက လေးနက် ပို့ပေးခဲ့သည့် ကွာရှင်း စာချုပ်ကို လက်ကကိုင်မြှောက်ပြပြီး ဝိုင်း မျက်လုံးကြီးပြူးလျက် ပြော သည်။

"ကျားကိုက်ပါတယ်ဆိုမှ နင်က အပေါက်လေးနဲ့လားလို့ လာ မေးနေပြန်ပြီ"

"နင် တကယ်ပဲ အဲဒီလောက်ထိ ပြတ်သားနိုင်လား လေးနက်၊ နင်နဲ့ငါကြားက သံယောဇဉ်ကိုတောင် နင် မထောက်တော့ဘူးလား"

"အဲဒီ သံယောဇဉ်ကို ဖြတ်တောက်ပေးခဲ့တာ နင့်အမေနဲ့

www.burmeseclassic.com

www.burmeseclassic.com



အမေ့ကိုမခွဲနိုင်တဲ့ နင်ကိုယ်တိုင်ပဲမဟုတ်ဘူးလား ဝိုင်း"

"ဘာတွေပဲပြောပြော နင်နဲ့ငါက တစ်ချိန်က ချစ်ခဲ့ဖူးကြပါတယ် လေးနက်ရဲ့"

"ငါ့ကိုအဲဒီစကား လာမပြောနဲ့ ဝိုင်း။ ဆယ်ကျော်သက်အရွယ်က ရင်ခုန်မှုတစ်ခုကို ငါတို့က အချစ်လို့ မှားထင်ခဲ့ကြတာ"

"နင်က ငါတို့ချစ်ခဲ့တာကို အမှားအယွင်းတစ်ခုလို့ ဆိုလိုနေတာလား"

"ငါ တစ်ထစ်ချပြောနေတာ ဝိုင်း"

သူ့ရဲ့နိုင်မာပြတ်သားသော အသံကြောင့် ဝိုင်းပင် ကြောင်အမ်းအမ်းလေး ဖြစ်သွားပုံနှင့် ငြိမ်သက်သွား၏။

"ငါ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ နင် အဲဒီစာချုပ်မှာတော့ လက်မှတ်ထိုးပေးမှ ဖြစ်လိမ့်မယ်၊ ငါတို့နှစ်ယောက် ရှေ့ဆက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးဆိုတာ ငါ့ဘက်က အသေအချာပါပဲ"

"နင် ဘာလို့ အဲဒီလောက် သေချာနေတာလဲ လေးနက်"

ပါးထက်ကို မျက်ရည်တွေ စီးကျလာလျက် ဝိုင်း မေးသည်။ သူက မျက်ရည်ကို သိပ်မုန်းမုန်း ဝိုင်း မေ့နေတာလား။ သူ့ရှေ့မှာ လာငိုနေတာ ခုချိန်မှာတော့ အပိုတွေပဲဆိုတာ ဝိုင်း မယုံကြည်သေးတာလား။ ဘာတွေပဲဖြစ်ဖြစ် သူ့မှာက ပြတ်သားသော ဆုံးဖြတ်ချက်တစ်ခုနှင့်။

"ငါ ဘာလို့ သေချာနေတာလဲဆိုတော့ မှားယွင်းပြီး ထင်ယောင်ထင်မှားဖြစ်ခဲ့တာ မဟုတ်တဲ့ အချစ်စစ်တစ်ခုကို ရှာတွေ့သွားလို့ပဲ"

"ဟင် နင်ဘာပြောတယ်"





"ဟုတ်တယ် ဝိုင်း။ ငါ တကယ်ကို သိပ်ချစ်ရတဲ့ မိန်းကလေးတစ်ယောက် ရှာတွေ့နေပြီ၊ နင်နဲ့ပတ်သက်တဲ့ ဘယ်အရာကိုမှ ငါ့ လက်ရှိဘဝမှာ မရှိစေချင်တော့ဘူး"

ပြောင်းလဲသွားသော ဝိုင်းရဲ့မျက်နှာပေါ်က အရိပ်တွေ။ မယုံကြည်နိုင်ခြင်းအရိပ်တွေ။

"နင်က ခုမှ အချစ်ဆိုတာကို လာအကြောင်းပြနေတာလား လေး နက်"

"ငါ အကြောင်းပြနေတာ မဟုတ်ဘူး။ တကယ်ကို ခံစားနေရတာ"

"အဲဒီအတွက်နဲ့ ငါက နင့်ကိုကွာရှင်းပေးရမယ်တဲ့လား"

ဝိုင်း အထင်တွေ အကြီးကြီးလွဲနေပြီ။ အဲဒီအချက်ကိုတော့ လေးနက် သေချာဖြေရှင်းရမှာပါ။

"ဒီမှာ ဝိုင်း နင့်ကိုငါ ကွာရှင်းဖို့ တောင်းဆိုခဲ့တာက ငါ ရှာဖွေတွေ့ရှိခဲ့တဲ့ အချစ်ကြောင့်မဟုတ်ဘူး၊ ငါတို့ကြားမှာ အစတည်းက ရှိနေတဲ့ အကြောင်းတစ်ခုကြောင့်ပဲ၊ ငါ့ဘာသာ အချစ်ကို ရှာတွေ့တွေ့ မတွေ့တွေ့ နင်နဲ့ဆက်လက်ပေါင်းသင်းနိုင်ခြင်း မရှိတော့တာ အမှန်ပဲ၊ ငါ့ဘက်က အဲဒါ အကုန်ပဲ၊ နင့်ကိုထပ်ပေးစရာ ဘာမှကိုမရှိတော့ဘူး"

အဲဒီထက် ပြတ်သားသေချာသော စကားမျိုး လေးနက် မပြောတတ်တော့တာ အမှန်ပါပဲ။

"နင် အဲဒီစာချုပ်ကို လက်မှတ်ထိုးထားလိုက်ပါ ဝိုင်း"

ဝိုင်းတို့အိမ်ထဲကနေ ခြေလှမ်းကျဲကြီးများဖြင့် သူ ပြန်ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ နောက်ဘက်ဆီမှ တစ်ခုခုကို ပစ်ပေါက်ခွဲပစ်လိုက်သော ဝုန်းဒိုင်းကြီးအသံတစ်ခုနှင့်အတူ အော်ဟစ်ငိုပစ်လိုက်သော ငိုင်းအသံက ကပ်ပါလာ၏။ အိမ်မှာ ယောက္ခမကြီးလည်း မရှိသောကြောင့် သူမတစ်ယောက်တည်း စိတ်လွတ်ကိုယ်လွတ် ပေါက်ကွဲနေသည်။ အမေဖြစ်သူရဲ့နောက်ကွယ်က ကြိုးကိုင်မှုကြောင့် သူ့ကိုချုပ်ကိုင်ချယ်လှယ်ဖို့ ကြိုးစားခဲ့တာ မှန်ပေမယ့် အိမ်ထောင်တစ်ခုကိုတော့ ဘယ်သူမှ လွယ်လွယ်ကူကူနဲ့ ကွဲကွာချင်ကြမှာ မဟုတ်ပါဘူး။

သူကိုယ်တိုင်လည်း ပြီးစလွယ်ချခဲ့သော ဆုံးဖြတ်ချက်မဟုတ်။ ကြိုးစားသင့်သလောက် ကြိုးစားခဲ့ပြီး ခံစားသင့်သလောက် ခံစားခဲ့ပြီးပြီ ဒါပေမဲ့ ပြတ်သားသည့်ဆုံးဖြတ်ချက်တစ်ခု ချပြီးချိန်မှာလည်း သူ အဲဒီအိမ်ကနေပါ တစ်ခါတည်း ထွက်လာခဲ့ကာ အကင်းရှင်းဆုံးဖြစ်အောင် နေထိုင်ခဲ့၏။

ခုတော့ သူ သိပ်ချစ်ရသည့် မိန်းကလေးကိုလည်း သူကိုယ်တိုင် ရှာဖွေတွေ့ရှိခဲ့ပြီဆိုတော့ ဘဝသစ်တစ်ခုကို ထိုမိန်းကလေးနှင့်အတူသာ လျှောက်လှမ်းခွင့်ရချင်မိသည်။

ဒီနေ့လည်း ချမ်း စာမေးပွဲနောက်ဆုံးနေ့။ ညနေလေးနာရီအခါမှာ ဖုန်းဆက်မယ်လို့ ချစ်သူက သေချာမှာထားခဲ့သည်။ ဒါပေမဲ့ တိုက်ဆိုင်စွာပင် ကောင်းမြတ်ရဲ့ဖုန်းကို ငိုင်း လှမ်းဆက်ကာ သူ့ကိုချက်ချင်းအိမ်လာခဲ့ဖို့ ခေါ်ခဲ့ခြင်းဖြစ်၏။ ကွာရှင်းစာချုပ်ကိစ္စပြောချင်တယ်လို့ အကြောင်းပြခဲ့တော့ သူ မငြင်းနိုင်စွာ သွားခဲ့ရသည်။ မတတ်သာလွန်း၍ ဖုန်းကိုလည်း စက်ပိတ်ထားလိုက်ရ၏။





ခုလောက်ဆို ချမ်း သူ့ကို စိတ်ပူလို့ ဗျာယာခတ်နေမှာ သေချာပါသည်။ ဘောင်းဘီအိတ်ထဲမှ ဖုန်းလေးကို သူ ခပ်မြန်မြန်ထုတ်ပြီး စက်ဖွင့်လိုက်၏။ သူတောင်မှ စတင်ဖုန်းမဆက်လိုက်ရပါဘဲ စက်ပွင့်သွားတာနှင့် တစ်ပြိုင်နက် ချမ်းဆီမှ ဖုန်းဝင်လာခဲ့သည်။

"ဟယ်လို လေးနက်"

ဖုန်းကိုင်လိုက်တာနှင့် စတင်ကြားလိုက်ရသည့်အသံက အမော ဆကော။

"ချမ်း ဘာလုပ်နေတာလဲ"

"လေးရယ် ချမ်း ဘယ်လောက်စိတ်ပူနေလဲ သိလား။ ဘာဖြစ်လို့ စက်ကိုပိတ်ထားတာလဲ၊ ဒီနေ့ ချမ်း စာမေးပွဲနောက်ဆုံးနေ့လေ၊ ညနေလေးနာရီ ဖုန်းဆက်မယ်လို့ ပြောထားတာ လေး မမှတ်မိဘူးလားဟင်"

အသက်မရှူစတမ်း တရစပ် ပြောနေသော စကားတွေ။ ချမ်း ဘယ်လောက်တောင် စိတ်တွေပူနေမယ်ဆိုတာ သူ သဘောပေါက်လိုက်ပါသည်။

"ချမ်းရယ် အခု ဘယ်ရောက်နေတာလဲဟင်၊ ကိုယ် အခုချက်ချင်း လာခဲ့မယ်"

"ချမ်းက လေးဆီလာနေတာ"

"ကိုယ့်ဆီ ဟုတ်လား၊ ချမ်း ဘယ်ရောက်နေတာလဲ"

"ချမ်း အခု ကားငှားပြီးလာနေတာ၊ လေးတို့ရပ်ကွက်နား ရောက်တော့မယ်"

"ဟင် ကိုယ်က အခု ရပ်ကွက်ထိပ်က ဘုရားကြီးနားရောက်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ ချမ်း ကားသမားကို အဲဒီရှေ့မှာပဲ ရပ်ခိုင်းလိုက်နော်၊ ကိုယ် စောင့်နေမယ်''

မကြာခင်မှာပဲ သူ့ရှေ့တည့်တည့်ကို အငှားကားလေးတစ်စီး ထိုးရပ်လာသည်။ ကားတောင်မှ ကောင်းကောင်းမရပ်ရသေးဘဲ နောက် ခန်းတံခါးလေးပွင့်သွားပြီး ချမ်း အပြေးဆင်းလာကာ သူ့ထံသို့ လျှောက် လာသည်။ နောက်တော့ သူ့ကို လက်နှစ်ဖက်ဖြင့် တင်းကျပ်အောင်ဖက် လိုက်ပြီး

"ချမ်း အရမ်းစိတ်ပူနေတာ သိလား၊ လေး ဘာဖြစ်လို့ ဖုန်း ပိတ်ထားတာလဲဟင်''

သူ့မျက်နှာကို မော့ကြည့်ကာ ချမ်း မျက်ရည်များဖြင့်မေးသည်။

"ချမ်းရယ်''

သူ ဘာမှပြန်မပြောနိုင်ဘဲ ချမ်း ကိုယ်လေးကို ပြန်လည်ထွေး ပွေ့ထားလိုက်မိသည်။ ချမ်းက သူ့ကိုသိပ်ချစ်မှန်း ပိုသိလာရလေလေ သူ့ကိုယ်သူ အပြစ်ရှိသူတစ်ယောက်လို ခံစားလာရလေလေပါပဲ။ သူဟာ အိမ်ထောင်သည်တစ်ယောက်ဆိုတာ ချမ်း သိသွားရင် သူ ဆက်မတွေး ဝံ့တော့ပါ။

ချမ်းမရှိရင် ကိုယ့်နေ့ရက်တွေကို ဖြတ်သန်းဖို့ အင်အားတွေလည်း မဲ့ကုန်တော့မှာ။ အဲဒီလို နေ့ရက်တွေကို ဘယ်တော့မှ မရောက်ချင်ဘူး ချမ်းရယ်။

■ ■ ■

သူတို့နှစ်ယောက် ကန်တော်ကြီးထဲကိုရောက်သွားတော့ နေဝင်





တော့မည့်ဆဲဆဲ အချိန်။ ကြည့်လေရာရာမှာ ပုစွန်ဆီရောင်အသွေးဖြင့် ဆင် မြန်းထားတာမို့ လှပတင့်တယ်နေသည်။ အရုပ်ဆိုးအကျည်းတန်သူကိုတောင် လှပသွားစေသည့် ညနေဆည်းဆာပဲ မဟုတ်လား။

"ဓာတ်ပုံတူတူ ရိုက်ရအောင်''

နှစ်ဦးသား ခေါင်းချင်းပူးကပ်လိုက်ကြပြီး ဖုန်းကင်မရာဖြင့် ကိုယ့် ကိုယ်ကိုယ် ပြန်ချိန်လိုက်သည်။ ချမ်းက ပါးလေးဖောင်းပြီး နှုတ်ခမ်းလေး စူလျက် ချစ်စဖွယ်အမူအရာမျိုး လုပ်နေသော်လည်း သူကတော့ ခပ်တည် တည်ကြီးသာ။

"အာ လေး မျက်နှာကလည်း ဘယ်လိုကြီးလဲ၊ နည်းနည်းပါးပါး လှလှပပလေး နေပါဦး''

"ကိုယ်မှ မနေတတ်တာကွာ၊ ဓာတ်ပုံတောင် ရိုက်လေ့ရိုက်ထ မရှိတာကို ချမ်း သိရဲ့သားနဲ့''

"ဟင့်အင်း မရပါဘူး၊ ရိုက်လေ့ရိုက်ထ ရှိရှိမရှိရှိ ချမ်းနဲ့တော့ အမှတ်တရတွေ အများကြီးလုပ်ကို လုပ်ရမယ်''

"အင်းလေ ကိုယ်လည်း အခု ရိုက်ပေးနေတာပဲမဟုတ်လား ချမ်းရဲ့''

"ရိုက်ပေးပေမယ့် လေး ပုံစံက ခပ်တည်တည်ကြီး''

"ဒါဆို ချမ်းက ဘယ်လိုရိုက်စေချင်တာလဲ''

သူက ချမ်းကို လိုက်လျောပေးမည့်ပုံမျိုးမေးတော့ ချမ်း ပျော် သွားသည်။ ချမ်းလည်း သူများအတွဲတွေလို ပုံလှလှလေးတွေ လိုချင် တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ချမ်းကိုနမ်း"

"နမ်းရမယ် ဟုတ်လား"

"အင်း ဟုတ်တယ်၊ ချမ်းရဲ့ပါးကိုနမ်း"

"ကောင်းပါပြီဗျာ"

ချမ်းက ခုနကအတိုင်း ပါးကိုဖောင်းပေးထားလိုက်သည်။ သူ့ကို ပြန်လှည့်ကြည့်တော့ ခပ်တည်တည်။

"နမ်းပါဆို"

"တယ် ဒီကောင်မလေး ဘယ်လိုဖြစ်နေတာလဲ၊ ရိုက်မှာဖြင့် ရိုက်တော့"

ကင်မရာကိုပြန်ကြည့်လိုက်ပြီး ခလုပ်ဝိုင်းလေးကို လက်တစ်ဖက်ဖြင့် နှိပ်လိုက်၏။ သူမ နှိပ်လိုက်တာနှင့် တစ်ပြိုင်နက် ပါးပြင်ပေါ်သို့ သူ့ဆီက အနမ်းတစ်ပွင့် ရွတ်ခနဲ ကျရောက်လာသည်။ ပုံလေးက လှလိုက်တာ။

"ဘယ်လိုလဲ ကျေနပ်လား"

"အင်း"

ပုံကိုတကြည့်ကြည့်လုပ်ကာ ပြုံးဖြီးဖြီးနှင့်ချမ်းဆိုတော့ သူက ချမ်းနဖူးလေးကို ဒုတိယမြောက် အနမ်းလေးတစ်ပွင့် ထပ်မံပန်ဆင်ပေး လိုက်သည်။

"လေး"

"ဟင်"

"ဒီနေ့လိုမျိုး ချမ်း စိတ်ပူအောင် ထပ်မလုပ်ပါနဲ့တော့နော်"





မြက်ခင်းပြင်ပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ရင်း သူ့ရင်ခွင်ထဲက နေ ချမ်း တောင်းဆိုမိသည်။ ချမ်း မသိအောင် သူ သက်ပြင်းလေး ခိုးရှိုက်မိ၏။

ဖုန်း အားမရှိတာကို မေ့လျော့ပြီး အားမသွင်းမိဘဲ အိပ်ပျော်သွားသောကြောင့်လို့ ရိုးရှင်းစွာ လိမ်ညာပြောထားခဲ့မိတာကို သူမ ယုံကြည်နေခဲ့သည်။

ကိုယ်မင်းကို ခုလိုမျိုး လိမ်ပြောလိုက်ရတာ တကယ် စိတ်မကောင်းပါဘူး ချမ်းရယ်။

"ချမ်းကို ကိုယ် တစ်ခုမေးမယ်"

"ဘာလဲဟင်"

ရင်ခွင်ထဲကနေ မချိတရိုလေးမော့ကြည့်ပြီး ချမ်း စိတ်ဝင်စားစွာ ပြန်မေးသည်။ နဖူးပြင်ပေါ် ဝဲကျနေသော ဆံပင်အုပ်အုပ်ကလေးကို သူ့လက်နှင့် အသာအယာ သပ်တင်ပေးလိုက်ရင်း

"ကိုယ့်အကြောင်းတွေ ချမ်း ဘယ်လောက်သိလဲ"

သူ့ကိုငေးမော့နေရာကနေ ချမ်း ပြန်လည်ခေါင်းငုံ့သွားခဲ့၏။ ဘာမှ ပြန်မဖြေဘဲ ငြိမ်သက်တိတ်ဆိတ်နေတာ အကြာကြီး။

"ဘာလို့မဖြေတာလဲ ချမ်း"

"ချမ်း ရှင့်အကြောင်းတွေကို ဘာမှမသိသေးမှန်း ဒီနေ့မှ ကောင်းကောင်းကြီး သိလိုက်တာပါ၊ ရှင့်ကို ဆက်သွယ်ဖို့အတွက် ဖုန်းနံပါတ်လေးတစ်ခုကလွဲရင် ချမ်းမှာ ဘာမှမရှိဘူး။ အခုလိုမျိုး ရှင်သာ အမြဲတမ်း ပျောက်သွားလိုက်ရင် ချမ်းတော့ ရှင့်ကိုဘယ်တော့မှ ရှာလို့တွေ့မှာမဟုတ်တော့ဘူးနဲ့တူတယ်၊ အဲဒီလို တွေးမိတိုင်း ချမ်း သိပ်ဝမ်းနည်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပင် မျက်ရည်လေးများ ရစ်ဝဲလျက် ချမ်း ပြောတော့ ရင်ခွင်ထဲက သူမကို တင်းကျပ်နေအောင် တစ်ချက်ဖျစ်ညှစ်လိုက်မိ၏။

"ဘာတွေဝမ်းနည်းနေတာလဲ၊ အခုလည်း ချမ်းက ကိုယ့်လမ်းကို သိတာပဲလေ၊ နောက်ဆို အိမ်လိပ်စာပါ အတိအကျ ပေးထားမယ်၊ အချိန်မရွေး ချမ်း လိုက်လာလို့ရအောင်၊ ပြီးတော့ ဆိုင်ကိုလည်း ချမ်း လာလို့ရတယ်လေ"

"ဟင် တကယ်လား"

သူ့အပြောကြောင့် ချမ်း ဝမ်းသာရွှင်မြူးသွားပုံနှင့် ရင်ခွင်ထဲက ရှန်းထလျက် တောက်ပရွှန်းစိုနေသော မျက်ဝန်းလေးဖြင့် မေးသည်။

"ကိုယ်မလိမ်ပါဘူးကွာ"

သူမကို ရင်ခွင်ထဲ ပြန်ဆွဲသွင်းလိုက်ပြီး သူ တိုးတိုးလေး ရေရွတ်မိသည်။

ကိုယ့်ဘက်က ကိစ္စတွေအားလုံး တရားဝင်ပြတ်ပြတ်သားသား ရှင်းလင်းပြီးတဲ့တစ်နေ့ကျရင် ကိုယ်ကျင်လည်နေထိုင်နေတဲ့နေရာတိုင်းကို မင်းပုံရိပ်တွေနဲ့ အလှဆင်ထားမှာပါကွာ။ အဲဒါကိုတော့ ယုံ။

■ ■ ■

ဒီနေ့မနက်စာကို ချမ်း ကိုယ်တိုင်ချက်ကျွေးမယ်လို့ လေကျယ်ထားသောကြောင့် ညတည်းက တော်တော်နှင့် အိပ်လို့ဖြင့်မပျော်။ တကယ်တော့ ချမ်းက အိမ်မှုကိစ္စတွေ လုပ်တတ်ကိုင်တတ်သော မိန်းကလေးတော့မဟုတ်ပါ။ အန်တီမေ့ကောင်းမှုဖြင့် အရန်သင့် ချက်ပြုတ်ထားသော ထမင်းဟင်းကို စားသောက်ပြီး တစ်ပတ်တစ်ခါ အိမ်လာလျှော်ဖွပ်ပေးသော





မိန်းမကြီးကြောင့် အဝတ်အစားတွေ သန့်သန့်ပြန့်ပြန့် ဝတ်ဆင်နေနိုင်ခြင်းဖြစ်သည်။

ငယ်ငယ်တည်းက အန်တီမေက ချမ်း ဘာမှလုပ်စရာမလို အောင် အားလုံး လိုက်လုပ်ပေးတတ်သည်။ ဒါကြောင့်လည်း ချမ်းဘဝက ဘာမှ ပင်ပင်ပန်းပန်း မလုပ်ရပါဘဲ ဒီအရွယ်ထိ အေးအေးလူလူ ကြီးပြင်းလာနိုင်ခြင်းဖြစ်၏။

ဒီနေ့တော့ အန်တီမေနဲ့သူငယ်ချင်းတစ်ယောက်စပ်ကာ လှည်းကူးဘက်က ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတစ်ခုမှာ ဆင်းရဲနွမ်းပါးသည့် ကလေးတွေအတွက် အလှူငွေပေးပြီးမနက်စာဖြင့် ကျွေးမွေးမယ်လို့ပြောကာ ထွက်သွားတာ ဟိုးမနက်အစောကြီးတည်းက။

ဒီနေ့ အဲဒီအစီအစဉ်ရှိမှန်း ကြိုသိထားသော ချမ်းက ညတည်းက လေးဆီကို ဖုန်းဆက်ချိန်းထားလိုက်သည်။ မနက်စာထမင်းကို ချမ်းကိုယ်တိုင် ချက်ကျွေးမယ်လို့လည်း ကတိပေးထား၏။ သူမ ဘာမှချက်တတ်တာ မရှိပေမယ့် လေးက ချမ်း ချက်တာကိုမှ ..ချင်ပါတယ်လို့ ခဏခဏပြောနေသောကြောင့် ကတိပေးလိုက်ရခြင်းလည်းဖြစ်သည်။

ခုတော့မီးဖိုချောင်ထဲမှာ ချမ်း တစ်ယောက်တည်း ချွေးပျံနေပြီ။ ဘာချက်လို့ ချက်ရမှန်းလည်း မသိ။ ရေခဲသေတ္တာထဲမှာတွေ့တာ ကိုက်လန်.. ခင်းရယ် ချဉ်ပေါင်ရွက်တွေရယ် ရယ်ဒီမိတ်ယိုးဒယားသဘောသီးထောင်း ..ရယ် ပြီးတော့ ကြက်အူချောင်းတွေ။ ချက်ရန်ပြုတ်ရန် ခါးစည်းအဝတ် ..ကို စည်းနှောင်နေတုန်းမှာပဲ လေးနက်ထံမှ ဖုန်းဝင်လာသည်။

"ဘာတွေချက်ပြီးပြီလဲ အိမ်ရှင်မကြီး"



www.burmeseclassic.com

www.burmeseclassic.com



ချမ်း ခေါင်းလေးကုတ်နေမိသည်။ ဘာမှမချက်ရသေးသောကြောင့် ဘယ်လိုပြန်ပြောရပါ့မလဲ။

"ဟိုလေ ချက်နေပါတယ် လေးရဲ့၊ လေးရော ခုမှနိုးတာလား"

"ဟုတ်တယ် နိုးနိုးချင်း မင်းကို သတိရလို့ လှမ်းဆက်လိုက်တာ"

"ကဲ ဒါဆိုလည်း ထတော့၊ ရေမိုးချိုးပြင်ဆင်ပြီးရင် ထွက်လာခဲ့လိုက်နော်၊ ချမ်း အားလုံးအသင့်လုပ်ထားလိုက်မယ်"

ဖုန်းလည်းချပြီးရော ချမ်းတစ်ယောက် တစ်ခုခုလုပ်ဖို့ စတင်ကြိုးစားရတော့သည်။ ကိုက်လန်ကို ကြက်ဥနဲ့ကြော်လိုက်တာ ကောင်းမည်။ ပြီးတော့ ချဥ်ပေါင်ရွက်ကို အရည်သောက်ချက်မည်။ ကြက်အူချောင်းကြော်နဲ့ ယိုးဒယားသခွားသီးထောင်းလေးပါ ရှိလိုက်ရင်တော့ ကြည့်ကောင်းလောက်ပါသည်။

စိတ်ကူးထဲမှာတော့ အဆင်ပြေသွားပြီ၊ လက်တွေ့လုပ်ဖို့က တော့ ချမ်း သက်ပြင်းလေးချရင်း ချဥ်ပေါင်ရွက်တွေကို အရင်သင်နေလိုက်၏။

■ ■ ■

ရေမိုးချိုး အဝတ်အစားတွေ လဲလှယ်ပြီးသွားတော့ လေးနက်ရင်တွေခုန်နေမိသည်။ ဒီနေ့ ချမ်းက သူမကိုယ်တိုင်ချက်ထားသော ထမင်းပွဲဖြင့် သူ့ကိုကျွေးမွေးမယ်တဲ့။

ကားမောင်းနေရင်းတန်းလန်းနှင့် သူ တစ်ယောက်တည်း ပြုံးလိုက်မိသည်။ ချမ်းက တစ်သက်လုံးနေလို့ မီးဖိုချောင်အလုပ်တွေ လုပ်ဖူးခဲ့တာမှမဟုတ်ဘဲ သူ့ကိုထမင်းချက်ကျွေးမယ်ဆိုတော့ နည်းနည်းတော့





ထူးဆန်းနေခဲ့သည်။ ဘာပဲဖြစ်ဖြစ်ပါ သူ့ဆီက အမှတ်လိုချင်နေသည့် ချမ်းရဲ့ ကြိုးစားအားထုတ်မှုကိုတော့ သူ အသိအမှတ်ပြုပေးရမှာပေါ့။

ပြီးတော့ တစ်ခါမှ မရောက်ဘူးသေးသည့် ချမ်းရဲ့အိမ်လေးဆီ သွားလည်ရမှာဆိုတော့ သူ့စိတ်တွေ တက်ကြွနေသည်။ ချမ်းနဲ့အတူနေသည့် အဒေါ်အပျိုကြီးက ဒီနေ့ အလှူသွားလုပ်မှာမို့ အိမ်မှာမရှိဘူးတဲ့။ ဒါကြောင့်လည်း ချမ်း အိမ်ကို သူ လာလည်ခွင့်ရခြင်း ဖြစ်သည်။

အိမ်အောက်တည့်တည့်မှာ ကားထိုးရပ်လိုက်ပြီး ချမ်းဆီ ဖုန်းဆက်လှမ်းအကြောင်းကြားလိုက်တော့ ဝရန်တာလေးကနေ ချမ်းထွက် ကြည့်ပြီး လက်လှမ်းပြသည်။ ခုချိန်ထိ မီးဖိုချောင်သုံး အေဖရွန်လေးကို သူမ မချွတ်ရသေး။

"ဝင်လာလေ လေး"

အိမ်ပေါက်ဝကနေ ဆီးကြိုနေသော ချမ်းက အပြုံးလေးဖြင့်။ နဖူးပြင်မှာ ချွေးလေးတွေ မသိမ်သေးတာကို ကြည့်ခြင်းအားဖြင့် မီးဖိုချောင်မှာ သူ စားဖို့အတွက် တော်တော်လေး လုံးပန်းချက်ပြုတ်နေပုံရသည်။

"စားတော့မလားဟင်"

"စောပါသေးတယ် ချမ်းရဲ့၊ ခုမှ ဆယ်နာရီခွဲပဲ ရှိသေးတာကို"

"ဒါဆို မနက်စာ ဘာစားလာသေးလဲ၊ ကော်ဖီနဲ့ပေါင်မုန့်ရှိတယ်၊ ဖျော်ပြီး ပေးမယ်လေ"

"ချမ်းရော စားပြီးပြီလား"

"ချမ်းလည်းမစားရသေးဘူး။ မနက်တည်းက မီးဖိုချောင်ဝင်နေတာနဲ့ အဟင်း"

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့ ချမ်း မျက်နှာလေးကို မြင်လိုက်ရတာ ကိုယ် မနက်စာ စားဖို့မလိုတော့ပါဘူး"

သူ့အပြောကြောင့် ချမ်း ကျေနပ်သွားသည်။ အနားမှာဝင်ထိုင်လိုက်ပြီး သူ့ပခုံးထက်မှာ ခေါင်းလေးမှီထားလိုက်၏။ ငြိမ်းချမ်းလိုက်တာ။ ဒီလိုသာ အချိန်တိုင်းဆို ချမ်းအတွက် စိတ်ညစ်စရာအချိန်တွေဆိုတာမျိုးတွေ ရှိတော့မည်မထင်။

"ချမ်း ဒီလိုနေလို့ ဖြစ်ရဲ့လား။ ဘေးခန်းမှာက ချမ်းအဒေါ်တွေ ရှိသေးတယ်ဆို တော်ကြာ ဝင်လာရင် မကောင်းဘူး"

"တံခါးကို သေချာပိတ်ထားပါတယ် လေးရဲ့၊ ဒီနေ့ လေးနဲ့ အေးအေးဆေးဆေးလေး နေချင်တယ်"

တိုက်အိမ်လေးက ဟိုးအရင်က ဟောင်ကောင်တိုက်တွေလို နှစ်ထပ်ခန်းလေး။ ချမ်းက အပေါ်ထပ်မှာနေပြီး အဒေါ်အပျိုကြီးကတော့ အောက်ထပ်မှာနေတယ်လို့ ချမ်း ပြောဖူးသည်။ နှစ်ယောက်တည်းနေသော အိမ်လေးမို့လို့ ပစ္စည်းပစ္စယတွေ ဘာမှရှုပ်ရှုပ်ယှက်ယှက်မရှိဘဲ သူ့နေရာနဲ့သူ နေသားတကျ ဖြစ်၏။

"ချမ်းက အပေါ်မှာနေတာ မဟုတ်လား"

"အင်း ဟုတ်တယ်လေ လာ လေးကိုလိုက်ပြမယ်"

သူ့လက်ကိုဆွဲလျက် လှေကားအတိုင်း ချမ်း တက်သွားသည်။

အပေါ်ထပ်အခန်းကလည်း အောက်ထပ်အတိုင်းပင် ကျယ်ကျယ်ဝန်းဝန်း။ ချမ်းရဲ့အခန်းလေးက အလွန်လှပယ်ဆန်သော အခန်းလေးပါလား။ နံရံမှာချမ်း နှစ်သက်သော နိုင်ငံတကာ Rock အဆိုတော်များရဲ့ပိုစတာတွေ





သူတို့နှစ်ယောက်လုံး ခရေဇီဖြစ်သည့် အင်္ဂလန်က ဘောလုံးအသင်း မန်ချက်စတာယူနိုက်တက် ပိုစတာများဖြင့် ပြည့်နှက်နေသည်။

နောက်တော့ နံရံကပ်ဖွဲ့စည်းထားသော ကြီးမားသော စာအုပ်စင်၊ စာအုပ်တစ်အုပ်ချင်းကို နံပါတ်စင်များတပ်လျက် အစီအရီ ထောင်ထားသည်။

ခုတင်နဲ့ကပ်လျက် စာကြည့်စားပွဲလေးပေါ်မှာလည်း ဖတ်လက်စ စာအုပ်တွေ။ ထိုထဲကမှ ပါးပါးရှည်ရှည် စာအုပ်လေးတစ်အုပ်ကို သူ စိတ်ဝင်စားသွား၏။ စာအုပ်အဖုံးက အပြာရောင်နောက်ခံမှာ ပန်းပွင့်များနှင့် ဒီဇိုင်းလေးတစ်လက်။ သူ ကောက်ကိုင်လိုက်ချိန်မှာ

"အဲဒါ ချမ်း ကိုးတန်းလောက်တုန်းက သူငယ်ချင်းတွေစုပြီး ထုတ်ထားတဲ့ ကဗျာစာအုပ်လေးလေ၊ ကိုယ့်ဘာသာ ပရင့်ထုတ်တဲ့ဆိုင်မှာ စာအုပ်အစ်ပြီး ကျောင်းထဲမှာပဲ သူငယ်ချင်းတွေ လိုက်ရောင်းကြတာ၊ အဲဒါလေးက လုံးဝအမှတ်တရပဲ"

ချမ်းက ကျောင်းသားဘဝကို သတိတရနှင့် ကြည်ကြည်နူးနူး ပြောသည်။ သူကတော့ စာအုပ်ထဲက ကဗျာလေးများကို စိတ်ဝင်စားနေမိ၏။

ကံမကောင်းတဲ့ ပန်းရောင်

ငါ မအိုကေဘူး

ကွန်ပျူတာခလုတ်တွေမှာ အိုရယ် ကေရယ်ပဲ

ရိုက်နေမိလျက်သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါ မအိုကေဘူး။

အတိတ်က သူငယ်ချင်းဟောင်းတွေကို သတိရတယ်
အတိတ်က လမ်းဟောင်းတွေကို သတိရတယ်
အတိတ်က ခေါ်သံအဟောင်းတချို့ကို သတိရတယ်
ခြေရောလက်ရော စုံကန်တာတောင်
ငါ့နောင်တက ငါ့ကို အကြိမ်ကြိမ်သတ်
နောက်တစ်ခါ ငါ့ကိုယ်ငါ ပြန်မေးတယ်
သေချာတယ် အဖြေက ငါ မအိုကေဘူးပဲ။

ဆားငန်ရေထဲက အမှတ်တရတွေဟာ
ဒဏ်ရာကို ပိုရင့်မာလာစေတယ်။
မနာကျင်ရအောင် ပျော်ချင်ယောင်တွေ လျှောက်ဆောင်ရင်း
နာနာကျင်ကျင်ကြီး ပြုံးနေရတယ်၊
အရာအားလုံး မေ့ပစ်လိုက်ပါ၊
ငါ သေသွားပြီလို့ နင်ထင်ပါစေ။

နင့်မျက်နှာ နင့်လည်တိုင်
နင့်ရင်ဘတ် နင့်ကျောပြင်
နင့်ခြေတံနဲ့ နင့်လက်ဖျံတွေအနှံ့က
ငါ့နှုတ်ခမ်းရာတွေကို





အိပ်မက်ယောင်ရင်း စမ်းမိတဲ့အခါ
အိပ်မက်မက်ရင်း ခဏဖြစ်ဖြစ် ပြုံးပေါ့။
ငါကတော့ ကံမကောင်းတဲ့ ပန်းရောင်တွေထဲမှာ
နစ်ပြီးရင်းနစ်။

အဲဒီနေ့က ငါတို့နှစ်ယောက်
ဘာမှကို မဘာလိုက်ရဘူး။
ဟုတ်တယ်
အခု နင်တွေးနေတဲ့နေ့ပဲ။
နင့်မျက်ဝန်းက ပူလောင်မှုတွေကို
ငါက အချစ်လို့ ထင်မှတ်ပုံအပ်လိုက်တဲ့နေ့။
အဲဒီနေ့ကို ပြောနေတာ
ခုတော့ ငါ မအိုကေတော့ဘူး။

နင် ရယ်ပေါ့၊
နင် ပျော်ပေါ့၊
ငါ့ခေါင်းပေါ်က နင့်မစင်တွင်းကို
ငါ့လက်တွေနဲ့ငါ တစ်ရက်ချင်းတူးဖော်ပေးခဲ့တာ။

အဝေးက ကြယ်တွေမြင်တိုင်း
နင့်ကို ပျစ်ပျစ်နှစ်နှစ် ဆဲချင်လာတာလည်း ဝဋ်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ငါ မအိုကောဘူး။
စိတ်ဟာ နှင်းတော
စိတ်ဟာ ဟင်းလင်းပြင်
စိတ်ဟာ ဆင်းရဲ
စိတ်ဟာ
ကိုယ်လုံးတီး တွားသွားနေတယ်။

ခုတော့ နှင့်ဘယ်ဘက်ကို
နင်စိတ်ကြိုက်နယ်ချဲ့ပါ။
ဟိုအရင်က ငါ့နေရာ
ညပေါင်း ၆၀ စာအတွက်
ချာချာလည်ခဲ့တဲ့ အိပ်မက်။

••••••••••••••••••••••••••••

မပြတ်သားတဲ့ နင့်ဆီက
ပြတ်ပြတ်သားသား ရလိုက်တာဆိုလို့
'စိတ်ဆင်းရဲရင် လဲသေလိုက်'
နင့်နှုတ်ခမ်းအလှူပ်မှာ ငါဟာ လဲပြီး သေ။

ဂ

ငါ မအိုကောဘူး။
သေသွားပြီလို့ နင် ထာဝရ ထင်ပါစေ။

နေတစ်စင်း





"နေတစ်စင်းတဲ့၊ ဒီကဗျာက ဘယ်သူရေးတာလဲ"

ကဗျာတွေ အများကြီးထဲကမှ ထိပ်ဆုံးမှာရှိနေသော ကဗျာလေး တစ်ပုဒ်ကို သူက ဖတ်ကြည့်ရင်း မေးသည်။

"ဘာဖြစ်လို့လဲ လေးရဲ့"

"ကဗျာရေးတဲ့သူက တစ်ခုခုကို တော်တော်ခံစားနေရပုံပဲ"

သူ့မှတ်ချက်ကြောင့် ချမ်း ကိုယ်လေး သိမ့်သိမ့်တုန်သွားအောင် ...ယ်မောရ၏။

"ချမ်းက ဘာရယ်တာလဲ"

"လေး ပြောတာကို ရယ်ချင်လို့ပေါ့"

"ကိုယ်ပြောတဲ့ထဲမှာ ရယ်စရာကောင်းတာများ ပါလို့လား"

"အဲဒီကဗျာက ချမ်းရေးတာလေ"

"ဘာ"

မျက်လုံးကြီးပြူးပြီး အော်လိုက်ပုံက အလန့်တကြား။

"ဖြည်းဖြည်းလုပ်ပါ လေးရယ်၊ လိပ်ပြာတောင် လွင့်တော့မယ်"

"ကိုယ် နည်းနည်းအံ့ဩသွားတာပါ"

သူ့ဘာသာ ဣန္ဒြေပြန်ဆယ်လိုက်ရင်း ပြောသည်။ ချမ်းကတော့ ...ချင်စိတ်ကို မနည်းပြန်ထိန်းထားရ၏။

"အဲဒီကဗျာက ရုပ်ရှင်ဇာတ်လမ်းလေးတစ်ခုကို ပြန်ခံစားပြီး ရေး ...တာလေ၊ ချမ်း ကိုယ်တွေ့မဟုတ်ပါဘူး။ ငယ်ငယ်တုန်းကဆိုတော့ ...ပဲ ရုပ်ရှင်တွေကြည့် သီချင်းတွေနားထောင်ရင်းပဲ အငှားခံစားခဲ့ရတာ ...တ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ချမ်း ကဗျာရေးဝါသနာပါတာ ကိုယ့်ကို တစ်ခါမှမပြောဖူးဘူး နော်"

"တကယ်တော့ ချမ်းက ကဗျာရေးဝါသနာပါတာထက် ဇာတ် လမ်းတွေဆင်ပြီး ဝတ္ထုရေးရတာကို ပိုဝါသနာပါတာ လေးရဲ့"

"ဒါဆို ကိုယ် ဝါသနာပါတာကို ကြိုးစားကြည့်ပါလားချမ်း"

"ရေးတယ်လေ၊ ကိုယ့်ဟာကိုယ်တော့ ရေးနေတာပဲ၊ ဘယ်သူ့ ကိုမှသာမပြဖြစ်တာ အဟင်း"

ချမ်းက အလယ်တန်းကျောင်းသူဘဝလောက်တည်းက စာရေး တာကို ဝါသနာပါခဲ့ခြင်း ဖြစ်သည်။ အိမ်မှာတစ်ယောက်တည်းနေသည့် အချိန်တွေက များတာမို့ ဇာတ်လမ်းလေးတွေ ဖန်တီးပြီး ထိုဇာတ်လမ်း တွေထဲမှာပဲ ချမ်း နစ်ဝင်ခံစားနေတတ်သည်။ ဒီလိုဆိုတော့ ချမ်း တစ် ယောက်တည်းပါလားဆိုသည့် အထီးကျန်အတွေးမျိုးတွေ သိပ်မဝင်ဘ တော့ဘူးပေါ့။

"အဲဒီလို မလုပ်ဘဲနဲ့ တကယ်ထဲထဲဝင်ဝင် လုပ်သင့်တာ မဟုတ် ဘူးလား။ ချမ်းလည်း ခုဆို နောက်ဆုံးနှစ်စာမေးပွဲ ဖြေပြီးပြီ၊ ကိုယ့်ကို ကိုယ်လည်း အောင်မယ်လို့ ယုံကြည်ထားတယ်၊ အလုပ်လေး ဘာလေးလုပ် အစီအစဉ်ဆွဲထားလား"

ချမ်းလည်း စဉ်းစားဖူးပါတယ်၊ ကျောင်းလည်းပြီးပြီဆိုတော့ အပြ မှာ အလုပ်လေးတစ်ခုခု လုပ်ဖို့ပေါ့။ ဆယ်တန်းအောင်ကာစကတော့ အန်တီလေးက LCCI သင်တန်းတွေ တက်ခိုင်းခဲ့သည့်အတွက် စာရင်းအင်း ပညာကိုတော့ နည်းနည်းပါးပါး ကျွမ်းကျင်သည်။ ဒါပေမဲ့ ပွင့်ပွင့်လင်းလင်း





ဝန်ခံရရင် စာရင်းအင်းနဲ့ပတ်သက်သော လုပ်ငန်းတွေကို ချမ်း စိတ်မဝင်စား။ အဲဒီတုန်းက အန်တီလေး အတင်းတက်ခိုင်းခဲ့လို့သာ ပြီးဆုံးသည်ထိ ကြိတ်မှိတ် ပြီး တက်ခဲ့ရတာ။

"ဟိတ် ချမ်း ဘာတွေစဉ်းစားနေတာလဲ"

"လေး ပြောလိုက်တော့ ချမ်းလည်း အလုပ်တစ်ခုခုလုပ်ဖို့ အတွေးဝင်သွားလို့ပါ၊ တက္ကသိုလ်မတက်ခင်တုန်းကတော့ စာရင်းကိုင် သင် တန်း တက်ထားဖူးတယ်၊ ဒါပေမဲ့ ချမ်း ဝါသနာမပါဘူး"

"ဒါဆို ကိုယ် ပြောပြီးပြီလေ၊ ချမ်း ဝါသနာပါတဲ့ စာရေးတဲ့ အလုပ်ကိုပဲ လုပ်ပေါ့"

ချမ်း လျော့လျော့လေး ပြုံးမိသည်။

"စာရေးတယ်ဆိုတာ ဝါသနာပါတိုင်း လုပ်လို့ဖြစ်တာမျိုးမှ မဟုတ် ဘာ လေးရယ်"

"မကြိုးစားကြည့်ရသေးဘဲ ဘာလို့ လွယ်လွယ်ကူကူနဲ့ အား လျှော့တာလဲ ချမ်း"

"ချမ်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိဘူး။ ပြီးတော့ စာရေး ဘယ်ဆိုတာ"

"ချမ်းဘက်ကသာ တကယ် စိတ်ပါဝင်စားတယ်ဆိုရင် ကိုယ် ကူညီမှာပေါ့"

ချမ်း ဝမ်းသာရပါသည်။ ချစ်သူက ခုလိုမျိုး ချမ်း အားတက် အောင် ပြောပေးလို့ပါ။

"ကဲပါ ထမင်းစားရအောင်လေ၊ ဆယ့်တစ်တောင်ခွဲနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



နံရံကပ်နာရီလေးကိုလှမ်းကြည့်ပြီး ချမ်း စိတ်ခေါ်လိုက်သည်။ ချက်ထားတာတွေ ဘယ်လိုမှ အဆင်ပြေမှာမဟုတ်မှန်း သိပါတယ်။ ဒါပေမဲ့ လေးနက် ဘာပြောမလဲလို့ စောင့်ကြည့်ချင်သေးတာ။ ဒီလောက် ဆိုးရွား တဲ့လက်ရာကိုစားပြီး သူမကို စိတ်ပျက်သွားမလား ဘာများပြောမလဲလို့ လေ။

သူမ ကြိုးစားပမ်းစားလုပ်ပါသော်လည်း တစ်ခုမှ ဖြစ်ဖြစ်မြောက် မြောက် ဖြစ်မလာ။ ကိုက်လန်ကြော်က အလွန်နွမ်းဖတ်ကာ ခြောက်ကပ် နေသည်။ ချဉ်ပေါင်ဟင်းရည်က ချဉ်စုပ်လွန်းသောကြောင့် သူမကိုယ်တိုင် ပင် မမြည်းနိုင်။ ကြက်အူချောင်းလေးတွေကလည်း မီးနည်းနည်းပြင်း သွား သောကြောင့် တစ်ခြမ်းနီပြီး တစ်ခြမ်းမည်းလျက်။ အဆိုးဆုံးကတော့ ယိုး ဒယားသဘော်သီးထောင်းပါပဲ။ အနံ့အသက်မကောင်းတော့သောကြောင့် ပန်းကန်ထဲပင် မရောက်လိုက်ဘဲ အမှိုက်အိတ်ထဲ ရောက်ရှိသွားပြီ။

ထိုဟင်းအမယ်များဖြင့် ပြင်ဆင်ထားသော ထမင်းစားပွဲကိုသာ သူ မြင်ရင် ချမ်းကို

"ဒီမှာ ကြည့်စမ်း"

အုပ်ဆောင်းဖြင့် အုပ်ထားသော ပန်းကန်များကို လှပ်ပြလိုက် သည်။ သူတော်တော်လေး မျှော်လင့်လာခဲ့ပုံပါပဲ။ ဒါပေမဲ့ ရှေ့တည့်တည့် မှာ မြင်နေရသော ဟင်းပွဲများကို ရုတ်တရက် တွေ့လိုက်ချိန်မှာ မျက် မှောင်လေးကျုံ့သွား၏။ သို့သော် ထိုသို့ မျက်နှာပျက်ယွင်းသွားမှုက စက္ကန့် ပိုင်းမျှသာ ကြာမြင့်သည်။ ချက်ချင်းပင် အံ့သြပျော်ရွှင်သွားသည့်ပုံမျိုး ပြန်လည် ပြောင်းလဲလိုက်ပြီး





"ဒါ ချမ်း ချက်ထားတာတွေလား"

"အင်း ဟုတ်တယ်"

သူမ မျက်နှာငယ်လေးနှင့် ပြန်ဖြေလိုက်သည်။

"စားလို့ကောင်းမယ့်ပုံပဲ"

ဒီတစ်ခါ မျက်မှောင်ကျုံ့သွားရသူက ချမ်းကိုယ်တိုင်ပင်ဖြစ်၏။ အမွေးမြင်တာနှင့် အပင်တန်းသိနိုင်သည့် ဟင်းပွဲများကို သူက စားလို့ ကောင်းမယ့်ပုံပဲတဲ့လား။

"ထမင်းကျတော့ ရှုံးမထားဘူးလား ချမ်းရဲ့၊ ဟင်းတွေမြင်တာ နဲ့ ကိုယ် တကယ်ဗိုက်ဆာလာပြီ"

တကယ်တော့ တမင်သက်သက်ပင် ချမ်း ထမင်းမချက်ထားခြင်း ဖြစ်သည်။ ချမ်းရဲ့အစီအစဉ်က ဒီလိုညံ့ဖျင်းသည့် လက်ရာကိုမြင်ပြီး လေးနက် ဘာပြောမလဲဆိုတာ သိချင်ရုံသက်သက်။ ပြီးရင် လေးနက် ကိုခေါ်ပြီး အပြင်မှာ တစ်ခုခုထွက်စားဖို့ ကြံစည်ထားတာ။

ခုတော့ လေးနက်ပုံစံက ချမ်း ချက်ထားသည့် ဟင်းတွေကို ကြည့်ပြီး ဘာမှထူးထူးခြားခြားလည်း မဖြစ်။ ရှုတ်ချကဲ့ရဲ့မှုလည်းမရှိ။ ထမင်း ဝိုင်းမှာတောင် အကျအန ဝင်ထိုင်ပြီး စားသောက်ရန်အသင့် အနေအထား ဖြစ်နေသေးသည်။

"ဒီဟင်းတွေရဲ့ ရာဇဝင်ကို လေး မသိချင်ဘူးလား"

"ဒီဟင်းတွေက ချမ်းကိုယ်တိုင် ချက်ထားတာ မဟုတ်ဘူး လား"

"ချမ်းကိုယ်တိုင် ချက်ထားတာပါ လေးရဲ့၊ ဒါပေမဲ့ လေး မြင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတိုင်းပဲလေ၊ ကိုက်လန်ကို ကြက်ဥထည့်ကြော်လိုက်တာ ရေနည်းသွားလို့နဲ့တူတယ်၊ တစ်စက်မှ စားချင်စဖွယ်ရုပ် မထွက်တော့ဘူး။ ချဉ်ပေါင်ဟင်းရည်ကလည်း အဲဒီအတိုင်းပဲ၊ ဘယ်လိုဖြစ်သွားတယ်မပြောတတ်တော့ပါဘူး။ ချဉ်စုပ်ရုံတင်မက ငန်တူးနေတာပဲ''

ချမ်းက စပ်ဖြဲဖြဲလေးလုပ်လျက် ခေါင်းလေးကုတ်ပြီး ပြောသည်။ ထိုချဉ်ပေါင်ဟင်းရည်ကို လေးနက် တစ်ဇွန်းခပ်သောက်ကြည့် လိုက်၏။ တကယ်ပါ ချမ်း ပြောခဲ့သည့်အတိုင်း ချဉ်တူးငန်စုပ်နေတာ။ ဒါပေမဲ့ သူ မျက်နှာတစ်ချက်မပျက်ဘဲ နှစ်ဇွန်းလောက်တောင် ခပ်သောက်လိုက်သေးသည်။

''ကြက်အူချောင်းကလည်းလေ ဟိုဟာ မီးနည်းနည်းပြင်းသွားပြီး''

ချမ်း ပြောနေပုံလေးကိုကြည့်ပြီး သူ မနေနိုင်စွာ ရယ်ချလိုက်မိသည်။ ဆက်မပြောတော့ဖို့လည်း လက်နဲ့ကာပြလိုက်၏။

''လေး ရယ်တယ်ပေါ့လေ''

''ကိုယ်က မင်းကြိုးစားပမ်းစား ချက်ထားတာတွေကို ရယ်တာမဟုတ်ပါဘူး၊ မင်းပြောနေတဲ့ပုံလေးကို သဘောကျလို့ ရယ်မိတာပါကွကဲ ပြောပါဦး။ ဒီလက်ရာတွေကို ကိုယ့်ကိုလည်း မစားစေချင်ဘဲ ဘာလို့ပြင်ဆင်ထားတာတုန်း''

''လေးကို ပြတာ၊ လေးရဲ့ မိန်းကလေးက ဘယ်လောက် အသုံးမကျကြောင်း''

''မင်း မီးဖိုချောင်ဝင်တဲ့နေရာမှာ အသုံးမကျတာ ကိုယ်သိပါတယ်''





''ဟွန်''

ကိုယ့်အကြောင်းကိုယ် သိပေမယ့် ချစ်သူနှုတ်ဖျားကနေ ခုလိုကြီး ထုတ်ပြောလိုက်တာကိုတော့ ချမ်း နည်းနည်း ကျွဲမြီးတိုသွားမိသည်။

''ဟုတ်တယ်လေ မင်းက တစ်ခါမှ မီးဖိုချောင်မဝင်ဖူးတာ ကိုယ်သိနေတာပဲ၊ ဒါပေမဲ့ ဒီလိုလက်ရာမျိုးတွေ ထွက်လာတဲ့အတွက်တော့ မင်းကိုအပြစ်မတင်ပါဘူး။ ကျေးဇူးတောင်တင်သေးတယ်''

''ဟင် ကျေးဇူးတင်တယ် ဟုတ်လား''

''ဒါပေါ့ ကိုယ့်ချစ်သူလေးက မချက်တတ်တဲ့ကြားက ကိုယ့်အတွက် တကူးတက ပြင်ဆင်ပေးထားတာ၊ ကိုယ် သိပ်ကျေနပ်တယ်၊ ချမ်းကိုယ်တိုင်ချက်ထားတဲ့ ပထမဆုံးလက်ရာက ကိုယ့်အတွက် မဟုတ်လား။ ကိုယ်ကတော့ ချမ်း ဘယ်လောက်တားတား ဒီဟင်းတွေနဲ့ပဲ စားမှာ၊ ပြီးတော့ ဒါတွေကလေ နောက်ပိုင်း လုပ်ရင်းကိုင်ရင်းနဲ့ တဖြည်းဖြည်း တတ်မြောက်သွားမယ့် ပညာတွေပါကွာ''

အို ချမ်း ပျော်လိုက်တာ။ တကယ်ပါ ရင်ထဲမှာ ကြည်နူးနွေးထွေးပြီး လှိုက်ခနဲနေအောင် ခံစားနေရခြင်းတွေက ချစ်သူရဲ့ ကိုယ့်အပေါ်ထားတဲ့ ကြင်နာမှုကို ထင်ထင်ရှားရှား မြင်တွေ့ခွင့်ရလိုက်လို့ပါပဲ။ ဒီလိုချစ်သူမျိုးကို ပိုင်ဆိုင်ခွင့်ရထားတာ ချမ်း သိပ်ကံကောင်းတာပဲနော်။

ဘယ်လိုမှ မကောင်းနိုင်မှန်း သိသိကြီးနဲ့ကို သူတို့နှစ်ယောက်သား ထိုဟင်းများနှင့် ထမင်းကိုသာ စကားတပြောပြောနှင့် မြိန်ရှက်စွာယှက်ရည် စားသောက်လိုက်ကြသည်။ စားသောက်ပြီးတော့ ဧည့်ခန်းမှာထိုင်လျက် ကော်ဖီသောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဒီအခြေအနေထိရောက်အောင် ဘယ်လိုတွေ ကြိုးစားချက်ပြုတ်ခဲ့တယ်ဆိုတာ ရှင်းပြပါဦး"

သူက ပြောင်နောက်နောက်လေး မေးလိုက်သည်။ ချမ်းက ခုတော့ သူ့လက်ရာဟင်းများနှင့်ပတ်သက်ပြီး ရှက်တက်တက်မဖြစ်တော့ဘဲ ရယ်ကျဲကျဲလုပ်လျက်

"အင်တာနက်ထဲမှာ ရှာပြီး ချက်ထားတာ"

"ငါ့ချစ်သူလေး တော်တော်ကို ကြိုးစားထားတာပဲ"

သူမ ပခုံးလေးကို ဖွဖွဖက်လျက် သူ နှစ်သိမ့်ပေးလိုက်သည်။ ကိုယ့်ချစ်သူအကြောင်း ကိုယ် သိပ်သိတာပေါ့။ သူမက တစ်ယောက်ယောက်ဆီက နှစ်သိမ့်မှုကို လိုချင်နေတာ။ သူမ အမှားတွေလုပ်ထားရင်တောင် အနားမှာရှိပေးပြီး နှစ်သိမ့်အားပေးမယ့်လူမျိုးကို လိုအပ်နေတာ။

တစ်သက်လုံးက အားငယ်စိတ်များနှင့် တစ်ယောက်တည်း ရှင်သန်ခဲ့ရတယ်ဆိုပြီး သူ့ကိုယ်သူ ခံယူထားသည့် မိန်းကလေးမို့ ခုချိန်မှာ သူ့ကိုပဲအားကိုးအားထားရာအဖြစ် တွယ်တာသံယောဇဉ်တွေ ပုံပေးထားပြီး ချစ်ခင်နေတာ သူ မသိဘဲနေပါ့မလား။ ခုချိန်မှာသာ အဖြစ်မှန်တွေကို သိသွားရင် ဘာတွေဖြစ်ကုန်မယ်ဆိုတာ လေးနက် တွေးပင်မတွေးရဲ။

လေပူကြီးတစ်ချက်မှုတ်ထုတ်လိုက်ပြီး ကော်ဖီခွက်ကို တစ်ငုံယူသောက်လိုက်သည်။

"ကော်ဖီကရော ဘယ်လိုလဲ"

"ကော်ဖီကတော့ ရှယ်ပါဗျာ"

ချမ်းက သူ့အကြိုက်နှပ်ထားသော ကော်ဖီအခါးရည်သက်သက်





ကို သကြားလေးတစ်ဇွန်းနဲ့နည်းနည်း ထည့်ပြီး ဖျော်ပေးထားခြင်းဖြစ်သည်။

"ရှယ်ရမယ်လေ လေးအကြိုက် Americano စတိုင် ဖျော်ပေးထားတာပဲဟာ"

"ဟုတ်ပါပြီဗျာ ဒီနေ့အတွက် သင့်ကြိုးစားမှုတွေအားလုံးကို အသိအမှတ်ပြုပါတယ်၊ ကျေနပ်ပြီလား"

သူ့ရင်ခွင်ထဲကနေ ချမ်း သဘောတကျ ရယ်မောနေတော့ သူသည်း စိတ်ချမ်းမြေ့ရပါသည်။

"ချမ်းလေ ရှင့်ကို တကယ်ကျေးဇူးတင်တယ် သိလား။ ရှင်သာ ချမ်းဘဝထဲကို ရောက်မလာခဲ့ရင် ခုချိန်လောက်ဆို ချမ်းဆိုတဲ့ မိန်းကလေးက သမ်းမတွေပေါ်မှာ သွားချင်ရာသွား လုပ်ချင်ရာဇွတ်လုပ်တတ်တဲ့ ကောင်မလေးတစ်ယောက်အဖြစ် ဆက်ရှိနေဦးမှာ"

"တကယ် ကျေးဇူးတင်တာလား"

"အင်းပေါ့"

"ဒါဆို ဘယ်လိုကျေးဇူးဆပ်မှာလဲ"

"တစ်သက်လုံး ရှင့်ဘေးမှာနေပြီး ဆပ်မှာပေါ့"

"အဲဒါက ထားပါ၊ လောလောဆယ် အရင်ဆုံ ကျေးဇူးစရံဆပ်ထားလေ"

"ဟွန် ဘာကြီးတုန်း"

ရင်ခွင်ထဲက ချမ်း မျက်နှာလေးကို သူ့လက်များဖြင့် ပင့်ယူလိုက်သည်။ သူတို့တစ်ယောက်အသက်ရှူထုတ်လိုက်သည့် အငွေ့လေးကိုတောင် တစ်ယောက်က ပြန်လည်ရှူရှိုက်နိုင်သည်ထိ နီးကပ်စွာငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေမိကြ၏။

"ရှင့်ဆီမှာ ချမ်းကို ဆွဲဆောင်နိုင်ဆုံးက ဘာလဲ သိလား"

သူ ဖြည်းညင်းစွာ ခေါင်းရမ်းပြလိုက်သည်။

"ရှင့်ကိုယ်နံ့ပဲ"

ထူးဆန်းသည့်အဖြေစကားကြောင့် လေးနက် နည်းနည်းတော့ ကြောင်တောင်တောင် ဖြစ်သွားရသည်။

"ရှင်ဆွတ်ထားတဲ့ရေမွှေးနံ့မဟုတ်ဘဲ ရှင့်ကိုယ်ပေါ်ကရတဲ့ ကိုယ်နံ့လေး၊ အဲဒီအနံ့လေးကို ချမ်း သိပ်ချစ်တာပဲ"

ချမ်း ပြောလိုက်သည့်စကားတွေကြောင့် လေးနက်ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်းမသိ။ သူ့ကို ဒီလောက်ထိ အသေစိတ်ချစ်နိုင်လွန်းသည့် ချမ်းကို အသည်းယားလာသည်။ သူ့ရှေ့တည့်တည့်မှာ ရှိနေသည့် ချမ်း မျက်နှာလေးကို နေရာလွတ်မကျန်စေရအောင် နမ်းရှိုက်ပစ်လိုက်၏။

"အိုး ဘယ်လိုဖြစ်တာလဲလို့"

"ချစ်လို့ပေါ့ ချမ်းရဲ့၊ ချမ်းလည်း ခုနက ကျေးဇူးကို စရုံအနေနဲ့ ဆပ်ချင်ရင် ကိုယ့်နည်းအတိုင်း ပြန်ဆပ်လို့ရတယ်နော်"

"ဟွန်း နံ့တယ်"

အဲဒီနေ့က သူ အိမ်ပြန်ဖို့ နှုတ်ဆက်တော့ပင် ညနေလေးနာရီ ထိုးတော့မည်။ ချမ်းနဲ့တူတူ တစ်နေ့လုံး စကားတွေပြောလိုက် အနမ်းတွေ ပေးလိုက်နှင့် အချိန်တွေက ဘယ်လိုကုန်ဆုံးသွားမှန်းပင် သတိမထားလိုက်မိ။

"ဒီနေ့မှ အချိန်တွေ ကုန်ဆုံးနေတာ သိပ်မြန်နေတယ်လို့ ချမ်း မထင်ဘူးလားဟင်"





"ဒီနေ့မှ မဟုတ်ဘူး။ ချမ်းက လေးနဲ့ရှိနေတဲ့ အချိန်တွေတိုင်းကို ကုန်ဖို့သိပ်မြန်တာပဲလို့ ထင်နေမိတာ"

ကြည့်ပါလား အဲဒီလို စကားလုံးလေးတွေနဲ့ ကျွန်တော့်အသည်းကို သူမ ချွေချွေချနေတာလေ။

"မနက်ဖြန် ရှိုးပွဲသွားကြည့်ဖို့ချိန်းထားတာ မမေ့နဲ့နော် ချမ်း"

"အင်းပါ လေး၊ သူငယ်ချင်းတွေပါတဲ့ ပွဲမဟုတ်လား၊ ကောင်းမွတ်တို့ဖိုးချိုတို့လေ"

ချမ်းက သူတို့နာမည်တွေကိုတော့ သူ ပြောပြောနေလို့ ရင်းနှီးနေတာ ကြာပါပြီ။ ဒါပေမဲ့ လူတွေကိုတော့ လေးနဲ့ စချင်းဆုံခဲ့သည့် ကောင်းမွတ်အိမ်လေးကို ရောက်ခဲ့တုန်းက တစ်ခါသာမြင်ဖူးထားတာလေ။ သမ်းမှာတွေ့ရင်တောင် မှတ်မိမှာ မဟုတ်တာ သေချာပါသည်။

"လှလှလေး ဝတ်ခဲ့နော်"

"ဟုတ်ကဲ့"

လေးနက်က ချမ်း နဖူးလေးကို ဖွဖွတစ်ချက်နမ်းလျက် နှုတ်ဆက်လိုက်သည်။ မခွဲချင်ခွဲချင် ခွဲခွာခဲ့ရသော ခြေလှမ်းတွေမို့ လေးပင်နေတာတော့ သေချာပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"မနက်ဖြန်ကျရင် မင်းတို့ကို ချမ်းနဲ့ မျက်နှာချင်းဆိုင် မိတ်ဆက်ပေးမယ်"

"ငါတို့က မိတ်ဆက်စရာမလိုအောင်ကို မင်းရဲ့ချမ်းနဲ့ ရင်းနှီးနေပါပြီကွာ"

"အေးလေ ကြားရဖန်များလွန်းလို့"

ကောင်းမြတ်ရော ဖိုးချိုရော နှစ်ဦးလုံးက သူ့ကိုအငေါ်တူးသည်။ မတတ်နိုင်။ သူ့မှာလည်း ရင်ဖွင့်ပြောပြဖို့က ဒီနှစ်ဦးပဲ ရှိတာဆိုတော့။

"မင်းတို့က ဒီလိုပြောနေတော့လည်း ရှုံးပွဲပြီးရင် ညစာကျွေးဖို့ စီစဉ်ထားတဲ့ ငါ့ရဲ့အစီအစဉ်ကြီးကို ပယ်ဖျက်ရတော့မှာပေါ့လေ"

"ဒါကတော့ကွာ တစ်ခါတလေလေး ကျွေးမွေးမယ့် အစီအစဉ်ဆွဲပြီးတော့မှ အကုသိုလ်ယူပြီး ပြန်ဖျက်ဖို့ ကြိုးစားတာကတော့ မကောင်းဘူးပေါ့"





"မစားမသောက်ရမှာတော့ တော်တော်စိုးရိမ်တယ်မဟုတ်လား ကောင်တွေ"

အနားမှာရှိသော ဘီယာဘူးခွံနှင့် ကောက်ပေါက်လိုက်သောကြောင့် ကောင်သား အသည်းအသန် ရှောင်လိုက်ရသည်။

"မင်းတို့လည်း ဘီယာတွေ ဆေးလိပ်တွေ အသီးတွေအရှက် လျှော့သောက်ကြဦးကွာ"

"ဟော့ကောင် အမြင်ကပ်အောင်လုပ်တာကလည်း တော်ရုံပဲ ာင်းတယ်ကွာ၊ မင်းကိုယ်တိုင်လည်း ကြွက်တွင်းလို မသောက်ခဲ့တာ ာလို့၊ ခုမှ စော်လေးတစ်ယောက် ကွန်ထရိုးအောက်မှာ ငြိမ်ဝပ်ပိပြား ပြီးတော့များ"

"ငါက မင်းတို့ကို အကောင်းပြောနေတာကွ၊ တော်ကြာ ငယ် ျှယ်ရွယ်နဲ့ ဗိုက်တစ်လုံးလက်ဆောင်ရနေမှာစိုးလို့"

တကယ်တော့ လေးနက်ကိုယ်တိုင်လည်း ဘီယာကို စွဲစွဲမြဲမြဲ ာက်တတ်သူတစ်ယောက်ပါ။ အရက်ကိုတော့ ပွဲတွေဘာတွေရှိမှသာ ာက်ပေမယ့် ဘီယာကတော့ အနည်းဆုံး တစ်ဘူးလောက်ဖြစ်ဖြစ် ည ောက်ဖြစ်ခဲ့သည်။ လူငယ်သဘာဝ တခြားမူးယစ်စေသည့် အရာ ည်း သုံးစွဲဖူးပေမယ့် ဘယ်တစ်ခုကိုမှ စွဲစွဲလမ်းလမ်း မဖြစ်ခဲ့။

ဟိုကောင်တွေ ထင်သည့်အတိုင်း ချမ်းက တားမြစ်ခဲ့လို့ သိပ် ာ်သည့် ဘီယာကိုတောင် ဆင်ခြင်သောက်ခဲ့တာ။

"မဖြစ်သေးပါဘူးကွာ မင်းတို့လည်း ဟိုလိုလိုဒီလိုလိုတွေ လျှောက် နေတော့ဘဲ တကယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်လောက် မြန်မြန်

www.burmeseclassic.com

www.burmeseclassic.com



ရှာကြတော့"

"မင်းဘာသာ ခြေချုပ်မိနေတိုင်း ငါတို့ကိုပါ အဖော်မစပ်ပါနဲ့ကွာ ခုလိုလေး လွတ်လွတ်လပ်လပ်နေတာပဲ ကောင်းပါတယ်"

"မင်းတို့က ငါ့ကို ချမ်းက ချုပ်ကိုင်ထားတယ်လို့ ထင်နေ တာလား။ အဲဒီလို မဟုတ်ပါဘူးကွာ၊ ချမ်းက ငါ့ကိုချစ်လို့ သတိပေး ပါ"

"တော်ပါပြီကွာ မင်းကိုတော့ မပြောတော့ပါဘူး"

သုံးယောက်သားလုံး အတွေးကိုယ်စီနှင့် ပြန်လည်ငြိမ်သက် သွား ကြ၏။ တကယ်တော့ ကောင်းမြတ်တို့ ပြောလည်းပြောချင်စရာပါပဲ၊ လေး က ဘယ်တုန်းကမှ ဘယ်မိန်းမပြောစကားမှ နားထောင်ခဲ့တာ မဟုတ် ခုကျတော့ ချမ်းကြောင့် အရာအားလုံး ပြောင်းလဲသွားခဲ့တာလေ။

■ ■ ■

"မောင်လေးကို မမ ပြောစရာရှိတယ်"

ကောင်းမြတ်တို့ ရှိုးပွဲကိုသွားရန် အားလုံးပြင်ဆင်ပြီး ထွက် စဉ် ဧည့်ခန်းထဲမှာထိုင်လျက် ကွန်ပျူတာတစ်လုံးနှင့် အလုပ်ရှုပ်နေ မမကြီးက စကားစလာသည်။

"အရေးကြီးလို့လားဟင် မမကြီး"

"အရေးကြီးတယ်ပဲ ဆိုပါတော့"

သူ ထပ်မမေးတော့ဘဲ မမကြီးဘေးမှဆိုဖာတွင် ဝင်ထိုင်လို သည်။

"ဒီနေ့ မမ ဈေးကအပြန် လမ်းမှာ ဝိုင်းနုနဲ့တွေ့တယ်"





သူ ချက်ချင်းပင် ထရန် ဟန်ပြင်လိုက်သည်။

"မင်း ဘယ်သွားမလို့လဲ"

"ကျွန်တော် သူ့အကြောင်းဆို နားမထောင်ချင်ဘူး မမကြီး"

"ပြန်ထိုင်လိုက်ဦး လေးနက်၊ မင်းအတွက် အရေးကြီးလို့ မမ ပြောမှာ"

မမကြီးရဲ့မျက်နှာတည်တည်ကြောင့် သူ မထိုင်ချင်ထိုင်ချင်နှင့် ပြန်ထိုင်လိုက်ရသည်။

"မင်းရဲ့အိမ်ထောင်ရေးမှာ မမ ဘာတစ်ခုမှ ဝင်မပြောခဲ့တာ မင်း သိပါတယ်နော်၊ အဲဒါကလည်း မင်းခံစားနေရတာကို မမ နားလည်လို့ ပါဘူး။ မိန်းမချင်းကိုယ်ချင်းစာတဲ့စိတ်လေးတစ်ခုနဲ့ ဘာမှဝင်မပြော တာ"

"အခု မမကြီးကို ဘာပြောလိုက်လို့လဲ"

"မင်းကို တရားစွဲမယ် တဲ့"

သူ နှုတ်ခမ်းလေးတွန့်လျက် မဲ့ပြုံးပြုံးမိသည်။

"ဘာအတွက်နဲ့ တရားစွဲမှာလဲ၊ အတူတူနေလာတဲ့တစ်လျှောက် လည်း ကျွန်တော် ရှာသမျှပိုက်ဆံတွေအားလုံး သူတို့သားအမိနှစ် ယောက်လုံးဆီ ပေးလာခဲ့တာ၊ ဘာတာဝန်မှ ပျက်ကွက်ခဲ့ခြင်းမရှိဘူး။ ဖောက် ပြန်ခြင်းလည်း မရှိခဲ့ဘူး။ သူတို့ဘက်ကသာ လူတစ်ယောက်ရဲ့ ပိုင်ခွင့်တွေကို ချုပ်ချယ်ဖို့ ကြိုးစားခဲ့တာလေ"

"သူတို့လုပ်တာတွေကို မမ သိသင့်သလောက် သိပါတယ်၊ ဒါပေမဲ့ တကယ်တမ်း တရားတဘောင်တွေ ဘာတွေ ဖြစ်လာပြီဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



အသာစီးရတာ မိန်းကလေးဘက်ကဆိုတာတော့ မင်း နားလည်မှာပါ

သူ ဘာပြောလို့ ပြောရမှန်း မသိဘဲ တက်တစ်ချက်သာ ပြ
ပြင်းခေါက်လိုက်မိသည်။

"မင်း ဘာဆက်လုပ်မယ် စဉ်းစားထားလဲ"

"ကျွန်တော် ဝိုင်းနုကို ပြန်မပေါင်းနိုင်တော့တာ လုံးဝသေချာ
တယ် မမကြီး"

မမကြီးက သူ့ရဲ့ပြန်မပြင်နိုင်တော့လောက်အောင် သေချာ
သည့် မျက်ဝန်းများကိုကြည့်ပြီး သက်ပြင်းတစ်ချက်ချသည်။

"အေး ဒီလောက်တောင် သေချာနေရင် မင်းဘက်ကလည်
ပြင်ဆင်သင့်တာကို ကြိုတင်ပြင်ဆင်ထားပေါ့၊ မင်းဘာပဲ ရွေးချယ်ပါ
မမကတော့ မင်းဘက်ကရှိနေပေးမှာပါ"

"ကျေးဇူးတင်ပါတယ် မမကြီး"

မမကြီးနဲ့ စကားစပြတ်သွားသည်နှင့် သူ ကားကိုခပ်မြန်မြန်
မောင်းလာခဲ့လိုက်သည်။ ဒါပေမဲ့ ဘယ်လောက်ပဲ မြန်မြန်မောင်းမော
ကားပိတ်နေရင်တော့ သူ ဘာမှမတတ်နိုင်ခဲ့ဘူးလေ။ ရှည်လျားလှသော
ကားတန်းကြီးထဲမှာ တရွေ့ရွေ့လေးလိမ့်လိုက်နေရုံ။

ချမ်းနဲ့က ပွဲလုပ်မည့် Club နားတွင် ချိန်းထားခြင်း ဖြစ်သည်
သူ ရောက်ရှိသွားချိန်မှာ လှမ်းမြင်လိုက်ရသော မြင်ကွင်းကြောင့်
မှောင်ကြီးကျုံ့လိုက်မိသည်။ ဂျင်းဘောင်းဘီအပြာလွင့်လွင့်အကျပ်လေး
အဖြူရောင်တီရှပ်လေးကိုသာ ရိုးစင်းစွာ ဝတ်ဆင်ထားသည့် ချမ်း
မှာ ရပ်နေတာ ကြည်သာ မဟုတ်ဘူးလား။ ချမ်းက စိတ်ရှုပ်နေသ





နှာပေးမျိုး။ ကြည်သာကတော့ ထုံးစံအတိုင်း စကားတပြောပြော။

"ဟော လေး လာပြီ"

သူ့ကိုမြင်တာနှင့် အားကိုးရသွားသလို ချမ်း အပြေးလေး ရောက်
သည်။

"ဆောရီး ချမ်းရယ် လမ်းမှာ ကားတွေပိတ်နေလို့"

"ဟော့ကောင် လေးနက် မင်းကကွာ ချမ်း တစ်ယောက်တည်း
အစောကြီးလာစောင့်နိုင်းထားတယ်၊ တော်သေးတာပေါ့၊ ငါနဲ့တွေ့လို့"

ကြည်သာက အာကျယ်ကျယ်နှင့် ပနာဝင်ယူသည်။ ချမ်းက
ကိုမျက်စောင်းထိုးပစ်လိုက်၏။ သူကတော့ ချမ်းကို မင်းဘာတွေပြောနေ
လဲဆိုသည့် မာထန်သော သတိပေးအကြည့်တစ်ချက်ဖြင့်သာ ကြည့်ဖြစ်
ည်။

"လာလေကွာ အထဲဝင်ရအောင်၊ ပွဲက တခြားကောင်တွေတောင်
ပြီးနေကြပြီ၊ ငါက မင်းမလာသေးလို့ ချမ်းနဲ့အတူထွက်စောင့်ပေးနေတာ"

"ဖိုးချိုတို့ရော ရောက်ပြီလား"

"အေး ရောက်နေကြပြီ"

"မင်းကရော ဒီနေ့ဆိုမှာလား"

"ငါ မဆိုသေးပါဘူး၊ သီချင်းအဆင်သင့် မဖြစ်သေးဘူး၊ ငါ
မေးပွဲဖြေနေရတာလေကွာ မင်းသိရဲ့သားနဲ့"

အထဲကိုဝင်တော့ ချမ်းက သူ့လက်မောင်းကို တင်းကျပ်နေ အောင်
ကိုင်ထားသည်။ ဟိုတစ်ရက်တည်းက ချမ်းက ကြိုတော့ ပြောထားပြီ။
သပ်ဆိုတာကို တစ်ခါမှမရောက်ဖူးလို့ ကြောက်တယ်တဲ့။ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



လေးတွေနဲ့ တွဲသွားတွဲလာလုပ်ပြီး အမြဲတစေ လမ်းသလား နေတတ်တ မိန်းကလေးတစ်ယောက်လို ပတ်ဝန်းကျင်က ထင်နေကြသော လေးနက် ချစ်သူကောင်မလေးသည် သူတို့ထင်သလောက်လည်း ဆိုးသွမ်းခြင်းရှိမနေ ဘူးဆိုတာ သိလိုက်ရတော့ ပိုလို့တောင် ချစ်မိသွားသေး၏။

ကလပ်တို့ရဲ့ထုံးစံအတိုင်း အထဲမှာ အမှောင်ချကာ ရောင်စုံဒစ်စက် မီးပွင့်များသာ ဟိုမှသည် ပြေးလွှားနေကြသည်။

"လေးက လာနေကျလားဟင်"

"မကြာခဏတော့ ရောက်ဖြစ်ပါတယ်၊ သူငယ်ချင်းတော်တော် များများက ဂီတရူးသွပ်သူတွေလေ၊ သူတို့ပွဲတွေရှိရင် လာဖြစ်တယ်"

"ဒီလို ကလပ်မှာလုပ်တာ တစ်ခါမှမကြည့်ဖူးဘူး"

ဘယ်လောက်ရိုးတဲ့ ကောင်မလေးလဲ။ ဒါနဲ့များတောင် ပတ်ဝန်း ကျင်က အပြောအဆိုတွေ ခံခဲ့ရသတဲ့လား ချမ်းရယ်။

"ဘာမှမထူးခြားပါဘူး ချမ်းရဲ့၊ ပရိုဖက်ရှင်နယ်တစ်ယောက် မဖြ သေးတဲ့ ကြိုးစားနေဆဲ လူငယ်တွေအတွက် ဒီနေရာကနေပြီး သူတို့လုပ်ထား တာတွေကို ချပြလို့ရတယ်လေ၊ တစ်ယောက်နဲ့တစ်ယောက် စိန်ခေါ်လို့ရ တယ်၊ ပြိုင်ပွဲတွေ လုပ်လို့ရတယ်"

သူ ဆက်ရှင်းပြနေသော ရက်ပ်ဂီတကို ရူးသွပ်ကြသူတွေ အ ကြောင်းကို ချမ်း စိတ်ဝင်တစား နားထောင်နေမိသည်။ အမှန်ကို ပြောရရင် ချမ်းက ဒီဂီတကို သိပ်မနှစ်သက်။ ချမ်း သဘောကျတာက ဆူညံပေါက်ကွဲ နေသော ရော့ခ်တွေ။ ထားပါ ဒါတွေက ချစ်သူနှစ်ယောက်ကြားမှာ ဘယ် လောက်များ အရေးပါလို့လဲ။





အခန်းထောင့်ဘက်ရှိ လေးထောင့်စားပွဲတစ်လုံးမှာ သူမတို့ နှစ် ယောက် ဝင်ထိုင်မိကြတော့ သူ့ကို ဟိုလူကလာနှုတ်ဆက် ဒီလူကလာ နှုတ်ဆက်နှင့် မအားလပ်နိုင်အောင် ဖြစ်နေသည်။ မိန်းကလေးတချို့လည်း ပါသေးရဲ့။

"လေးနက်တို့များ ပျောက်ချက်သားကောင်းနေလိုက်တာနော် ခုမှပဲ မျက်နှာမြင်ရတော့တယ်"

မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး တရင်းတနှီး လာနှုတ် ဆက်လိုက်သော ကောင်မလေး၊ မျက်ခွံပေါ်မှာ အမည်းရောင်များများ ခြယ်သထားလျက် နှုတ်ခမ်းများ ရဲရဲနီနေသော ကောင်မလေး။ မျက်ဝန်း တွေက ရီဝေဝေ။

"ငါ ရှိပါတယ်၊ နင်တို့ဘက်ကို သိပ်မရောက်ဖြစ်တော့လို့ပါ"

"ဒါအမျိုးသမီးလား"

ထိုကောင်မလေးရဲ့အမေးမှာ သူ့မျက်နှာတစ်ချက် ပျက်ချင်ချင် ဖြစ်သွားတာကို အမှောင်ထဲမှာပင် ချမ်း သတိထားလိုက်မိ၏။ အင်းလေ ချမ်း စိတ်ထင်တာလည်း ဖြစ်မှာပါ။

"ချစ်သူပါဟ"

ပြုံးပြုံးကြီး ပြန်ပြောလိုက်သော သူ့အဖြေနောက်မှာ ကောင် မလေးအကြည့်များက ချမ်းထံသို့ ထပ်မံရောက်ရှိလာသည်။ ချမ်း ပြုံး ပြလိုက်ရမလား ဘာလုပ်ရမှန်းမသိဘဲ ကြောင်တောင်တောင် ပြန်ကြည့် နေမိ၏။ ခဏနေတော့ ထိုကောင်မလေး ထသွားပြီး ပိန်ပိန်ရှည်ရှည် အသား ဖြူဖြူ ယောကျ်ားလေးတစ်ယောက် ရောက်လာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရောက်နေတာ ကြာပြီလား။ လေးနက်"

"သိပ်မကြာသေးပါဘူး ဟိုကောင် ကောင်းမြတ်ရော"

"အနောက်ဘက်မှာ ခွေစမ်းနေတယ်"

ထိုယောကျ်ားက လေးနက်ကိုလည်းပြောရင်း ချမ်းဘက်ကိုလည်း လှည့်ရယ်ပြသည်။ ဒါ ဖိုးချိုပဲ ဖြစ်ရမည်။

တအောင့်ကြာတော့ သူတို့နှစ်ယောက်အလှည့် ရောက်လာပြီး အော်ဟစ်သီဆို၊ သီချင်းဆိုသည့်အစီအစဉ်ပြီးဆုံးတော့ သူတို့နှင့်ချမ်းကို လေးနက်က မိတ်ဆက်ပေးသည်။

"နာမည်ကတော့ ကျွန်တော်တို့ ကြားရလွန်းလို့ ရင်းနှီးနေပါပြီ"

"ချမ်းလည်း ဒီလိုပါပဲ၊ လေးက ရှင်တို့နှစ်ယောက်အကြောင်းကို အမြဲပြောပါတယ်"

ထိုအချိန်မှာပဲ မြူးကြွသည့် 'DJ တီးလုံးသံများ ထွက်ပေါ်လာပြီး ရှိသမျှလူအားလုံးနီးပါး Dancing Floor ဆီရောက်ရှိသွားကြသည်။ ကိုယ့်စိတ်ကြိုက် လှုပ်ရှားကခုန်ရင်း ပျော်မြူးနေသည့် လူတွေကိုကြည့်ကာ ချမ်း ခေါင်းပင်မူးချင်လာ၏။

"သွားကရအောင်လေ"

လေးက ထိုင်ရာမှထကာ ချမ်းကို ကမ်းလှမ်းသည်။ ချမ်း မျက်လုံးလေးများ ပြူးသွားရ၏။

"ချမ်းမှ မကတတ်တာကို"

"ဒါက ကတတ်စရာမလိုပါဘူး၊ လှုပ်ရှားတတ်ဖို့ပဲ လိုတယ်"

"ဟုတ်တယ် ဘာမှစိုးရိမ်မနေနဲ့"





အနားမှာရှိနေသော ကောင်းမြတ်နဲ့ဖိုးချိုကပါ ချမ်းကို အားပေး အားမြှောက် ပြောလိုက်သည်။ လေးနက်ကို ကြည့်ရတာလည်း ကခုန်ပျော်ပါးဖို့ကို စိတ်အားထက်သန်နေသည့်ပုံ။ သူက လက်ကိုဆွဲခေါ်သွားချိန်မှာ သူမ မငြင်းဆန်နိုင်ဘဲ ပါသွားတော့၏။

"ဒီလို ဒီလိုလေး လှုပ်နေရုံပဲ"

နောက်ဘက်ကနေ ချမ်း ခါးလေးကိုဖွဖွဖက်လိုက်ပြီး သူ့ကိုယ်ကြီးကို ဟိုဘက်ဒီဘက် လှုပ်ရမ်းရင်း ပြော၏။ ချမ်းကတော့ အဲဒါမျိုးတွေ တစ်ခါမှမလုပ်ဖူးသောကြောင့် ရှက်စိတ်ဖြင့် ဘာမှမလုပ်တတ်မကိုင်တတ် ဖြစ်နေ၏။ အဲဒီအချိန်မှာ

"ဟေး လေးနက် ပြောစရာရှိတယ်၊ ခဏလိုက်ခဲ့နော်"

· ခုနက ချမ်းတို့စားပွဲမှာ လာထိုင်စကားပြောသွားသော နှုတ်ခမ်းနီရဲရဲနှင့်နေသည့် မိန်းကလေး။ ထိုမိန်းကလေးက ချမ်းနဲ့တွဲကနေသော လေးနက်ကို ဒီတိုင်း နှုတ်များလေးနှင့်ပင် ခေါ်ခြင်းမဟုတ်ဘဲ သူ့လက်နှစ်ဖက်လုံးကို အတင်းလှမ်းဆွဲခေါ်သွားခြင်း ဖြစ်၏။ မငြင်းဆန်နိုင်ပါဘဲ တရွတ်တိုက်ပါသွားသော လေးနက်ကိုကြည့်ပြီး ချမ်း ဘာလုပ်လို့ လုပ်ရမှန်းမသိ။

စိတ်တွေလည်း တိုလိုက်တာ မပြောပါနှင့်တော့။ လူတွေများပြားရှုပ်ယှက်ခတ်လျက် မီးရောင်တွေကလည်း မသဲမကွဲမို့ လေးနက်တို့ ဘယ်နားကိုရောက်လို့ ရောက်သွားမှန်းပင် ချမ်း မမြင်ရတော့။ ကောင်းမြတ်နဲ့ဖိုးချိုကို လှမ်းကြည့်တော့လည်း သူတို့ဘော်ဒါတွေနှင့်သူတို့ ကနေကြသည်။ ချမ်း ဘာလုပ်ရမလဲ။

ဟိုဟိုဒီဒီ လှမ်းကြည့်လိုက်တော့ ဘားကောင်တာဘက်မှာ လူ



www.burmeseclassic.com

www.burmeseclassic.com



သူ အနည်းငယ် ရှင်းနေတာ တွေ့လိုက်သည်။ Dancing Floor ထဲကနေ ထွက်လာလိုက်ပြီး ထိုနေရာလေးသို့ပဲ ချမ်း သွားထိုင်နေလိုက်သည်။

"ဟီတ် ဘာမှမသောက်ဘူးလား"

သူမနဲ့ခပ်လှမ်းလှမ်းမှာ ထိုင်နေသော ကောင်လေးတစ်ယောက်က လက်ထဲမှ ခွက်လေးကို ကိုင်မြှောက်ပြပြီး မေးသည်။ သူမ နည်းနည်းတော့ စိတ်ရှုပ်ထွေးသွား၏။ ခုချိန်မှာ ဘယ်သူနဲ့မှ စကားမပြောချင်။

"သောက်ကြည့်ပါလား၊ ဒါက တို့တွေကိုယ်တိုင် စပ်ထားတာ"

အနားထိလျှောက်လာကာ အဖော်စပ်နေသော ကောင်လေးက သူ့လက်ထဲက ခွက်ကို ချမ်းထံကမ်းပေးသည်။ ကြည့်လိုက်တော့ လိမ္မော်ရောင်အရည်တွေ၊ အသီးဖတ်လေးတွေတောင် ပါသေးသည်။ သူမက အရက်တို့ဘာတို့လို့ ထင်နေတာ၊ အခုတော့ အဲဒီလို မဟုတ်ပါလား။ အချိုရည်သက်သက်ပဲ။

"တကယ်ကောင်းလို့ ပြောနေတာ၊ သောက်ကြည့် ရော့"

ခွက်ကို လှမ်းယူလိုက်ကာ သူမ တစ်ကျိုက်တည်း မော့သောက်ချပစ်လိုက်သည်။ တကယ်တမ်း လည်ချောင်းထဲကို စီးဆင်းသွားတော့မှ အချိုရည်သက်သက်တော့ မဟုတ်ဘူးဆိုတာ သူမ ဝန်ခံလိုက်ရ၏။ အချိုရည်ဆိုရင်လည်း ခါးသက်ပူလောင်မှုတွေပါ ပါဝင်သော အချိုရည်။

"လေးနက် နင်က စော်လေးနဲ့ လန်းနေတာပေါ့လေ၊ အိမ်ကမိန်းမကို ဘယ်နားထားခဲ့လဲ"

လက်ကြီးအတင်းဆွဲခေါ်ကာ မေးလိုက်သော ချောချော စကားကြောင့် လေးနက် စိတ်ညစ်သွားသည်။





"နင်မှုးနေရင်လည်း အေးဆေးနေပါ ချောချောရယ်"

"ငါ မမူးပါဘူး။ နင် ငါ့ကိုစကားလွှဲသွားဖို့ မစဉ်းစားနဲ့"

ခုချိန်ထိ သူမ လက်ထဲမှာ ဆုပ်ကိုင်ထားသော လေးနက်ရဲ့ လက်များကို မလွှတ်ပေးသေးဘဲ ချောချော ရစ်နေသည်။ တကယ်တော့ ချောချောဆိုတာ တက္ကသိုလ်တစ်ခုတည်းမှာ အတူတူတက်ခဲ့သော လေးနက်ရဲ့အတန်းဖော်ဖြစ်၏။ ဝိုင်းနုနဲ့လည်း ကျောင်းတက်နေစဉ်တစ်လျှောက်လုံး တွဲခဲ့ပြီး နောက်ပိုင်း လက်ထပ်လိုက်တာအထိ ဒီကောင်မလေး အားလုံးသိနေတော့ လေးနက်အား ခုလိုမျိုး တကူးတက ခေါ်ရစ်နေခြင်း ဖြစ်သည်။

"နင့်ဘေးမှာ ပါလာတာ ဝိုင်းနုမဟုတ်ဘဲ တခြားမိန်းကလေးတစ်ယောက်ဖြစ်နေတော့ ငါ တော်တော်ကြောင်သွားတယ်၊ ဘယ်လိုဖြစ်ကြတာလဲ လေးနက်"

"အဲဒါတွေ နင့်ကို ဝိုင်းနု မပြောပြဘူးလား"

လေးနက်နဲ့ဝိုင်းတို့ရဲ့အကြောင်းကို ချောချော ကြားပြီးသားလည်း ဖြစ်နေနိုင်သည်။ သူနဲ့ချောချောတို့ မတွေ့ဖြစ်ကြပေမယ့် ဝိုင်းနုနဲ့တော့ မိန်းကလေးချင်း တွေ့ရင်တွေ့ဖြစ်ကြမှာပေါ့။

"ငါ ကြားသင့်သလောက် ကြားပါတယ်"

သူ ထင်သားပဲ။ ဒါကြောင့် ချမ်း ရှေ့မှာ တမင်သက်သက် 'ဒါ အမျိုးသမီးလား' ဆိုတဲ့ မေးခွန်းမျိုးကို ချောချော မေးခဲ့တာပေါ့။

"ဒါဆိုလည်း နင်ကြားတဲ့အတိုင်း အမှန်ပဲလေ၊ ငါ့မှာ ပြောစရာ မရှိဘူး"

ချောချော ဆုပ်ကိုင်ထားသော သူ့လက်များကို ရှုန်းဖယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း သူ ချမ်းဆီ ပြန်လာခဲ့လိုက်သည်။

ဟင် ကခုန်နေသည့်လူတွေကြားထဲမှာ ချမ်း မရှိတော့ပါလား။ သူ စိတ်ပူပန်စွာဖြင့် မျက်လုံးများကို ကလပ်တစ်ခုလုံးအနှံ့ ဝေ့ဝဲဖြန့်ကျက် ကြည့်လိုက်သည်။ အမှောင်ထဲမှာ မသဲမကွဲဖြင့် သူ ဘာကိုမှ သေချာ မမြင်ရ။

"ဟော့ကောင် ကြည်သာ ချမ်းကိုတွေ့မိသေးလား"

အနားကဖြတ်သွားသော ကြည်သာ့ကို အသည်းအသန်မေးမိပေမယ့် ဘာမှမထူးခြားခဲ့။

"ဒီကလပ်လေးထဲမှာတင် မင်းတို့နှစ်ယောက် ပျောက်နေတာလား။ အံ့ရောကွာ လေးနက်"

"လိုက်ရှာပေးစမ်းပါဦး ကြည်သာရာ၊ ချမ်းက ဒီလိုနေရာတွေ တစ်ခါမှ ရောက်ဖူးတာ မဟုတ်ဘူးကွ"

"အေး အေး ငါကြည့်ပေးမယ်"

သူနဲ့ကြည်သာ တစ်ယောက်တစ်နေရာစီ လူခွဲရှာရန် ဆုံးဖြတ်လိုက်သည်။ ဖုန်းဆက်ကြည့်တော့လည်း ဆက်သွယ်မှုဧရိယာပြင်ပတဲ့။

သူက နံရံပန်းချီဆွဲနေသော အဖွဲ့တွေဘက် လိုက်ရှာသည်။ သိပ်မကြာခင်မှာပင် ကြည်သာက သူ့ထံပြန်ရောက်လာ၏။

"ချမ်းက ဘဲတစ်ပွေနဲ့ ထိုင်နေတယ် လေးနက်၊ မူးနေတဲ့ပုံပဲ"

"ဘာ ဘာပြောတာယ်"

သူ့သွေးတွေ နားထင်ဆောင့်တက်သွားသလို ခံစားလိုက်ရသည်။

"ဟုတ်တယ် ချမ်းက ငါ့ကိုစိတ်ဆိုးနေတာဆိုတော့ ငါဝင်ခေါ်





ရင် ပြဿနာဖြစ်နေဦးမှာစိုးလို့ မင်းကိုလာပြောတာ"

"ဘယ်မှာလဲ"

ကြည်သာ ခေါ်သွားတဲ့နေရာမှာ ဟိုးအနောက်ဘက်ချောင်ထဲမှာ နံရံတစ်ဝက်ကာထားသည့် စားပွဲလေးဆီသို့။ ရီဝေဝေမျက်လုံးများ ဖြင့် ခုံပေါ်မှောက်မတတ် ဖြစ်နေသော ချမ်းကို ကပ်လျက်ထိုင်နေသော အကောင် တစ်ကောင်က စားတော့ဝါးတော့မတတ် အကြည့်များဖြင့် လက်မောင်းလေးကို ဆုပ်ကိုင်ထားသည်။

သူ့အကြည့်တိုင်းမှာ မီးတွေသာ ထတောက်မယ်ဆို အဲဒီကောင် တစ်ကိုယ်လုံး ပြာမှုန့်ပင် ကျန်ခဲ့မည်မထင်။

"ဟော့ကောင် မင်း ဘာလုပ်နေတာလဲ"

လျင်မြန်လှသော လက်များက ထိုကောင့်လည်ပင်းမှ အင်္ကျီစကို ဆွဲဆောင့်ကိုင်ပြီး အားပြင်းပြင်းတစ်ချက် ထိုးချပစ်လိုက်ပြီးသား ဖြစ်သည်။

"မင်း ဘာလုပ်တာလဲကွ"

ဆိုဖာပေါ် လဲပြိုကျသွားသော သူ့ကိုယ်ကို အရင်မမတ်နိုင်သေးဘဲ နှုတ်ခမ်းထောင့်စွန်းမှ စီးကျလာသည့် သွေးများကိုသုတ်လိုက်ကာ ထိုကောင် မိုက်တိမိုက်ကန်း ပြန်မေး၏။

"အဲဒါ ငါ့မိန်းကလေး၊ မင်း ဘာလုပ်နေတယ်ဆိုတာ ငါအားလုံး မြင်တယ်"

ကြည်သာက ချမ်းကိုသွားဆွဲထူပြီး ခပ်လှမ်းလှမ်းသို့ ခေါ်သွားလိုက်၏။ သူတို့နှစ်ယောက်ရဲ့ကျယ်ကျယ်လောင်လောင် အသံများကြောင့် ကောင်းမြတ်နဲ့ဖိုးချိုတို့လည်း ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လေးနက် ဘာဖြစ်နေတာလဲ"

အခြေအနေမဟန်တာကို ရိပ်စားမိလာသော ထိုသကောင့်သားက ခပ်တည်တည်နှင့်ထွက်သွားရန် ပြင်သည်။ လေးနက်က ပခုံးကို ဖမ်းဆွဲထားလိုက်ပြီး ထပ်ထိုးရန် ပြင်လိုက်သော်လည်း ဖိုးချို အတင်းဆွဲထားသောကြောင့် ဟိုကောင် လွတ်မြောက်သွား၏။

"မင်းဘာလို့တားတာလဲ ဖိုးချို"

"အကြီးအကျယ်တွေ လုပ်မနေနဲ့တော့၊ ဒီကောင် ဘာကောင်မှ မဟုတ်ဘူး။ တစ်ယောက်တည်းလာပြီး ဇရိုပုံလည်း မပေါ်ပါဘူး။ အချောင်ရမလားလို့ ဝင်လုံးတာ"

ဖိုးချိုစကားအဆုံးမှာ သူ ချမ်းကို လှမ်းကြည့်လိုက်မိသည်။ ကြည်သာ့ရင်ခွင်ထဲမှာ မျက်လုံးများမှိတ် ခွေဝင်နေသော ချမ်းပုံစံက သူ့ရင်ကို ပိုလို့ပူလောင်စေ၏။

"ချမ်း မင်းနည်းနည်း သတိထားဦး"

ကြည်သာ့ဆီကနေ သူ့လက်ထဲရောက်လာသော ချမ်းကို လှုပ်ခါရမ်းလျက် သူ နှိုးလိုက်သည်။ ထိုအခါမှ ခေါင်းလေးနည်းနည်းထောင်လာပြီး သူ့ကိုမော့ကြည့်သည်။ မျက်လုံးများကတော့ ခုထိ သေချာမပွင့်ချင်သေး။

ချမ်းကိုကြည့်ပြီး လေးနက် စိတ်ဆိုးချင်လာသည်။ ဘယ်လိုဖြစ်လို့ ဒီလောက်တောင် မူးနေရတာလဲ။ သူ ထွက်သွားတဲ့အချိန် ဘာမှ မကြာသေးတာကို၊ ပြီးတော့ တစ်ခါမှမသောက်ဖူးတဲ့သူက။ လက်မောင်းလေးကို ဖမ်းဆုပ်လျက် ကားဆီကို ခေါ်လာခဲ့ပြီး နောက်ခန်းထဲဆွဲသွင်းလိုက်သည်။

ဘေးနားမှာကပ်လျက် ဝင်ထိုင်လိုက်တယ်ဆိုရင်ပဲ ကိုယ်လုံးနွဲ့နွဲ့လေးက သူ့ရင်ခွင်ထဲ ညွတ်ကျလာခဲ့၏။

"ချမ်းရေ သတိလေးနည်းနည်းထားပြီး ကိုယ့်ကိုကြည့်စမ်း"

သူ ပြောတာကိုတော့ ကောင်းကောင်းကြားပုံပါ။ ရင်ခွင်ထဲကနေ ခေါင်းလေးမော့ကြည့်လျက် ပြုံးပြသည်။

"လေး ဘယ်တုန်းက ပြန်ရောက်တာလဲ"

မူးနေသူတို့၏ထုံးစံအတိုင်း အသံက မသဲကွဲ။

"ကိုယ်က ဘယ်သွားလို့ ပြန်ရောက်ရမှာလဲ"

"မိန်းမတစ်ယောက်နဲ့ လက်ချင်းတွဲပြီး ဒီမျက်စိရှေ့ကြီးကနေ ထွက်သွားတာလေ"

သူမ မျက်လုံးများကို လက်ညှိုးထိုးပြရင်း ပြောပြန်၏။ လေးနက် သိလိုက်ပြီ။ ချောချောက သူ့လက်ကိုဆွဲပြီး ခေါ်ထွက်သွားလို့ ချမ်း သူ့ကို စိတ်ဆိုးနေတာပဲ။ ဒါပေမဲ့ အဲဒီအတွက်နဲ့ ဒီလောက်မူးအောင်သောက်တာကတော့ မဟုတ်သေးပါဘူး။

"မင်း မူးရူးနေတာ ဘယ်လိုကောင်ဘေးမှာလဲ သိလား"

"ဘာဖြစ်လဲ ရှင်တောင် တခြားမိန်းမတစ်ယောက်နောက် လိုက်သွားသေးတာပဲ၊ ချမ်းကရော တခြားအကောင်တစ်ကောင်နဲ့ အတူတူ သောက်လို့ မရဘူးလား"

သူ ထောင်းခနဲ ဒေါသထွက်သွားသည်။ ဒါက ငြင်းယှဉ်ပြီး ပြောရမယ့်ကိစ္စလား။





မျှုးတာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ်မင်း ဘာထင်နေလဲဟင် ချမ်း၊ ငါထွက်သွားတာက သူငယ်ချင်းနဲ့ကွ မင်းကတော့ ဘယ်ကမှန်းတောင်မသိတဲ့ အကောင်တစ်ကောင်နဲ့တွဲပြီး အတူတူသောက်နေတာ"

"အဲဒီတော့ ဘာဖြစ်လဲ"

ချမ်းက သူ့ကိုပေစောင်းစောင်းကြည့်လျက် အော်ပစ်လိုက်တော့ သူ့စိတ်တွေ မထိန်းနိုင်ဖြစ်သွား၏။

"အေး ငါတို့သာ မင်းကို အချိန်မီ ရှာမတွေ့ခဲ့ရင် တစ်ခုခု ဆိုးဆိုးရွားရွားဖြစ်တော့မှာကွ၊ အဲဒါကို သိလား"

"အခု ဘာမှမဖြစ်ဘူးလေ၊ ရှင် ချမ်းကို ဒေါသတကြီးအော်နေတာတွေ ရပ်လိုက်တော့"

"မင်း မင်း ဘယ်လိုမိန်းကလေးလဲကွာ၊ တော်တော် ပေါ့ပျက်ပျက်နိုင်တာပဲ"

သူမ ပခုံးနှစ်ဖက်ကို ဆောင့်ဆွဲကိုင်လှုပ်ပစ်ရင်း သူ ပေါက်ကွဲစွာ ပြောမိသွားသည်။ မူးဝေမှေးစင်းနေသော မျက်ဝန်းလေးတွေ ချက်ချင်းပင် တည်ငြိမ်ဝိုင်းစက်သွားပြီး သူ့ကိုအကြောင်သား ငေးကြည့်နေ၏။ သူ ဒေါသဖြစ်ဖြစ်နှင့် အသက်ကိုပင် ပြင်းပြင်းရှူနေရသည်။ သူမကိုလည်း မျက်နှာလွှဲပစ်လိုက်၏။

ချမ်းထံမှ ဟက်ခနဲ ရယ်သံသဲ့သဲ့လေး ကြားရသည်။ နောက်တစ်ဆက်တည်း ကြားလိုက်ရတာက ကားတံခါးဖွင့်ပြီး ဆင်းသွားသံ၊ ဒီတစ်ခါတော့ သူ စိတ်ဆိုးဆိုးနှင့် လိုက်မခေါ်ဖို့ ဆုံးဖြတ်လိုက်သည်။ ဒီမိန်းကလေးကို တစ်ခါလောက်တော့ မှတ်လောက်သားလောက် လုပ်ပေးဦးမှပါ။ သူ အလို





ကိုလွန်းတော့ တဖြည်းဖြည်း ပိုဆိုးချင်နေသည်။

စိတ်က အဲဒီလို ဆုံးဖြတ်လိုက်ပေမယ့် လူကတော့ သူမထွက် သွားသည့်နောက်ကို လိုက်ကြည့်နေမိသည်။ တက္ကစီတစ်စီးငှားပြီး တက် သွားတာမြင်မှ သူ စိတ်ချလက်ချနှင့် ကားပေါ်မှ ဆင်းလိုက်သည်။ ကလပ်ထဲ မှ ထွက်လာကာ သူ့နားသို့ ရောက်လာသော ကောင်းမြတ်ရယ် ဖိုးချိုရယ် ကြည်သာရယ်ကို မတတ်နိုင်ဘူးဆိုသည့် အမူအရာမျိုး ပခုံးတစ်ချက်တွန့်ပြ လိုက်၏။

"မင်းသူ့ကိုတစ်ယောက်တည်း လွှတ်လိုက်တာလား"

ကြည်သာက ထွက်သွားသော တက္ကစီလေးကို လက်ညှိုးထိုးပြီး မေးသည်။

"အိမ်ပြန်မှာပဲဟာကို ဘာစိတ်မချစရာရှိလဲ၊ တစ်ခါတလေ ဒီ ကလေးမကို နည်းနည်းတော့ ဆုပေးမှဖြစ်မယ်၊ မဟုတ်ရင် သိပ်ဆိုးချင် နေတာ"

"ဒီလိုဆိုတော့ ငါတို့ရဲ့ညဘက်စားပွဲသောက်ပွဲကြီးက ပျက်စီး သွားပြီလား"

ကောင်းမြတ်က မျက်စိမျက်နှာပျက်ချင်ဟန်ဆောင်ပြီး အတည် ကြီးမေးလာတော့ သူက ပခုံးကို လှမ်းဖက်ထားလိုက်ရင်း

"ငါတို့လည်း ဒီညတော့ စိတ်ကြိုက်သောက်ကြတာပေါ့ကွာ"

နောက်ဆုံးတော့ သူတို့လေးယောက်ရဲ့ခြေလှမ်းများက။

■ ■ ■

ခေါင်းထဲမှာ ရီဝေမူးနောက်နေခြင်းတွေထက် လေးနက်တဲ့ ချမ်း



www.burmeseclassic.com

www.burmeseclassic.com



ကို ဆက်ဆံလိုက်သည့် ပုံစံက ပိုပြီးခံစားရခက်နေစေ၏။ ချမ်းကိုဆို ဘယ် တော့မဆို ဦးစားပေးဆက်ဆံတတ်သောသူက ခုတော့ ရက်ရက်စက်စက် လုပ်ရက်သည်။ မူးနေမှန်းသိရဲ့သားနဲ့ တစ်ယောက်တည်း တက္ကစီငှားပြီး ပြန်လာတာကို နည်းနည်းလေးမှ တားဖော်မရသည့်အပြင် ဖုန်းလေးတစ်ချက် တောင် လှမ်းမဆက်။

သူ ချမ်းကို တကယ်ပဲ တစ်ယောက်တည်း လွှတ်လိုက်နိုင်တယ် ဝမ်းနည်းမှုကြောင့် မျက်ဝန်းမှာ မျက်ရည်စတွေ ရစ်သီဖွဲ့လာသည်။ ပြီးတော့ ပေါ့ပေါ့ပျက်ပျက်နေတတ်သော မိန်းကလေးတစ်ယောက်ဆိုသော စွပ်စွဲချက် ဖြင့် ချမ်း နှလုံးသားတွေကို နာကျင်စေခဲ့သေးသည်။ တကယ်ပဲ လေးနက် ရဲ့အမြင်မှာ ချမ်းက ပေါ့ပျက်ပျက်မိန်းကလေးတစ်ယောက်လား။ ဒါမှမဟုတ် ချမ်းကိုယ်တိုင်ကပဲ တကယ်ကြီး ပေါ့ပေါ့လေး နေထိုင်နေခဲ့မိတာလား။

"ဒုန်း"

"အ"

ကားနောက်ပိုင်းကို ပြင်းပြင်းထန်ထန် ဝင်ဆောင့်ခံလိုက်ရသည့် အသံနှင့်အတူ နောက်ခန်းမှာထိုင်နေသော သူမလည်း ရှေ့ကဒရိုင်ဘာ ထိုင်ခုံကို ခေါင်းနှင့်ဝင်ဆောင့်မိသွား၏။ သူမ ငှားစီးလာသော အငှားယာဉ်က မီးပွိုင့်မိလို့ ရပ်ထားတာကို နောက်ကကားက ဘရိတ်လွန်ကာ ဝင်တိုက်လိုက် ခြင်းဖြစ်သည်။

ဒရိုက်ဘာဖြစ်သူက ကားအောက်ဆင်းသွားပြီး နောက်ကား မောင်းလာသူနှင့် စကားပြောနေသည်။ သူမကတော့ ကားပေါ်ကနေသာ ထိုင်လျက် စောင့်ကြည့်နေမိ၏။ နာကျင်သွားသော လက်တစ်ဖက်ကို လည်





ပွတ်သပ်နေမိသည်။ ရှေ့ခုံကိုဝင်ဆောင့်မိတာကတော့ ခေါင်းနဲ့ပါ၊ ဆောင့်မိပြီး ပြန်ကန်ထွက်လာသော အရှိန်နှင့် ဘေးဘက်ပြတင်းဘောင် လက်နှင့်ရိုက်မိသွားသောကြောင့် လက်ပါ နာကျင်သွားရခြင်းဖြစ်သည်။

ဝင်တိုက်သည့် နောက်ကားက အိမ်စီးကားအဖြူရောင်လေး ဖြစ် သည်။ မောင်းလာသူကလည်း ချမ်းတို့နှင့်ရွယ်တူလောက်သာရှိမည့် အသား ညိုညို ယောကျ်ားပီသသော ဖွဲ့စည်းပုံအချိုးအစားနှင့် ကောင်လေးတစ် ယောက်ဖြစ်သည်။

"အစ်ကိုတို့ဘက်က နစ်နာသွားတာကို ကျွန်တော် တာဝန်ယူ ပါ့မယ်။ ရုံးရောက်ဂတ်ရောက်တော့ ကျွန်တော်လည်း မဖြစ်ချင်ပါဘူး။ ဒီမှာ ကျွန်တော့်ရဲ့လိပ်စာကဒ်၊ ကားကို အားလုံးပြင်ဆင်ပြီးသွားရင် ကျွန်တော့်ဆီ ဆက်ခေါ်လိုက်ပါနော်"

ချမ်း စီးလာသော ကားကိုမောင်းသည့် ဦးလေးကြီးကလည်း ရုပ်ရည်အထိုင် အေးဆေးသူလားတော့မသိ။ ထွေထွေထူးထူး ပြဿနာ လုပ် မနေတော့ဘဲ လိပ်စာကဒ်လေးကို လှမ်းယူထားလိုက်ပြီး ကားထဲ ပြန်ဝင် ထိုင်လိုက်၏။ အဲဒီအချိန်မှာပဲ ထိုနောက်ကားမှလူက ချမ်းရဲ့ ပြတင်းပေါက် ဘက်ကို ကပ်လာကာ

"ဒီကရော ဘာများထိခိုက်သွားသေးလဲ မသိဘူးဗျ"

"ဩော် ရပါတယ်၊ ချမ်း ကြီးကြီးမားမား ဘာမှမဖြစ်ပါဘူး။ ခေါင်းနဲ့ရိုက်မိပြီး လက်လေးနည်းနည်းနာသွားရုံပါ"

"ဟာ ဒါဆို ဆေးခန်းတွေဘာတွေ သွားဖို့"

"မလိုပါဘူးရှင်၊ ဒီလောက်မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းက အပြုံးလေးနှင့်ပင် ပြောလိုက်သည်။ သူ့ဘက်က အမှားကိုသိပြီး အေးအေးလူလူ တာဝန်ယူတတ်သည့်လူမို့ ချမ်း စိတ်ထဲမှာ ဘာမှဆိုးဆိုးရွားရွား မခံစားမိ။

"ကျွန်တော့်နာမည်က ခန့်ညားပါ၊ ဒီမှာ ကျွန်တော့်ရဲ့လိပ်စာကဒ် ယူထားလိုက်ပါနော်"

ဒရိုင်ဘာဦးလေးကြီး ပေးလိုက်သည့် ကဒ်လေးအတိုင်း ချမ်းထံသို့လည်း တစ်ကဒ်လှမ်းပေး၏။

"ချမ်း ဘာမှမဖြစ်ပါဘူး"

"ယူထားလိုက်ပါ၊ လိုရမယ်ရပေါ့၊ အခု ဘာမှမဖြစ်ပေမယ့် နောက်တစ်ရက်လောက်နေတော့ တစ်ခုခုဖြစ်မလာဘူးလို့ မပြောနိုင်ဘူးလေ၊ ပြီးတော့ ဒီကရဲ့ဖုန်းနံပါတ်လေးရော သိရမလားခင်ဗျာ"

"ဟင် ဘာလုပ်ဖို့တုန်း"

သူ ကမ်းပေးနေသော ကဒ်လေးကို လှမ်းယူလိုက်ရင်း ချမ်း ကြောင်တောင်တောင်နှင့် ပြန်မေးမိသည်။ သူ့ပုံစံက နောက်နေသည့်ပုံလည်း မပေါက်ပါ။

"ကျွန်တော် ဖုန်းဆက်ပြီး ဒီကအခြေအနေလေး မေးရအောင်လို့ပေါ့"

"အို အဲဒီလောက် မဟုတ်ပါဘူးဆို"

"ကျွန်တော့်ကို တာဝန်မဲ့သူတစ်ယောက်ဖြစ်အောင် မလုပ်ပါနဲ့ဗျာ"

ဒီလူ တော်တော်ပြောရခက်ပါလား။ ချမ်း သူ့ကို ပေစောင်း





စောင်းလေး ပြန်ကြည့်လိုက်မိသည်။ ဒီမီးပွိုင့်ကလည်း ကြာလိုက်တာ။

"ကျွန်တော့်ပုံစံက အနှောင့်အယှက်ပေးမယ့်သူပုံများ ပေါက်နေလို့လား။ ဒီက ဖုန်းနံပါတ်လေးပေးဖို့ကို ဒီလောက် ငြင်းနေတာ"

"အဲဒီလို မဟုတ်ပါဘူး"

ဝတ်စားထားတာလည်း သပ်သပ်ရပ်ရပ်။ မျက်နှာပုံကလည်း ကျကျနန။ စကားပြောပုံလေးကလည်း ကောင်းကောင်းမွန်မွန်မို့ လူရမ်းကားတစ်ယောက်ပုံ တစ်စက်မှမပေါက်တာတော့ သေချာပါသည်။

"ကျွန်တော့်ရဲ့တာဝန်သိတတ်မှုကို အသိအမှတ်ပြုတယ်ဆို ဖုန်းနံပါတ်လေး တစ်ဆိတ်လောက် မစပါနော်"

ဒီလူ့ပုံကြည့်ရတာ ချမ်း ဖုန်းနံပါတ်မရရင် ကားတောင်ထွက်နိုင်များ ပေးပါ့မလား။

"ဘောပင်ပေး"

ဆောင့်ဆောင့်အောင့်အောင့် ပြောလိုက်သောချမ်း စကားအဆုံးမှာ သူက ဝမ်းသာအားရနှင့် သူ့ကားဆီအပြေးသွားပြီး ဘောပင်တစ်ချောင်း ယူလာခဲ့သည်။ သူ ပေးထားသော လိပ်စာကဒ်အနောက်ဘက်မှာပင် ချမ်းက ဖုန်းနံပါတ်ရေးပေးပြီး သူ့ကို ပြန်ပေးလိုက်၏။

"ဒီလိပ်စာကဒ်ကိုတော့ ချမ်း လိုမယ်မထင်ပါဘူး"

သူက ဘာမှထပ်ပြောမနေဘဲ ကဒ်ပြားလေးကို လှမ်းယူလိုက်သည်။ ချမ်းဆီက ဖုန်းနံပါတ်ရတာကို တော်တော်လေး ပျော်ရွှင်ကျေနပ်နေသည့်ပုံမျိုးနှင့် နှုတ်ခမ်းများက ပြုံးရယ်နေကြသည်။

"တီ တီ တီတီ တီ"



www.burmeseclassic.com

www.burmeseclassic.com



ဆုညံသွားသော ကားသံများကြောင့် ရှေ့ကိုလှမ်းကြည့်လိုက်
တော့ မီးပွိုင့်က စိမ်းနေပြီ၊ ချမ်းတို့ကားနှစ်စီး မထွက်နိုင်သေးသဖြ
နောက်ကားများက အချက်ပေးနေကြသည်။

"ကျွန်တော် ဖုန်းဆက်လိုက်မယ်နော်"

သူ့ကားဆီ အပြေးကလေး ပြန်သွားရင်း ပါးစပ်ကလည်း ခပ်ကျ
ကျယ် အော်ပြောသွားသော ထိုလူ့ကိုကြည့်ပြီး ချမ်းကတော့ နှာခေါင်းသေ
ရှုံ့လိုက်မိသည်။ ဘယ်လိုလူမှန်းကို မသိပါဘူး။ သူ့ကြောင့် မူးနေ
တွေတောင် ဘယ်ပျောက်သွားမှန်းမသိ။

■ ■ ■

အိမ်ပြန်ရောက်ပြီဆိုတာနှင့် အိပ်ရာပေါ် ဘုန်းခနဲ ပစ်လှဲ
ငြိမ်သက်နေမိသည်။ လေး တကယ်ပဲ ချမ်းကို စိတ်ဆိုးသွားပြီလား။ စိ
ဆိုးသွားလို့လည်း ချမ်းတစ်ယောက်တည်း ပြန်လွှတ်လိုက်ပြီး ခုချိန်
ဖုန်းလေးတစ်ချက်တောင် မဆက်ခဲ့တာပေါ့။ ချမ်းဘက်ကလည်း စဆေ
ဖို့ဆိုတာ လက်တွန့်နေမိသည်။

သူ ပြောခဲ့တဲ့စကားတစ်ခွန်းကို နားထဲက မထွက်နိုင်လို့ ပေ
'မင်း ဘယ်လိုမိန်းကလေးလဲ၊ တော်တော်ပေါ့ပျက်ပျက်နိုင်တာပဲ' တဲ့။ ချမ
နင့်နေအောင် ခံစားရပါသည်။ နာကျင်ရတာချည်းသက်သက် မဟုတ်
ဝမ်းနည်းခြင်းတွေပါ အဆစ်ပါဝင်နေသော ခံစားမှု။

သူ့ဆီက ဒီလိုမျိုး ဝမ်းနည်းနာကျင်စရာကောင်းသည့် စကား
မျိုးတွေ မကြားခဲ့ရဖူးတာမို့ ဒီတစ်ခါတော့ ချမ်း တော်တော်လေး စိ
မကောင်းဖြစ်နေမိသည်။ တွေးနေရင်းနဲ့ မျက်ရည်တွေက နားထင်ဆီ ပြ





နှန်းစီးဆင်းသွားရင်း ဆံပင်တွေထဲထိပါ ဝင်ရောက်ကုန်ပြီ။ မတတ်နိုင်။
ငိုမိအောင်လည်း ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်လို့မရ။ ငိုပြီးရင်း ငိုနေမိတာ
ဘယ်အချိန်မှာ အိပ်ပျော်သွားမှန်းပင် မသိလိုက်ဘဲ ကျယ် ကျယ်လောင်
လောင် ထမြည်လာသော ဖုန်းသံကြောင့်သာ သူမ ပြန်နိုးလာခဲ့သည်။

အိပ်ချင်မူးတူးနှင့် ငုတ်တုတ်ထထိုင်လိုက်ပြီး ဖုန်းလေးကို လှမ်း
ယူလိုက်သည်။ အဲဒီအချိန်မှာပဲ နံရံမှ နာရီလေးက အချက်ပေးသံနှစ်ခါ
တိတိ ထမြည်၏။ ဒါဆို ညနှစ်နာရီတောင် ထိုးပြီပေါ့။ ဒီအချိန်ကြီး ဘယ်သူ
များ ဖုန်းဆက်တာပါလိမ့်။

ဟင် လေးနက်ပဲ။ သူ သူ ချမ်းဆီကို အခုကျမှ ဖုန်းဆက်ရ
သလား။

"ဟယ်လို"

ဆောင့်ဆောင့်အောင့်အောင့် ထွက်လာသော ချမ်းအသံကို သူ
နားနဲ့ဆတ်ဆတ်ကြားလိုက်ရတော့ မျက်နှာလေးကိုပါ ချက်ချင်းတွေ့ မြင်ချင်
စိတ်တွေ တဖွားဖွားပေါ်လာမိ၏။ ညနေတုန်းက ဘာလို့များ စိတ်လိုက်
မာန်ပါနဲ့ ချမ်းကို တစ်ယောက်တည်း လွှတ်လိုက်မိတာပါလိမ့်။

"ချမ်း ဘယ်မှာလဲဟင်"

"ကျွန်မဘာသာ ကျွန်မ ဘယ်မှာဖြစ်ဖြစ် ရှင်ကြီးနဲ့ ဘာဆိုင်
လဲ"

"ကိုယ့်ကို စိတ်ဆိုးနေတာ မဟုတ်လား"

ညနေတုန်းက အဖြစ်အပျက်အတွက် သူ ချမ်းကို စိတ်ရှည်
သက်ရှည် ချော့မော့ဖို့ ဆုံးဖြတ်ပြီးသားပါ။ ဟိုကောင်တွေနဲ့ ဘီယာဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



သောက်စားနေရပေမယ့် သူ နည်းနည်းလေးမှ စိတ်မပျော်ခဲ့။ စိတ်ထဲ
တစ်ချိန်လုံး ချမ်းထံသို့သာ ရောက်နေမိသည်။ ဒါပေမဲ့ သူငယ်ချင်း
ရှေ့မှာမို့ မာနလေးက တင်းခံပြီး ဣန္ဒြေမပျက် နေခဲ့ရခြင်းဖြစ်၏။

ကိုယ့်သူငယ်ချင်းတွေနဲ့ ပထမဆုံး မိတ်ဆက်ပေးသည့်နေ့
သူမက တခြားယောကျ်ားတစ်ယောက်နှင့်အတူ မူးနေခဲ့တာကို။ ကိုယ်
ကတော့ ချမ်းအကြောင်းတွေကို အကုန်အကောင်းတွေချည်းပဲ ကြွား
ခဲ့ရတာ။ သူမက လုပ်လိုက်မှဖြင့် အဲဒီလိုတွေချည်းဆိုတော့ အား
ပေါင်းပြီး စိတ်တိုသွားခဲ့မိတာ။

ကောင်းမြတ်တို့နဲ့တူတူရှိနေတဲ့ တစ်ချိန်လုံး စိတ်ကိုတင်း
ခဲ့ရပေမယ့် အားလုံး အိမ်အသီးသီး ပြန်သွားသည့်နောက်မှာ သူ
လက်မထိန်းသိမ်းနိုင်တော့ဘဲ ချမ်းဆီကို ဖုန်းဆက်မိသည်။

"ဘာလို့ စိတ်ဆိုးရမှာလဲ၊ ကျွန်မလို ပေါ့ပျက်ပျက်မိန်းက
ကို ချစ်သူတော်ထားပေးခဲ့တဲ့ ရှင့်ကို ပြန်ပြီးတောင် ကျေးဇူးတင်နေမိ
တာ"

"ကလေး ကိုယ့်ကို မရွဲ့နဲ့ကွာ"

"မရွဲ့ပါဘူး ,နည်းနည်းမှမရွဲ့ဘူး။ ကျွန်မ အတည်တွေပြော
တာ၊ ရွဲ့လည်းမရွဲ့ဘူး။ မူးလည်းမမူးဘူး။ တကယ့်ကို အကောင်းကြီး

မရွဲ့ဘူးဆိုသည့် ချမ်းရဲ့စကားတွေက တကယ့်ကို အရွဲ့တိုက်
နေတာပဲမို့ သူ သဘောတကျနှင့် ရယ်မောလိုက်မိသည်။

"ရယ်ပေါ့ ရှင်က လုပ်ချင်တာတွေလုပ်၊ သူများတကာကို
နည်းအောင်လုပ်၊ ပြီးရင် ရယ် သိလား။ အားရပါးရရယ်"





ဒေါသတကြီးနှင့်အော်လိုက်သော ချမ်းအသံလေးကိုလည်း သူ
ချစ်တာပါပဲ။ ကလေးဆန်လွန်းတဲ့ ကောင်မလေးကို သူ ဘယ်လိုစိတ်မျိုး
နဲ့ ပစ်ပယ်ထားခဲ့မိတာလဲ။ သူ တော်တော်ဆိုးတဲ့ကောင်ပါ။

"ကိုယ် မင်းကိုတွေ့ချင်လိုက်တာ"

"တွေ့ချင်ရအောင်လို့ ရှင် နာရီတွေဘာတွေရော ကြည့်မိရဲ့လား"

"အချိန်မတော်ဘူးဆိုတာ သိပါတယ်၊ ဒါပေမဲ့ ကိုယ် ခုချိန်ထိ
အိမ်ပြန်မရောက်သေးဘူး"

"ဘာ"

"ဟုတ်တယ် ဟိုကောင်တွေနဲ့ သောက်နေတာ၊ ခုနကမှ အိမ်
ပြန်ကြတယ်လေ"

"ဟွန်း ချမ်းကိုပစ်ထားပြီး အားလုံးပျော်နေကြတာ"

လေးနက်ဆီက ဖုန်းမှန်းသိလိုက်ရသည့်အချိန်မှာ ချမ်း ဝမ်းနည်း
နေတာတွေ နာကျင်နေတာတွေအားလုံးကို ခဏတာမေ့ပျောက်သွားလျက်
လှိုက်ခနဲ ပျော်သွားမိတာ။ အခုမှပင် ပြန်ပြီး ဝမ်းနည်းလာမိ၏။ အရွဲ့တိုက်
စကားတွေလည်း မပြောဆိုနိုင်တော့။

တကယ်ဆို ချမ်း မရှိလည်း သူက အေးအေးဆေးဆေး သာ
သာယာယာပဲလေ။ ချမ်းကသာ တစ်လျှောက်လုံး ဝမ်းနည်းနာကျင်နေရ
တာမဟုတ်လား။

"ချမ်းကို ပစ်ထားတာ မဟုတ်ပါဘူးကွာ၊ ချမ်းမပါဘဲ ကိုယ်
ပျော်နေတယ်ဆိုတာလည်း တကယ်မဟုတ်ဘူး"

"နေပါ ခုမှ လာပြောမနေနဲ့၊ သောက်စားပျော်ပါးပြီး အိမ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လို့ ဘာမှလုပ်စရာမရှိတော့မှ ချမ်းကို သတိရတာများ''

ပြောနေရင်းနှင့် သူမ ဆို့နင့်လာကာ မျက်ရည်များပင် ဝဲလာမိသည်။ ဒီနေ့တော့ အချစ်က ငိုစရာတွေပဲ လက်ဆောင်ပေးနေ၏။

''နေပါဦး ချမ်းရဲ့၊ အခု ကိုယ်က အိမ်ပြန်ရောက်နေပြီလို့ ချမ်းကို ဘယ်သူပြောတာလဲ''

''သူပဲပြောပြီးတော့၊ ခုမှ အိမ်ပြန်ကြတယ်ဆို''

''ငိုနေတာလား ချမ်း''

သူ အထိတ်တလန့် မေးမိသည်။ အခုတောင် စကားပြောနေရင်း တငိုငိုဖြစ်နေသော ချမ်း ညနေတည်းကဆို တစ်ယောက်တည်း ဘယ်လောက်တောင်များ ငိုကြွေးခဲ့ပြီးပြီလဲ။

''ဟုတ်တယ် ငိုနေတာ၊ မငိုရဘူးလား ငိုတော့ဘာဖြစ်လဲ''

အခုမှပင် တကယ့်ကို ငိုသံပါကြီးဖြင့် ပြောလိုက်သော ချမ်းအသံကြောင့် သူ ပိုလို့ပင် စိတ်မကောင်းဖြစ်သွားမိသည်။

''မငိုပါနဲ့ ချမ်းရယ်''

''ငိုမှာပဲ ရှင်က ချမ်းတစ်ယောက်တည်း ထားခဲ့ပြီး တခြားမိန်းမတစ်ယောက်နဲ့လည်း ထွက်သွားသေးတယ်၊ ကိုယ့်ချစ်သူရဲ့သဝန်တိုမှုကိုလည်း နည်းနည်းမှ နားလည်မပေးဘူး။ ရှင့်ကိုမုန်းတယ် သိလား''

''ကိုယ့်ကို မုန်းတယ်ဆိုတဲ့စကားမျိုးတော့ နောက်ထပ်ဘယ်တော့မှ မပြောပါနဲ့ကွာ၊ ပြီးတော့ အခု ကိုယ် ဘယ်မှာလဲ သိလား''

''အိမ်မှာ မဟုတ်ဘူးလား''

သူ သဘောတကျနှင့် မိန့်မိန့်ကြီး ပြုံးလိုက်မိသည်။





''ချမ်းကို အရမ်းတွေ့ချင်လို့ အခုချမ်းတို့အိမ်အောက်မှာ ကားရပ်ပြီး ဖုန်းဆက်လိုက်တာ''

''ဟင် တကယ်''

ချက်ချင်းလိုလိုပင် ဝရန်တာမှာပေါ်လာသော ချမ်းပုံရိပ်လေးကြောင့် သူကိုယ်တိုင်လည်း ကြည်နူးသွားမိသည်။ ပြတင်းတံခါးကနေလက်တစ်ဖက်ထုတ်ပြ နှုတ်ဆက်တော့ သူမ မျက်နှာပေါ်မှာ ဖြစ်ထွန်းသွားတဲ့ အပြုံးလေးကြောင့် အိမ်တန်းမပြန်ဖြစ်ဘဲ ချမ်းဆီလာလိုက်တာ သိပ်မှန်ကန်သော ဆုံးဖြတ်ချက်မှန်း ကိုယ့်ဘာသာ လက်ခံလိုက်ရ၏။

''အဲဒါ ဘာလုပ်နေတာလဲ''

''ဟိတ် ကောင်မလေး ကိုယ့်ကိုမြင်လိုက်လို့ မင်းပျော်သွားတာ မသိဘူးများ ထင်နေလား။ အပိုတွေ မေးမနေနဲ့တော့''

ထိုအခါမှ ပါးပြင်ထက်က မျက်ရည်တွေကို လက်နှင့်ပွတ်သုတ်ပစ်လျက် သူမ လွတ်လပ်စွာ ရယ်မောနိုင်သွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူမ ချစ်သူက သူမနားမှာရှိနေသေးဆဲပဲ မဟုတ်လား။ ဘာတွေကို ဒီလောက်ဝမ်းနည်းနေရဦးမှာလဲ။

''ကိုယ်လေ အခု ချမ်းကို ရင်ခွင်ထဲထည့်ပြီး ငြိမ်ငြိမ်လေး နေချင်တယ်''

''ဟော့လူကြီး မူးနေရင်လည်း အေးအေးဆေးဆေး အိမ်တန်းပြန်နော်၊ မဟုတ်တာတွေ မတောင်းဆိုချင်နဲ့''

''ကိုယ် အများကြီး မသောက်ထားပါဘူးကွာ၊ မယုံရင် လာနမ်းကြည့်''

www.burmeseclassic.com

www.burmeseclassic.com



"သွား၊ ဘာမှန်းလည်း မသိဘူး"

သူမက သွားလို့ ပြောပေမယ့် မသွားနိုင်သေးဘဲ ဝရန်တာလေးဆီ မျှော်ကြည့်ငေးနေမိတော့ နောက်ဆုံး သူ့နားသို့ ချမ်း တကယ်ပင် ရောက်လာခဲ့သည်။ သူ့အလိုဆန္ဒတွေဆို ဘယ်တော့မှ မငြင်းဆိုနိုင်ရှာသည့် ချမ်းကို လေးနက် ပိုလို့တောင် တိုးချစ်မိပါသေး၏။

"ချမ်း အဆူခံရမှာလား"

"သိသွားရင်တော့ အဆူခံရမှာပေါ့၊ အခုက အန်တီမေ အိပ်ပျော်လို့ အိပ်မောကောင်းကောင်းကျနေတဲ့အချိန်ကြီး။ မသိအောင် ခိုးဆင်းလာတာပေါ့"

သူ့ကြောင့် အရဲစွန့်ပြီး ခိုးထွက်လာသည့် ချစ်သူလေးကို ရင်ခွင်ထဲမှာ ဆွဲဖက်ထားလိုက်မိသည်။ ချမ်းကလည်း မရုန်းဘဲ ပိုလို့တောင် တင်းတင်းကျပ်ကျပ် ပြန်ဖက်ထားတာမို့

"ဒါနဲ့ ညနေတည်းက အဝတ်အစားက ခုထိ မလဲသေးဘူးလား"

ချမ်း နှုတ်ခမ်းလေးစူလျက် သူ့ကို ပေစောင်းစောင်း ကြည့်သည်။

"ဘယ်လဲနိုင်မလဲ၊ ပြန်ရောက်တည်းက ငိုရင်းငိုရင်း ဒီတိုင်း ကြီး အိပ်ရာထဲမှာ အိပ်ပျော်သွားတာ၊ အခု လေး ဖုန်းသံကြောင့် လန့်နိုးလာတာပဲ"

"ချမ်းရယ် ကိုယ့်ကိုသိပ်ချစ်လား"

"ချစ်မှန်းသိလို့လည်း ရှင် အနိုင်ကျင့်တာမဟုတ်လား"





"အနိုင်ကျင့်တယ်လို့တော့ မပြောပါနဲ့၊ ကိုယ် တစ်ချက်ကလေး စိတ်တိုသွားမိတာပါ"

"ဟွန်း၊ ရှင့်ကြောင့် ချမ်းမှာ ကိုယ့်ဘာသာပြန်ရင်း အက်ဆီးဒင့်တောင် ဖြစ်တယ်"

"ဘယ်လို ဘာဖြစ်တယ် ချမ်း"

ချမ်း မျက်နှာလေးကို အငမ်းမရကြည့်ရင်း သူ ထိတ်လန့်စွာ မေးမိသည်။

"အဟင်း၊ အဲဒီလို စိတ်ပူတဲ့ပုံကို မြင်ချင်နေတာ"

"ဘာ ချမ်း နောက်နေတာလား"

"နောက်နေတာတော့ မဟုတ်ပါဘူး။ ကားအက်ဆီးဒင့်က တကယ်ဖြစ်တာ၊ ချမ်း စီးသွားတဲ့ တက္ကစီကို နောက်ကဝင်တိုက်တာလေ"

"ချမ်း ဘာဖြစ်သွားသေးလဲဟင်"

ချမ်း တစ်ကိုယ်လုံးကို အထက်အောက်ဝေ့ဝဲကြည့်ရင်း သူ စိတ်ပူစွာ မေးသည်။

"ချမ်းက ဘာမှမဖြစ်လို့ အခု လေးရှေ့မှာ တွေ့နေရတာပေါ့"

"ကိုယ့်ကိုခွင့်လွှတ်ပါ ကလေးရယ်"

အစကတော့ နောက်ကနေ ကားနဲ့ဝင်တိုက်သည့်လူအကြောင်း ပြောပြဦးမလို့ပါ။ ဒါပေမဲ့ ဖြတ်ခနဲ ကျရောက်လာသည့် သူ့အနမ်းတွေကြောင့် ချမ်းနှုတ်ခမ်းလေးတွေ အလုပ်များသွားသည်။

ချစ်တယ်နော် လေးနက်၊ ချမ်းကို ဘယ်တော့မှ ထားမသွားနဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ဒီရက်ပိုင်း ချမ်း အပြင်သိပ်မထွက်ဖြစ်။ အိမ်ထဲမှာအောင်းပြီး စာရေးနေမိသည်။ လေးရဲ့ အားပေးစကားတစ်ခွန်းကြောင့်လည်း ခုလိုမျိုး စာတွေဆက်ရေးဖို့ အားတက်ခဲ့ရတာပါ။ အပြင်သိပ်မထွက်ဖြစ်ဘူးဆိုပေမယ့်လည်း လေးနဲ့ပုံမှန်တွေ့သည့်အချိန်မျိုးတွေကိုတော့ ချမ်း အထိနိုက်မခံ။

ဆိုင်ပိတ်ပြီးပြီဆိုရင် လေးကလည်း ချမ်းဆီရောက်အောင် လာသည်။ များသောအားဖြင့်ကတော့ ထိုင်နေကျ ကော်ဖီဆိုင်မှာထိုင်ပြီး စကားတွေပြောရင်း အချိန်တွေကို ကုန်လွန်စေခဲ့တာ။ တစ်ခါတလေ လေး မရောက်သေးခင် သူမ ကြိုရောက်နေလျှင်လည်း အိတ်ဆောင် ကွန်ပျူတာလေးနှင့် တစ်ယောက်တည်း စာရေးနေဖြစ်သည်။

ဒီညလည်း ကော်ဖီဆိုင်မှာ လေးနက်ကိုစောင့်ရင်း ချမ်း တစ်ယောက်တည်း ကွန်ပျူတာလေးနှင့် အလုပ်ရှုပ်နေတုန်း ဆိုင်ရှင်အမျိုး သမီး ရောက်လာကာ

"ကောင်လေး မလာသေးဘူးလား ညီမ"

ချမ်းတို့အကြောင်းကို သိနေပြီဖြစ်သော ထိုအမျိုးသမီးက ပြုံးပြုံးရွှင်ရွှင် မေးလာသည်။

"ဒီည နည်းနည်းနောက်ကျမယ်လို့ ခုပဲ ဖုန်းဆက်တယ်လေ၊ ဆိုင်မှာ ဝယ်သူတွေကျနေလို့တဲ့"

"ညီမကို အစ်မ ပေးစရာလေးတစ်ခုရှိတယ်"

ပြောပြီး စားပွဲပေါ်တင်လိုက်သော လိပ်စာကဒ်လေးတစ်ခု။

"ဒါ ဘာလဲ အစ်မ"

"ညီမက ဒီမှာလာထိုင်ပြီး စာရေးရေးနေတာတွေ့တော့ မနက်





က လူတစ်ယောက် အစ်မကို လာမေးတယ်၊ ညီမကို ဒီဆိုင်မှာတွေ့ပြီး သတိထားမိနေတာကြာပြီတဲ့၊ စာရေးဆရာလားတဲ့၊ အစ်မကလည်း ဒီတိုင်းဝါသနာရှင်ပါလို့ ပြောပြပေးလိုက်တော့ သူ့ကို ဆက်သွယ်နိုင်းပါဆိုပြီး ဒီလိပ်စာကဒ်လေး ပေးသွားတာပဲ"

ချမ်း တအံ့တသြဖြစ်လျက် စားပွဲပေါ်မှာရှိနေသော ကဒ်ပြားလေးကို ယူကြည့်လိုက်သည်။

ဟင် ခုနက အံ့သြတယ်ဆိုတာထက် ပိုလို့ အံ့သြစရာကောင်းတာက ဒီလိပ်စာကဒ်ပြားလေးကို ချမ်း မြင်ဖူးနေခဲ့လို့ပါ။ ပြီးတော့ မှတ်မိလွယ်သည့်နာမည်။ ခန့်ညား ဆိုတာလေ။

ပြီးတော့ အသားညိုညို။ ဆွဲဆောင်မှုရှိသော မျက်နှာပေါက်နှင့် ချပ်ရည်မျိုး။ လွန်ခဲ့တဲ့ တစ်လလောက်က ချမ်း ငှားစီးလာတဲ့ တက္ကစီ ကားကို နောက်ကဝင်တိုက်ခဲ့သူ။

"ဒီလူက ဆိုင်ကိုလာနေကျလား အစ်မ"

"မဟုတ်ဘူး သူပြောတာကတော့ ဒီနားမှာပဲ သူ့ရုံးခန်းရှိတယ် တဲ့ ဖြတ်သွားဖြတ်လာလုပ်ရင်းက ညီမကို သတိထားမိတာတဲ့"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်နော် အစ်မ"

ဆိုင်ရှင်အမျိုးသမီး ထွက်သွားတော့ ချမ်း တစ်ယောက်တည်း အတွေးများဖြင့် ကျန်ခဲ့သည်။ ဒီလူက ချမ်းကိုသတိထားမိသတဲ့လား။ ဘယ်တစ်ခါကလည်း ဖုန်းနံပါတ်အတင်းတောင်းသွားပြီးနောက်ပိုင်း ဆက်သွယ် လာခဲ့တာလည်း မဟုတ်။ ချမ်းတောင်မှပဲ မေ့မေ့လျော့လျော့ ဖြစ်နေပါပြီ။

ခုတော့ သူက ချမ်းဆီက ပုံစံတစ်မျိုးဖြင့် ထပ်မံရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ သူရော ချမ်းကို မှတ်မိသလား။ မမှတ်မိတဲ့ တကယ်ကြီး မြေတောင်မြှောက်ပေးချင်လို့ ဆက်သွယ်လာခဲ့တာလား။ ဒါမှမဟုတ် အကြောင်းတစ်ခုခုကြောင့် ချမ်းကိုများ လိုက်ကြည့်နေတာလား။

ခေါင်းထဲမှာမွေးခွန်းတွေကတော့ တသီတစ်တန်းကြီး ပေါ်လာသည်။ လိပ်စာကဒ်ပြားလေးကို သေချာပြန်ဖတ်ကြည့်တော့လည်း စာပေနှင့်ပတ်သက်သည့်လုပ်ငန်းမျိုး မဟုတ်။ ဒါပေမဲ့ အနုပညာနှင့်တော့ ပတ်သက်နေသည့် ရုပ်ရှင်ထုတ်လုပ်ရေးတစ်ခု ဖြစ်၏။

"ချမ်းရေ ဆောရီးကွာ၊ ကိုယ် နောက်ကျသွားတယ်"

"ရပါတယ် လေးရဲ့၊ ချမ်းလည်း ဒီမှာ စာရေးရင်း စောင့်နေတာပဲဟာ"

"ဆိုင်မှာ ပင်ပန်းလာတာတွေအားလုံး ချမ်း မျက်နှာကိုမြင်လိုက်တာနဲ့ ပျောက်သွားတော့တာပဲ"

"ဟွန့် အပိုတွေ"

မျက်စောင်းလေးထိုးရင်း ပြောလိုက်ပေမယ့် ချမ်း ရင်ထဲမှာတော့ ကြည်နူးသွားတာပါ။

"ဒါက ဘယ်သူ့ကဒ်ပြားလေးလဲ"

စားပွဲပေါ်မှ လိပ်စာကဒ်ကို ယူဖတ်ကြည့်ရင်း လေးနက် မေးတော့ ချမ်းက ခုနက ဆိုင်ရှင်အမျိုးသမီးနဲ့ပြောဖြစ်ခဲ့သည့်အကြောင်းတွေကို ပြန်ပြောလိုက်၏။ ခန့်ညားဆိုတဲ့လူကို ကလပ်ကအပြန်မှာ တစ်ခါတွေ့ဖူးသည့်အကြောင်းပါ ပြောပြလိုက်တော့

"ဒါ ရိုးရိုးသားသား တိုက်ဆိုင်မှုလို့ ချမ်း ထင်လား"





"ချမ်း မပြောတတ်ဘူး"

အမှန်ကို ပြောရရင်တော့ လေးနက်ကိုယ်တိုင်လည်း ဘာမှန်းသဲသဲကွဲကွဲ မသိပေမဲ့ စိတ်ထဲမှာ မသင်္ကာလေးဖြစ်မိနေတာတော့ ဝန်ခံပါသည်။

"လေးက ဘယ်လိုထင်လို့လဲ"

"ကိုယ်က ဒီအကြောင်းတွေကို ခုမှစသိတာလေ၊ ဘာမှန်းတော့ ပြောနိုင်သေးဘူးပေါ့"

"ချမ်း ဆက်သွယ်သင့်လားဟင်"

ဒီလူက ချမ်းဖြစ်ချင်တာတွေကို တကယ်မြေတောင်မြှောက်ပေးနိုင်တယ်ဆိုရင်တော့ ချမ်းရဲ့မျှော်လင့်ချက်တစ်ခုကို သူ့ရဲ့ဘာမဟုတ်တဲ့ သံသယလေးတစ်ခုနှင့် မဖျက်ဆီးပစ်ရက်ပါ။

"ချမ်း သွားပြီး စုံစမ်းချင်စုံစမ်းကြည့်ပေါ့၊ ဒါ ချမ်းအတွက် အခွင့်အရေးပဲလေ"

အဲဒီစကားကို ပြောလိုက်ရချိန်မှာ သူ့ရင်ထဲ လစ်ဟာသွားသလိုမျိုး တစ်ခုခုကို ထင့်နေသလိုလို။ ဒီကိစ္စက ရုတ်တရက်ကြီး ရုပ်ရှင်ဆန်ဆန် ပေါ်ပေါက်လာတာဆိုတော့ နည်းနည်းတော့ သံသယဝင်စရာပဲ မဟုတ်လား။

"ဒါဆို မနက်ဖြန်ကျ ချမ်း ဖုန်းဆက်ကြည့်လိုက်မယ်လေ၊ ပြီးရင် လေးကို ပြန်ပြောပြမယ်နော်"

သူ အပြုံးလေးဖြင့် ခေါင်းညိတ်လိုက်သည်။ ဆုပ်ကိုင်သင့်တဲ့ အခွင့်အရေးတစ်ခုကို သူ့ကြောင့်နဲ့တော့ လက်မလွှတ်လိုက်စေချင်တာ သူ့စေတနာအမှန်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"သမီး"

ချမ်း မနက်စာစားနေတုန်း အန်တီမေ အနားရောက်လာပြီး တစ်ခု ပြောမည့် အမူအရာမျိုးဖြင့် ခေါ်သည်။ အန်တီမေ ကိုယ်တိုင်ကလည်း စကားနည်းပြီး ချမ်းကလည်း တော်ရုံတန်ရုံဆို ကိုယ့်အပေါ်ထပ်မှာပဲ ကို နေတာမို့ ဒီတူဝရီးနှစ်ယောက်က တစ်နေ့လုံးနေလို့ စကားတစ်လုံးတော မပြောဖြစ်ကြသည့်နေ့တွေဆိုတာ မရေတွက်နိုင်။

"သမီး ကောင်လေးတစ်ယောက်နဲ့ တွဲနေတယ်ဆို"

ပါးစပ်ထဲသွင်းရန် ပြင်းနေသော နန်းကြီးသုပ်လေး ပန်းကန် ပြန်ရောက်သွားသည်။ အန်တီမေက အိမ်ထဲကအိမ်ပြင်ကို သိပ်ထွက်လေ ရှိသူမဟုတ်။ ဒီသတင်းကို ဘယ်ကရလာတာလဲ။

"ဘာဖြစ်လို့လဲ အန်တီမေ"

"ဟုတ်မဟုတ်ပဲ သိချင်တာပါ"





"ဟုတ်ပါတယ် သမီးမှာ ချစ်သူရှိနေတာ ကြာပါပြီ"

မပြောဖြစ်ခဲ့တာပဲရှိပြီး လိမ်ဖို့အစီအစဉ်မရှိသည်မို့ ရဲရဲဝံ့ဝံ့ပင် ခံလိုက်သည်။ လေးနက်က အန်တီမေတို့ သဘောမကျစရာမရှိသည့် ာကျြားတစ်ယောက်ပဲလေ။

"အန်တီမေကတော့ မသိပါဘူး။ သမီး အန်တီလေး ဟိုတစ် က ပြောပြလို့သိတာ၊ ရပ်ကွက်ထဲမှာ သမီးသတင်းက ပွနေတာပဲ ကောင်လေးတစ်ယောက်နဲ့ ညဘက်မရှောင်ဘာမရှောင် တွဲသွားတွဲ လည်း၊ တွေ့တယ်တဲ့၊ လက်ဖက်ရည်ဆိုင်တွေမှာလည်း တွေ့တယ်

တော်တော်ကို အငြိမ်မနေနိုင်သည့် ပတ်ဝန်းကျင်ပါလားလို့ ချမ်း ထဲက ရေရွတ်လိုက်မိသည်။ သူများအကြောင်းတွေကို အချိန်ကုန်ခံ ပြောဖို့ပဲ သူတို့မှာ လုပ်စရာရှိလားမသိ။

"အန်တီလေး ဘာထပ်ပြောသေးလဲ"

"သူကတော့ ထုံးစံအတိုင်း သမီးကို ပြောဆိုနေတာပေါ့၊ သမီး ရုပ်တွေက မိသားစုကို သိက္ခာချနေသလိုပဲတဲ့"

သူမ မဲ့ပြုံးလေး ပြုံးမိသည်။

"အဲဒီတော့ အန်တီမေက အခု သမီးမှာရည်းစားရှိမရှိပဲ သိချင် ပေါ့၊ တခြားဗျာ ဘာပြောစရာရှိသေးလဲ"

"သမီးဘက်က ဒီကောင်လေးကို တကယ်တမ်း အတည်တကျ တွဲဖို့ ဆုံးဖြတ်ထားရင် အိမ်ခေါ်လာခဲ့ပါ၊ လူသိရှင်ကြားတွဲကြတာ ်တော်မယ်လို့ အန်တီမေ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒါက ချမ်းအတွက် ငြင်းဆန်နေစရာမလိုသည့် တောင်းဆိုမှု တစ်ချိန်ချိန်မှာလည်း လေးနက်ကို အန်တီမေတို့နဲ့ မိတ်ဆက်ပေးကို ပေး မှာပဲလေ။ ချမ်း ရင်ထဲမှာ လေးနက်တစ်ယောက်တည်းကိုပဲ လက်ထပ် ထိ ရည်ရွယ်ပြီး နှစ်နှစ်နဲ့နဲ့ ချစ်ခဲ့တာမို့ ဒီတောင်းဆိုမှုကိုတော့ ဘာမှကန့်ကွ စရာမရှိ။

"ဒါဆို သမီး သူနဲ့တိုင်ပင်ပြီးရင် ခေါ်လာခဲ့မယ်နော်"

"အကောင်းဆုံးပေါ့ သမီးရယ်၊ ကဲ စားစရာရှိတာ ဆက်စား တော့၊ တော်ကြာ အသုပ်တွေပွကုန်ရင် ဗိုက်မကောင်းဖြစ်လိမ့်မယ်"

ဟုတ်တယ် လေးနက်ကို အန်တီမေတို့နဲ့ မိတ်ဆက်ပေးသည် ချမ်းကိုလည်း လေးနက်ရဲ့မိသားစုတွေနဲ့ မိတ်ဆက်နိုင်းရမယ်၊ လေး ဆိုင်ကိုတော့ ခဏခဏရောက်ဖူးပေမယ့် အိမ်ကိုတော့ တစ်ခါမှမရော ဖူးသေး။ လေး လုပ်းပြလို့ အဝေးကနေမြင်ဖူးခဲ့တာသာ ရှိသည်။

မိသားစုချင်းပါ ရင်းနှီးသွားတော့ လေးနက်နဲ့ချမ်းတို့နှစ်ယော တူတူနေနိုင်ဖို့ရက်တွေ ပိုပိုနီးလာတော့မှာပေါ့နော်။

■ ■ ■

မနေ့က လက်ဖက်ရည်ဆိုင်ထဲဝင်ပြီး ဆိုင်ရှင်မိန်းမကို သူ့ လိပ် ကဒ်လေး ပေးခဲ့သည်။ ချမ်း ဆိုတဲ့ကောင်မလေးကို ပေးပေးပါဆိုပြီး ဒီကောင်မလေးအကြောင်းတွေကို သူ စုံစမ်းနေခဲ့တာကြာပြီ။ ဒါပေမဲ့ ပ ဆုံးအနေနဲ့ သူ့ကိုမှတ်မိသွားအောင် လုပ်ခဲ့တာကတော့ လွန်ခဲ့တဲ့ တ လောက်ကမှ ဖြစ်သည်။

သူ့ကား ဘရိတ်မမိချင်ယောင်ဆောင်ပြီး သူမ စီးလာသော တ



ားကို နောက်ဘက်ကနေ တမင်ကို ဝင်တိုက်ပစ်ခဲ့ခြင်းဖြစ်သည်။ ပုံစံလေး ာ ချစ်စရာကောင်းပေမယ့် စကားပြောရတာတော့ ထင်သလောက် အဆင် ချောခဲ့ပါ။ နည်းနည်းပေကပ်ကပ်နိုင်တယ်လေ။

စာရေးခြင်းကို သူမ ဝါသနာပါမှန်း သိလိုက်ရတော့ ခန့်ညား အတွက် ပိုလို့အဆင်ပြေခဲ့သည်။ သူမကို ချဉ်းကပ်လို့ရမည့် အကောင်းဆုံး ည်းလမ်းတစ်ခုကိုလည်း သူ တွေ့ရှိခဲ့ပြီလေ။ ဒါကြောင့်လည်း သူမကို းပေးဖို့ လိပ်စာကဒ်ပြားလေး ထားခဲ့ခြင်းပါ။

"ငါတို့ အခုရိုက်မယ့်ကားဟာ အသစ်စက်စက် စာရေးဆရာ စ်ယောက်ရဲ့ ဇာတ်လမ်းဖြစ်ဖို့များတယ်"

"ဘယ်လို ကိုခန့်"

ခန့်ညားတို့ ထုတ်လုပ်ရေးနှင့် အမြဲလက်တွဲဖြစ်နေခဲ့သော မင်းသား မြင့်မိုရ်ကျော်က တအံ့တဩနှင့် ပြန်မေးသည်။

"ဟုတ်တယ် မိန်းကလေးတစ်ယောက်ကို မြေတောင်မြှောက် းဖို့ ငါစဉ်းစားထားတယ်"

"ဇာတ်ညွှန်းရရင် ကျွန်တော့်ကို ပြဦးလေ"

သူ့ထက်တောင် စိတ်လောနေသော မြင့်မိုရ်ကျော်က ဇာတ် ညွှန်းလာတောင်းနေသည်။ သူ ဟက်ခနဲ ရယ်မောလိုက်မိ၏။ မုန့်ဆီကြော် ာ ဘယ်နားနေမှန်းမသိဘူး၊ နှုတ်ခမ်းနာနဲ့တည့်ပုံ့မလား ဖြစ်နေသည်။

"ငါက အဲဒီမိန်းကလေးရဲ့စာတွေကို တစ်လုံးမှ မဖတ်ဖူးသေး ဘူးကွာ"

"ဟွန် ဒါနဲ့များ အစ်ကိုကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ငါ့စိတ်ထဲမှာ အလိုလိုသိနေတယ်၊ ဒီကောင်မလေး ဖြစ်ထွန်းလိမ့်မယ်ဆိုတာကို"

သူ့စကားအဆုံးမှာ ဖုန်းသံလေး ထမြည်လာသည်။ ကြည့်လိုက်တော့ သူ သေသေချာချာ မှတ်ထားခဲ့သော နံပါတ်လေး။ သူ ဝမ်းသာစွာပင် ကောက်ကိုင်လိုက်သည်။

"ဟယ်လို"

"ဟုတ်ကဲ့ ဒေါင်ရှစ်ရှင်ထုတ်လုပ်ရေးကလားရှင့်"

သူ မျှော်လင့်ခဲ့တဲ့အတိုင်း ချမ်းဘက်က စတင်ဆက်သွယ်လာခဲ့ပြီ။ ကျန်တာတွေအားလုံးလည်း သူ စီစဉ်ထားတဲ့အတိုင်း မကြာခင်မှာ ဖြစ်လာတော့မှာပေါ့။

"ဟုတ်ပါတယ်"

"ဟိုဟာလေ"

တစ်ဝက်တစ်ပျက် စကားလေးမှာ အသံပြတ်တောက်နေ၏။ သူ ဘယ်ကစပြောရမှန်းမသိ ဖြစ်နေပုံပဲ။

"ချမ်း မဟုတ်လား"

"ဟင် ဟုတ်တယ်၊ ချမ်းပါ ကိုခန့်ညားလား မသိဘူးနော်"

"ဟုတ်ပါတယ် ကျွန်တော်ခန့်ညားပါ"

"ကိုခန့်ညား ပေးခဲ့တဲ့ လိပ်စာကဒ်လေး ချမ်း ရပါတယ်"

"အခုလို ကျွန်တော့်ကို ဖုန်းဆက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

"ဟိုလေ ကိုခန့်ညား ပြောခဲ့တဲ့အတိုင်း ချမ်းကို"





"ဖုန်းထဲမှာမပြောဘဲနဲ့ ကျွန်တော့်ရုံးခန်းကို လာခဲ့ပါလား။ ဒီမှာဆိုတော့ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် ပြောလို့ရတာပေါ့၊ ချမ်း ရေးထားတဲ့စာအုပ်တွေဘာတွေ အဆင်သင့်ရှိမယ်ဆိုရင် တစ်ပါတည်း ယူလာခဲ့လိုက်ပါနော်"

"ရှိပါတယ်"

"ဒါဆို လိပ်စာကဒ်ထဲက နေရာကိုပဲ လာခဲ့လိုက်လေနော်၊ ကျွန်တော် အခု ရုံးခန်းမှာပဲ ရှိပါတယ်"

"ဟုတ်ကဲ့"

သူ့ရုံးခန်းကို ချမ်း လာမယ်ဆိုတော့ သူ နည်းနည်းတော့ ရင်ခုန်နေသည်။ သူ စီစဉ်ထားတဲ့အတိုင်းမှ ဖြစ်ပါ့မလား။

"ဆရာ အပြင်မှာ ဧည့်သည်ရောက်နေပါတယ်"

ရုံးဝန်ထမ်းကောင်မလေး လာပြောတော့ သူ ချက်ချင်းပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"အထဲလွှတ်လိုက်လေ"

"ဟုတ်"

ခဏကြာတော့ သူ့အခန်းတံခါးဝမှာ ချမ်း ပုံရိပ်လေးပေါ်လာသည်။ ကျောပိုးအိတ်လေး တစ်လုံးလွယ်လျက် ဂါဝန်ရှည်အနီရောင်လေး ဝတ်ထားသော ချမ်းက ကလေးလေးတစ်ယောက်လိုပါပဲ။ ချမ်းနဲ့သူ အသက်ချင်းသိပ်မကွာမှန်း သိထားပေမယ့် အခုလိုမျိုးယှဉ်လိုက်တော့ သူက လူကြီးကြီးတစ်ယောက်နဲ့များ တူနေပြီလား။

ချမ်းနဲ့တွဲဖက်ဖို့အတွက် သူက လိုက်ဖက်တဲ့ယောကျာ်းတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် မဖြစ်နိုင်ဘူးလား။ တစ်ခဏလေးအတွင်းမှာ ဖြစ်ပေါ်နေသော ခေါင်းထဲကအတွေးတွေကို သူ ခပ်မြန်မြန်ပင် မောင်းထုတ်ပစ်လိုက်သည်။

"လာလေ ချမ်း"

သူ့ကိုကြည့်နေတဲ့ မျက်ဝန်းတွေထဲမှာလည်း ချမ်းလည်း ကား တိုက်မိတဲ့အဖြစ်လေးကို မှတ်မိနေကြောင်း ဖော်ပြနေကြသလိုပါပဲ။

"ကျွန်တော့်ကို မှတ်မိတယ်မဟုတ်လား"

"မှတ်မိပါတယ် ဖုန်းနံပါတ်အတင်းတောင်းသွားတဲ့လူ"

သူ့ရှေ့တည့်တည့်မှ ထိုင်ခုံလေးတွင် ဝင်ထိုင်ပြီး ချမ်း မဆိုင်း မတွ ဖြေသည်။ သူ ကြိတ်ပြီး ဝမ်းသာသွား၏။

"ဟုတ်ပါတယ် ကျွန်တော့်ရုံးခန်းက ဒီမှာဆိုတော့ ချမ်း ထိုင် နေကျဆိုင်လေးနဲ့ သိပ်မဝေးဘူးလေ၊ တစ်ခါတလေ ဖြတ်သွားဖြတ်လာ လုပ်လိုက်တိုင်း ချမ်းကို ကွန်ပျူတာတစ်လုံးနဲ့ စာရေးရေးနေတာ သတိ ထားမိလို့ ကျွန်တော့်ဆီ ဆက်သွယ်စေချင်ခဲ့တာပါ"

"ကိုခန့်ညားတို့က ရုပ်ရှင်ထုတ်လုပ်ရေးနော်"

"ဩော် ဟုတ်ပါတယ် ဒါပေမဲ့ ကျွန်တော်တို့က ဝတ္ထုတွေ ပြန်ဝယ်ပြီး ဇာတ်လမ်းအဖြစ် ပြန်အသက်သွင်းတယ်လေ၊ ချမ်း စိတ်ဝင် စားမယ်ဆိုရင် ကျွန်တော်တို့နဲ့ လက်တွဲဖို့ ဖိတ်ခေါ်ပါရစေ"

"ဟင် ချမ်းရေးထားတာတွေလည်း တစ်ခါမှ မဖတ်ဖူးဘဲနဲ့ ဘာ အဲဒီလိုကြီး စပြောတာလဲ"

"အဲဒါတော့ ကျွန်တော့်ရဲ့မသိစိတ်ကြောင့်လို့ပဲ ပြောရမလား ချမ်းကိုမြင်တာနဲ့ ယုံကြည်မှုတွေ အလိုလိုရှိနေတာလေ၊ ဒါပေမဲ့ ချမ်း ရေး





ထားတာတွေကို ကျွန်တော်ကိုယ်တိုင် ဖတ်ဦးမှာပါ။ စာမူပါလာတယ်မဟုတ် လား"

"ပါလာပါတယ်"

ကျောပိုးအိတ်လေးထဲက ဖိုင်အကြည်လေးတစ်ခုကို သူမ ဆွဲ ထုတ်လိုက်ပြီး သူ့ဆီကမ်းပေး၏။

"လောလောဆယ် ရေးပြီးသား ဘယ်နှအုပ်လောက်ရှိလဲ"

"ခြောက်အုပ် ခုနစ်အုပ်လောက်တော့ ရှိပါတယ်"

"ကောင်းပြီလေ အခု ဒီစာအုပ်ကို ကျွန်တော် ဖတ်ကြည့်ပြီးတာ နဲ့ ချမ်းဆီကို ချက်ချင်းအကြောင်းပြန်ပေးပါ့မယ်၊ အဆင်ပြေသွားရင်တော့ ချမ်း ရေးပြီးသားအားလုံးကိုလည်း ဝယ်မယ်၊ နောက်ပိုင်းလည်း ချမ်းနဲ့ ဆက်လက်ပြီး လက်တွဲသွားဖို့ ဖြစ်လာမှာပါ"

"ဟုတ်ကဲ့ ဒါဆို ချမ်း ဒီစာမူလေး ထားခဲ့လိုက်မယ်နော်"

"ထားခဲ့လိုက်ပါ ကျွန်တော် အမြန်ဆုံး အကြောင်းပြန်ပါ့မယ်"

"ဟုတ် ဒါဆို ချမ်းကို ပြန်ခွင့်ပြုပါဦးနော်"

သူမ နှုတ်ဆက်ပြီး ပြန်ရန် ထလိုက်သည်။

"ဩော် ဒါနဲ့ ချမ်းက နာမည်တစ်လုံးတည်းနော်"

"ဟုတ်ပါတယ်"

ချမ်း ပြန်သွားပြီးနောက်မှာ သူမ ထားခဲ့သော စာမူလေးကို သူ စိမ်ပြေနပြေ ထိုင်ဖတ်နေလိုက်၏။ ဒီကောင်မလေးမှာ အရည်အချင်းတစ်ခုခု ရှိမှန်း သူ မြင်တာနှင့် သိနေခဲ့ပါသည်။ ဒီစာအုပ်ကို ဇာတ်လမ်း တစ်ခုအဖြစ် ခန့်တီးဖြစ်မှာ ကျိန်းသေသွားပါပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဟိုရုပ်ရှင်ထုတ်လုပ်ရေးကို ချမ်းသွားခဲ့တယ် သိလား"

ဒီနေ့ဟစ်ရက် ဆိုင်စောစောပိတ်ပြီး ချမ်းနဲ့အေးအေးဆေးဆေး အနားယူချင်သောကြောင့် သူတို့နှစ်ယောက်သား အင်းလျားကန်စောင်းဆီ ထွက်လာခဲ့ကြသည်။ ကန်ပေါင်မှာ လက်ချင်းချိတ်ပြီး လမ်းလျှောက်နေတုန်း ချမ်းက စကားစလာခဲ့ခြင်း ဖြစ်၏။ သူ နည်းနည်းတော့ အံ့သြသွားသည်။ ချမ်း သူ့ကိုပြောခဲ့တုန်းက ဖုန်းဆက်ရုံပဲလို့ ပြောခဲ့တာလေ။

"လူကိုယ်တိုင် သွားခဲ့တာလား"

"ဟုတ်တယ် ပထမတော့ ချမ်းက ဖုန်းပဲဆက်တာပါ၊ သူက စာမူပါတစ်ခါတည်းကြည့်ချင်တယ်ဆိုလို့ ယူသွားပေးလိုက်တာလေ"

ချမ်းကိုကြည့်ရတာ ဒီစကားတွေကို အလွန်တက်တက်ကြွကြွ ပြောနေခြင်း ဖြစ်၏။

"ချမ်းက ကိုယ့်ဆီတောင် ဖုန်းမဆက်ဘူး"

"ညနေတွေ့မယ်ဆိုတာ သိနေတာပဲလေ၊ အခုလို မျက်နှာချင်း ဆိုင်ပြောရတော့ ပိုမကောင်းဘူးလား လေးရဲ့"

ဘယ်သွားသွား ဘယ်လာလာ သူ့ဆီ ဖုန်းဆက်အကြောင်းကြား တတ်သော ချစ်သူက ခုတော့ သူ့ကိုဖုန်းဆက်ဖို့ မေ့နေခဲ့တာလား။ ဒါပေမဲ့ ဖုန်းမဆက်သည့်ကိစ္စနဲ့ ပတ်သက်ပြီးတော့ လေးနက် ဘာမှ ထပ်မပြော တော့ဖို့ ဆုံးဖြတ်လိုက်သည်။ သူက သဘောထားသေးသိမ်သော ချစ်သူ တစ်ယောက် မဖြစ်ချင်ပါ။

"အင်းပါ ချမ်းကိစ္စ အဆင်ပြေတယ်ဆို ပြီးတာပါပဲကွာ"

သူ ဆုပ်ကိုင်ထားသော လက်လေးတစ်ဖက်ကို ပိုလို့ တင်းတင်း





လေး ဆုပ်ကိုင်ထားမိသည်။ ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်ညင်းလေးတောင် သူတို့လက်တစ်စုံကြား ဝင်ရောက်ခွင့်မပေးချင်ပါ။ ဒီမိနီးကလေးကို မြတ်မြတ်နိုးနိုး ချစ်မိသွားရခြင်းမှာ အကြောင်းပြ ချက်မရှိခဲ့သောကြောင့် ဒီမိနီးကလေးရဲ့လက်ကိုလည်း ဘယ်လိုအကြောင်း ပြချက်မျိုးနဲ့မှ သူ လွှတ်ပေးမိမှာမဟုတ်တာ သေချာပါသည်။

"အကယ်၍ သူ ဖတ်ပြီးလို့ သဘောကျတယ်ဆို ချမ်းရဲ့ဇာတ် လမ်းကို ရုပ်ရှင်ပြန်ရိုက်မှာတဲ့ လေးရဲ့"

ချမ်း တကယ်ပျော်ရွှင်နေပုံပါ။ ချမ်း ပျော်နေတာကို သူ ဘာလို့ များ ပြည့်ပြည့်ဝဝ လိုက်မပျော်ပေးနိုင် ဖြစ်နေရတာလဲ။ သူက သဘော ထားသေးတဲ့ယောကျ်ားတစ်ယောက် မဟုတ်ဘူးလေ။ ဒါပေမဲ့ သူ့စိတ်တွေ ရှုပ်ထွေးနေသည်။

"ဟိုခုံလေးမှာထိုင်ရအောင် ချမ်း"

"အင်း ထိုင်မယ်လေ၊ ချမ်းလည်း လမ်းလျှောက်ရတာ နည်း နည်းညောင်းနေပြီ"

သူ့လက်မောင်းကို တွဲခိုလျက် ချမ်း ငိုမဲ့မဲ့လေး ပြောသည်။ ဘတ်လည်းတတ်နိုင်တဲ့ ကောင်မလေး။

နှစ်ယောက်ထိုင်ခုံလေးမှာ အတူထိုင်ဖြစ်တော့ ချမ်းက သူ့ ရင်ခွင်ထဲ ခေါင်းလေးတိုးဝင်လာခဲ့သည်။ ကျွန်တော့်ရင်ခွင်ထဲမှာရှိနေတဲ့ ကျွန်တော့်ချစ်သူလေးက ဘယ်ကိုများ ရောက်သွားမှာမို့လဲ။ တမင်းသ ... က် ကိုယ့်အပူကိုယ်ရှာပြီး စိတ်တွေရှုပ်နေခဲ့တာပဲ မဟုတ်လား။

"ချမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘာပြောမလို့လဲ လေး"

"ပြောမလို့ မဟုတ်ဘူး"

"ဒါဆို ဘာလဲ"

"နမ်းမလို့"

"ဟွန့်"

ဟွန့် လို့ ဆိုပေမယ့် သူ့ရင်ခွင်ထဲကနေ ခေါင်းကိုမော့ပြီး မျက်လုံးလေး မှိတ်ပေးထားတာ ဘယ်လောက်များ ချစ်စရာကောင်းလိုက်ပါသလဲ။

ဒီနှုတ်ခမ်းလေးဟာ သူ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် နမ်းဖူးပေမယ့်လည်း သူ့အတွက် အမြဲတမ်း သစ်လွင်လတ်ဆတ်သည့် ချိုမြိန်မှုတွေကို သိမ်းဆည်းပေးထားသော ပျားအုံကလေးလိုပါပဲ။

"ဟင် ခဏလေး လေး။ ဖုန်းလာနေတယ်"

သူမ ဘောင်းဘီအိတ်ကပ်ထဲမှ တဒူဒူမြည်နေသော ဖုန်းလေးကို ချမ်း ဆွဲထုတ်ယူလိုက်၏။

"ဟယ်လို"

"ချမ်းရေ မင်းပေးသွားတဲ့စာမူကို မင်းပြန်သွားတည်းက ကျွန်တော် ထိုင်ဖတ်နေလိုက်တာ ခုမှပဲ ပြီးတယ်"

"ဟင် ဟုတ်လား။ ဘယ်လိုလဲဟင် ကိုခန့်ညား"

"ကျွန်တော် သဘောကျပါတယ်၊ ရုပ်ရှင်အနေနဲ့ ရိုက်ဖြစ်မှာပါ"

ချမ်း ပါးစပ်ကနေ ခန့်ညားဆိုတဲ့ နာမည်ထွက်လာတည်းက လေးနက်တစ်ယောက် စိတ်ဖြေဖို့ လုပ်ထားတာတွေအားလုံး ဘေးရောက်ကုန်သည်။ ဘာလို့များ ဒီနာမည်ကို ကြားလိုက်တာနဲ့ သူ့ရင်တွေ တည်





တည်ငြိမ်ငြိမ် ရှိမနေတော့တာလဲ။ ဖုန်းဆက်ပြောနေသော ချမ်းနားကနေ သူ ထထွက်လာခဲ့မိသည်။ ကန့်ပေါင်အောက်ဆင်းသော လှေကားထစ်လေးများမှာ သူ တစ်ကိုယ်တည်း ငြိမ်ငြိမ်လေး ထိုင်နေမိ၏။

ခဏနေတော့ နောက်ဘက်ကနေ သူ့ပခုံးကို လှမ်းကိုင်လာတာ မို့ ချမ်း ရောက်လာတာမှန်း သူ သိလိုက်ပါသည်။ ဒါပေမဲ့ လှည့်မကြည့် ဖြစ်။ သူ့ဘေးကပ်ကပ်လေးမှာ ချမ်း စွေ့ခနဲ ဝင်ထိုင်လိုက်သည်။

"အဲဒါက ဘယ်ကိုထွက်သွားတာလဲ လေး"

"မင်းဖုန်းပြောတာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ"

"လေးနော် အဲဒါက ဘာစကားလဲ"

သူ လှည့်မကြည့်ဘဲနဲ့ သိပါတယ်။ ချမ်းတစ်ယောက် နှုတ်ခမ်းကိုရှူပြီး ပေစောင်းစောင်း ကြည့်နေတော့မယ်ဆိုတာ။

"အခု လေးက ချမ်းကိုတောင် မကြည့်တော့ဘူးပေါ့လေ"

"မဟုတ်ပါဘူး ချမ်းရယ်၊ ကိုယ် စိတ်ရှုပ်နေလို့ပါ"

သူ ကြည့်လိုက်တော့ ထင်သည့်အတိုင်း နှုတ်ခမ်းလေးတွေ စူလျက်

"ဘာကိုစိတ်ရှုပ်တာလဲ လေး။ ဆိုင်မှာ ဘာတွေဖြစ်ခဲ့လို့လဲ"

"ဆိုင်မှာ ဘာမှမဖြစ်ပါဘူး"

"ဟင် ဒါဆို ဘယ်မှာဘာဖြစ်လာတာလဲ"

"ဟူး"

သူ သက်ပြင်းသာချမိသည်။ ဘာပြောရမှန်းမှ မသိတော့။ တစ်ခါမှလည်း မမြင်ဘူးသော ခန့်ညားဆိုတဲ့ယောကျ်ားတစ်ဦးကြောင့် ဒီလိုတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာပါလို့ ဘယ်လိုမျက်နှာမျိုးနဲ့ သူ ပြောပြရမှာလဲ။

"လေးက အဲဒီလိုကြီးထိုင်မှိုင်နေတော့ ချမ်း ပျော်နေတာတွေတောင် ဘယ်နားရောက်သွားလဲ မသိဘူး"

ချမ်းကပါ သက်ပြင်းလေးလိုက်ချလျက် ခပ်ညည်းညည်းလေးပြောသည်။ သူ့အပေါ်မှာ သိပ်ချစ်မှန်း သိသာနေသည့် မိန်းကလေးကို သူ ဘာတွေများ စိတ်ပူပန်နေတာလဲ။ သူ့ကိုယ်သူ အကြိမ်ကြိမ် ပြောနေမိတာတောင် သူ့စိတ်တွေကတော့ ခဏခဏ မှိုင်တွေနေမိသည်။

သူ့ရဲ့မှုန်ကုတ်နေသော မျက်နှာကို ချက်ချင်းပင် အပြုံးမျက်နှာတစ်ခုအဖြစ် ပြောင်းလဲပစ်လိုက်၏။

"ကိုယ်က ဘာမှမဖြစ်ပါဘူး ချမ်းရဲ့၊ ဆိုင်မှာ ပင်ပန်းလာတာနည်းနည်းပါ"

"ဟွန်း အရင်ကတော့ ပင်ပန်းလာသမျှတွေအားလုံး ချမ်း မျက်နှာမြင်လိုက်ရင် ပျောက်ကုန်တယ်ဆိုပြီးတော့ အခုကျ ဘယ်လိုဖြစ်ရတာလဲ"

စူပုပ်ပုပ်လေးပြောလျက် အပြစ်တင်နေသော မိန်းကလေးကို သူ့ရင်ခွင်ထဲ ပြန်ထည့်ထားလိုက်မိသည်။

"စိတ်ကောက်ဖို့ ကြိုးစားနေတာလား ကောင်မလေး"

"ဟင့်အင်း မကောက်ပါဘူး။ ချမ်းက လေး သုန်မှုန်နေတာကို မြင်ပြီး စိတ်မကောင်းဖြစ်တာ"

"ချမ်းရယ် ဘာမှစိတ်မကောင်း ဖြစ်မနေနဲ့တော့နော်၊ ကိုယ်လည်း ဘာမှမဖြစ်တော့ဘူး။ ဟုတ်ပြီလား၊ ကဲ ပြောပါဦး ချမ်းရဲ့စာမူကို ထုတ်လုပ်ရေးဘက်က ဖတ်ပြီးပြီတဲ့လား"





"ဩော် အင်း ဟုတ်သားပဲ၊ လေးကြောင့် စိတ်မကောင်းဖြစ်သွားတာနဲ့ အဲဒီကိစ္စပြောဖို့တောင် မေ့သွားတယ် အဟင်း"

ချမ်းက ညီညာဖြူဖွေးသော သွားတန်းလေးများပေါ်အောင် ရယ်ပြန်သည်။ ခဏတာ ပျောက်ဆုံးသွားသည့် အပျော်တွေ ပြန်လည် ရောက်ရှိလာသည့်ပုံမျိုးပါ။

"ပြောပါဦး ချမ်းရဲ့"

"ချမ်းရဲ့စာမူကို ကိုခန့်ညားက ဖတ်ပြီးသွားပြီတဲ့၊ ချမ်း ပြန်သွားပြီးတည်းက တစ်ထိုင်တည်း ဖတ်လိုက်တာတဲ့လေ၊ ရုပ်ရှင်လည်း ရိုက်ဖြစ်မယ်တဲ့၊ အဲဒါ မနက်ဖြန် သူ့ရုံးခန်းကိုလာဖို့ ထပ်မှာထားတယ်"

"ဟုတ်လား၊ ဒါဆို ချမ်းရဲ့ဝါသနာက လက်တွေ့အကောင်အထည် ပေါ်လာတော့မှာပေါ့နော်"

"ရှေ့လျှောက်လည်း အဲဒီလိုလေး အဆင်ပြေသွားရင် ကောင်းမယ်နော် လေး။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ဝါသနာပါတဲ့လမ်းပေါ်မှာ လျှောက်နေရတော့ ကျေနပ်စရာပဲ မဟုတ်လား"

"ချမ်း ပျော်နေတာ မြင်ရတာ ကိုယ် တကယ်စိတ်ချမ်းသာတယ် သိလား"

"တကယ်တော့ အဲဒါတွေက လေး ကျေးဇူးကြောင့်ပါ၊ လေးသာ ဝါသနာပါတာကို ဆက်လုပ်ဖို့ မပြောခဲ့ဘူးဆိုရင် ချမ်း တခုတ်တရနဲ့ စာတွေလည်း ဆက်ရေးဖြစ်မှာမဟုတ်ဘူးလေ၊ ဒီတိုင်း ဟိုလိုလို ဒီလိုလိုနဲ့ အတိုအစလေးတွေပဲ လျှောက်ရေးဖြစ်နေမှာ"

ချမ်းရဲ့အပြောလေးကြောင့် သူ ကြည်နူးစွာနှင့် ချမ်း ဆံစလေး



www.burmeseclassic.com

www.burmeseclassic.com



များကို ငုံနမ်းလိုက်မိသည်။

"ဪ ဒါနဲ့ လေးကို အရေးကြီးတာ ပြောစရာရှိတယ်"

"ဘာများလဲ ချမ်းရဲ့"

"အန်တီမေက မနက်တုန်းက ပြောတယ် သိလား။ ချမ်းနဲ့ ကောင်လေးတစ်ယောက်နဲ့ တွဲနေတာကို သူ သိတယ်တဲ့၊ ဒါနဲ့ ချမ်းလည်း မလိမ်ချင်တော့လို့ ချမ်းတို့နှစ်ယောက်အကြောင်း ပြောပြလိုက်တယ်"

"ဟင်"

အခုမှပင် သူ တကယ် ထိတ်လန့်သွားမိ၏။

"ဒါဆို အန်တီမေက ဘာ ဘာပြောလဲဟင်"

"ဘာလဲ လေး လန့်သွားတာလား။ မလန့်ပါနဲ့ လေးရဲ့၊ အန်တီမေက နားလည်ပေးမှာပါ၊ ချမ်းကတောင် အိမ်ကိုခေါ်လာပြီး မိတ်ဆက်ပေးမယ်လို့ ပြောခဲ့သေးတယ်"

"အဲဒီတော့"

"တစ်ရက်လောက်တော့ လေးကို ထမင်းစားဖိတ်မယ်လေ၊ ဟိုတစ်ခါကလို မဟုတ်ဘဲ အန်တီမေကိုယ်တိုင်ချက်တဲ့ လက်ရာကောင်းကောင်းနဲ့ပေါ့"

ချမ်းက သူ့ဘာသာပြောပြီး သဘောတကျနှင့် ရယ်နေပြန်၏။ သူမကိုယ်တိုင် ချက်ကျွေးခဲ့တဲ့ လက်ရာကို ပြန်သတိရသွားလို့ ဖြစ်မှာပါ။ ဘာမှမသိသော ချမ်းကတော့ ရယ်နိုင်ပေမယ့် သူ့မှာတော့ ချမ်း မသိအောင် တိတ်တိတ်လေး ထိတ်လန့်နေရပြီ။

ကျောင်းစာချုပ်မှာ လက်မှတ်ထိုးပေးဖို့ တင်းခံနေသော ငိုင်းကြောင့်





ာလည်း အခက်အခဲတွေ့နေရတာလေ။ သူ့ကို တရားစွဲမယ်ဆိုတဲ့သတင်း
ကလည်း ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွေကြားမှာ လွှင့်ထားခဲ့သေးသည်။
ကတော့ ငိုင်းနဲ့ပတ်သက်ရင် တကယ့်ကို ဘာခံစားချက်မှမရှိတော့ပြီမို့
ခွင့်ယောင်ဆောင်ထားနိုင်ပေမယ့် ချမ်းရဲ့မိသားစုကသာ သူနဲ့ပတ်သက်ပြီး
ခုသိသွားခဲ့ရင်။

ချမ်းနဲ့ ဝေးရမယ်လို့ တွေးလိုက်တာနဲ့တင် သူ့တစ်ကိုယ်လုံးက
တွေ အေးစက်ကုန်သလိုပါပဲ။

"လေး ဘာတွေတွေးနေတာလဲ"

"ချမ်း ချက်ကျွေးခဲ့တဲ့ ဟင်းတွေအကြောင်း တွေးနေတာလေ"

သူ ရယ်ရယ်မောမောလုပ်ကာ လိမ်လည်လိုက်လျှင် ချမ်းက
ပြုံးလေးဖြင့် ခေါင်းငုံ့လိုက်ရင်း

"နောက်ဆို ချမ်းတို့နှစ်ယောက် တူတူနေကြရင် အဲဒီလိုမဟုတ်
တကယ်ကောင်းကောင်း ချက်ကျွေးမယ်နော်၊ အခုတည်းက ချမ်း
ကျင့်ထားမယ်ဇလေ"

တကယ်ဆို ကိုယ်သိပ်ချစ်တဲ့ မိန်းမတစ်ယောက်ဆီက ခုလို
းလေးတွေ ကြားလိုက်ရချိန်ဟာ ပျော်ရွှင်ကြည်နူးဖို့ အကောင်းဆုံး
က်အတန့်လေးတွေ ဖြစ်နေရမှာ။ ခုတော့ လေးနက်မှာ ပျော်တော့
ပါရဲ့၊ စိတ်တွေကတော့ လေးလံနေမိသည်။

ပြည့်ပြည့်ဝဝ မပျော်နိုင်တဲ့ နှလုံးသားက အားအင်တွေ ကင်းမဲ့
နေသလိုပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"ချမ်း ရောက်ပါပြီ ကိုခန့်ညား"

"ဩော် ချမ်း လာလေ၊ ထိုင်"

သူ့ရုံးခန်းထဲမှာ မင်းသားမြင့်မိုရ်ကျော်နဲ့ အတူထိုင်ပြီး စကာ ပြောနေသော ခန့်ညား။ ဒီမင်းသားက ဒေါင်ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ ဒို ကူးမှုများတာ ချမ်း သိထားပါသည်။

"ဒါကတော့ အထူးမိတ်ဆက်ပေးဖို့ မလိုပါဘူးနော်"

"မြင့်မိုရ်ကျော်ကို မသိတဲ့သူ မြန်မာပြည်မှာမရှိပါဘူးရှင်"

"ကျေးဇူးတင်ပါတယ် ဆရာမ"

ချမ်း ဟန်မဆောင်နိုင်ဘဲ နှာခေါင်းလေးရှုံ့လိုက်မိသည်။ ဆရာ တဲ့။ ဘယ်လိုကြီးတုန်း။

"ချမ်းကို ရင်းရင်းနှီးနှီး နာမည်ပဲခေါ်ပါ"

"ဩော် ဒါဆိုလည်း ကောင်းပါပြီဗျာ"

"မြင့်မိုရ်ကျော်က ကျွန်တော်တို့တိုက်နဲ့ အရိုက်များတာ ချမ်း လည်းသိမှာပေါ့နော်"

"ဟုတ် ချမ်း သိပါတယ်"

"ဒီတစ်ခါ ချမ်းရဲ့ဇာတ်လမ်းကိုလည်း သူနဲ့ပဲ ရိုက်ဖြစ်လိမ့်မယ် ကျွန်တော် မနေ့က ဖတ်ကြည့်တော့ ဇာတ်ရုပ်ကလည်း သူနဲ့ပဲ လိုက်ဖ မယ်ထင်တယ်"

ချမ်း ဖန်တီးထားသည့် တောင်ပေါ်ဒေသက အေးအေးချမ်းချမ်း နေတတ်သော ကောင်လေးတစ်ယောက် ဇာတ်ရုပ်က မြင့်မိုရ်ကျော် မျက်နှာ လေးနှင့် လိုက်ဖက်တာ သေချာပါသည်။ မင်းသားဖြစ်တဲ့အတိုင်း ချော





သန့်ပြန့်နေတတ်ပြီး အေးချမ်းသည့်ရုပ်ရည်လေးနှင့် မြင့်မိုရ်ကျော်က အခု ထက်ရှိမှာတော့ နာမည်ကြီးမင်းသားတွေထဲက တစ်ယောက်ပါပဲ။

"ဟုတ်ပါတယ် ချမ်းလည်း ထောက်ခံတယ်"

"ဒါဆို ဇာတ်ညွှန်းအပ်ပြီး ပြင်ဆင်စရာရှိတာတွေအားလုံး ပြင်ဆင် လိုက်တော့မယ်၊ ချမ်းလည်း အသင့်ပြင်ထားနော်"

"ဘာကိုလဲဟင်"

"ရုပ်ရှင်စရိုက်တာနဲ့ ရိုက်ကွင်းကို ချမ်းပါလိုက်ရမှာလေ"

"ချမ်းက ဟုတ်လား"

သူမ တကယ်ကို နားမလည်နိုင်စွာ ပြန်မေးမိသည်။ စာရေး ဆရာပါ ရိုက်ကွင်းကိုလိုက်ရတယ်ဆိုတာ တကယ်ပဲလား။ ဇာတ်ညွှန်းရေး တဲ့သူလောက်ပဲ ရိုက်ကွင်းမှာ လိုအပ်တာပြင်ပေးဖို့ ရှိနေရမှာမဟုတ်ဘူးလား။

"ဟုတ်တယ် ချမ်း။ စိတ်ကြိုက်ဖန်တီးထားတဲ့ ဇာတ်လမ်းကို ချမ်းကိုယ်တိုင် လိုက်ကြည့်မှ ပိုသင့်တော်မှာပေါ့၊ ပြီးတော့ ချမ်းလည်း ရုပ်ရှင်ရိုက်ကွင်းကို တစ်ခါမှမရောက်ဖူးဘူးမဟုတ်လား"

"ရောက်တော့ မရောက်ဖူးပါဘူး"

"ဒါဆို အတော်ပဲပေါ့၊ ချမ်းက ဒီလောကထဲကို ခုမှ အစိမ်း သက်သက် ဝင်လာတာဆိုတော့ အားလုံးနဲ့ ရင်းနှီးသွားစေချင်တာလည်း ပါတယ်"

"ကောင်းပါပြီ၊ ဒီလိုဆိုလည်း ချမ်းကို လိုအပ်တာရှိရင် ဖုန်း ဆက်လိုက်ပါနော်"

ချမ်းက ပြန်တော့မည်ဆိုတဲ့အတွေးနဲ့ စကားဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခန့်ညားကတော့ နာရီကိုတစ်ချက်လှမ်းကြည့်လိုက်ပြီး

"ချမ်း နေ့လယ်စာ စားပြီးပြီလား"

"အိမ်ပြန်မှ စားမှာလေ"

"ဟာ ဒါဆို အတော်ပဲ၊ ကျွန်တော်တို့နဲ့အတူ လိုက်စားပါ"

"နေပါစေ၊ ချမ်း အိမ်မှာပဲ စားပါ့မယ်"

"မဟုတ်တာပဲ၊ ကျွန်တော်တို့နဲ့ မိတ်ဖြစ်ဆွေဖြစ်ပေါ့၊ လိုက်စား ပါဗျာ"

ခန့်ညားရဲ့ဖိတ်ခေါ်မှုကို ချမ်း ငြင်းလိုက်ပေမယ့် မြင့်မိုရ်ကျော် ကပါ တရင်းတနှီး ဝင်ခေါ်နေတော့ ချမ်း အားနာနာနှင့်ပင် ခေါင်းညိတ် လိုက်ရတော့သည်။

မြင့်မိုရ်ကျော်က သူ့ကားနှင့်သူမို့ ခန့်ညားရဲ့ကားလေးနှင့်ပဲ ချမ်း အတူလိုက်စီးပြီး ပါလာခဲ့၏။ ကန်တော်ကြီးပတ်လမ်းမှ စားသောက်ဆိုင် တစ်ခုထဲသို့ ကားလေးကို ချိုးကွေ့ဝင်လိုက်ပြီး

"ဒီဆိုင်ကို ချမ်း နှစ်သက်ပါတယ်နော်"

"ချမ်းက အစားအသောက် သိပ်မရွေးပါဘူး၊ လမ်းဘေးဆိုင်က စားကောင်းရင်လည်း စားလိုက်တာပဲ၊ ဟိုဟာဒီဟာ သိပ်မရွေးဘူး"

သူ့မျက်နှာက ချမ်းအပြောကို သဘောကျသွားပုံ။

"ကျွန်တော်လည်း ဒီလိုပါပဲဗျာ"

ဆိုင်ထဲရောက်တော့ စားသောက်စရာများကို ခန့်ညားက ဦးဆောင်ပြီး မှာယူလိုက်သည်။

"ဒါနဲ့ မေးရဦးမယ်၊ ချမ်း ဇာတ်အိမ်တည်ထားတာက နယ်မြေ





ဘာဆိုတော့ ခရီးတွေဘာတွေ ထွက်ရမှာနော်၊ ချမ်းရဲ့မိသားစုက"

"အိမ်ကိုတော့ မပြောရသေးဘူးဆိုပေမယ့် ချမ်းက အခေါ် တစ် ယောက်တည်းနဲ့နေတာလေ၊ ပြောလို့ရမှာပါ၊ ချမ်းဖြစ်ချင်တာကို အန်တီ ကလည်း ခွင့်ပြုမှာပါ"

"ဒီလိုဆို ကျွန်တော်တို့အစီအစဉ် မဖြစ်မြောက်စရာ ဘာမှ မရှိတော့ဘူးပေါ့"

ခန့်ညားက ခုမှပင် စိတ်ချသွားပုံနှင့် ပြောသည်။ ချမ်းကတော့ ခေါင်းလေးညိတ်လိုက်ရပေမယ့် စိတ်ထဲမှာ တစ်ခုခုကို ထင့်နေမိသေးသည်။ ဒီလိုမျိုး ခန့်ညားတို့နဲ့အတူ ခရီးတွေဘာတွေ ထွက်ရမယ်ဆိုတာ အန်တီမေ ကတော့ အလုပ်သဘောအရဆို ဘာမှပြောမှာမဟုတ်ပေမယ့် လေးနက် ကရော။

သူ့ကိုထားခဲ့ရမှာလား။ သူကရော ချမ်းတစ်ယောက်တည်း လိုက် သွားမှာကို ခွင့်ပြုပါ့မလား။ တကယ်တမ်း ချမ်း စိတ်ပူနေရတာက အန်တီမေ မဟုတ်ဘဲ လေးနက်ကိုသာဖြစ်သည်။

■ ■ ■

ဒီနေ့ ဆိုင်က ဝန်ထမ်းကောင်မလေးတစ်ယောက် ခွင့်ယူထား သောကြောင့် သူကိုယ်တိုင်ပါ လိုက်ပြီး ရှင်းပြရောင်းချနေရသည်။ သူတို့ဖွင့်ထား သော ဆိုင်လေးက ကွန်ဒိုတိုက်ခန်းအောက်ထပ်လေးမှာပဲမို့ အလွန် ကြီးကြီး ကျယ်ကျယ်တော့ မဟုတ်။ ဝန်ထမ်းကိုလည်း မိန်းကလေးသုံးယောက်သာ ထား ထားဖြစ်သည်။

ဒါပေမဲ့ ဆိုင်မှာ ဝယ်သူကျလာပြီဆိုရင် အားလုံးမအားလပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ကိုယ့်တာဝန်ကိုယ် ယူကြရသည်။ ဝန်ထမ်းတစ်ဦး လာဖြစ်
လေးနက်ကိုယ်တိုင် ဝင်ရောင်းချရတာတွေလည်း ရှိ၏။

သူ အဲဒီလို အလုပ်တွေများနေတုန်းမှာပဲ ကိုယ်တော်ချော
ယောက် ရောက်လာခဲ့ခြင်း ဖြစ်သည်။ ကောင်းမြတ်နဲ့ဖိုးချို။ ဒီကောင်
ကို မြင်လိုက်တော့ လေးနက် ဝမ်းသာသွားမိသည်။ ဆိုင်ကို သူတို့
လွှဲထားပြီး ခုမှပင် သူ နေ့လယ်စာ ထွက်စားရတော့မည်။

"မင်းတို့လာတာ အတော်ပဲကွာ၊ ဆန်းဒေးဆိုတော့ လူနည်း
နည်းကျတယ်ကွ၊ ဗိုက်ကဆာနေပြီ"

ဝယ်သူဆီမှ ပိုက်ဆံလှမ်းယူတွက်ချက်ပြီးနောက် သူတို့ဘ
လှည့်ကာ လေးနက် ပြောလိုက်သည်။

"သုံးနာရီတောင် ထိုးနေပြီ၊ မင်းနေ့လယ်စာ မစားရသေး
လား"

"အေးကွ အဲဒါကြောင့် မင်းတို့ ဆိုင်ခဏကြည့်ပေးကွာ
ထွက်စားလိုက်ဦးမယ်"

"ကိုယ့်ဆိုင်ကိုယ် ကြည့်ပေးရတာက အကြောင်းမဟုတ်ပါ
ကွာ"

ကောင်းမြတ်က ခပ်တည်တည်နှင့်ပြောသည်။ သူတောင် နည်း
နည်းကြောင်တောင်တောင် ဖြစ်သွားမိ၏။

"မင်းက ဘာတွေဖြစ်လာတာလဲ၊ မျက်နှာက နှစ်ကောင်
တစ်မျိုးဖြစ်နေပါလား"

"ငါတို့ အခုလေးတင်ပဲ Signature က ပြန်လာတာ၊ ထုတ်





တစ်ယောက်နဲ့ စကားသွားပြောလာတာ"

"ဘာဖြစ်လို့လဲ မင်းတို့ အဆင်မပြေ"

"မဟုတ်ပါဘူး ငါတို့ကိစ္စက အိုကေတယ်၊ ဒါပေမဲ့ အဲဒီဆိုင်
မှာ မင်းကောင်မလေးကို ဘဲနှစ်ပွေနဲ့ထိုင်စားနေတာ တွေ့ခဲ့တယ်ကွ"

"ဟင် ချမ်းကိုလား"

သူ တအံ့တဩ အမေးကြောင့် ဖိုးချိုက မျက်စောင်းထိုးသည်။

"မင်းမှာ လောလောဆယ် ကောင်မလေး ဘယ်နှယောက်ရှိ
လို့လဲ၊ ဒါမှမဟုတ် ဗိုင်းကို ငါတို့ပြောတယ်များ ထင်နေတာလား"

"မင်းတို့ကလည်း ငါက အံ့ဩသွားလို့ပါကွာ၊ တကတည်း စိတ်
ကြီး"

"မင်းကောင်မလေး ချမ်းကိုတွေ့ခဲ့တာ၊ သူနဲ့ကပ်လျက်က ဘဲ
ကတော့ ငါတို့မသိဘူး၊ ဒါပေမဲ့ နောက်ထပ်တစ်ယောက်ကတော့ မင်းသား
မြင့်မိုရ်ကျော်ကွ"

သူ တကယ်ကိုပင် ဇဝေဇဝါ ဖြစ်နေမိသည်။ မင်းသားမြင့်မိုရ်
ကျော်နဲ့ ချမ်းနဲ့က ဘယ်လိုများ ပတ်သက်သွားတာလဲ။ ပြီးတော့ တစ်ဝိုင်း
တည်းတူတူထိုင်ပြီး စားသောက်နေသေးတယ်တဲ့။ ချမ်းနဲ့ကပ်လျက်မှာလည်း
ဘဲတစ်ပွေ ပါသေးတယ်တဲ့။ ဘာတွေလဲ ချမ်းဘာတွေလုပ်နေတာလဲ။

ဗိုက်ဆာနေတာတွေ ထမင်းစားချင်စိတ်တွေအားလုံး ပျောက်
ကွယ်ကုန်ပြီး သူ ချမ်းဆီသို့ ချက်ချင်းပင် ဖုန်းခေါ်ကြည့်လိုက်သည်။

"ဟယ်လို"

ဟယ်လိုလို့ ပြန်ထူးလိုက်သည့် ချမ်းအသံက ဖိုးတိုးလေး။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကြောင့် အသံကိုထိန်းပြီး ပြောနေရပုံမျိုး။

"မင်း ဘယ်မှာလဲ"

သူ အတန်တန်ထိန်းထားသည့်ကြားက လေသံက မာသွားသေ
သည်။

"ချမ်း ဒီမှာ ကိုခန့်ညားတို့နဲ့ ထမင်းစားနေတာ၊ လေး ဘာဖြ
လို့လဲဟင်"

လေးနက် ခုမှပင် သိလိုက်သည်။ ချမ်းဘေးနားက ဘဲဆိုင
ခန့်ညားဆိုတဲ့လူကို ပြောနေတာပေါ့။ သူတို့က နေ့လယ်စာ တူတူစား
လောက်တဲ့ထိ ရင်းနှီးပတ်သက်သွားကြပြီလား။ ခုမှ ခန့်ညားနဲ့ချမ်း သိကျွမ်း
တာ နှစ်ရက်မြောက်ပဲ ရှိသေးတာလေ။

"လေး ပြီးမှပဲ ချမ်း ပြန်ဆက်ပေးမယ်နော်၊ ဒီမှာ စကားပြော
ရတာ သိပ်အဆင်မပြေဘူး"

ချမ်း ဖုန်းချသွားသည်။ ချမ်းက လေးနက် ပြောတာကို
မထောင်ဘဲ ဖုန်းချသွားသည်။ ဒါက သူ့အတွက်တော့ သိပ်ကြီးမားသည့်
အဖြစ်ကြီးပါ။ လေးနက်ကိုတောင် အရေးမလုပ်ဘဲ ဖုန်းချသွားရလော
အောင် ချမ်းက ဒီလူတွေနဲ့ ဘာတွေများ အရေးတကြီး ပြောဆိုဆွေးနွေး
နေတာလဲ။

ဖုန်းကို လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိရင်း
မျက်လုံးထဲမှာ ချမ်းနဲ့ဟိုနှစ်ယောက်နဲ့ စားသောက်ရယ်မောနေမှာကို စိတ်
ဖြင့် မြင်ယောင်လာမိသည်။ ရင်တစ်ခုလုံး ဖြောင်းဆန်ကုန်သလိုပါပဲ။ ခန့်ညား
နဲ့ချမ်းက ခုဆို အလုပ်တစ်ခုတည်းကို အတူတူတွဲလုပ်ကြမည့်သူ





ဆိုပေမယ့် ခုလောက်ထိ အချိန်တိုတိုအတွင်းမှာ ရင်းနှီးသွားကြတာကိုတော့
သူ သဘောမတွေ့ဘဲ ဖြစ်နေမိသည်။

အမှန်ကို ဝန်ခံရရင် သူ သဝန်တိုနေမိသည်။ ချမ်းက ဘယ်သူ့
ကိုမဆို ပွင့်ပွင့်လင်းလင်း ဆက်ဆံတတ်သူ။ ယောက်ျားမိန်းမ မခွဲဘဲ
ဘယ်သူ့ရှေ့မှာမဆို လွတ်လပ်စွာပင် ပြောချင်တာတွေပြော လုပ်ချင်တာ
တွေလုပ်တတ်သူ။ ဒါကို သူ နားလည်နိုင်ပေမယ့် ဒီပြင်ယောက်ျားတွေ
နားမလည်နိုင်မှာ သူ စိုးရိမ်မိသည်။ ချမ်းကို အထင်သေးအမြင်သေး ဖြစ်သွား
မှာကို သူ မလိုလားပါ။ လွယ်ကူပေါ့ပျက်သော မိန်းကလေးတစ်ယောက်
အဖြစ် ထင်မြင်သွားမှာ စိတ်ပူသည်။

ဘာလို့များ ခုမှသိတဲ့ယောက်ျားတွေနဲ့ ထမင်းအတူ လိုက်စား
ရတာလဲ ချမ်းရာ။

"ဟော့ကောင် ဘာတွဲလဲ"

ဖုန်းကိုကိုင်ပြီး တောင့်တောင့်ကြီး ရပ်နေမိသော သူ့ကို ဖိုးချို
က လှမ်းရိုက်ကာ မေးသည်။

"သူနဲ့အလုပ်တွဲလုပ်မယ့်သူပါ၊ ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင်ပေါ့
သူ့ဝတ္ထုကို ရုပ်ရှင်အဖြစ် အသက်သွင်းပေးမှာလေ"

"ဒါဆို ချမ်းက နာမည်ကြီးတော့မှာပေါ့"

"နာမည်ကြီးမကြီးတော့မသိပါဘူးကွာ၊ ခုတော့ မြင်တဲ့အတိုင်း
ပဲ"

"မင်းပုံကြည့်ရတာ စိတ်တိုနေတာလားကွ"

ကောင်းမြတ်က မှုန်ကုပ်နေသော သူ့မျက်နှာကို

www.burmeseclassic.com



ကြည်ကာ မေးသည်။ သူ မငြင်းချင်ပါ။

"မင်းတို့စဉ်းစားကြည့်လေ ဒီလူနဲ့သူနဲ့က မနေ့ကမှ စသိတာ၊ ဒါကို ဒီနေ့မှာ ထမင်းတူစားတဲ့အဆင့်ဖြစ်နေတယ်ဆိုတော့"

ဖိုးချိုက သက်ပြင်းလေးချသည်။

"ကောင်းမြတ်ရေ ငါတို့ကောင်က စိတ်တိုနေတာထက် သဝန် တိုနေတာကွ"

"ကိုယ့်ချစ်သူကို ကိုယ်သဝန်တိုတာတော့ ဘာမှမပြောလိုပါဘူး ကွာ၊ ဒါပေမဲ့ ဟိုးအရင်ကလည်း ကြည်သာ ပြောခဲ့ဖူးတာ ငါတော့ မှတ်မိ နေတယ်၊ ချမ်းက ခင်တတ်မင်တတ်တယ် ပွင့်လင်းလွတ်လပ်တယ် ဆိုတာ လေ"

"ဒါတွေကို ငါနားလည်ပါတယ်၊ ဒါပေမဲ့ အခု သူနဲ့အတူရှိနေ တဲ့လူတွေက သူ့ကို တစ်မျိုးမြင်မှာတော့ ငါ မလိုချင်ဘူးကွာ"

"အင်းလေ မင်းဘက်ကလည်း အဲဒီလိုတွေးမှာပေါ့၊ ဒါပေမဲ့ ချမ်းလည်း ဒီလောက်တော့ နားလည်မှာပါ၊ အပြင်ဘဝနဲ့ လုပ်ငန်းခွင်နဲ့ ဆိုတာ ကွဲပြားခြားနားတယ်လေ"

"သူက အခုမှ လုပ်ငန်းခွင်ဆိုတဲ့ဘဝထဲကို စရောက်ဖူးတာလေ ကွာ"

"မင်းစိတ်ပူနေတာကို ငါတို့နားလည်ပါတယ်၊ ဒါပေမဲ့ အခုတော့ ငါတို့ဘာမှသွားပြောလို့ မရဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ ဘာမှမ ဖြစ် မလာသေးလို့ပဲ၊ ခုချိန် မင်းစိတ်ပူနေလည်း မင်းကိုယ်မင်း ဒုက္ခပေးရာပဲ ရောက်မှာ၊ ငါပြောတာ နားလည်လား"



ကောင်းမြတ် ပြောတာကို သူ ကောင်းကောင်းနားလည်ပါသည်။ ဒါပေမဲ့ ဘယ်လိုလုပ်မလဲ။ ရင်ထဲမှာ ပူလောင်ပြီး နေရထိုင်ရခက်နေတာ ကို။

"ကဲပါ မင်းလည်း သိပ်အဆာခံမနေနဲ့၊ စားစရာရှိတာ သွား စားတော့"

"ငါ ဗိုက်တောင်မဆာတော့ပါဘူးကွာ"

"မင်းကလေ ဘာမှမဟုတ်တာနဲ့ ဒီလောက်ထိ ဖြစ်နေတယ်၊ အမြင်ကပ်လာအောင် သိပ်မလုပ်နဲ့ ဟေ့ကောင်"

ဖိုးချိုက ကရုဏာဒေါသနှင့် ပြောတော့ သူ စိတ်ပျက်စွာပင် ခပ်တိုးတိုး ရယ်မိသည်။ သူ တကယ်ပဲ ဘာမဟုတ်တာလေးကို ကြီးကြီး မားမား ခံစားနေမိတာလား။ သေချာတာတစ်ခုကတော့ ခနီ့ညားဆိုတဲ့ နာမည်ကို စကြားမိတဲ့အချိန်ကစပြီး သူ့စိတ်ထဲမှာ လေးပင်နေခဲ့တာ။ ခုဆို ထိုခံစားချက်က ပိုတောင်ဆိုးလာသေးသည်။

ဒါကို ဒီသူငယ်ချင်းနှစ်ယောက် နားလည်အောင် သူ ဘယ်လို ရှင်းပြရမှာလဲ။ အင်းလေ ခုချိန်မှာ ရှင်းပြရလောက်အောင်ကို သူ စိတ် မပါနိုင် ဖြစ်နေသည်။

"ဒါဆို ငါ ထမင်းသွားစားလိုက်ဦးမယ်၊ မင်းတို့ ဘယ်မှမသွား နဲ့နော် ဆိုင်မှာပဲနေ"

"အောင်မလေး သိပါတယ်ကွာ၊ ဆရာသိပ်မလုပ်ပါနဲ့၊ မင်းသာ လျှောက်တွေးမနေဘဲ ကိုယ့်ထမင်းကိုယ် ဝအောင်စား"

ထမင်းကိုတော့ သူ ကြိတ်မှိတ်ပြီး ကုန်အောင်စားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံရှင်းနေတုန်းမှာပဲ ဆိုင်ရဲ့မှန်တံခါးလေးကို တွန်းဖွင့်ပြီး ဝင်လာသူကို မြင်လိုက်ရတော့ သူ မျက်လုံးပြူးသွားသည်။

ချမ်းက ဒီကို ဘယ်လိုရောက်လာတာလဲ။

"လေး"

"မင်းက ဒီကို ဘယ်လိုရောက်လာတာလဲ"

"ချမ်းက ဆိုင်ကို လိုက်သွားတာလေ၊ ဆိုင်မှာ ကောင်းမြတ်နဲ့ ဖိုးချိုပဲရှိတယ်၊ လေး ဒီမှာဆိုတာ သူတို့ ပြောပြလိုက်တာပေါ့"

"မင်းကိစ္စတွေ ပြီးသွားပြီလား"

သူ ပြောရင်း ဆိုင်ပြင်ထွက်လိုက်တော့ ချမ်းလည်း နောက်ကနေ အပြေးကလေး ပါလာသည်။ ချမ်းကို သူ မစောင့်ပါ။ မြန်ဆန်သော ခြေလှမ်းကျဲကြီးများဖြင့် ရှေ့မှလျှောက်၍နေမိသည်။

"အလုပ်ကိစ္စက ကိုခန့်ညားရဲ့ရုံးခန်းမှာထဲက ပြောပြီးသွားတာ ထမင်းစားဖို့ ခေါ်နေတာနဲ့"

"တောက်"

သူ ခြေလှမ်းများကို ရပ်ပစ်လိုက်ပြီး အပြေးတစ်ပိုင်းပါလာ သော ချမ်းနှင့်မျက်နှာချင်းဆိုင်လိုက်သည်။ မျက်လုံးလေးများ ပြူးဝိုင်း လျက် အထိတ်တလန့် ဖြစ်သွားပုံနှင့် ချမ်း သူ့ကိုကြည့်နေ၏။ ရုတ်တရက် သူ ရပ်တန့်လိုက်တာရော ကျယ်လောင်သော တက်ခေါက်သံရော မာထန်နေသည့် မျက်နှာရောကြောင့် ချမ်း ကြောင်တောင်တောင်နှင့် လန့်ဖျပ် သွားပုံပါ။

"လေး ဘာ ဘာဖြစ်တာလဲဟင်"





"အဲဒီ မင်းသားမြင့်မိုရ်ကျော်ဆိုတာရော ခန့်ညားဆိုတဲ့လူရောနဲ့ မင်းက ဘယ်လောက်တောင် ရင်းနှီးနေလို့ ထမင်းတွေဘာတွေတောင် အတူတူစားရတဲ့အခြေအနေ ဖြစ်နေတာလဲ"

"ဟွန့် ချမ်းတို့နဲ့အတူ မြင့်မိုရ်ကျော်ပါတာကို မပြောမိပါဘူး"

"မင်းမပြောလည်း ငါသိတယ်ကွ၊ ဘယ်လောက်တောင်ဖြစ်နေလို့ ဘေးကဖြတ်သွားတဲ့ ကောင်းမြတ်နဲ့ဖိုးချိုကိုတောင် မမြင်တာလည်းမှ မသိတာ"

"ကောင်းမြတ်နဲ့ဖိုးချို ဟုတ်လား။ သူတို့က"

"မင်းကို Signature မှာ သူတို့နှစ်ယောက်တွေ့ခဲ့ပြီး ငါ့ကိုလာ ပြောတာ၊ ငါ တကယ်ကို အံ့ဩမိတယ် သိလား"

"လေးနော် ဘာလို့ အဲဒီလို စိမ်းစိမ်းကားကား ငါတွေဘာတွေ ပြောနေတာလဲ၊ ချမ်းကို ဝမ်းနည်းအောင် မလုပ်နဲ့ သိလား"

ချက်ချင်းပင် မျက်ရည်လေးတွေ ဝိုင်းလာပြီး ငိုသံပါလေးနှင့် ပြောတော့ လေးနက် စိတ်တွေ ပျော့ကျသွားမလို ဖြစ်သွားသေးသည်။ ဒါပေမဲ့ ဒီကောင်မလေးကို ဒီလောက်တော့ ပြောမှဖြစ်တော့မည်။ မဟုတ်ရင် သူတစ်ယောက်တည်း ကြိတ်ခံစားရပြီး ရူးသွားတော့မလိုပါပဲ။

"မင်းမျက်ရည်ကျဖို့ စိတ်မကူးနဲ့နော် ချမ်း။ ငါတကယ် စိတ်တိုနေတာ၊ လမ်းလယ်ခေါင်မှာ မင်းငိုလည်း ငါချော့မှာမဟုတ်ဘူး"

"မချော့နဲ့ မချော့နဲ့ပေါ့၊ ဘယ်သူကချော့ခိုင်းနေလို့လဲ အီး ဟီး ဟီး"

တကယ်ကိုပင် လမ်းမအလယ်ခေါင်တည့်တည့်မှာ ချမ်း အော်



www.burmeseclassic.com

www.burmeseclassic.com



ငိုပစ်လိုက်ခြင်း ဖြစ်၏။ မျက်ရည်များကလည်း ချက်ချင်းပင် ပိုးပိုးပေါက်ပေါက်ကျလာသည်။ တကယ်တမ်းကျတော့ လေးနက် ဘာလုပ်လို့လုပ်ရမှန်းမသိ။ မချော့ဘူးလို့ ပြောလိုက်ပေမယ့် ဒီလိုကြီး ငိုနေတော့လည်း သူ စိတ်မကောင်းပြန်။

"ဟော့ကောင် မင်း လမ်းလယ်ခေါင်မှာ မရှက်ဘူးလားကွ"

"မရှက်ဘူး မရှက်ဘူး ငိုတာပဲ ဘာဖြစ်လို့ ရှက်ရမှာလဲ၊ လောကကြီးမှာ မငိုဖူးတဲ့လူ ဘယ်သူရှိလို့လဲ ဟီး ဟီး"

သူ့ကိုပြန်အော်လိုက် ငိုလိုက်နှင့် ချမ်းတစ်ယောက် တကယ်ကို ပွဲခံနေသည်။ လေးနက်ရဲ့ဆိုင်နဲ့လည်း သိပ်မဝေးလှသည့်နေရာမှာမို့ ချမ်းအော်သံကိုကြားမိပုံရသော ကောင်းမြတ်တို့နှစ်ယောက် ဆိုင်ထဲမှ အပြေးထွက်လာပြီး သူတို့နားရောက်လာ၏။

"ဟော့ကောင်တွေ ဘာဖြစ်နေတာလဲ"

ကောင်းမြတ်က မျက်လုံးပြူးမျက်ဆန်ပြူးနှင့် လှမ်းမေးသည်။

"ချမ်း မငိုနဲ့လေ၊ လမ်းမကြီးမှာ မင်းတို့နှစ်ယောက်ကွာ"

ဖိုးချိုကလည်း ချမ်းအနားသို့သွားပြီး သတိပေး၏။

"အဲဒီမိန်းမက အရှက်မှမရှိတာကို"

"ရှင်နော် ကျွန်မကို ဘယ်လိုများ ပြောလိုက်တာလဲ"

ချမ်းက မျက်ရည်တွေကိုသုတ်ပြီး ကက်ကက်လန်အောင် ပြန်အော်သည်။ သူ ဘာမှမပြောချင်တော့တာမို့ ထိုနေရာကနေ လှည့်ထွက်လာခဲ့ပီသည်။ အနောက်ကနေ သူတို့သုံးယောက်စလုံး လိုက်ပါလာသည့် ခြေသံများကို ကြားနေရပေမယ့် သူ လှည့်မကြည့်တော့ဘဲ ဆိုင်နောက်ဘက်ကို တန်းဝင်လာခဲ့လိုက်၏။





"ဟော့ကောင် မင်းကလည်းကွာ ငါတို့က မင်းတို့နှစ်ယောက် ပြေလည်စေချင်တာ၊ ငါတို့ကြောင့် မင်းတို့ ဒီလိုဖြစ်တယ်ဆိုရင် ဘယ်စိတ်ကောင်းပါ့မလဲ"

ကောင်းမြတ်က ဆိုင်နောက်ဘက်ထဲထိ လိုက်လာပြီး သူ့ကို နားလာချသည်။

"နားလည်ပေးလိုက်ပါကွာ ချမ်းက ငါတို့ထင်ထားတာထက် မင်းကိုအများကြီး ပိုချစ်ပုံပါပဲ၊ ငါတို့က သူ့ကိုတွေ့ခဲ့တယ်ဆိုပြီး ပြောတာကလည်း မင်းသိထားသင့်တယ်ထင်လို့လေ၊ မင်းတို့အချင်းချင်း ရန်ဖြစ်ရအောင်မှ မဟုတ်တာ"

"ငါသိပါတယ်ကွာ၊ ဒါပေမဲ့ ငါ အမှန်ကို ပြောရရင် သူနဲ့ ဘောချင်းကပ်ထိုင်နေတယ်ဆိုတဲ့ လူကို တစ်ခါမှမမြင်ဖူးပေမယ့် စိတ်ထဲမှာ အဲဒီလူနာမည်ကို သူပြောလိုက်တိုင်း အလိုမကျဖြစ်ဖြစ်နေမိတယ်"

"အဲဒါ မင်း သဝန်တိုနေတာလေ"

အဲဒီထက်ပိုတယ်ဆိုတာ ကောင်းမြတ် နားလည်အောင် သူ မပြောပြတတ်။

"ထွက်ချော့လိုက်ပါကွာ ဟိုမှာ ငိုလို့မဆုံးသေးလို့ ဖိုးချိုက အချော့တော်ဖြစ်ကျန်ခဲ့တယ်"

သူ သက်ပြင်းချမိသည်။

"မင်း နေနိုင်တာလည်းမဟုတ်ဘဲနဲ့ ဟန်လုပ်မနေစမ်းပါနဲ့ကွာ"

"မင်းကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ လေးနက် မင်းသူ့ကိုတကယ်ချစ်တယ်မဟုတ်လား။ ကိုယ်ချစ်တဲ့မိန်းကလေးတစ်ယောက်ကို ငိုအောင်မလုပ်စမ်းပါနဲ့"

"အောင်မာ ဘယ်အကောင်ပါးစပ်က နတ်စကားထွက်တယ် ဆိုလား"

သူ ရယ်ကျဲကျဲပြောလိုက်ရင်း ဆိုင်ရှေ့ထွက်ခဲ့လိုက်သည်။ တကယ်တော့ ချမ်းရဲ့မျက်ရည်တွေကို သူလည်း ကြာကြာခံစားနိုင်တာမှ မဟုတ်တာ။ သူ့စိတ်ထဲက မကြည်လင်မှုတွေကိုတော့ ထပ်မြိုသိပ်ထားရမှာပေါ့လေ။

သူ ထွက်လာတာမြင်တော့ ဖိုးချိုက ချမ်းနားကနေ ထထွက်သွားပေးသည်။ ဖိုးချို ထိုင်ခဲ့တဲ့နေရာလေးမှာ သူ ဝင်ထိုင်လိုက်၏။ အဆက်မပြတ် ငိုနေသောကြောင့် ချမ်း မျက်လုံးလေးတွေ နီရဲမို့အစ်နေပြီ။ ဘေးမှာလည်း လှွင့်ပစ်ထားသော တစ်သျှူးလုံးတွေ ပြန့်ကျဲနေ၏။

"ချမ်း"

သူ စိတ်ကိုလျှော့ချလိုက်ပြီး တိုးတိုးလေး ခေါ်လိုက်၏။ ခေါင်းငုံ့ငိုကြွေးနေသော ချမ်းက မော့မကြည့်ပါ။ ဘာပြောပြော မော့မကြည့်မိဖို့ ဆုံးဖြတ်ထားသည့်ပုံ။

မထူးတော့ပြီမို့ ဆွဲယူလိုက်ရင်း အားမရှိသလို ဖျော့တော့နေသည့်ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲ ပွေ့ဖက်ထားလိုက်သည်။ အစပိုင်းတော့ ရုန်းကန်နေသေးပေမယ့် သူက မလွှတ်တမ်း တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားလိုက်တော့ ငြိမ်ကျသွားပြီး ခုနကထက်တောင် ငိုရှိုက်သံလေး ပိုကျယ်လာခဲ့သေး၏။

တော်ရုံတန်ရုံ မအော်ဖူးတဲ့ လေးနက်က မာမာထန်ထန် ဆက်ဆံ





လိုက်တော့ ချမ်း ဝမ်းနည်းပက်လက် ဖြစ်သွားပုံပါ။ ငိုရှိုင်းငိုရှိုင်း နှင့် သူမလက်နှစ်ဖက်ဖြင့် လေးနက် ခါးကို ပြန်ဖက်ကာ ထပ်ငိုပြန်သည်။

ဒီကလေးကို ကျွန်တော် ဘယ်လိုပြန်ချော့ရမှာလဲ။

"ဟိတ် ဒီမှာ ကိုယ့်ကိုကြည့်ဦး"

သူက ချမ်း မေးဖျားလေးကိုပင့်မလိုက်ပြီး တိုးတိုးပြောလိုက်သည်။ မျက်တောင်လေးတွေက မျက်ရည်များဖြင့် စိုရွှဲလျက် တစ်ချောင်းနဲ့တစ်ချောင်း ကပ်နေကြပြီ။ ထိုမျက်လုံးလေးများကို လက်မဖြင့်ပွတ်သပ်လျက် မျက်ရည်များကို သုတ်ပေးလိုက်သည်။ သူတို့ရှိတဲ့နေရာက အုတ်နံရံအကွယ်မှာမို့ ဘယ်သူမှမမြင်နိုင်၍ ချမ်းကို လေးနက် စိတ်ကြိုက် ချော့မော့နိုင်ဖို့ အခွင့်အရေးသာနေသလိုပါပဲ။

"ဘာဖြစ်လို့ ဒီလောက်တောင် ငိုနေတာလဲ"

"လေးက ချမ်းကို လေသံမာမာကြီး ပြောတာကို၊ လေး အဲဒီလိုပြောလိုက်တိုင်း ချမ်း ဘယ်လိုမှ မခံစားနိုင်ဘူးသိလား"

ပြောနေရင်းနှင့် မျက်ရည်ကထပ်ကျလာလို့ လေးနက် ထပ်သုတ်ရပြန်၏။

"မငိုပါနဲ့တော့ ကလေးရယ် နော်"

"ချမ်းကို ဘာဖြစ်လို့ စိတ်ဆိုးတာလဲဟင်"

"တကယ်တော့ ချမ်းကို ကိုယ်စိတ်ဆိုးတာ မဟုတ်ပါဘူးကွာ၊ ချမ်းက လူတကာကို ပွင့်ပွင့်လင်းလင်း ဆက်ဆံတတ်တော့ သူတို့ကအထင်သေးသွားမှာ စိုးရိမ်တာ၊ ခုမှစသိတဲ့ ယောကျ်ားတွေနဲ့အတူ အပြင်ထွက်နေတယ်ဆိုတော့ ကိုယ် ဘယ်လောက်စိတ်ပူသွားလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ချမ်း အဲဒီလောက်တော့ သဘောပေါက်ပါတယ် လေးရယ် ဒါက လုပ်ငန်းသဘောအရ လိုက်လျောရတဲ့ အနေအထားမျိုးပါ"

မျက်ရည်တွေ တိတ်သွားပြီး မျက်နှာလေးက ပြောင်ပြောင် တင်းတင်းလေးဖြစ်နေသော ချမ်းကိုကြည့်ကာ သူ့ရင်တွေပူလာပြန်သည်။ ဒီမိန်းကလေးကို သူ ဘယ်လိုနည်းနဲ့မှ လက်လွှတ်ဆုံးရှုံးမခံနိုင်ပါ။

နဖူးလေးကို ဖွဖွနမ်းလိုက်တော့ ချမ်းက ကျေနပ်ကြည်နူးသွားပုံလေး ပြုံးပြသည်။

"ကိုယ်မညာချင်ဘူးကွာ၊ တကယ်တော့ ကိုယ် သဝန်တွေတိုပြီး ပေါက်ကွဲသွားမိတာ"

"ဟွန့် လူဆိုးကြီး ခုမှ လာရှင်းမပြနဲ့တော့၊ ဒီက အပြစ်ပေးဖို့ စဉ်းစားထားပြီးပြီ"

ပြောပြောဆိုဆို သူ့နှုတ်ခမ်းလေးကို ချမ်းက ဖျတ်ခနဲ လှမ်းနမ်းလိုက်တာမို့ သူ ရင်တွေခုန်လျက် ချမ်းကို ထပ်မံဖက်ပွေ့ထားလိုက်မိတော့၏။

"ကိုယ့်ကို စိတ်ပူအောင် ထပ်မလုပ်ပါနဲ့တော့ ကလေးရယ်"

■ ■ ■



## အခန်း (၇)

လေးနက်ရင်ထဲမှာ တဒိန်းဒိန်းမြည်အောင်ကို ခုန်လှုပ်နေ၏။ ရှေ့တည့်တည့်မှာ ထိုင်နေသော အန်တီမေ့ကိုလည်း ရဲရဲမကြည့်ရဲသေး။ တကယ်တော့ အန်တီမေ့မျက်နှာပေါက်က မြင်လိုက်တာနှင့် သဘောမနောကောင်းသော အမျိုးသမီးကြီးတစ်ယောက်ပုံစံမျိုးပါ။

"အန်တီမေ" ဒါက လေးနက်တဲ့၊ စကားပြောကြဦးနော်၊ ချမ်း မင်းဝိုင်းပြင်ထားလိုက်မယ်"

ချမ်းက သူ့ကို အန်တီမေနဲ့တိုတိုတုတ်တုတ် မိတ်ဆက်ပေးပြီး မီးဖိုချောင်ဘက် ပြန်ဝင်သွားသည်။

"အေးကွယ် တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ ကျွန်တော်ကလည်း အန်တီမေ့အကြောင်းတွေ ချမ်းဆီက ခဏခဏပြောလို့ ရင်းနှီးနေပါပြီ"

"အန်တီမေ့အကြောင်း ဘာတွေများ ပြောတာလဲကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းချက်ကောင်းတာရော သဘောကောင်းတာရောပေါ့"

သူ့အပြောကို အန်တီမေ သဘောကျသွားပုံနှင့် ရယ်သည်။

"ခြော် ဒါနဲ့ ဟိုဘက်ခန်းမှာ သူ့အဒေါ်အငယ်တစ်ယောက် ရှိသေးတယ်၊ မင်းကို ကြုံမှမိတ်ဆက်ပေးရမယ်၊ ခုတော့ သူတို့မိသားစု အပြင်သွားကြတယ်"

"ဟုတ်ကဲ့ အဲဒီအန်တီလေးအကြောင်းလည်း ချမ်း ပြောပါ တယ်"

အန်တီလေးနဲ့ပတ်သက်ရင်တော့ ချမ်းက ဘယ်တော့မှ ကျေ ကျေနပ်နပ် ပြောပြခဲ့တာမျိုး မရှိ။ ငယ်ငယ်တည်းက သူမကို အလွန်ချစ် ချယ်သော အဒေါ်တစ်ယောက်အဖြစ်သာ ပြောတတ်ခဲ့ခြင်း ဖြစ်သည်။

"မောင်လေးနက် မိဘတွေကရော"

"ကျွန်တော့်အဖေက ငယ်ငယ်တည်းက ဆုံးသွားပါတယ်၊ အမေ လောလောဆယ် အိမ်မှာကတော့ အမေရယ် အစ်မတစ်ယောက်ရယ် ရှိတာ"

"ခြော် တော်သေးတာပေါ့ကွယ်၊ သမီးလေးဆို မိဘနှစ်ပါးလုံး ဆုံးပါးသွားတော့ အဒေါ်တွေလက်ပေါ်မှာပဲ ကြီးပြင်းလာရတာလေ၊ အဒေါ် တွေကလည်း နည်းနည်းရှေးရိုးစွဲတွေဆိုတော့ သမီးလေးက သိပ်ပြီး စကား မပြောချင်ဘူးနဲ့တူပါရဲ့၊ များသောအားဖြင့်တော့ သူ့ဘာသာတစ်ယောက် တည်း အခန်းအောင်းနေတာက များတယ်"

"ချမ်းက သူလုပ်ချင်တာတွေ လုပ်နေတတ်ပေမယ့် တကယ် စိတ်ရင်းလေးက ကောင်းပါတယ်၊ အန်တီမေ့အကြောင်းတွေဆိုရင် ကျွန်တော့် ကို ခဏခဏ ပြောပြောပြတတ်တယ်"





အန်တီမေက စိတ်မကောင်းသလိုလေးပြောတော့ လေးနက်က လည်း အားပေးနှစ်သိမ့်ပေးလိုက်ရသည်။ မိဘတွေဆုံးပါးသွားချိန်မှာ အိမ်က ဘယ်သူနဲ့မှလည်း စကားမပြောတော့ဘဲ တစ်ယောက်တည်း ဝမ်းနည်းပြီး နေတတ်ခဲ့သော ချမ်းဟာ အခုလိုမျိုး အရွယ်လေးရလာသည်အထိ အဒေါ် တွေနဲ့ ခပ်စိမ်းစိမ်းနေတာလေး အကျင့်လိုဖြစ်နေတာ။ တကယ်တမ်း သွေး အေးနိုင်သည့် မိန်းကလေးမှမဟုတ်ဘဲ။ လေးနက် နားလည်ပါသည်။

"ထမင်းစားဖို့ အဆင်သင့်ဖြစ်နေပါပြီ"

အန်တီမေနဲ့ သူနဲ့ စကားကောင်းနေတုန်းမှာ မီးဖိုချောင်က ထွက် လာသော ချမ်းက သတင်းပို့သည်။

"မောင်လေးနက် ဆာပြီလား"

သူ နာရီကိုတစ်ချက်လှမ်းကြည့်လိုက်တော့ဆယ့်တစ်နာရီကျော် ပြီ။ ဗိုက်ထဲကလည်း နည်းနည်းဆာနေတာမို့ သူ ခပ်သွက်သွက်ပင် ခေါင်း ညိတ်ပြလိုက်၏။

အန်တီမေ့လက်ရာက ချမ်း ကြွားထားခဲ့သည့်အတိုင်း တကယ် ပင် ကောင်းမွန်ပါသည်။

"အန်တီမေ့လက်ရာအတိုင်းသာ ချမ်း ချက်တတ်လို့ကတော့ သိပ်ဝမ်းသာစရာကောင်းမှာပဲ"

စားနေရင်းနှင့် ပြောလိုက်သော သူ့စကားကြောင့် ချမ်းက မျက် စောင်းလေး လှမ်းထိုးသည်။

"စောင့်ကြည့်နေ သိပ်မကြာခင်မှာ အဲဒီလက်ရာအတိုင်း တစ်ပုံစံ တည်းချက်ပြီး လာကျွေးမယ်"



www.burmeseclassic.com

"ဟုတ်ကဲ့ စောင့်နေပါ့မယ်ဗျာ"

သူ ပြောင်နောက်နောက်လေး ပြောတော့ ချမ်းက လက်သီးဆုပ်လေး ရွယ်ပြသည်။ အန်တီမေကတော့ သူတို့နှစ်ယောက်ကိုကြည့်ပြီး ကြည်နူးနေသလိုမျိုးလေး ပြုံးနေ၏။ ထမင်းစားသောက်ပြီး သစ်သီး ပိုင်းကို ချမ်းကိုယ်တိုင် တည်ခင်းဧည့်ခံတော့ သူ ကျေနပ်နေမိ၏။ ခုမှပင် မိန်းမ ဆန်ဆန်ပုံစံမျိုးလေးကို မြင်ခွင့်ရလို့ပါ။

အန်တီမေက သူ့အလုပ်အကြောင်း မိသားစုအကြောင်းတွေ အ နည်းအကျဉ်းမေးမြန်းရင်းနှင့်

"ဒီလိုဆိုတော့ မောင်လေးနက်က အားရစရာပါပဲ၊ ကိုယ့်လုပ် ငန်းလေးနဲ့ကိုယ် အဆင်ပြေနေတယ်ဆိုတော့လေ"

"သူငယ်ချင်းသုံးယောက် စုဖွင့်ထားတာပါ၊ ဆိုင်က အဆင်ပြေ တယ်ဆိုပေမယ့် အမေကတော့ သူ့အလုပ်ထဲမှာပဲ ကျွန်တော့်ကိုလုပ်စေ ချင်နေတာလေ၊ မမကြီးက တက္ကသိုလ်ဆရာမဆိုတော့ အမေ့ကုမ္ပဏီကို တာဝန်ယူပေးဖို့က မလွယ်ဘူး။ ကျွန်တော်ကလည်း လောလောဆယ် ဆိုင် မှာပဲ အချိန်ကုန်နေတာဆိုတော့ အမေက ခဏခဏပြောနေတာ သူ အသက်ကြီးပြီတဲ့၊ သူ့တာဝန်တွေကို ကျွန်တော့်ဆီ လွှဲပေးချင်ပြီဆိုပြီးပေါ့"

"အင်းပေါ့လေ အသက်လေးနည်းနည်းရလာရင် စီးပွားရေး လုပ် ငန်းတွေထဲမှာ အချိန်တွေ သိပ်မနှစ်ချင်ကြတော့ဘူး။ ကိုယ့်ဟာသာ အေးအေး ဆေးဆေးလေး အိမ်မှာပဲ အနားယူချင်တာလည်း ဖြစ်မှာပေါ့ကွယ်၊ မောင်လေး နက်ကလည်း အမေ့ဆန္ဒကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးပေါ့"

"ဟုတ်ကဲ့ ကျွန်တော်လည်းစဉ်းစားထားပါတယ်၊ လက်ရှိဆိုင်





ဆိုင်နေတာကို တစ်ယောက်ယောက်နဲ့ လွှဲပေးခဲ့ပြီး အမေ့အလုပ်တွေပဲ ဦးစီးကူပေးဖို့ပေါ့"

"အေး အေး ကောင်းပါတယ်ကွယ်"

"အန်တီမေ တစ်နာရီတောင် ခွဲနေပြီ"

ချမ်းက လှမ်းပြောလိုက်တော့ အန်တီမေက နာရီကိုလှမ်းကြည့် လိုက်ပြီး

"သြော် အေး ဟုတ်သားပဲ၊ ကဲ မောင်လေးနက်ရေ ချမ်းနဲ့ စကားပြောခဲ့ကြဦးနော်၊ အန်တီမေက ဒီအချိန် တရားထိုင်နေကျကွဲ့"

အန်တီမေ နှုတ်ဆက်ကာ ဘုရားခန်းထဲ ဝင်သွားတော့ ချမ်းက သူ့ဘေးကို ဝုန်းခနဲ ထိုင်ချလိုက်၏။

"ဖြည်းဖြည်းလုပ်ပါကွ ဒီနေ့ ကိုယ့်ချစ်သူလေး မိန်းမဆန်ဆန် လေး ဖြစ်နေတယ်ဆိုပြီး စိတ်ထဲက ကြည်နူးနေတာတွေအားလုံးတောင် ဘယ်ရောက်ကုန်တယ် မသိဘူး"

"ဟွန့် အပိုတွေ ဒီက အမြဲတမ်း မိန်းမဆန်ပါတယ်နော်"

"ကိုယ်ဆိုလိုတာက ကိုယ့်စိတ်ထဲမှာလေ ချမ်းနဲ့တစ်အိမ်တည်း အတူနေပြီး ချမ်းဆီက အပြုအစုလေးတွေ ခံနေရသလို ကြည်နူးနေမိ တာမျိုးကို ပြောတာ"

"ဒါဆို ချမ်းတို့ အမြန်ဆုံး လက်ထပ်ကြမယ်လေ၊ အဲဒီအခါကျ မနက်ထတာနဲ့ တစ်ယောက်မျက်နှာတစ်ယောက် မြင်ရမယ်၊ ညအိပ်ရာဝင် ရင်လည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး အိပ်ခွင့်ရမယ် နေ့တိုင်း ထမင်းတစ်ဝိုင်းတည်း တူတူစားခွင့်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



“ကျန်သေးတယ်”

“ဘာကျန်သေးလို့လဲ”

“ရေလည်း တူတူချိုးလို့ရမယ်”

“ဟာ လေး ဘာတွေပြောနေတာလဲ၊ အန်တီမေ ကြားသွားရင် မကောင်းဘူး”

တကယ်တော့ သူမ ရှက်ဝဲဝဲလေး ဖြစ်သွားရတာကို အန်တီမေ့ဆီ လွှဲချပစ်ခြင်း ဖြစ်သည်။

“ကိုယ်ကလေ မင်းရဲ့ပထမဆုံးပဲ ဖြစ်ခွင့်ရချင်တယ်၊ အဲဒီ အခွင့်အရေး ပေးမှာမဟုတ်လားဟင် ကလေး”

ချမ်းရဲ့နှုတ်ခမ်းလေးနှစ်လွှာကို သူ့လက်ညှိုးလေးဖြင့် အသာတို့ထိလျက် သူမေးတော့ ချမ်းက ခေါင်းလေးငုံ့ကာ မသိမသာလေး ညိတ်ပြသည်။

အရမ်းချစ်တယ် ချမ်းရယ်။ ကိုယ့်ဘက်က အရှုပ်တွေအားလုံးကို အမြန်ဆုံး ရှင်းလင်းပြီး မင်းဆီကို အပြီးလာခဲ့ချင်ပြီကွာ။

■ ■ ■

“လေးနက် ငါတို့ ခရီးထွက်ရအောင်ကွာ”

ဆိုင်မှာ သုံးယောက်လုံး ဆုံဖြစ်ချိန် ဖိုးချိုက စကားစလာသည်။

“ဆိုင်ကို ဘယ်လိုလုပ်မှာလဲ”

“ရပါတယ်ကွာ၊ နှစ်ညအိပ်သုံးရက်လောက်ပဲ သွားမှာကို၊ ကောင်မလေးတွေနဲ့ ထားခဲ့လို့ ဖြစ်ပါတယ်”

ကောင်းမြတ်ကပါ ဝင်ထောက်ခံလိုက်တော့ နှစ်မဲတစ်မဲ ဖြ





သွားသည့်အနေအထားမျိုး။ တကယ်တော့ သူလည်း ခရီးသွားချင်ပါသည်။ အရင်ကဆို သူတို့သုံးကောင်ပေါင်းပြီး မြန်မာပြည်အနှံ့ လျှောက်သွားကြသည်။ ခုတော့ အဲဒီလို မသွားဖြစ်တာ တော်တော်ကြာခဲ့ပြီ။

“မင်းက ရှည်ရှည်ဝေးဝေး ဘာတွေစဉ်းစားနေတာလဲ”

“မဟုတ်ပါဘူးကွာ၊ ငါတို့တွေ ခရီးမထွက်ဖြစ်တာတောင် တော်တော်ကြာပြီလို့ တွေးနေတာပါ”

“အင်း ဟုတ်တယ်လေ၊ ဒါကြောင့်လည်း သွားကြဖို့ ပြောနေတာပေါ့”

“ဟာ မင်းတို့သုံးယောက်လုံး ဆိုင်မှာရှိနေတာပဲ”

“ဟိုနေ့က ကောင်းမြတ်ပြောတဲ့ ဒီဖိုင်းအသစ် တီရှပ်ရောက်နေတယ်ဆိုလို့ ငါလာကြည့်တာကွ”

ဒီလိုနဲ့ သူလိုချင်သော ခါးပတ်ကို ဝယ်ယူငွေရှင်းပြီးနောက်မှာ သူတို့သုံးယောက်ရဲ့စကားဝိုင်းထဲသို့ ကြည်သာပါဝင်ရောက်လာတော့သည်။

“ခရီးသွားမယ်ဆို ငါလည်း စိတ်ဝင်စားတယ်ကွ ဟဲ ဟဲ”

“အင်း ဒီလိုဆို လေးယောက်လုံး ညီပြီပေါ့”

“သွားတာကတော့ ဟုတ်ပါပြီ၊ ဘယ်ကိုဆိုတာ အရင်ရွေးဦးလေ”

ကြည်သာက ဝင်ပြော၏။

“ဒီရာသီက တောင်ကြီးသွားရင် ကောင်းမလားလို့ စဉ်းစားမိတယ်လေ”

ကောင်းမြတ်ရဲ့အကြံပြုချက်ကို ဖိုးချိုက မျက်နှာကြီးရှုံ့မဲ့ကာ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ခါသည်။

"စီးပုံးပျံပွဲရှိလို့ကို မသွားချင်တာ၊ အန္တရာယ်များပါတယ်ကွာ၊ ပြီးတော့ မရောက်ဖူးတာလည်းမဟုတ်ဘူး။ ကမ်းခြေလေးဘာလေးဆိုရင်တောင် ဟုတ်တုတ်တုတ်"

"အေး ငါလည်း ကမ်းခြေသွားချင်တယ်၊ ဘယ်သူကန့်ကွက်မလဲ"

လေးနက်ရဲ့အဆိုကို ကန့်ကွက်မည့်သူ မရှိသောကြောင့် နောက်ဆုံးတော့ သူတို့ရဲ့ခရီးစဉ်ဟာ ချောင်းသာသို့ဆိုပြီး အတည်ဖြစ်သွားတော့၏။

"ငါကတော့ ချမ်းကိုပါ ခေါ်လာမှာနော်"

"ခေါ်ပါကွာ ခေါ်ပါ၊ တကတည်း ပြောကိုမပြောချင်ဘူး"

ကြည်သာက မိန်းမကြီးလို ခါးကြီးထောက်လျက် ခပ်နွဲ့နွဲ့ပြောသည်။

"ငါက သူ့ကိုနှစ်ညအိပ်သုံးရက်လောက်တောင် မခွဲနိုင်ဘူးကွ"

ဒီတစ်ခါတော့ သုံးကောင်လုံး သူ့ကိုမျက်စောင်းထိုးလျက် လှည့်ထွက်သွားကြတော့သည်။ လုပ်ပေါ့ မင်းတို့ကောင်တွေမှာ တကယ်ချစ်တဲ့မိန်းကလေးမရှိသေးလို့ ဒီလိုလုပ်နိုင်တာ။ လုပ်နိုင်တုန်း လုပ်ထားကြ။

သူ ချက်ချင်းပင် ချမ်းဆီသို့ ဖုန်းဆက်ကာ အကျိုးအကြောင်းပြောပြတော့ ချမ်းကိုယ်တိုင်ကလည်း လိုက်ချင်ကြောင်း ဖွင့်ဟလာသည်။ ဒါပေမဲ့ အန်တီမေ့ကို ပြောရဦးမယ်တဲ့။

"ပြောရမှာပေါ့ ချမ်းရဲ့၊ အန်တီမေက ခွင့်ပြုမှာပါနော်"





"ချမ်းတစ်ယောက်တည်း မိန်းကလေးဖြစ်နေတာဆိုတော့ အမှန်အတိုင်းပြောရင်တော့ အန်တီမေ လိုက်လျောမယ်မထင်ဘူး"

"ဟင် ဒါဆို ဘယ်လိုလုပ်မလဲဟင်၊ ကိုယ်မသွားဘဲ နေလိုက်ရမလား"

"ဟင့်အင်း မနေပါနဲ့၊ ချမ်းကိုယ်တိုင်လည်း ချောင်းသာသွားချင်တယ်၊ အဲဒီတော့ အန်တီမေ့ကိုနည်းနည်းတော့ လိမ်ရမှာပဲ၊ ငရဲတော့ကြီးပြီပေါ့ လေးရယ်"

နောက်ဆုံးတော့ သူတို့ရဲ့ကမ်းခြေခရီးစဉ်က သုံးရက်အတွင်းမှာပဲ အကောင်အထည်ပေါ်ခဲ့တော့သည်။ ချောင်းသာသွားမည့် Express ကားပေါ်မှာ သူ့ဘေးမှာချမ်းလိုက်ပါလာခြင်းအတွက် သူ အတိုင်းမသိဝမ်းသာနေမိ၏။

"ချမ်း ပြောခဲ့သလို မိန်းကလေးသူငယ်ချင်းတွေမပါမှန်းသာ အန်တီမေ သိသွားရင် ကိုယ့်ကိုလည်း စိတ်ဆိုးမှာပဲနော်"

"မသိနိုင်ပါဘူး လေးရယ်၊ တွေးမပူစမ်းပါနဲ့၊ သိသွားခဲ့ရင်လည်း လေးကို စိတ်မဆိုးစေရဘူး။ ချမ်းတစ်ယောက်တည်း ရင်ဆိုင်မယ်"

"သတ္တိတွေ သိပ်ရှိနေတယ်ပေါ့ ဟုတ်လား"

"အင်းပေါ့ လေးနဲ့အတူ သွားရဖို့အတွက်ပဲဟာကို"

"ကိုယ်က ရင်မဆိုင်ချင်လို့ပြောတာ မဟုတ်ပါဘူးကွာ၊ ဒီအချိန်မှာ ကိုယ့်အပေါ်ကို ချမ်းရဲ့မိသားစုဘက်က တစ်ခုခု အထင်သေးသွားမှာ အထင်လွဲသွားမှာမျိုးတွေ မကြုံချင်ဘူးလေ"

"ချမ်းနားလည်ပါတယ် လေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



တငြိမ့်ငြိမ့်မောင်းနှင်နေသော ကားကြီးပေါ်မှာ ချစ်သူလေးကို ဖက်ပွေ့ရင်း အချိန်တွေအကြာကြီး အတူတူရှိနေခွင့်ရတာဟာလည်း ကံကောင်းခြင်း တစ်ခုပဲမဟုတ်လား။ သူ စိတ်ညစ်ရမယ့်အရာတွေကို တွေးမနေတော့ပါဘူး။

■ ■ ■

ဘန်ဂလိုမှာ သူတို့အခန်းသုံးခန်း ယူဖြစ်သည်။ ကြည်သာနဲ့ ဗိုးချိုက တစ်ခန်း၊ လေးနက်နဲ့ကောင်းမြတ်က တစ်ခန်း၊ ချမ်းက တစ်ခန်း။ အခန်းထဲမှာ ပစ္စည်းတွေထားပြီးတာနှင့် သူတို့အားလုံး ပင်လယ်ထဲဆင်းဖို့ ကြိုးစားကြသည်။

ချမ်းကတော့ ရေစပ်လေးမှာပဲထိုင်ကာ သူတို့ယောကျ်ားလေးတွေ ရေကူးနေတာကိုငေးမောနေမိ၏။ တအောင့်လောက်နေတော့ ရေထဲကတက်ကာ ချမ်းနားမှာ ဝင်ထိုင်လိုက်သည်။

"ဟူး မောလိုက်တာ"

မျက်နှာပေါ်မှ ရေစက်များကို လက်နှင့်သပ်ချရင်း အသက်ကို ပြင်းပြင်းရှူကာ သူပြောမိသည်။ မမောဘဲနေမလား။ သူတို့တွေ ရေထဲမှာ ဘောလုံးပစ်တိုင်းဆော့နေကြတာကို။

"ချမ်းက ရေထဲမဆင်းတော့ဘူးလား"

"ဟင့်အင်း ချမ်းမှ ရေမကူးတတ်တာ"

"ကိုယ်ရှိတယ်လေ၊ ဘောနဲ့ဆင်းပေါ့၊ ကိုယ် ထိန်းပေးထားမယ်"

"ခုတော့ တော်ပါပြီ၊ ညနေမှပဲ ဆင်းတော့မယ်၊ လမ်းမှာ ကောင်းကောင်းမအိပ်ရတော့ နည်းနည်းအိပ်ငိုက်လာလို့"

"ဒါဆို ကိုယ်တို့ ဘန်ဂလို ပြန်မယ်လေ"





"ကောင်းမြတ်တို့က ခုမှဆော့လို့ကောင်းနေတာကို"

"ဒီကောင်တွေက တော်တော်နဲ့တက်လာမှာ မဟုတ်ဘူး။ ထားလိုက် ကိုယ်တို့ဘာသာပဲ ပြန်ကြတာပေါ့"

သူက ရေစပ်နှင့်တော်တော်ဝေးဝေးထိ ရောက်နေသော ဟိုသုံးယောက်ကို ဘန်ဂလိုပြန်တော့မည့်အကြောင်း လှမ်းပြောကာ ချမ်း ပခုံးလေးကိုဖက်ပြီး ဟိုတယ်ဘက် လှည့်ပြန်ခဲ့လိုက်သည်။

"ဟာ မေ့သွားတယ်၊ ကောင်းမြတ်ကို မမေးခဲ့ရဘူး။ အခန်းသော့ ဘယ်မှာထားခဲ့လဲလို့"

"ချမ်းဘက်မှာ ခဏနေလိုက်ပေါ့"

ချမ်းက အခန်းသော့လေးကို ဘောင်းဘီအိတ်ထဲမှ ထုတ်ဖွင့်လိုက်ပြီး ဖိတ်ခေါ်နေပြန်သည်။

"ချမ်း ရေချိုးလိုက်ဦးမယ် လေး ခဏလေးစောင့်နော်"

"ကောင်းပါပြီဗျာ"

ခုတင်ထက်မှာထိုင်ရင်း လေးနက်တစ်ယောက် ကြောင်တောင်တောင် ဖြစ်နေမိသည်။ ချမ်းနဲ့သူနဲ့ နှစ်ယောက်တည်းဆိုသော အသိက သူ့နှလုံးသွေးတွေကို ပိုလို့ဆူပွက်လာစေ၏။ တကယ်ပါ ရင်ခုန်တက်စ ဆယ်ကျော်သက်ကောင်လေးတစ်ယောက်လို သူ့နဖူးမှာ ချွေးတွေဆို့တက်လာသည်။

ရေပန်းမှ အဆက်မပြတ်ကျဆင်းနေသော ရေစက်များက သူ့မှ ကို ဖြတ်သန်းပြီး ကြမ်းပြင်ပေါ်သို့ စီးကျနေသံများကိုပင် သူ နားနှင့် ဆတ်ဆတ်ကြားနေရ၏။ အဲဒီအသံလေးကတော့ ခုချိန်မှာ သူ့ကိုဆွဲဆောင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်လွန်းနေသည်။ ခုတင်အောက်ကို တွဲလောင်းချထိုင်နေမိသော သူ့ခြေထောက်များအား ဂနာမငြိမ်နိုင်စွာပင် လှုပ်ရမ်းနေမိ၏။

"လေးရေ ဟို ချမ်း မေ့ပြီး ဒီတိုင်းကြီး ဝင်လာမိတယ်၊ အပြင်ဘက်တန်းက မျက်နှာသုတ်ပဝါလေး လှမ်းယူပေးပါနော်"

တော်တော်နမော်နမဲ့နိုင်တဲ့ ကောင်မလေးပါလား။ ပြီးတော့ သူ့ကိုတောင် မျက်နှာသုတ်ပဝါ လှမ်းယူခိုင်းလိုက်သေးသည်။ သူ အသက်ကိုတစ်ချက်ပြင်းပြင်းရှူသွင်းလျက် ပြန်မှုတ်ထုတ်လိုက်မိပြီး မျက်နှာသုတ်ပဝါလေးကို ထယူလိုက်သည်။ ရေချိုးခန်းတံခါးလေးကို ခပ်တိုးတိုးခေါက်လိုက်တော့ တံခါးချပ်လေး ဖြတ်ခနဲ ပွင့်သွား၏။ တကယ့်ကို ကျဉ်းကျဉ်းလေး။

ထိုထဲကနေ ချမ်းရဲ့လက်လေးတစ်ဖက် ထွက်လာ၏။ သူက ထိုလက်လေးများထဲသို့ မျက်နှာသုတ်ပဝါလေးကို ထိုးထည့်ပေးလိုက်တော့ တံခါးလေး ဖျတ်ခနဲ ပြန်ပိတ်သွားခဲ့သည်။ အသက်အောင့်ထားသမျှတွေ ခုမှပင် ရဲရဲကြီး ဖြေလျော့လိုက်နိုင်၏။ ရေချိုးခန်းဘက်ကို ကျောပေးလျက် သူ ခုတင်ထက်ပြန်ထိုင်လိုက်သည်။ နောက်ဘက်ဆီမှ သင်းပျံ့သော မွှေးရနံ့လေးနှင့်အတူ ခြေသံဖွဖွလေး ကြားရသည်။

"လေး လှည့်မကြည့်နဲ့နော်"

ကဲ ကြည့် ကျောပေးထိုင်နေသည့်လူကို တမင်သက်သက်ရန်လာစနေသလိုပဲ။ လူဆိုတာမျိုးက မလုပ်နဲ့နော်ဆိုမှ ပိုလုပ်ချင်စိတ်ပေါက်လာတတ်ကြတာ မဟုတ်လား။ သူမကတော့ လေးနက်ကို စိတ်ချလက်ချစွာနှင့် နောက်ဘက်မှာထင်သလိုလုပ်နေပုံပါ။ သူ့မှာတော့ ကြားနေရသော ချိုးချိုးချွတ်ချွတ်သံများကို ဘယ်လိုမှကို ဥပေက္ခာမပြုနိုင်ဘဲ





ဖြစ်နေသည်။

နှလုံးသားက ရင်ဘတ်ထဲမှာ တဒိန်းဒိန်းခုန်နေတာ။ သူ့တစ်ကိုယ်လုံးမှာ စီးဆင်းနေတဲ့သွေးတွေ နားထင်ကို တက်ဆောင့်နေတာ။ သူ့အာခေါင်တွေ ခြောက်သွေ့လာတာ။ လှုပ်ရမ်းနေမိသော ခြေထောက်များက ပိုလို့သွက်သွက်လက်လက် မြန်မြန်ဆန်ဆန်။ လက်ဖျားတွေ အေးစက်လာသည်။

တကယ့်ကို ဆယ်ကျော်သက်ကောင်လေးတစ်ယောက်ရဲ့ ရင်ခုန်စရာ စွန့်စားခန်းကြီးကို စတင်ရတော့မှာလိုလို။

"ဟင် လေး လေး ဘာလုပ်တာလဲ"

မျက်စိရှေ့တည့်တည့်မှာ ပြူးကျယ်ဝိုင်းစက်နေသော မျက်လုံးလေးများဖြင့် ထိတ်လန့်တကြား ငေးကြည့်နေသော ချမ်း။

ပြည့်ပြည့်စုံစုံ မတပ်ရသေးသော အင်္ကျီကြယ်သီးလေးများက သူ့စိတ်တွေကို ညို့ယူဖမ်းစားနေသည်။ ထိတ်လန့်တုန်လှုပ်မှုကြောင့် လှုပဝိုင်းစက်သော ရင်ဘတ်လေးတွေ နိမ့်ချည်မြင့်ချည် ခုန်လှုပ်နေတာ သူ့မျက်လုံးများဖြင့် အနီးကပ်မြင်နေရ၏။

ရှေ့တည့်တည့်ကနေ စိုက်ကြည့်နေသော သူ့အကြည့်များကို ချမ်း မခံနိုင်စွာ သူ့ကိုကျောပေးလိုက်သည်။ သူ့ကိုယ်သူ မထိန်းသိမ်းနိုင်စွာပင် ထိုတုန်လှုပ်နေသော ကိုယ်လုံးလေးကို နောက်ကနေ သိုင်းဖက်ထားလိုက်မိ၏။

"လေး အဲဒီလို မလုပ်ပါနဲ့" -

အသံလေးတွေပါ တုန်ယင်လျက် ချမ်း မသဲကွဲစွာ တောင်းဆို



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီတစ်ခါတော့ ချမ်းရဲ့ဆန္ဒကို ကိုယ်ဥပေက္ခာပြုပါရစေနော်။

"ကိုယ် ချမ်းကို သိပ်ချစ်တယ်"

ရေချိုးပြီးစ ဆပ်ပြာနံ့လေးတွေ သင်းနေသော လည်တိုင်လေးနားကပ်ပြီး သူ တိုးတိုးလေးပြောတော့ ချမ်း ဆတ်ခနဲ တုန်သွားသည်။

သိုင်းဖက်ထားမိသော ကိုယ်လေးကို ရှေ့ဘက်လှည့်ယူလျက် မျက်နှာချင်းဆိုင်မိလျှင် ချမ်းမျက်ဝန်းမှာ မျက်ရည်စတွေ။

"ချမ်း ကိုယ့်ကိုကြောက်နေလားဟင်"

ချမ်းရဲ့မျက်လုံးတွေထဲကို အငမ်းမရကြည့်ရင်း သူမေးမိသည်။

ဒါပေမဲ့ သူ့ရင်ခွင်ထဲကို တိုးဝင်လာပြီး သူမရဲ့လက်လေးများဖြင့် တင်းတင်းကျပ်ကျပ် ပြန်လည်ဖက်ထားခြင်း ခံလိုက်ရသောအခါမှာတော့ သူ့တစ်ကိုယ်လုံး လေထဲမြောက်တက်သွားသလား ထင်ရလောက်အောင် ရင်ခုန်ကြည်နူးသွားမိသည်။

တစ်သားတည်းဖြစ်နေသော လူနှစ်ဦး၊ တစ်သားတည်းဖြစ်နေသော နှလုံးသားတစ်စုံ၊ ဒီအချိန်လောက် မှတ်မှတ်ရရ ရင်ခုန်စရာကောင်းတာ ဘယ်မှာရှိပါတော့မလဲ။

နမ်းနေကျ နှုတ်ခမ်းလေးတွေ ပိုချိုနေသည်။ အလှတွေဖုံးအုပ်ထားသော အလှတရားများရဲ့ပကာတိအရှိကို သူ့မျက်လုံးများဖြင့် အထပ်ထပ် ဓာတ်ပုံရိုက်ယူထားလိုက်၏။

ပထမတော့ တပ်မက်သော ပူလောင်မှုတွေ သူ့ရင်ထဲ လောင်မြိုက်နေခဲ့တာ။ ခုတော့ အပြန်အလှန် အနမ်းများကြောင့် ထိုပူလောင်မှုတွေဟာ ဖြည်းဖြည်းချင်း စီးချက်ညီညီဖြင့် အချစ်များအဖြစ် အသွင်





ပြောင်းလဲနေပြီ။ နှစ်ဦးသားရဲ့လှုပ်ရှားမှုတိုင်းမှာ နှလုံးသားဟာ အချစ်ကိုသာ ကိုယ်စားပြုနေ၏။

နောက်ဆုံး ရေချိုးပြီးစရနံ့လေးဟာ ချမ်းတစ်ယောက်တည်းဆီပဲ မဟုတ်တော့။ သူမဟာ ကိုယ်ဖြစ်သလို ကိုယ်ဟာလည်း သူမပဲဖြစ်နေခဲ့ပြီ။

အချစ်ဆိုတာ နှုတ်ခမ်းလေးတစ်စုံကိုပဲ ချိုမြိန်စေတာမဟုတ်မှန်း ဒီအချိန်မှစကာ သူ သိရှိလက်ခံလိုက်ရလေသည်။

■ ■ ■

ညနေရောက်တော့ ချမ်း လက်ကိုဆွဲကာ သူ ရေထဲတန်းဆင်းသည်။ ကြောက်တတ်သော ချမ်းကတော့ ဘောကွင်းလေးထဲမှာပေါ့။

"ပျော်စရာကောင်းတယ်မဟုတ်လား"

"အင်း ပျော်တယ်၊ ဘေးနားမှာ လေးရှိနေလို့"

"လာချွဲမနေနဲ့"

သူက ဘောကွင်းလေးကို လွှတ်ပေးလိုက်သည်။

"အဲဒီလို မလွှတ်လိုက်နဲ့လေ"

ထိတ်လန့်တကြားနှင့် ဘောကွင်းထဲကနေ ရုန်းထွက်ဖို့ လုပ်နေသောကြောင့် သူ ပြန်ထိန်းပေးထားလိုက်ရသည်။

"ဘာမှကြောက်စရာမရှိပါဘူး ချမ်းရဲ့၊ ပြီးတော့ မနက်က ကိုယ်တို့ သွားတဲ့နေရာကို ရောက်ဖို့တောင် အဝေးကြီးလိုသေးတယ်"

"အို ဘာပဲဖြစ်ဖြစ် ချမ်း ကြောက်တယ်"

ချမ်းပါနေသောကြောင့် သူ ဟိုကောင်တွေနဲ့လည်း မဆော့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သလို ရေလည်းကောင်းကောင်းမကူးဖြစ်လိုက်။ ဒီတိုင်းလေး ရေစိမ်လို
ချမ်းကိုခိုးနမ်းလိုက်နှင့် တဖြည်းဖြည်း နေတောင်ဝင်တော့မည်။

"လေးကို ပြောစရာရှိတယ်"

ချမ်းမျက်နှာလေးက တည်တည်လေး။

"ဘာလဲ ချမ်းရဲ့ ပြောလေ"

"နောက်တစ်ပတ်လောက်နေရင် ကိုခန့်ညားတို့နဲ့ ချမ်း ခရီးထွ
ရမယ်၊ ရိုက်ကွင်းက တောင်ပေါ်မြို့လေးမှာဆိုတော့ ပြင်ဦးလွင်ဘက်
သွားဖြစ်မှာ"

"မင်း ဘာပြောလိုက်တယ်"

သူ ကြားလိုက်တာ ဟုတ်မှဟုတ်ရဲ့လားလို့ ထပ်မေးလိုက်
သည်။ တကယ်တော့ သူ ရှင်းရှင်းလင်းလင်းကြီးကို ကြားလိုက်ပါရဲ့။ ချမ်း
ခန့်ညားတို့နဲ့အတူ ရုပ်ရှင်ရိုက်ကွင်းကို လိုက်သွားမယ်၊ ဒါကလည်း ပြင်ဦး
လွင်မှာဆိုတာ။

"ဟုတ်တယ် လေး။ ကိုခန့်ညားက ချမ်းကိုပါ ရိုက်ကွင်း
လိုက်စေချင်တယ်၊ တစ်ခါမှ အတွေ့အကြုံမရှိတော့ လေ့လာစေချင်တ
တဲ့"

"တောက်"

သူ ဘာမှမပြောနိုင်သေးခင်မှာပဲ တက်တစ်ချက်က ခေါက်
ပြီးသားဖြစ်နေသည်။

"လေး ဘာဖြစ်ပြန်ပြီလဲ"

သူ့မျက်နှာပေးကိုမြင်တာနဲ့တင် ချမ်း သဘောပေါက်မှာပါ။





စိတ်တိုသွားတယ်ဆိုတာ ထွေထွေထူးထူးတောင် ပြောစရာမလိုပါဘူး။

"မင်း အဲဒီယောကျ်ားတွေ တကားကားနဲ့ လျှောက်မသွားလို့ ရေဘူးလား ချမ်း"

"လေး ဘယ်လိုပြောလိုက်တာလဲ"

"မင်း ကြားတဲ့အတိုင်းပဲ"

သူက ချမ်းကိုအပြင်မှာ အလုပ်ထွက်လုပ်ခြင်းထက် အိမ်ထဲမှာ အေးအေးချမ်းချမ်းနှင့် စာရေးတဲ့အလုပ်လေးကိုပဲ လုပ်စေချင်ခဲ့တာ။

"ချမ်းရဲ့ဝါသနာကိုဆက်လုပ်ဖို့ လေးပဲတိုက်တွန်းခဲ့တာမဟုတ်ဘူး"

"ငါက မင်းကို အိမ်မှာအေးအေးလူလူလေး အရိပ်ထဲမှာ မပင်မပန်းနဲ့ စာရေးစေချင်ခဲ့တာ၊ ခုတော့ မင်းဟာက အပြင်မှာအလုပ်ထွက်လုပ်တာထက်တောင် ပိုဆိုးနေပြီ"

"ဒါဆိုချမ်းက ဘာဆက်လုပ်ရမှာလဲ"

"ငါ မသိဘူး ပြောလည်းမပြောချင်တော့ဘူး၊ မင်းဘာသာမင်း လုပ်ချင်တာသာ လုပ်တော့"

သူ စိတ်တိုတိုနှင့်ပင် သောင်ပြင်ပေါ် ပြန်တက်လာခဲ့လိုက်သည်။ အစိမ်းရင်းနှင့် အစပ်လေးနားမှာ ရောက်နေပြီမို့ ချမ်း အလွယ်တကူပင် သူ့နောက်က လိုက်လာတာ သိနေသည်။ ဒါပေမဲ့ တစ်ချက်မှ ပြန်မလှည့်ကြည့်ဖြစ်။ ကောင်တာမှာ အပ်ထားသော အခန်းသော့ကို တောင်းယူပြီး သူ ခြေလှမ်းကျဲကြီးများဖြင့် ဆက်လျှောက်လာခဲ့သည်။

ချမ်း အပြေးတစ်ပိုင်း လိုက်လာပြီး တတွတ်တွတ် အော်ခေါ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ ကြားပေမယ့် သူ မသိချင်ယောင်သာ ဆောင်နေခဲ့၏။ အခန်းထဲ
မြန်မြန်ဝင်လိုက်ပြီး အတွင်းမှ လော့ချထားပစ်လိုက်သည်။ သူ ခုချိန်မှာ
ချမ်းနဲ့ဆက်စကားမပြောချင်။ စိတ်တိုတိုနှင့် ဘယ်လိုစကားမျိုးတွေ ပြော
ထွက်ကုန်မလဲဆိုတာ သူကိုယ်တိုင်လည်း အာမမခံနိုင်။

ရေချိုးခန်းထဲ တန်းဝင်ပြီး ရေပန်းအောက်မှာ စိမ်ပြေနပြေ ရေချိုး
ပစ်လိုက်သည်။ ဆားငန်ရေများ သဲများ သန့်စင်သွားပေမယ့် သူ့စိတ်ထဲ
အညစ်အကြေးတွေကတော့ မသန့်စင်နိုင်သေးပါ။ တစ်ခါမှ မမြင်ဖူးသော
ယောကျ်ားတစ်ယောက်နှင့် သဝန်တိုနေရသော သူ့အဖြစ်က တကယ့်
စိတ်ပျက်စိတ်ရှုပ်စရာ ကောင်းလှသည်။

ခုတင်ထက်မှာ ဘုန်းခနဲ ပစ်လှဲချလိုက်ပြီး မျက်လုံးများကို မှိတ်ထား
လိုက်၏။ ဆားငန်ရေများနဲ့ ထိတွေ့ထားသောကြောင့် စပ်နေသော မျက်ဝန်း
တွေက ခဏလေးအတွင်းမှာပင် အိပ်ပျော်ခြင်းအဖြစ်ကို ရောက်ရှိသွားတော့
သည်။ တံခါးကို အဆက်မပြတ် ထုနေသော ချမ်းရဲ့အသံလည်း မကြား
တော့။

ခဏလေးဖြစ်ဖြစ် သူ ငြိမ်းချမ်းသွားပါသည်။

■ ■ ■

အဲဒီအချိန်မှစကာ ချောင်းသာမှာရှိနေသော နောက်ထပ်တစ်
ရက်နဲ့တစ်ဝက်။ ရန်ကုန်ကို ပြန်ရောက်သည်ထိ သူ ချမ်းကိုစကားမပြော
ဖြစ်ခဲ့။ မျက်နှာငယ်လေးနှင့် လှမ်းကြည့်ကြည့်နေသော ချမ်း မျက်ဝန်း
တွေကို သူ မသိချင်ယောင်ဆောင်နေခဲ့မိသည်။

"မင်း ဒီလောက်ထိတော့ မလုပ်သင့်ပါဘူးကွာ"





ချောင်းသာမှာတည်းက လေးနက် ပြောပြထားသောကြောင့်
သူ့ရဲ့ရင်းမြစ်ကို သိရှိပြီးဖြစ်သည့် ကောင်းမြတ်တို့က သူ့ကို အပြစ်
တင်ချင်နေကြသည်။ ချမ်း ဆက်သွယ်လာသမျှဖုန်းတွေကို သူ လျစ်လျူရှု
ပြီး မကိုင်ခဲ့သောကြောင့် ချမ်းက ကောင်းမြတ်တို့ ဖိုးချိုတို့ ကြည်သာတို့
ဆီ တစ်ယောက်မကျန် လှမ်းဆက်ရင်ဖွင့်သည်တဲ့။

"ဖုန်းထဲမှာတင် ချမ်း အသံနားထောင်ရတာ တော်တော် သနား
စရာကောင်းတယ်ကွာ"

ဖိုးချိုက ခေါင်းတခါခါနှင့်ပြောသည်။

"ငါ့ကိုဆို ပြောရင်းပြောရင်း ငိုလိုက်တာ"

ကြည်သာကပါ ဝင်ထောက်ခံနေသလိုမို့ သူ ဘာပြောလို့ ပြော
ရမှန်းပင် မသိတော့။ ဒီကိစ္စကိုသာ သူ လွယ်လွယ်နဲ့ အလျှော့ပေးလိုက်
ရင် နောက်ဆို ဒီလိုအဖြစ်တွေ ခဏခဏ ဖြစ်လာတော့မှာ။ သူတို့နှစ်
ယောက်က အလုပ်အတူတွဲလုပ်ကြရမည့်သူတွေ ဖြစ်သွားပြီမဟုတ်လား။

"မင်းတို့မသိပါဘူးကွာ၊ ငါ့ရင်တွေ ဘယ်လောက်တောင် ပူလောင်
နေတယ်ဆိုတာ"

"မင်းတို့ ဖုန်းမပြောဖြစ်တာ ဘယ်လောက်ရှိပြီလဲ"

"တစ်ပတ်ကျော်ပြီ"

"ဘယ်တုန်းက မင်းဒီလောက်ထိ နေခဲ့ဖူးလို့လဲ လေးနက်"

ဟုတ်ပါတယ်။ ချမ်းကို တစ်ရက်မတွေ့ရင်တောင် မနေနိုင်ခဲ့သည့်
လေးနက်က ဖုန်းလေးတစ်ချက်တောင် မပြောဖြစ်တာ ချောင်းသာက ပြန်လာ
ပြီးနောက် တစ်ပတ်ကျော်ပြီဆိုတော့ သူငယ်ချင်းတွေပြောတာ မလွန်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်များက စားပွဲပေါ်တင်ထားသော ဖုန်းလေးဆီကို လှမ်း
တော့မိမလို ဖြစ်နေတုန်းမှာပဲ

"ဩော် အားလုံး လူစုံတက်စုံပါလား"

အသံလွင်လွင်လေးနှင့်အတူ ဆိုင်တံခါးကို တွန်းဖွင့်ဝင်လာသော
ဝိုင်းနု။ သူမကို မြင်လိုက်ရချိန်မှာ လေးနက်အပါအဝင် ကျန်တဲ့သုံးယောက်
လုံး ပြောလက်စစကားတွေ ရပ်တန့်ကုန်သည်။

"နင်ဘာကိစ္စရှိလို့လဲ"

"ငါနှစ်ယောက်တည်းပဲ ပြောချင်တယ်"

အားလုံးရှေ့မှာ ပေါ်တင်ပြောလိုက်တာမို့ ကျန်တဲ့သုံးယောက်
သူတို့နားကနေ ထထွက်သွားသည်။

"ဆိုင်ကို လိုက်မလာရင်ကောင်းလိမ့်မယ်၊ ဒါ အလုပ်လုပ်
နေရာ"

"သေချာလို့လား အဟင်း"

ခနဲ့တဲ့တဲ့ ရယ်မောလိုက်သံက တကယ့်ကို ပမာမခန့်။ ဝိုင်း
စိတ်ကုန်မိသည့်ထဲမှာ ကိုယ့်လင်ယောကျ်ားဖြစ်သူကို ခုလိုမျိုး မထီမဲ့မြင်
ပြုမှုတွေကြောင့်လည်းပါသည်။ ဒါပေမဲ့ ခုတော့ လေးနက်ထံမှာ သူမ
ပတ်သက်ပြီး စိတ်ကုန်တယ်ဆိုသည့် ခံစားမှုမျိုးတောင်မရှိတော့။ အား
ပြီးဆုံးသွားခဲ့ပြီ။ ဘာမှမဖြစ်ခဲ့သလို ဘယ်တော့မှ ထပ်ဆုံဖို့မရှိတော့သလို
ပြီးဆုံးသွားခဲ့တာ။

"မင်း ဒီထိလိုက်လာတာ ဘာသဘောလဲ ဝိုင်း"

"ငါက လာလို့မရဘူးလား။ နင်မမေ့နဲ့နော်၊ ခုချိန်ထိ နင်နဲ့





ရားဝင်ဇနီးမယားက ဝိုင်းနုဟာန်ဆိုတဲ့ ငါပဲ၊ တခြားတစ်ယောက် မဟုတ်

သူမလေသံကို နားထောင်ရတာ တစ်ခုခုကို သိနေသလို။

"နင်ဘာတွေလာပြောနေတာလဲ"

"ငါ ဘာပြောတယ်ဆိုတာ နင်ကောင်းကောင်းသိမှာပေါ့"

"နိုး ငါမသိဘူး။ နင်နဲ့ပတ်သက်ပြီး ငါ စိတ်မဝင်စားတော့တာ
တော်ကြာပြီပဲ၊ အခု နင်လုပ်ရမှာက ငါပေးထားတဲ့ ကွာရှင်းစာချုပ်
အမြန်ဆုံး လက်မှတ်ထိုးပေးဖို့"

"ငါ မထိုးနိုင်ဘူး"

ဝိုင်းက ပြတ်သားစွာ ပြောသည်။

"နင် မထိုးနိုင်လို့ မရဘူး။ နင်ရောငါရော လွတ်လပ်စွာ နေထိုင်
တဲ့သူတွေ ဖြစ်နေပြီပဲ၊ ဒီစာချုပ်ကို လက်မှတ်မထိုးဘဲ ထားရုံနဲ့ ဘာမှ
င်းလဲမသွားတော့ဘူး"

"နင်က အဲဒီလိုထင်နေတာလား။ မှားတယ် လေးနက်၊ အဲဒီ
ချုပ်ကို လက်မှတ်မထိုးတဲ့အတွက် နင်နဲ့ပတ်သက်ပြီး ငါ့မှာလုပ်ပိုင်ခွင့်
ရှိနေတုန်းပဲလေ"

"ဘယ်လိုလုပ်ပိုင်ခွင့်မျိုးလဲ၊ ငါ့ကိုတရားစွဲမယ်ဆိုတာလား။ နင်
ားဖို့က ငါတို့အတူရှိခဲ့တဲ့ တစ်နှစ်ကျော်အတွင်းမှာ နင့်အပေါ် ဘာ
ခန်မကျေတာ ရှိခဲ့လဲ၊ နင်ထောက်ပြလေ၊ မကျေနပ်ရင် နင့်အပေါ်
သာပြီး ထောက်ပြနိုင်းလိုက်"

"ငါပြောတဲ့စကားကို နင်က နားမလည်ဘူးကိုး။ ငါနဲ့နင်နဲ့ တစ်အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထဲရှိနေချိန်တွေကိုပဲ မပြောခဲ့လေ၊ လက်ရှိမှာလည်း နင်က ငါ့ ယောက်
အဲဒီလက်ရှိမှာ နင် ဘာတွေလုပ်နေလဲ၊ လူမှုရေးဖောက်ပြန်မှုတွေ"

သူ ထိုင်နေရာကနေ ရုတ်ခနဲ ထရပ်လိုက်မိသည်ထိ လှုပ်
ခတ်ခတ် ဖြစ်သွားရတာကို မငြင်းချင်ပါ။

"မင်း ဘာတွေပြောနေတာလဲ ဝိုင်း"

"နင် ငြင်းချင်လို့လား၊ ဒါပေမဲ့ ငါ့ဘက်က ပြောနိုင်တာက
စိတ်မကောင်းပါဘူးဆိုတာပဲ၊ နင်နဲ့ပတ်သက်တဲ့ သက်သေတွေအား
ငါ့ဆီမှာရှိတယ်"

"နင် ဘာလိုချင်တာလဲ ဝိုင်းနုဟန်"

သူ ဒေါသတကြီး အော်ပစ်လိုက်မိသည်။

"ဟာ ချမ်း"

ဒါပေမဲ့ သူ့အသံထက် ပိုပြီးကျယ်လောင်သောအသံဖြင့် ကြည်
အော်လိုက်ချိန်မှာတော့ သူ ထိတ်လန့်တုန်လှုပ်စွာဖြင့် ဆိုင်အပြင်ဘက်
လှမ်းကြည့်လိုက်မိသည်။ အဝါရောင်ဂါဝန်အနားစလေး ပရမ်းပတာ လှု
သွားသည်ထိ ပြေးထွက်သွားသော ချမ်းရဲ့နောက်ကျောကို မြင်လိုက်ရ
သူ့အသိစိတ်တွေအားလုံး လောကကြီးအပြင်ဘက်ကို လွင့်ထွက်သွား
၏။

သူ့ကိုယ်သူ မသိလိုက်ချိန်မှာ ချမ်း လိုက်ပါသွားသော အ
ယာဉ်ရဲ့နောက်ကို သူ အသည်းအသန် ပြေးလိုက်နေမိပြီ။ ခြေကုန်
ပန်းကျကာ ကတ္တရာလမ်းမထက် လဲပြိုကျသွားချိန်မှာပင် သူ့အသိ
တွေ ပြန်ဝင်လာခဲ့၏။





သွားပြီ အရာအားလုံး ပျက်စီးသွားပြီဆိုတာက သူ့ထံ အရင်
ဦးဆုံး ရောက်ရှိလာသော အသိဖြစ်သည်။ ချမ်း ဘယ်တုန်းတည်းက
ဆိုင်တံခါးဝနားမှာ ရောက်နေခဲ့တာလဲ။ သေချာတာကတော့ သူနဲ့ဝိုင်းနု
ဟန်နဲ့ ပြောသမျှတွေကို ကြားသိနားလည်သွားပုံပါပဲ။

ခုချိန်မှာ သူ ဘာတွေသွားပြောပြရမှာလဲ။ ဘယ်ကစပြီး ရှင်းပြ
ရမှာလဲ။ ရှင်းပြလို့ရော ရသေးသည့်အဖြစ်အပျက်လား။ သူ ဘာမှမသိ
တော့။

"လေးနက်"

အနောက်ကနေ အပြေးအလွှားလိုက်လာသော သူငယ်ချင်းတွေ
အနားရောက်လာမှ ငိုက်စိုက်ကျနေသော ခေါင်းကိုမော့ကြည့်ဖို့ သတိရသည်။
သူ့ပါးပြင်မှာ ပွန္နေးနေတာ မျက်ရည်တွေပဲနဲ့တူပါရဲ့။

"လာကွာ လမ်းလယ်ခေါင်ကြီးမှာ မကောင်းပါဘူး"

သူ အားယူပြီးရပ်လိုက်ပေမယ့် ခြေထောက်တွေက ပျော့ခွေနေ
သောကြောင့် အလွယ်တကူ မရပ်နိုင်။ ဘေးကနေ ဖိုးချိုတွဲလိုက်မှပင် သူ
လမ်းလျှောက်နိုင်သောအဖြစ်။ ဆိုင်ထဲရောက်တော့ ဝယ်သူတွေ တစ်
ယောက်မှမရှိ။ ဝိုင်းနုဟန်လည်းမရှိ။ ဝန်ထမ်းကောင်မလေးတွေကလည်း
ခုနက ဖြစ်သွားသော အခြေအနေကို သဘောပေါက်သောကြောင့် တိတ်
ဆိတ်ငြိမ်သက်နေကြသည်။

"မင်း ဘာဆက်လုပ်မလဲ ဟော့ကောင်"

အားလုံးရဲ့မျက်နှာတွေကလည်း သူ့ကြောင့်နဲ့ လိုက်ခံစားပေး
နေသလို ပျက်ယွင်းနေကြသည်။ ဒါပေမဲ့ သူကိုယ်တိုင်လည်း ခုချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဟာက အကောင်းဆုံးဖြစ်မယ်ဆိုတာ စဉ်းစားမရသေး။ ဘာဆို ဘာကိုမှ စဉ်းစားလို့မရသေး။ ဦးနှောက်ကြီးတစ်ခုလုံး ဗလာဖြစ်နေပြီး နှလုံးသားက သူ့ကိုယ်ထဲမှာ မရှိတော့သလို နာကျင်နေသည်။

အရာအားလုံး ပြီးဆုံးသွားပြီ ထင်ပါရဲ့။

■ ■ ■



## အခန်း (၈)

ချမ်း သေသွားပြီ။

အဲဒီလို အဖြစ်မျိုးကို အလိုအရှိဆုံး လူဟာ ချမ်းကိုယ်တိုင် ပါပဲ။ ဘတ်တယ်။ ချမ်း သေသွားရင် ဒါတွေကို ရင်ဆိုင်ခံစားနေဖို့ မလို တော့ဘူး။

ခုတော့ ဘယ်သူ့ကိုမှလည်း ထုတ်ပြောပြဖို့ မရဲသည့်ခံစားချက် တွေနဲ့ ချမ်းတစ်ယောက်တည်း။

ဘာကိုမှ ရင်မဆိုင်ချင်တော့။ ဘယ်သူနဲ့မှလည်း မတွေ့ချင်တော့။ ဘာမှလည်း မလုပ်ချင်တော့။ အရာရာဟာ ချမ်းဘက်မှာ အနုတ်လက္ခဏာ ဆောင်သော ပြည့်နှက်နေသည်။ ချမ်း အတွေးတွေထဲမှာ အသက်ရှင်နေ ခိုင်ရတာ ပင်ပန်းဆင်းရဲလွန်းလှသည်လို့ပဲ ယုံကြည်နေမိသည်။

အိမ်ထဲကအိမ်ပြင်မထွက်ဘဲ အခန်းအောင်းနေပြီး မျက်ရည်တွေကို အဖော်ပြုရှင်သန်ရသည့် ရက်စွဲတွေ။ ဘာကိုမှန်းမသိ ကြောက်ရွံ့အားငယ်နေ သော ခံစားချက်တွေ။

"သမီး တံခါးဖွင့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ အိမ်ပြန်ရောက်ထဲက အခန်းတံခါးပိတ်ပြီး အပြင်သို့ တစ်ခ ါးမှ မထွက်ဖြစ်ခဲ့သော ချမ်းကို အန်တီမေ စိတ်ပူနေပြီဆိုတာ သိပါသည် ဒါပေမဲ့ ချမ်း ဘယ်သူနဲ့မှမတွေ့ချင်။ အခန်းတစ်ခုလုံးကို အမှောင်ချလျ မျက်ရည်များဖြင့်သာ သူမ နေချင်သည်။

"အန်တီ့ကိုစိတ်ပူအောင် မလုပ်ပါနဲ့ သမီး ထမင်းလည်းမစ တာ သုံးရက်လောက်ရှိနေပြီလေ"

အန်တီမေ့အသံက ငိုသံပါနေသည်။ ဒါပေမဲ့ မတတ်နိုင်။ အခန်းလေးထဲမှာ သူမတစ်ယောက်တည်းပဲ နေချင်သည်။ နာရီဝက် လော ကြာအောင် တံခါးကို ထုရိုက်ခေါ်ဆိုပြီးနောက်မှာတော့ အန်တီမေ ပြန်ဆ သွားသည့်ခြေသံ ကြားရ၏။

ပြန်လည်တိတ်ဆိတ်သွားသည့် ပတ်ဝန်းကျင်မှာ ထိုနေ့က မြ ကွင်းတွေက တစ်ကွက်ချင်း ပြန်ပေါ်လာပြန်သည်။ လေးနဲ့ရွယ်တူလော ဖြစ်မည့် အမျိုးသမီးတစ်ဦးရဲ့နှုတ်ကနေ ပြောနေသော စကားများ။

လေးက ပြန်လည်ပြောဆိုသည့်စကားများ။ သူမ မယုံကြည်နိ လောက်အောင်ပါပဲ။ မယုံကြည်ချင်ပေမယ့် မျက်လုံးများနဲ့တည့်တည့် နားမ နဲ့ဆတ်ဆတ် မြင်ခဲ့ကြားခဲ့တာတွေကို ဘယ်လိုစိတ်မျိုးနှင့် မယုံကြည် နေရမည်လဲ။

ချမ်း ရုပ်ရှင်ရိုက်ကွင်းဆီ လိုက်သွားမည့်ကိစ္စကို လေး မကျေန သောကြောင့် ချောင်းသာမှာတည်းက စကားလည်းမပြော၊ ဖုန်းဆက်လည် မကိုင်နှင့် စိမ်းစိမ်းကားကား ဆက်ဆံခဲ့သည်။ ထိုရက်တွေတည်းက ချမ် တစ်ကိုယ်တည်း ခြေမကိုင်မိလက်မကိုင်မိစွာ ကြေကွဲခဲ့ရတာ။ လေးနက်





...ယ်ချင်းတွေထံသို့လည်း ဖုန်းတွေလျှောက်ဆက်ကြည့်ပြီး တစ်ခုခုများ ...ားရလိုကြားရငြား စုံစမ်းခဲ့ရတာ။

ဒါပေမဲ့ အားလုံးဆီက အားပေးစကားကလွဲရင် ထွေထွေထူးထူး ...မှမသိခဲ့ရ။ ဒါကြောင့်လည်း ချမ်း မနေနိုင်တော့စွာပင် လေးနက်ရဲ့ ...င်ကို လိုက်သွားခဲ့ခြင်း ဖြစ်သည်။ မှန်တံခါးလေးကို တွန်းဖွင့်ဝင်ဖို့ လုပ်ဆဲ ...ဲ အထဲက ငွေရှင်းကောင်တာလေးနားမှာ လေးနဲ့အမျိုးသမီး တစ် ...ာက်တို့ စကားပြောနေတာကို လှမ်းမြင်ခဲ့ခြင်းဖြစ်၏။ ဒါပေမဲ့ သူမ ...ားစွာပင် မိတ်ဆွေတစ်ဦးသာ ဖြစ်လိမ့်မည်လို့ ထင်မိပြီး

"အား"

နားနှစ်ဖက်ကို လက်များဖြင့်စုံပိတ်ကာ ချမ်း အသံကုန်အော် ...လိုက်မိသည်။ မကြားချင်တဲ့စကားတွေကို အထပ်ထပ်ပြန်ပြန်ကြား ...ရတဲ့အဖြစ်ဆိုးကြီးထဲကနေ သူမ ဘယ်လိုရုန်းထွက်ရမလဲ မသိတော့။

"သမီး ဘာဖြစ်တာလဲ၊ တံခါးဖွင့်ပေးပါဦး။ ချမ်းရေ ဘာဖြစ် ...ာလဲလို့"

တဒုန်းဒုန်းထုရိုက်နေသော တံခါးသံကိုလည်း သူမ မကြားချင်။ ...ူညံ့ညံ့ ဘာသံကိုမှ သူမ မကြားချင်။ အောက်ထပ်မှ တံခါးဘဲလ်သံ ...ားရသည်။ လှေကားပေါ်က ခပ်မြန်မြန် ပြေးဆင်းသွားသော အန်တီ ...ခြေသံကို ကြားရသည်။ နားတွေကို စုံပိတ်ထားလျက်နဲ့တောင် ရှိသမျှ ...သံတွေအားလုံးကို ကြားနေရသေးသည်။

အဲဒီအသံတွေကနေ ထွက်ပြေးလွတ်မြောက်ဖို့ ဘာလမ်းမှ မရှိ ...ာ့ဘူးလား။ ချမ်း တစ်ကိုယ်လုံး ချွေးများဖြင့်ရွှဲနစ်နေခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခန်းအောင်းနေခဲ့မိတဲ့ ဒီရက်တွေမှာ ခဏတာလေး အိပ်ပျော်သွားခဲ့ရင်တောင် ထိတ်လန့်တကြား တစ်ကိုယ်လုံး အေးစက်ပြီးနိုးခဲ့ရတာ

ကွေးကွေးကလေး ထိုင်နေမိတာ နာရီပေါင်းများစွာ ကြာပြီးမို့ နောက်ဘက်မှ နံရံကိုအားပြုကာ သူမ ကြိုးကြိုးစားစား မတ်တင်ရပ်လိုက်ရသည်။ အနားမှာရှိသော နံရံလေးပေါ်မှာ ဆေးပုလင်းလေးတွေ စီတန်းတင်ထားသည်။ သူမ ဘာကိုမှ တွေးမနေမိတော့ဘဲ ဘာမိတွေး ပုလင်းလေးကို လှမ်းယူလိုက်မိ၏။

■ ■ ■



## အခန်း (၉)

လေးနက် ဘယ်သူနဲ့မှ အတွေ့မခံဘဲ အိမ်တွင်းအောင်းနေခဲ့တာ ခုနစ်ရက်ရှိပြီ။ ဆိုင်လည်း မသွားဖြစ်။ နောက်ဆုံးအနေနဲ့ သူ့ဘက်က တစ်ခုခုလုပ်ရတော့မယ်ဆိုတာ သူ သိသည်။ ဒါပေမဲ့ ချမ်းဆီသွားပြီး ဖြေရှင်းမှုခင်မှာ တစ်ဖက်ကို အရင်ဆုံးပြတ်ပြတ်သားသား လုပ်ထားနိုင်မှ ဖြစ်မည်။

ဝိုင်းနု လိုချင်တာက ဘာလဲ။ သူမ တကယ်တမ်းလိုချင်တာ လေးနက်နဲ့ပြန်ပေါင်းဖို့လား။ မဖြစ်နိုင်။ သူနဲ့ပြန်ပေါင်းချင်တဲ့ မိန်းမတစ်ယောက်က သူ့ကိုတရားစွဲဖို့ ကြိုးစားမှာမဟုတ်။ ဒါဆို ဝိုင်းနုဟာနက လေးနက်ဆီက ဘယ်လိုအရာကို လိုချင်နေခဲ့တာလဲ။ တကယ်ပဲ သူ့ကို တရားဥပဒေအရ စီရင်ရမှပဲ ကျေနပ်မှာတဲ့လား။

ဒီအခြေအနေမှာ မပြောပြလို့လည်း မဖြစ်တော့တာမို့ အိမ်က အမေ့ကိုရော မမကြီးကိုပါ ဖြစ်ကြောင်းကုန်စင် ပြောပြထားခဲ့ပြီးပြီ။ ဝိုင်းနုတို့ အကွက်ဆင်ဖမ်းသောကြောင့် လက်ထပ်လိုက်ရသော မင်္ဂလာပွဲအပြွက် ဘကြီးလှကောင်းပီသစွာ မတားမြစ်ခဲ့သော သူ့မိသားစုက ကွာရှင်းဖို့ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



သည့်ကိစ္စမှာလည်း ထွေထွေထူးထူး မကန့်ကွက်ခဲ့။ သူ ခံစားနေရတာတွေကို နားလည်ခဲ့တဲ့အတွက်လည်း သူ့ဘက်ကနေ ရပ်တည်ပေးခဲ့ခြင်း ဖြစ်သည်။

သို့သော် တစ်ဖက်မှာ ဘာမှပြတ်ပြတ်သားသား မဖြစ်သေးဘဲ ချမ်းနဲ့ ပတ်သက်ခဲ့သည့်အတွက်ကိုတော့ အမေရော မမကြီးပါ သူ့ကို ပြစ်တင်ခဲ့ကြသည်။ ဒါကတော့ ပြောလည်းခံရမည့် သူ့လုပ်ရပ်များမို့လို့ ခေါင်းငုံ့ခံနေရုံကလွဲ၍ ဘာမှမတတ်နိုင်ခဲ့ပါ။

တစ်ယောက်တည်း ပူလောင်စွာ ချာလပတ်ရမ်းနေစဉ် ဖုန်းလေး မြည်လာသောကြောင့် ကောက်ယူကြည့်မိတော့ ကြည်သာ့ထံမှ ဖြစ်နေ၏။ လောလောဆယ်တော့ ဘယ်သူငယ်ချင်းနှင့်မှ သူ စကားပြော ချင်စိတ်မရှိ။ လေးနက် စိတ်ရှုပ်ထွေးစွာပင် ဖုန်းအနီခလုပ်လေးကို ဖိဆွဲပစ်လိုက်၏။

သို့သော် ဖုန်းလေးကို စားပွဲပေါ် ပြန်တင်ရုံရှိသေး ကြည်သာ့ထံမှ စာတိုလေးတစ်စောင် ဝင်လာခဲ့၏။ 'ဖြေရှင်းဖို့နည်းတွေ့ထားပြီ' တဲ့ ဒါကိုတော့ သူ လျစ်လျူရှုမထားနိုင်တော့စွာ ကြည်သာ့ဆီ ချက်ချင်းပင် ဖုန်းပြန်ခေါ်လိုက်သည်။

"မင်းကလည်းကွာ ဖုန်းလေးဘာလေးလည်း ကိုင်ပါဦး"

ဖုန်းကို နားမှာကပ်လိုက်တာနှင့် ကြည်သာ့အသံက ဆောင့်ဝင် လာသည်။

"မင်းပို့ထားတဲ့စာက ဘာလဲ၊ ငါ့ကို အဲဒါအရင်ရှင်းဦး"

လေးနက်ကတော့ သူ သိချင်တာကိုသာ ဦးစားပေး မေးလိုက်၏။ ခုချိန်မှာ အလိုအပ်ဆုံးက အရာရာကို ပြေလည်သွားစေမည့် အကောင်းဆုံးဖြေရှင်းနည်းပဲ မဟုတ်လား။





"ငါ့အိမ်ကအဘွားက ငွေတိုးချေးတာ သိတယ်မဟုတ်လား"

"အေး သိတယ်လေ"

ကြည်သာ့အဘွားက ဟိုးအရင်တည်းက တရားဝင်ငွေတိုးချေး ...သောလုပ်ငန်းဖွင့်ထားခဲ့တာ နာမည်ကြီးပင်ဖြစ်သည်။ ဒီနည်းနဲ့ပဲ ချမ်းသာ ...သော သူဌေးမကြီးလည်း ဖြစ်၏။ ဒါပေမဲ့ အခုကိစ္စက ကြည်သာ့အဘွား ...တိုးချေးစားတာနှင့် ဘယ်လိုများ ပတ်သက်သွားတာလဲ။

"မင်းအဘွားနဲ့ ငါ့ကိစ္စနဲ့က ဘယ်လိုပတ်သက်နေလို့လဲ"

"အကြီးကြီးပတ်သက်နေလိမ့်မယ်လို့ ငါတော့ ရှစ်ဆယ်ရာနိုင် ...လောက် ပြောရဲတယ်"

ကြည်သာ ပြောပြတာတွေကို နားထောင်နေရင်းနှင့် သူ လက်သီး ... ကျစ်ကျစ်ပါအောင် ဆုပ်သထက် ဆုပ်ထားမိသည်။

တော်တော်ယုတ်မာတဲ့ အကြံအစည်ပါလား။ ဒါကြောင့်လည်း ...ရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးဖို့ကို ဒီလိုမျိုး တောင့်ခံနေခဲ့တာပေါ့။ ...ရားခွဲမယ်လို့ ခြိမ်းခြောက်ခဲ့တာတွေကလည်း အကွက်ဆင်ခဲ့တာတွေ ...ပဲ။

ကြည်သာ ပြောသမျှ နားထောင်ပြီး ဖုန်းချလိုက်တာနှင့် သူ့ ...သွမ်းတွေက ဝိုင်းနုဟန်တို့ အိမ်ရှိရာဆီသို့။

"ဒုန်း ဒုန်း ဒုန်း ဒုန်း"

"ညကြီးအချိန်မတော် ဘယ်သူလဲဟေ့"

အားပြင်းပြင်းနှင့် အဆက်မပြတ်ထုရိုက်နေသောကြောင့် အထဲ ...တုန့်ပြန်သံကလည်း ကျယ်ကျယ်လောင်လောင်။ အသံဆုံးသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် တံခါးမကြီးပွင့်သွားသည်။ အပေါက်ဝမှာ ပိတ်ရပ်နေသော ပိုင်းနုဟန်အမေကို အတင်းတိုးထိုးလျက် သူ အိမ်ထဲဝင်လိုက်သည်။

"ဟိတ် မင်း မင်း ဒါဘာလုပ်တာလဲ"

"ဖွန့်"

နှုတ်ခမ်းလေးတွန့်လျက် သူ ခနဲ့ပြုံးလေး ပြုံးမိသည်။ ညစာ… အချိန်မတော်ဆိုတဲ့ ဆယ့်တစ်နာရီမှာ ဒေါ်ခင်ငြိမ်းဟန်တို့အဖွဲ့တွေ … ကောင်းနေကြပုံပါပဲ။ သူ အတင်းတိုးဝင်လာတာမြင်တော့ ထမင်းစား… ပိုင်းဖွဲ့ထိုင်နေသည့် အဖွဲ့သားတွေ ကဒ်ကလေးများကိုင်လျက် လှုပ်လှုပ်… ဖြစ်သွားသည်။

"ဒါ ဘယ်သူလဲ မခင်ငြိမ်း"

ဒေါ်ခင်ငြိမ်းဟန်နှင့် ရွယ်တူလောက်ရှိမည့် အမျိုးသမီးကြီး … ယောက်က လှမ်းမေးသည်။

"စိုးရိမ်ဖို့မလိုပါဘူး။ ဒါ ကျွန်မ ပြောပြောနေတဲ့ သမက်က… ပါ"

အရယ်အပြုံးမျက်နှာဖြင့် သူ့ကို အထက်ပါအတိုင်း မိတ်ဆက် ပေးခံလိုက်ရတော့ သူ့ဒေါသတွေ ငယ်ထိပ်တက်ဆောင့်သွားသလို… အဆိုးဆုံးက ညှော်သည်အမျိုးသမီးကို ပြန်ပြောလိုက်သော စကား။

"ဩော် အထည်ချုပ်စက်ရုံပိုင်ရှင်သူဌေးဆိုတာလား"

ဒေါ်ခင်ငြိမ်းဟန် မျက်နှာကွက်ခနဲ ပျက်သွားပေမယ့် ချက်ချင်း ပင် ပြန်ထိန်းလိုက်နိုင်ကာ အကယ်ဒမီပင် ပေးလို့ရနိုင်၏။

"မောင်လေးနက် ကိစ္စရှိလို့လားကွဲ့၊ ဒါမှမဟုတ် ပိုင်းကို…





ခေါ်တာလား"

လူတွေရှေ့မှာ ဟန်လုပ်ပြောနေသော စကားလုံးလေးတွေက ပျားသကာလို ချိုမြနေသည်။ သူကတော့ ဒီမိန်းမကြီးအတိုင်း လိုက်လံ ဟန်ဆောင်မနေနိုင်ပါ။

"ကျွန်တော် ပြတ်ပြတ်သားသားရှင်းဖို့ လာခဲ့တာ"

"အရေးသိပ်မကြီးရင်လည်း မနက်မှ အေးအေးဆေးဆေး လာခဲ့ပါလားကွယ်၊ ပိုင်းလည်း ခုပဲ အိပ်ခန်းထဲ ဝင်သွားတာ၊ ဒီမှာကလည်း ဧည့်သည်တွေ ရှိနေတာဆိုတော့"

လေးနက်မျက်နှာပေါ်က ဒေါသတွေကို သဘောပေါက်သွားပုံနဲ့ အဘွားကြီးက သူ့ကိုပထုတ်ဖို့ ကြိုးစားသည်။ သူက ဒီမိန်းမကြီးရဲ့ ဆန္ဒကို ဘာဖြစ်လို့ လိုက်လျောရမှာလဲ။

"ကျွန်တော် မနက်ထိ မစောင့်နိုင်ဘူး။ ခုချက်ချင်း ပြောရမှ ဖြစ်မယ်"

သူ့အသံကျယ်ကျယ်ကြောင့် ဖြစ်မည်ထင်သည်၊ ပိုင်း အခန်းထဲက ထွက်လာ၏။ သူ့ကိုမျက်စိရှေ့တည့်တည့်မှာ မြင်တွေ့လိုက်ရတော့ အံ့ဩသွားပုံ။

"လေးနက် နင် ဘယ်လိုရောက်နေတာလဲ"

"အေး နင်ထွက်လာတာ အတော်ပဲ၊ သားအမိနှစ်ယောက်ကို တစ်ယောက်တစ်လှည့်စီ ခွဲပြောဖို့ မလိုတော့ဘူးပေါ့"

"နင် နင် ဘာတွေပြောနေတာလဲ လေးနက်"

"နင်တို့ ငါ့ကိုတရားစွဲဖို့လုပ်ထားတယ်ဆိုတာ ဘယ်တော့စွဲဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မလဲ သိချင်လို့"

သားအမိနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် လှမ်း ကြည့်ပြီး အကျပ်ရိုက်သွားပုံရ၏။ ဟွန်း ဒီလိုဖြစ်မယ်ဆိုတာ သူ သိသား

"နင်က သိပ်ပြီးလူသိရှင်ကြား ဖြစ်ချင်နေတာလား"

"ဟာ နင်မှားနေပြီနော် ဝိုင်းနု၊ ငါက လူမသိသူမသိ ဖြစ်စေချင် နေတာ၊ အဲဒီလို လူသူမသိအောင် ဖြေရှင်းလို့ရမယ့် နည်းလမ်းမျိုး နင် သိရင်ပေါ့လေ၊ ငါက လိုက်လျောပေးဖို့ အသင့်ပါ"

ကြည်သာ့ကျေးဇူးကြောင့် တစ်ချိန်လုံး ပဟေဠိဖြစ်နေခဲ့ရသော အကြောင်းအရာတစ်ခုကို အားလုံးနီးပါး ရှင်းရှင်းလင်းလင်း ဖြစ်သွားသောအခါ သူ့ဘက်ကပင်စပြီး ဝိုင်းနုဟန်တို့သားအမိ ပြောနိုင်အောင် လမ်းစဖွင့်ပေး ခဲ့သည်။

"မင်းက တရားစွဲမခံရဖို့အတွက် ငါတို့လိုအပ်တာအားလုံး ဖြည့် ဆည်းပေးမယ်လို့ ဆိုလိုတာလား"

လောဘရောင်တောက်နေသော မျက်ဝန်းများဖြင့် ဒေါ်ခင်ငြိမ်း ဟန်တစ်ယောက် ဟန်ပင်မဆောင်နိုင်ဘဲ ထုတ်မေးလာခဲ့၏။ သူ လိုချင် နေတာလည်း ဒီအကွက်ထဲရောက်ဖို့ပါပဲ။

"ဟုတ်တယ် အန်တီတို့ ဘာကိုလိုအပ်လို့ ကျွန်တော့်ကို တရား စွဲမယ်တွေဘာတွေ ခြိမ်းခြောက်ခဲ့တာလဲဆိုတာ ကျွန်တော်လည်း သိသင့် သလောက် သိပါတယ်၊ ဒီတော့ အားလုံးပွင့်ပွင့်လင်းလင်းပဲ ပြောကြတာ ပေါ့လေ"

သူ ဒီလောက်ပြောလိုက်ရင် ယောက္ခမကြီးက သဘောပေါက်





ပါပဲ။ စားပွဲနှင့်အပြည့် ထိုင်နေသူများကို မျက်စမျက်နှပြကာ ဝိုင်းသိမ်း သိမ်းလိုက်၏။ အားလုံး အလျိုလျို ပြန်သွားလို့ သူတို့သုံးယောက်တည်း ကျန်တော့မှ သူမ ပြောချင်တာတွေကို ထုတ်ပြောဖြစ်သည်။

ကိုယ့်လုပ်ရပ်ကို သူများတွေသိမှာတော့ စိုးရိမ်တတ်ပုံပါပဲ။

"ထိုင်ပါဦး မောင်လေးနက်"

သူမကိုယ်တိုင်လည်း ညှော်ခန်းမှ ကုလားထိုင်တစ်လုံးတွင် အကျ အန ဝင်ထိုင်လိုက်သည်။ သူက ဒေါ်ခင်ငြိမ်းဟန်နှင့် မျက်နှာချင်းဆိုင် ဆိုင်ခုံမှာ ထိုင်၏။ ဝိုင်းကတော့ ဘေးမှာ မတ်တပ်ရပ်လျက်သားပင်။ ဒီဇာတ် သိမ်းမှာ ဝိုင်းနုဟန်က ဇာတ်ပို့သက်သက်ပဲဆိုတာ သူ သဘောပေါက်သည်။ ဒီအရင်တည်းက အမေခိုင်းသည့်အတိုင်း တသွေမတိမ်း လိုက်နာတတ်သော သမီးတစ်ယောက်ပဲ မဟုတ်လား။

အခု သူ တကယ်ကြီး ရင်ဆိုင်ရမှာကလည်း ဝိုင်းမဟုတ်ဘဲ ယောက္ခမဖြစ်သူကိုသာ ဖြစ်၏။

"အန်တီတို့က ကျွန်တော့်ဆီက ငွေဘယ်လောက်ထိ ရမယ်လို့ ခန့်မှန်းထားလဲ"

သူ တည့်တည့်ပင် မေးလိုက်သည်။ အဘွားကြီး မျက်ခုံးများ ပင့်တက်သွား၏။ သူ ဒီလောက်ထိ ပွင့်ပွင့်လင်းလင်းကြီး မေးလိုက်လိမ့် မယ်လို့ မျှော်လင့်ထားပုံမရ။

"မင်းက အဖြစ်အပျက်ကို အားလုံးနီးပါးသိထားပြီးမှ ရောက် လာခဲ့ပုံပဲ အဟင်း"

"ကျွန်တော်က ခံခဲ့ဖူးတဲ့သူဆိုတော့ သတင်းအစအနလေး ရလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ဘယ်အကွက်ကို ခင်းထားတယ်ဆိုတာ သဘောပေါက်ပါတယ်"

"ကောင်းပြီလေ ဒါဆိုလည်း အန်တီ ပွင့်ပွင့်လင်းလင်း ပြော မယ်"

လေသံမာမာနှင့် မျက်နှာကိုပင့်မော့ကာ အထက်စီးက ပြောနေ ကြိုးစားနေသော ဒေါ်ခင်ငြိမ်းဟန်ကိုကြည့်ပြီး လေးနက် တစ်ယောက် ကိုယ့်ဒေါသကိုယ် မနည်းထိန်းထားရသည်။ လုပ်ထားပေါ့လေ။ ခုချိန်မှာ ကိုယ်အလိုအပ်ဆုံးအရာကို သူတို့လက်ထဲက ရယူနိုင်ဖို့ ဒီလောက်တော့ ရင်းရမှာပေါ့။

ပြီးရင်တော့ လမ်းတွေ့ရင်တောင် ခင်ဗျားတို့မျက်နှာကို မကြည့် ချင်ဘူး။ ကျွန်တော်နဲ့ခင်ဗျားတို့သားအမိရဲ့ ရေစက်ဆုံးက ဒီအထိပဲ။

"အန်တီတို့ လုပ်ငန်းလေးတစ်ခု အကျပ်အတည်းတွေ့တာနဲ့ ဒီအိမ်ကို အပေါင်ထားထားရတယ်"

သူ့စိတ်ထဲက ရှောင်ပြောင်ရယ်မောလိုက်မိသည်။ လုပ်ငန်းလေး တစ်ခုဆိုတာ ညလုံးပေါက် လောင်းကစားခြင်းမျိုးကို ဆိုလိုတာ ဖြစ်ပါလိမ့် မည်။

"အဲဒီတော့ ကျွန်တော်က"

"ဒီအိမ်က မင်းလည်း တစ်နှစ်ကျော်လောက် နေခဲ့ဖူးသူဆိုတော့ သံယောဇဉ်လောက်တော့ ရှိမှာပဲလေ"

"အဲဒီလို အပိုစကားတွေ နားထောင်ဖို့ ကျွန်တော်ရောက်လာ တာ မဟုတ်ဘူး။ တည့်တည့်ပဲ ပြောပါ"

"ဒီအိမ်ကို မဆုံးရှုံးချင်ဘူး။ မင်းလိုအပ်နေတာနဲ့ အန်တီလိုအပ်





တာ လဲလှယ်ဖို့ ထိုက်တန်ပါတယ်နော်"

သူတို့အိမ်ပေါ်မှာ ခုလို ထိုင်နေရခြင်းကိုပင် သူ အော်ဂလီဆန် သည်။ ကိုယ့်သမီးကိုတောင် ငွေနှင့်ရောင်းစားသည့်ပုံမျိုးဖြစ်နေပြီ မဟုတ် အင်းလေ အစတည်းကလည်း လေးနက်တို့မိသားစုရဲ့ ငွေကြေးကို သို့ အကွက်ဆင်ထောင်ဖမ်းခဲ့ခြင်းပဲ။ ထူးပြီးတော့ အံ့ဩဖို့ မရှိပါဘူးလေ။

"ထိုက်တန်ပါတယ် အန်တီ၊ အန်တီတို့လိုချင်တဲ့ငွေကို ကျွန်တော် မိုးလင်းတာနဲ့ ချက်ချင်းလွှဲပေးလိုက်ပါ့မယ်၊ ပြီးရင် တော့ တရားရုံးမှာ တွေ့ကြတာပေါ့လေ"

သူ ဝိုင်းကို တစ်ချက်ကြည့်လိုက်ပြီး အနိုင်ရသူတစ်ယောက်၏ မျိုးဖြင့် ပြောလိုက်သည်။ ဒီတိုက်ခန်းလေးတစ်လုံးစာလောက် ငွေ ကတော့ အမေ့ဆီကတောင် ဖွင့်ပြောပြတောင်းခံနေစရာမလိုဘဲ သူ့ ကျက်ဆိုပြီး အမေ ဘဏ်ထဲထည့်ပေးထားသည့်ထဲကပင် လွယ်လွယ် ထုတ်ပေးလိုက်လို့ ရပါသည်။

မိန်းမတစ်ယောက်ရဲ့အရှက်တရားနဲ့ သိက္ခာဆိုတာမျိုးတွေ ကင်းမဲ့ သလို ဖြစ်နေသော ဝိုင်းဆိုတဲ့မိန်းကလေးနဲ့ ပတ်သက်ခဲ့တဲ့ အချိန်တွေ သုံးကို ကွန်ပျူတာထဲက အချက်အလက်တွေ ဖျက်ပစ်လို့ရသလို လျင်မြန်မြန်နဲ့ အပြီးတိုင် ဖျက်ပစ်လိုက်နိုင်ရင် ဘယ်လောက်ကောင်း မလဲ။

ခုတော့ သူ့ဘဝက တစ်ခုလပ်ဆိုတဲ့ နာမည်တစ်ခုအောက်မှာ က်ရှိရှင်သန်ရတော့မယ်။ ဒါပေမဲ့ သူက ယောကျ်ားလေးတစ်ယောက် လောကားသုံးထစ်ဆင်းရင်တောင် လူပျိုဖြစ်တယ်ဆိုတဲ့ စကားမျိုး။ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်ဖြစ်ပြီး ကိုယ့်ဘဝကိုကိုယ် ငွေကြေးအတွက် အသေ... ရဲသည့် ဝိုင်းကို အံ့ဩရှုံ့ရှာမိ၏။

ထိုအိမ်ထဲမှ ထွက်လာခဲ့သော သူ့ခြေလှမ်းတွေဟာ အခါ... ထက်ကို ပေါ့ပါးမြန်ဆန်နေခဲ့သည်။ သောကတွေနဲ့ ပြည့်နှက်နေသော ... ကြီးတစ်ခုကနေ အပြီးတိုင်လွတ်မြောက်လာခဲ့သူတစ်ယောက်လိုပေါ့။

■ ■ ■



## အခန်း (၁၀)

"တော်သေးတာပေါ့ သမီးရယ်၊ ဆိုးဆိုးရွားရွား ဘာမှမဖြစ်တာ မောင်ခန့်ညား ကျေးဇူးပဲ"

အဲဒီစကားကို အန်တီမေ အထပ်ထပ်ရေရွတ်နေတာ ချမ်း ပြန်ပြီး သတိရလာတည်းကပါပဲ။ ဒါပေမဲ့ ချမ်း စဉ်းစားလို့မရတာက ခန့်ညားဆိုတဲ့လူ ချမ်း အိမ်ကိုရောက်လာတယ်ဆိုတဲ့ကိစ္စပါ။ သူက ဘယ်လိုသိပြီး ရောက်လာ တာလဲ။ ပြီးတော့ အိမ်ထိလိုက်လာရလောက်အောင် ဘာကိစ္စတွေများ ရှိနေလို့လဲ။

ချမ်း ဆေးတွေတစ်ပုလင်းလုံး သောက်ချလိုက်သည့်နောက်မှာ ခန့်ညားရဲ့ကျေးဇူးနဲ့ ဆေးရုံတွေဘာတွေတင်ပို့ပေးနိုင်ခဲ့သည်။ အစာအိမ် ကို ချက်ချင်းဆေးကြောပစ်လိုက်သောကြောင့် ဆိုးဆိုးရွားရွား ဘာမှ မဖြစ်ပေမယ့် ဆေးရုံပေါ်မှာတော့ သုံးရက်လုံးလုံး သတိလစ်မှုမျောနေ ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို သူမရဲ့စိတ်အတွင်းထဲမှာ ပြန်လည်ရှင်သန်လာချင်စိတ် မရှိခဲ့ပါ။ ဒါပေမဲ့ ဘုရားက အချိန်မကျသေးလို့ မခေါ်တော့လည်း သူမလို ဒုက္ခတွေသောကတွေများနေရသူက ဘာတတ်နိုင်မှာလဲလေ။

"ပြီးတော့ သမီးရယ် အန်တီမေ ပြောချင်တာက ယောကျ်ား တစ်ယောက်အတွက် ဒီလောက်ထိလုပ်ဖို့ လိုအပ်လို့လား"

သတိပြန်လည်လာချိန်မှာ အရင်ဆုံး လုပ်ခဲ့မိတာက အန်တီမေ့ကိုဖက်ပြီး အသည်းအသန် ငိုကြွေးလျက် ဖြစ်ကြောင်းကုန်စင် ပြောပြမိခြင်းပါ။

အန်တီမေကတော့ နဂိုတည်းက အေးအေးဆေးဆေး နေတတ်သူမို့ ပြင်းပြင်းထန်ထန် ဘာမှမပြောသော်လည်း ချမ်းနဲ့အတူ မျက်ရည်လိုက်ကျပေးဖော်တော့ ရခဲ့၏။

"ကိုခန့်ညားရော လာသေးလား အန်တီမေ"

ချမ်း သတိပြန်ရလာတဲ့နေ့တည်းက မတွေ့ရသေးတာမို့ မေးမိသည်။

"မနေ့ကတော့ အန်တီမေ့ဆီ ဖုန်းဆက်သေးတယ်၊ ချမ်း သက်သာရဲ့လား သိချင်လို့ပါတဲ့"

"အဲဒီနေ့က ချမ်းဆီကို သူ ဘာဖြစ်လို့ လာတယ်ဆိုတာရော ပြောသေးလား အန်တီမေ"

"အလုပ်ကိစ္စဆိုတာကလွဲရင် အသေးစိတ်တော့ မပြောပါဘူး ကွယ်"

ချမ်းတို့ စကားပြောနေကြတုန်းမှာပဲ တိုက်တိုက်ဆိုင်ဆိုင်ပင် ဆေး





န်းတံခါးကို တွန်းဖွင့်ဝင်လာသူက ခန့်ညား ဖြစ်နေ၏။

"ဟယ် မောင်ခန့်ညား လာ လာ၊ ခုပဲ ချမ်းက မေးနေတာ"

"ဟုတ်လား ချမ်း"

ချမ်းကို ကူညီပေးထားသည့် ကျေးဇူးကြောင့်ရော ချမ်း သတိ စ်နေသည့်အတောအတွင်း ပြောဆိုဆက်ဆံခဲ့ရသည့် အခြေအနေများ ကြောင့်ရော ခန့်ညားနှင့်အန်တီမေက တော်တော်လေး ရင်းနှီးသွားကြ ည့်ပုံပါ။

ချမ်း လှဲနေသည့် ခုတင်ဘေးမှာ ခုံတန်းလေးတွင် ခန့်ညား ထိုင် က်သည်။ ချမ်းကို ငေးကြည့်နေသော မျက်ဝန်းတွေက သနားကြင်နာ ားဖြင့် ပြည့်နှက်နေ၏။

"ချမ်း ဘယ်လိုနေလဲ၊ သက်သာလား"

"သက်သာပါတယ် ကိုခန့်ညား။ ဒါပေမဲ့ အဲဒီလို သက်သာနေ ကြီးကို ချမ်းက မလိုချင်တာ"

ချမ်း တိုးတိုးလေး ပြောလိုက်တာဆိုပေမယ့် ခန့်ညားတစ်ယောက် ာ့ ကောင်းကောင်းကြားမှာပါ။

"ချမ်းရယ် စိတ်ဓာတ်မကျပါနဲ့ဆိုတဲ့ စကားကလွဲရင် ကျွန်တော် ာပြောရမှန်း မသိပါဘူး"

ဘာမှပြန်မပြောဖြစ်ဘဲ အပြုံးယဲ့ယဲ့လေးဖြင့် ငြိမ်သက်နေမိသည်။ မက စိတ်ဓာတ်ကျရုံတင်မက ဘဝတစ်ခုလုံးပါ ပျက်စီးသွားခဲ့ရတာ

"ရန်ကုန်မှာမပျော်ရင် စိတ်ပြေလက်ပျောက်ဖြစ်အောင် နယ်ထွက် အသင့်ပြင်ထားလိုက်လေ၊ ကျွန်တော် အားလုံးပြင်ဆင်ပြီးပြီ ရိုက်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



တည်ဖို့ပဲ ကျန်တော့တယ်"

"မြန်လိုက်တာနော် ချမ်း ရေးထားတဲ့ ဇာတ်လမ်းက လူတိုင်း ကြည့်နိုင်မယ့် ဗွီဒီယိုတစ်ခုအဖြစ် ထွက်လာတော့မယ်ဆိုတာ ချမ်း [illegible] တောင်မယုံနိုင်ဘူး"

"လူတိုင်း ကြည့်နိုင်ရုံတင်မကဘူး၊ အောင်မြင်တဲ့ဇာတ်လမ်း တစ်ခုပါ ဖြစ်စေရမယ်၊ အဲဒီအောင်မြင်မှုကို ချမ်း ခံစားရမှာပါ"

"ကျေးဇူးတင်ပါတယ်"

"ချမ်းကိုယ်တိုင်ကလည်း ကျေနပ်စရာကောင်းလောက်အောင် ရေးသားနိုင်ခဲ့လို့ပါ။ ကျွန်တော် တစ်ဦးတည်းရဲ့ကျေးဇူးတော့ မဟုတ်ပါဘူးဗျာ"

"ဒါပေမဲ့ ကိုခန့်ညားသာ မရှိခဲ့ရင် ချမ်းလည်း ဒီတိုင်းပဲ ကို[illegible] အိမ်လေးထဲမှာနေပြီး တစ်ယောက်တည်းသိတဲ့စာလေးတွေ ဆက်ရေးနေ[illegible] ဦးမှာလေ၊ ခုလို လူတိုင်းဆီ ပို့ပေးနိုင်အောင် ကိုခန့်ညား ကူညီပေးခဲ့တာ[illegible] အဲဒီကျေးဇူးက သိပ်ကြီးပါတယ်"

"ဒါဆိုရင် ခုလို ထိတ်လန့်စရာကောင်းတဲ့ လုပ်ရပ်မျိုး [illegible] မလုပ်တော့ပါဘူးလို့ ကျွန်တော့်ကို ကတိပေးပါ"

သူမ ခေါင်းလေးအသာညိတ်ပြတော့

"အိုကေ ကျွန်တော်ခုနက ဆရာဝန်အခန်းထဲ သွားတွေ့ခဲ့[illegible] ချမ်းက ကောင်းကောင်းသက်သာနေပါပြီတဲ့၊ ဆင်းမယ်ဆိုရင်တောင် ရ[illegible] ပြောတယ်"

"ဟုတ်ကဲ့ အန်တီမေ့ကိုလည်း အဲဒီလိုပဲ ပြောပါတယ်၊ ဒါ[illegible]





[illegible]နေ့ကတော့ နည်းနည်းနောက်ကျနေပြီလေ၊ မနက်မှပဲ ဆင်းတော့မယ်"

"ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦးနော်"

သူ မတ်တပ်ထရပ်ပြီး နှုတ်ဆက်သည်။

"ပြန်တော့မလား ကိုခန့်ညား"

"ရုံးမှာ မြင့်မိုရ်နဲ့လည်း ချိန်းထားသေးလို့လေ၊ ကျွန်တော် မနက်ဖြန် [illegible]ဆေးရုံဆင်းရင် လာခေါ်ပါ့မယ်"

"အို ရပါတယ်၊ ချမ်းတို့ဘာသာပဲ ပြန်ပါ့မယ်၊ တကူးတက [illegible]မရှာပါနဲ့"

"ကျွန်တော့်မှာ ကူညီရမယ့်တာဝန် ရှိပါတယ်"

သူ ပြောတဲ့စကားကို ချမ်း နားမလည်ပါ။ သူက ဘာလို့ ကူညီရဖို့ [illegible]ဝန်ရှိနေတာလဲ။ ပြီးတော့ ခုလိုမျိုး ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ပေးရ[illegible]လောက်အောင်ထိ ချမ်းလုပ်ခဲ့တဲ့အကြောင်းရင်းက ဘာလဲလို့ သူ တစ်ခွန်းမှ [illegible]မေးခဲ့ပါ။

"ချမ်း ဘာဖြစ်လို့ ဒီလိုလုပ်ခဲ့တယ်ဆိုတာ ကိုခန့်ညား မသိချင် [illegible]ဘူးလားဟင်"

မေးခွန်းအဆုံးမှာ သူ့နှုတ်ခမ်းများထက်၌ အပြုံးတစ်ခုဖြစ်ပေါ် [illegible]လျက် ခေါင်းခါပြသည်။

"ကျွန်တော့်ကို ချမ်းပြောပြဖို့ မလိုအပ်ဘူး ထင်လို့ပါ"

ဆေးရုံခန်းထဲက ပြန်ထွက်သွားသော ကိုခန့်ညားကိုကြည့်[illegible] [illegible]နှင့် ချမ်းစိတ်ထဲမှာ တစ်မျိုးကြီးခံစားနေရသည်။ သူ့ကိုကြည့်ရတာ [illegible]နဲ့ပတ်သက်ပြီး အားလုံးကို သိနေသလိုလို။ ချမ်းကိုလည်း သိပ်နား

www.burmeseclassic.com

www.burmeseclassic.com



လည်ပေးနိုင်တဲ့ လူတစ်ယောက်ပုံစံမျိုး ဖြစ်နေသလိုပါပဲ။

သူမ ပါးစပ်ကနေ ကိုယ့်အကြောင်းတွေ ဖွင့်ပြောတာမျိုး မ ခဲ့ဖူးပေမယ့် သူကတော့ အားလုံးသိနေပုံ။ သူ ချမ်းကိုတွေ့ရှိချဉ်းကပ်လာ တဲ့အနေအထားကအစ ထူးဆန်းနေခဲ့တာလေ။ သူ့မှာရော ဘယ်လို လျှို့ဝှ ချက်တွေများ ရှိနေတာလဲ။

လေးနက်ရဲ့ကျေးဇူးဖြင့် လူတွေကို ယုံကြည်မှုကင်းမဲ့တတ်လာ သည်။ အမြဲတမ်း အကောင်းမြင်တတ်လျက် ပွင့်လင်းလွတ်လပ်စွာ နေထိုင် လာခဲ့သောချမ်း ပြောင်းလဲသွားခဲ့တာတော့ အသေအချာပါပဲ။

■ ■ ■

အခန်း (၁၁)

တောင်ပေါ်မြို့လေးကို ရောက်ခဲ့တော့ ချမ်း စိတ်ထဲက သောက ောကျင်မှုတွေ အနည်းငယ်ပြေလျော့သွားတာ ဝန်ခံချင်ပါ၏။ ဆောင်းဝင်စ ြုနေပြီမို့ ကြည့်လေရာရာမှာ နှင်းမှုန်လေးများဖြင့် ရစ်သိုင်းလျက် နေချင် ှယ်လေး ဖြစ်နေသည်။ သူမတို့ရိုက်ကွင်းအတွက် ရွေးချယ်ထားသော ိမ်ကလေးက စတော်ဘယ်ရီခင်းတွေရဲ့ဒီဘက်ခြမ်းမှာ။

"ချမ်း မအေးဘူးလား"

အနွေးအင်္ကျီမပါဘဲ ခြံထဲဆင်းထိုင်နေမိသည်မို့ ခန့်ညားက မေး ိုက်သည်။ လက်ထဲမှာအဆင်သင့်ယူလာသော ခြုံထည်လေးကိုလည်း ြမ်းပေး၏။ သူမ မျက်စိရှေ့တည့်တည့်မှာ ရောင်စုံဒေစီပန်းလေးတွေ ုလှပပ ပွင့်ဖူးနေတာကို ထိုင်ကြည့်နေရတာနဲ့တင် ချမ်း အေးရမှာကို ့မေ့လျော့နေမိသည်။

ဒါမျိုးက ရန်ကုန်မှာ မြင်ရဖို့ ခဲယဉ်းတယ် မဟုတ်လား။ ပျောက်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်လုနီးနီး ဖြစ်နေသည့် ဒေစီပန်းတွေကို ခုကျတော့ အရောင်စုံ အသွေးစုံ များများစားစား ပြန်စိုက်ပျိုးလာကြတဲ့ပုံပါပဲ။

"ချမ်းက ပန်းကြိုက်လို့လား"

"ကြိုက်တယ်တော့ မဟုတ်ပါဘူး။ မကြိုက်ဘူးလည်း မဟုတ်ဘူး။ သဘာဝကပေးထားတဲ့ လက်ဆောင်လှလှလေးတွေလို့တော့ အမြဲ တွေးမိတယ်"

တွေးတွေးဆဆ ပြောလိုက်သော ချမ်းကို ခန့်ညားက ငေးကြည့်နေခဲ့သည်။ သူ ငေးကြည့်နေမှန်းသိလို့ ချမ်းကလည်း သူ့ဘက် မျက်နှာ မလှည့်မိအောင် ကြိုးစားလိုက်သည်။ ကိုယ့်ကို စိုက်ကြည့်နေတဲ့ ယောကျ်ား တစ်ယောက်ရဲ့မျက်ဝန်းတွေကို ချမ်း မမြင်ချင်ပါ။ အဲဒီလို အကြည့်တွေ ရဲ့နောက်မှာ တခြားတစ်ခုခု ကပ်ပါလာမှာကို ချမ်း ထိတ်လန့်နေမိပြီ။

"ဒီလို ခရီးထွက်လာလိုက်တော့ ချမ်းစိတ်ထဲမှာ ခံစားနေရတာ တွေ သက်သာသွားတယ် မဟုတ်လား"

"အင်း ဟုတ်တော့ ဟုတ်ပါတယ်"

ချမ်းက မတင်မကျဘဲ ဖြေလိုက်သည်။ ဟုတ်တယ်လေ တကယ် တမ်း သက်သာသွားတာမှ မဟုတ်ခဲ့ဘဲ။ ပြောင်းလဲသွားတဲ့ပတ်ဝန်းကျင်မှာ ခံစားချက်လေးတွေ လတ်လတ်ဆတ်ဆတ် ဖြစ်လာရုံ။ ရင်ထဲက နာကျင်မှု တွေ ပျောက်သွားသလားဆိုရင်တော့ လုံးဝကိုငြင်းမိမှာပါ။

လေးနက်ကို နာနာကျင်ကျင်နှင့်ပင် သတိရနေမိသည်။ ကိုယ့် အပေါ်မှာ လိမ်ရက်လေခြင်း လှည့်စားရက်လေခြင်းဆိုပြီး နာကျည်း မုန်းတီး မယ့်အစား သူမ နာကျင်စွာ သတိရနေမိသည်။ ချစ်ခဲ့ရတဲ့ အချစ်တွေက





သည်းနည်းလေးမှ မဟုတ်ဘဲ။ နှစ်ယောက်အတူ ဖန်တီးခဲ့သော အမှတ်တရ တွေက ခုချိန်မှာတော့ မကောင်းဆိုးဝါးတွေလိုပါပဲ။ ဘယ်နေရာသွားသွား ဘာပဲလုပ်လုပ် သူတို့ လိုက်နှောင့်ယှက်နေကြသည်။

ထမင်းစားလည်း သူ့ကိုမြင်ယောင်၏။ လမ်းလျှောက်လည်း သူ့ကိုမြင်ယောင်၏။ အိပ်စက်လည်း သူ့ရင်ခွင်ကိုပဲ မြင်ယောင်၏။ ချမ်း တစ်ယောက် ဘယ်သူ့ကိုမှလည်း ဖွင့်မပြောနိုင်ဘဲ တစ်ယောက်တည်း ဒိတ်တိတ်ကလေး သေဆုံးနေရသည်။ အပြင်လောကမှာ ချမ်းဆိုတဲ့ မိန်းမ တစ်ယောက် လှုပ်ရှားသွားလာနေပေမယ့် အဲဒီမိန်းမရဲ့စိတ်တွေကတော့ သေဆုံးနေခဲ့ပြီ။

စက်ရုပ်တစ်ရုပ်လို စားချိန်တန်စား သွားချိန်တန်သွားရမယ်ဆို တဲ့ အသိမျိုးကလွဲလို့ ကျန်တာတွေ လုပ်ဖို့ကိုင်ဖို့ စိတ်မဝင်စား။

"ခုချိန်မှာတော့ ချမ်း သိပ်ကိုနာကျင်နေမှာ ကျွန်တော် နား လည်ပါတယ်"

ရှောင်လွှဲထားမိသော မျက်ဝန်းများကို ဒီတစ်ခါတော့ သူမ ရင်ဆိုင် လိုက်၏။ သူ ပြောနေတဲ့ပုံက ချမ်းနဲ့ပတ်သက်ပြီး သေချာပေါက် တစ်ခုခု သိနေသလို။ အဲဒီလို ခံစားချက်မျိုးကို ဆေးရုံမှာတည်းက ချမ်း ခံစားနေရတာ။ အခုလည်း အဲဒီအတိုင်းပါပဲ။ ခန့်ညားဆိုတဲ့ယောကျ်ားက သူမနားကို ဘာ ဖြစ်လို့ ချဉ်းကပ်လာခဲ့တာလဲ။

"ဘာပြောလိုက်တာလဲ ကိုခန့်ညား"

တအံ့တသြကြီးကြည့်လျက် မေးနေသော ချမ်းကို ဒီတစ်ခါတော့ သူ မျက်နှာလွှဲသွားသည်။ သက်ပြင်းကို ဖွဖွလေးချ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဘာတွေသိလို့လဲ၊ ရှင် ဘာသိလို့ ချမ်းကို ဒီလိုစကားတွေ ပြောနေတာလဲ"

သူ့လက်မောင်းများကို လွှပ်ရမ်းပြီး ချမ်း မရမက မေးမိတော့ သူ ပြန်လှည့်ကြည့်လာသည်။ သူ့အကြည့်တွေမှာ စိတ်ရှုပ်ထွေးရခြင်းတွေ အထင်းသား ပေါ်လွင်နေ၏။

"ကျွန်တော် အားလုံးသိတယ် ချမ်း"

"ရှင်"

သူမ ဘာမှမပြောနိုင်တော့။ ခန့်ညားကိုပဲ ပါးစပ်လေး အဟောင်းသားနှင့် စိုက်ကြည့်နေမိသည်။

"ဟုတ်တယ် ချမ်း တကယ်တော့ ချမ်းတို့နောက်ကို ကျွန်တော် လိုက်နေတာ ကြာပါပြီ၊ ချမ်းနဲ့လေးနက်နဲ့ နှစ်ယောက်စလုံးရဲ့ပတ်သက်မှု အနေအထားကိုလည်း ကျွန်တော် သိပါတယ်"

"ရှင် ဘာတွေပြောနေတာလဲ"

"ကျွန်တော် ဖွင့်ပြောဖို့ ဆုံးဖြတ်ခဲ့ပြီးပါပြီ၊ ဒါပေမဲ့ တကယ်တမ်း ချမ်းကိုပြောမယ်လုပ်လိုက်ရင် ကျွန်တော့်ရင်ထဲမှာ တစ်ခုခုတစ်ဆို့နေသလိုမျိုး ပြောမထွက်ခဲ့ဘူး။ အခုတော့ ကျွန်တော် အားလုံးကို ပြောပြပါ့မယ်"

"ဝိုင်းနှဟန်ဆိုတာ လေးနက်နဲ့ တစ်နှစ်ကျော်လောက် ပေါင်းသင်းလာတဲ့ အမျိုးသမီးပါ"

ကျတော့မည့်ဆဲဆဲ မျက်ရည်များကို အမြန်ထိန်းထားလိုက်ရ၏။ ခုချိန်တော့ သူမ မငိုချင်သေးပါ။





"ပြီးတော့ ဝိုင်းနဲ့ကျွန်တော်နဲ့က ငယ်ငယ်တုန်းက ကျူရှင် တစ်ခုတည်း အတူတက်ရင်း သိဝ်ခင်မင်ခဲ့ကြဖူးပါတယ်၊ ဒါကို လေးနက် လုံးဝ မသိပါဘူး။ အသက်တွေကြီးလာတော့ ကျွန်တော်နဲ့ဝိုင်းလည်း ငယ်ငယ်တုန်းကလို အမြဲမပြတ် ဆက်သွယ်ဖြစ်နေတာမျိုးတွေ မရှိတော့ဘူးလေ"

သူက ဒေစီပန်းခင်းများကိုကြည့်ရင်း ပြောနေရာကနေ ချမ်းမျက်နှာကို တစ်ချက်လှမ်းကြည့်ပြန်သည်။ သူ ပြောတာတွေကိုမှ သေချာ နားထောင်နေရဲ့လား၊လို့ လှမ်းအကဲခတ်ပုံ။

"တစ်ရက် သူ ကျွန်တော့်ဆီကို ဆက်သွယ်လာခဲ့တယ်၊ သူ့အကြောင်းတွေ ပြောပြတယ်၊ သူ့ယောကျ်ားက သူလည်း ဘာမှအဖြစ်မရှိပါဘဲ မပေါင်းတော့ဘူး လုပ်နေတယ်၊ စုံစမ်းပေးပါနော်ဆိုတော့ လေးနက်နောက်ကို ကျွန်တော် တစ်လျှောက်လုံး လိုက်ကြည့်ခဲ့တဲ့အတွက် ချမ်းနဲ့ပတ်သက်မှုကိုပါ သိခွင့်ရလိုက်တယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် လေးနက်ကို အိမ်ထောင်ရေးဖောက်ပြန်တဲ့ယောကျ်ားတစ်ယောက်ဆိုပြီး ထိပ်ရှုရှာခဲ့မိတယ်"

သူက ရှည်ရှည်ဝေးဝေး မြော်လိုက်ရသောကြောင့် မောသွားသည့် အသက်တစ်ချက် ပြင်းပြင်းရှူသွင်းလိုက်ပြီး ဆက်ပြောပြန်၏။

"ဝိုင်းကို ဒီအကြောင်းတွေလည်း ကျွန်တော် မာတ်ပုံနဲ့တကွ ပြောပြခဲ့တယ်၊ ဝိုင်းက ကျွန်တော့်ကိုချမ်းအကြောင်းတွေ စုံစမ်းခိုင်းတယ်၊ ကျွန်တော် သိရသလောက်ကတော့ ချမ်းက စာရေးဝါသနာပါတယ်၊ ဒီတော့ ကျွန်တော့်လုပ်ငန်းနဲ့ နီးစပ်တဲ့အတွက် ချမ်းကို နီးစပ်အောင် လုပ်ခွင့် ရသလေးရလိုက်သလို ဖြစ်သွားတာပေါ့၊ အဲဒီလိုကနေမှ ချမ်းကို လေးနက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေ ပြောပြဖို့ စီစဉ်ခဲ့တာ၊ ဒါက ကျွန်တော် သိတဲ့အပိုင်းပေါ့နော်

ချမ်း မျက်မှောင်လေး ကျုံ့ကြည့်လိုက်မိသည်။ သိတဲ့အပိုင်း တော့ မသိတဲ့အပိုင်းလည်း ရှိသေးတာပေါ့။

''ကျွန်တော် မသိခဲ့တာက တကယ်တမ်း ဒီအိမ်ထောင်ရေး လေးနက်က မုန်ကန်နေခဲ့ပြီး ပိုင်းက သူ့အမေနဲ့ပေါင်းပြီး လေးနက် ပေါ် အမျိုးမျိုး စိတ်မချမ်းသာအောင် လုပ်နေခဲ့တယ်ဆိုတာပဲ၊ ဒါကြော လည်း လေးနက်က သူ့အိမ်သူ ပြန်နေပြီး မပေါင်းနိုင်ပါဘူးလို့ အတိ လင်းသဘော ကွာရှင်းစာချုပ်ပါ ပို့ပေးခဲ့တာ၊ ကျွန်တော့်ကျေးဇူးနဲ့ လေ နက်ရဲ့အားနည်းချက်က ချမ်းမှန်း ပိုင်းနု သိလိုက်ပြီးတဲ့နောက်မှာ ကွာရှင်းစာချုပ်ကို လက်မှတ်မထိုးတော့ဘဲ တရားစွဲမယ်ဆိုပြီး ခြိမ်းခြော တော့တာ၊ ဖဲတွေရှုံးပြီး အိမ်ပေါင်ထားရတဲ့အခြေအနေမှာ လေးနက် သူတို့ရဲ့နိုင်ကွက်ပဲလေ၊ တရားစွဲမယ်ဆိုပြီး ခြိမ်းခြောက်မယ် တရား စေချင်ရင် ပေါင်ထားတဲ့အိမ် ပြန်ရွေးပေးရမယ်၊ တကယ်တမ်းတော့ ငွေည တာပဲပေါ့ဗျာ''

ချမ်း မယုံတောင် မယုံနိုင်ခဲ့ပါ။ ဒီလိုကိစ္စမျိုးတွေကို ရုပ်ရှင် ထဲမှာပဲ ရှိနေတယ် ထင်ထားတာ။

''ပြီးတော့ ဟိုးအစတည်းက ပိုင်းကို လေးနက် လက်ထ ရတာလည်း မရိုးမသားဆင်ထားတဲ့ အကွက်တစ်ခုပဲဆိုတာ ကျွန်တေ သိလိုက်ရသေးတယ်''

ဘာကြောင့် သူတို့တွေ လက်ထပ်ဖြစ်ခဲ့တယ်ဆိုတာကိုပါ ခန့်ညာ ပြန်ပြောပြတော့ ချမ်းတစ်ယောက် အံ့ဩပြီးရင်း အံ့ဩရင်းပါပဲ။ လေးနက်





နားစိတ်လေးတောင် ဝင်လာမိသေးသည်။ ဒါပေမဲ့လေ လေးကိုယ်တိုင်က ချမ်းကို အဖြစ်မှန်တွေအားလုံး ဖွင့်ပြောပြခဲ့သင့်တာပေါ့။

အကြောင်းရင်းမှန်ကို မသိနိုင်သော ပတ်ဝန်းကျင်အတွက် ချမ်းက သူများအိမ်ထောင်ကို ဖျက်ဆီးသော မိန်းမတစ်ယောက်ဘဝ ရောက်ခဲ့ရပြီ ဟုတ်လား။ ပတ်ဝန်းကျင်ဆိုတာကို ဘယ်တုန်းကမှ ထည့်မတွက်ခဲ့သော ချမ်းသည် ခုတော့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းအားလုံးကိုလည်း ဂရုစိုက် ဘတ်နေပြီ။

''တကယ်တော့ ကျွန်တော်က မှားတဲ့ဘက်မှာ ရပ်နေခဲ့မိတာ၊ ဒါပေမဲ့ အမှန်က ဘာဆိုတာကို သိလိုက်တဲ့အချိန်မှာပဲ ချမ်းအပေါ် မြင်နေတဲ့ အမြင်တွေကိုပါ တစ်ခါတည်း ပြောင်းလဲပစ်ခဲ့ပါတယ်၊ လေးနက်အကြောင်း အမှန်တွေကို ကျွန်တော်သိလျက်နဲ့ ဖွင့်မပြောခဲ့မိတာကတော့ တကယ် ဘ်မကောင်းပါဘူး။ ချမ်းတို့နှစ်ယောက်က သိပ်ချစ်နေကြတဲ့ အချိန်မှာ ကျွန်တော့်ကြောင့်နဲ့ ပျက်စီးသွားမှာမျိုးကိုမဖြစ်စေချင်ခဲ့ဘူးလေ''

''ဒါဆို ချမ်း အိမ်ကို ရောက်လာတဲ့နေ့က''

''ဟုတ်တယ် ချမ်းက အဖြစ်အပျက်အမှန်တွေကို သိသွားပြီ ပိုင်းနု လှမ်းဖုန်းဆက်တာနဲ့ ကျွန်တော် လိုက်လာခဲ့တာ၊ ချမ်း တစ်ခုခု ဖြစ်နေမလားဆိုပြီး စိတ်ပူရင်း ဖုန်းဆက်တော့လည်း ဖုန်းမကိုင်ဘူးလေ၊ ကြောင့် မထူးတော့တဲ့အဆုံး အိမ်ကိုလိုက်လာခဲ့လိုက်တာ၊ ကျွန်တော်သာ ရောက်နောက်ကျရင်''

''ဟင့်အင်း ချမ်း တကယ်သေချင်နေတာ၊ ချမ်းဆေး တွေကို ခဲ့သွားက တားဆီးပစ်လိုက်တာပဲ''

www.burmeseclassic.com

www.burmeseclassic.com



"ချမ်းရယ် ဘာဖြစ်လို့ သေချင်ရမှာလဲ၊ လောကကြီးမှာ အသက်ဆက်ရှင်သန်ဖို့ တခြားအကြောင်းအရင်းတွေလည်း ရှိနေပါသေးတယ်၊ ချမ်းမြင်အောင်ကြည့်စမ်းပါ၊ ချမ်း ဝါသနာပါတဲ့အလုပ်ကို လုပ်နိုင်မယ်ဆိုတာလေးနဲ့တင် အသက်ဆက်ရှင်ဖို့အတွက် လုံလောက်နေပါပြီ"

ခန့်ညားကိုယ်တိုင်လည်း ဘာမှမသိဘဲ ဝိုင်းနုဟာန်ပြောခဲ့သည့်အတိုင်း လုပ်ခဲ့ရသည့်လူမို့ ချမ်း စိတ်မဆိုးချင်တော့ပါ။ တကယ်တမ်းကာယကံရှင်ဖြစ်တဲ့ လေးနက်ကိုတောင် နာကျင်စွာ သတိရနေမိသေးတာပဲ။

"ကျွန်တော် ပြောတာတွေကို ချမ်း သဘောပေါက်ပါတယ်နော်"

ချမ်း အပြုံးလေးဖြင့် ခေါင်းညိတ်ပြမိသည်။ ခန့်ညားရဲ့အားပေးစကားတွေက ချမ်းအတွက် တကယ်ပဲ အားတက်စေခဲ့ပါ၏။ အသက်ဆက်ရှင်သန်ဖို့အတွက် တခြားအကြောင်းအရင်းတွေ ရှိပါသေးတယ်ဆိုတာ

■ ■ ■

## အခန်း (၁၂)

ရန်ကုန် ပြန်ရောက်ပြီးနောက်ပိုင်းမှာ ချမ်း အရင်အိမ်မှာ မနေတော့ဘဲ အိမ်ကလေးသက်သက် ငှားနေသည်။

ကျင်လည်ခဲ့တဲ့ ပတ်ဝန်းကျင်က အမှတ်တရတွေကို မေ့ပျောက်သွားနိုင်ဖို့အတွက် သူမ အကောင်းဆုံး စဉ်းစားလို့ရခဲ့တာကတော့ အမှတ်တရတွေ ရှိနေတဲ့နေရာကို စွန့်ခွာဖို့ပါပဲ။

ချမ်း တစ်ယောက်တည်း နေနေတာ ဒီနေ့ဆို သုံးလပြည့်ပြီ။

အန်တီမေကတော့ နေ့စဉ်အမြဲ ဖုန်းဖြင့်ဆက်သွယ်ကာ တစ်ယောက်တည်းနေရတာ စိတ်မချကြောင်း တဖွဖွပြောတတ်မြဲဖြစ်၏။ ချမ်းကတော့ ဘယ်သူမှမရှိ နားလည်းမညည်း အာရုံလည်းမနှောက်ဘဲ အေးဆေးချမ်းချမ်း စာရေးနိုင်သည့်အတွက် ကျေနပ်နေမိသည်။

"သမီးရေ လေးနက်တစ်ယောက်ကတော့ နေ့တိုင်း အန်တီမေ့

www.burmeseclassic.com

www.burmeseclassic.com



ဆီ ဖုန်းဆက်လိုက် အိမ်ရောက်လာလိုက်နဲ့ ချမ်း ဘယ်ရောက်သွားလဲ ပြီး လာလာမေးနေတော့တာပဲ''

''ချမ်း ဘယ်မှာဆိုတာ သူ့ကို လုံးဝမပြောပြပါနဲ့နော်''

အန်တီမေက မပြောနဲ့ဆို လုံးဝပြောမှာမဟုတ်တာတော့ ချမ်း ယုံသည်။ လေးနက်က သူ့အကြောင်းတွေ အစအဆုံး အန်တီမေ့ ဖွင့်ပြောပြပြီး ရှိုးတောင်းပန်ခဲ့သည်တဲ့။ လက်ရှိမှာလည်း တစ်ဖက် ဖြစ်ချင်တဲ့အတိုင်း လိုက်လျောပေးပြီး တရားဝင်ကွာရှင်းပြီးဖြစ်ကြောင်း စာချုပ်ပါ ယူလာပြသတဲ့လေ။

''သူ သမီးကြောင့်နဲ့ တော်တော်ခံစားနေရပုံပါကွယ်၊ တော်တော် တောင် ပိန်သွားတယ်''

စိတ်ထဲမှာ ကရုဏာလေးဖြစ်ထွန်းသွားမိသည်။ ဘယ်လိုတွေ ရှောင်တိမ်းရှောင်တိမ်း အမှတ်တရတွေထဲကနေသာ လွတ်မြောက်ချင် လွတ် မြောက်သွားနိုင်ပေမယ့် နှလုံးသားမှာ တည်ရှိနေတဲ့ အချစ်တွေကတော့ ဖျောက်ဖျက်ပစ်ဖို့ ခက်ခဲသည်မဟုတ်လား။

''တော်ပါပြီ အန်တီမေရယ်၊ မပြောပါနဲ့တော့၊ သမီးလည်း ကိုခန့် ညားဆီ သွားလိုက်ဦးမယ်၊ ဒီနေ့ စာမူတစ်ပုဒ်ပြီးသွားလို့လေ''

ဖုန်းချလိုက်ပြီးသည်နှင့် သူမ ရေမိုးချိုးပြင်ဆင်ခြင်းကို စတင် လိုက်သည်။ အရင်လိုဆိုရင်တော့ ခန့်ညားကိုယ်တိုင် သူမ ရှိနေသော အိမ်လေးထိ စာမူလာယူတတ်ပေမယ့် ဒီနေ့ကတော့ အိမ်အတွက် ဝယ် ခြမ်းစရာလေးတွေ ရှိနေလို့ ကိုယ်တိုင်ပင် လာပေးမည်လို့ ဖုန်းဆက်ထား ခဲ့သည်။



သူမနေသော နေရာကို ဘယ်သူ့ကိုမှ မပြောပြခဲ့ပေမယ့် အန်တီ မေနဲ့ခန့်ညားကတော့ ချွင်းချက်ပေါ့။ အလုပ်သဘောအရရော ပေါင်းသင်း ဆက်ဆံရသည့်နေရာမှာပါ အဆင်ပြေစေသည့် ခန့်ညားနဲ့ချမ်းတို့က ခုဆို သူငယ်ချင်းတွေအဖြစ် တော်တော်ရင်းနှီးနေကြပြီ။

ငှားရမ်းထားသည့် အိမ်လေးက မြို့ပြင်နည်းနည်းကျသည်မို့ ခန့်ညားရဲ့ရုံးခန်းကို အနည်းဆုံးတစ်နာရီလောက် ကားစီးရသည်။ စာမူ ကို တက္ကစီပေါ်မှာ အကြမ်းဖျင်းတစ်ခါ ပြန်ဖတ်ကြည့်နေမိသည်။ ဒီအိမ် လေးကို ရောက်ပြီးတည်းက အခုတစ်ခါသည် သူမရဲ့သုံးအုပ်မြောက် စာအုပ် ပင်ဖြစ်၏။

လွတ်လွတ်လပ်လပ် ငြိမ်းငြိမ်းချမ်းချမ်းနှင့် စိတ်ကြိုက်ရေးသား ခွင့်ရသောကြောင့် ဘယ်လောက်ပဲ မြို့ပြင်ရောက်ရောက် ထိုနေရာလေးကို ချမ်း နှစ်သက်ပါသည်။

''ချမ်း ရောက်ပြီလား''

ကွန်ပျူတာတစ်လုံးနှင့် အလုပ်ရှုပ်နေသော ခန့်ညားက ခေါင်း ပင်မထောင်နိုင်ဘဲ လှမ်းနှုတ်ဆက်သည်။

''အလုပ်တွေ များနေတယ်နဲ့ တူတယ်''

''ဟုတ်တယ် ချမ်းရေ၊ ဟိုအိမ်လေးကို ရောက်ပြီးနောက်ပိုင်း ပထမဆုံး ရေးထားတဲ့ ဇာတ်လမ်းလေးကို ရုပ်ရှင်အဖြစ် အသက်သွင်းဖို့ ပြင်ဆင်နေတာ''

''အဲဒီဇာတ်လမ်းကို ဟုတ်လား''

ချမ်း အံ့အားတသင့် ပြန်မေးမိသည်။ အဲဒီဇာတ်လမ်းလေးက

www.burmeseclassic.com

www.burmeseclassic.com



ချမ်း ရင်ထဲက ခံစားချက်အမှန်များဖြင့် တကယ့်အဖြစ်အပျက်များကို ချရေး ထားခဲ့ခြင်း ဖြစ်သည်။ ချမ်း ချစ်ရသော လေးနက်၊ ချမ်းကိုချစ်သော လေးနက်၊ သူမတို့နှစ်ယောက်ကြားက အဖြစ်အပျက်အားလုံး။ ဒီဇာတ် လမ်းလေးထဲမှာ ရှိသည်။

"ဟုတ်တယ် ချမ်း။ ကျွန်တော် သိပ်သဘောကျလို့ ရုပ်ရှင်ရိုက် မယ်လို့ဆုံးဖြတ်လိုက်တာ"

"ဗွီဒီယိုမဟုတ်ဘဲ ရုပ်ရှင်ဟုတ်လား"

"ဟုတ်တယ် ဒီဇာတ်လေးကို မှတ်မှတ်ရရ ဖြစ်စေချင်တယ်"

အမှတ်တရတွေကို ထပ်ဖန်တီးဖို့ ကြိုးစားနေတာလား ခန့်ညား ရယ်။ ခုတောင် အလွမ်းတွေကို မနည်းမြိုသိပ်ပြီး ကြိုးစားရှင်သန်နေရ တာ။

"ပြီးတော့ ကျွန်တော်က ဒီဇာတ်နဲ့ အလိုက်ဖက်ဆုံး မင်းသား အသစ်တစ်ယောက်ကိုလည်း ရွေးထားပြီးပြီ"

"မင်းသားကအသစ် ဟုတ်လား။ မင်းသမီးကရော အသစ်တွေ နဲ့ ရိုက်မှာ၊ ဒီဇာတ်လမ်းကို သူတို့လောက် ဘယ်သူမှ အကောင်းဆုံး သရုပ်ဆောင်နိုင်မှာ မဟုတ်ဘူး"

"မင်းသမီးပါ အသစ်ဟုတ်လား"

ချမ်း အံ့သြပြီးရင်း အံ့သြနေရသည်။ ခန့်ညား ဘာတွေလုပ် နေတာလဲ။

"ကဲပါ အခု မင်းသားအသစ်က အပြင်မှာရောက်နေပြီ"

ခန့်ညားက သူ့ရုံးစာရေးမလေးကို အချက်ပြလိုက်လျှင် ကောင်



မလေးက လူတစ်ယောက်ကို ခေါ်လာခဲ့၏။

ချမ်းနှလုံးသားတွေ ရပ်တန့်ကုန်သလိုပါပဲ။ မြင်လိုက်ရတဲ့လူက ရက်ပေါင်းများစွာ မေ့ဖျောက်ပစ်ဖို့ ကြိုးစားခဲ့ရသောသူ။ အဲဒီလို ကြိုးစား နေလျက်နဲ့ ဘယ်လိုမှ မေ့လို့မရခဲ့တဲ့သူ။

"ချမ်း"

သူ့နှုတ်ခမ်းများကနေ အက်ကွဲစွာ ထွက်ကျလာသော သူမ နာမည်လေး။

"ဒါ ဘာလုပ်တာလဲဟင်"

ခန့်ညားကိုကြည့်ပြီး လေသံမာမာနှင့် ချမ်း မေးမိသည်။

"ကျွန်တော် ပြောပါတယ်၊ ဒီဇာတ်လမ်းကို အပိုင်နိုင်ဆုံး သရုပ် ဆောင်ဖို့အတွက်က လေးနက်ကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဘူးလေ၊ ပြီးတော့ မင်းသမီးအသစ်ဆိုတာကလည်း တခြားသူကို ပြောနေတာ မဟုတ်ဘူး။ ချမ်းကိုယ်တိုင်ဗဲ"

"အို ဘာဆိုင်လို့လဲ"

ငြင်းဆန်လိုက်ပေမယ့် သူမ အသံလေးတွေ အင်အားမဲ့နေကြ သည်။ မျက်စိရှေ့တည့်တည့်မှာ မြင်နေရတာ တစ်လျှောက်လုံး သူမ ကြိတ်ပြီး လွမ်းဆွတ်တမ်းတခဲ့ရတဲ့ ချစ်ရသူလေး။

"ကိုယ် အနူးအညွတ် တောင်းပန်ပါတယ် ချမ်းရယ်၊ ဘယ်လို သုပ်ပေးရင် ချမ်းနဲ့အရင်လို ဘဝမျိုး ပြန်ဖြစ်နိုင်မလဲဟင်"

ချမ်းနားကိုချက်ချင်းရောက်လာပြီး မျက်နှာငယ်လေးနှင့် လေး နက်တောင်းဆိုသည်။ မျက်ဝန်းတွေမှာ မျက်ရည်များ ဝေ့ဲနေတာကိုတောင်

www.burmeseclassic.com

www.burmeseclassic.com



ချမ်း အနီးကပ်မြင်နေရ၏။

ခန့်ညားက အလိုက်သိစွာပင် ရှောင်ထွက်သွားပေးတော့ သူ့ ရုံးခန်းလေးထဲမှာ ချမ်းတို့နှစ်ယောက်တည်း။ သူမလည်း ခန့်ညားနောက် ကနေ လိုက်ဖွက်ခဲ့သင့်ပါသည်။ ဒါပေမဲ့ ဘယ်လိုအရာတွေက သူမ ခြေ ထောက်များကို ဆွဲဆောင်ထားကြပါလိမ့်။

"ချမ်းကို ကိုယ် အရမ်းချစ်တယ်၊ မခွဲနိုင်ဘူး၊ အနားမှာ ချမ်း မရှိတဲ့နေ့ရက်တွေက ဘယ်လောက်တောင် ခက်ခဲပင်ပန်းခဲ့တယ်ဆိုတာ"

ပြောနေရင်းနှင့် သူ့ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာသည်။ လေးနက် ဘာဖြစ်လို့ ငိုနေတာလဲ။ လေးနက်မျက်ရည်များကို မြင်တော့ ချမ်းပါ ရင်ထဲဆို့နင့် ငိုချင်လာ၏။ ဒါဟာ ဘယ်လိုဓာတ်သဘောပါလဲ။

"ကိုယ့်ကိုခွင့်လွှတ်ပါ ချမ်း။ ဒါမှမဟုတ်လည်း ကိုယ့်ကို အသေ သာသတ်ပစ်လိုက်ပါတော့"

တဖြည်းဖြည်းနှင့် ကြမ်းပြင်ပေါ် ခွေကျသွားသော သူ့ခြေထောက် များ။ ချမ်းရှေ့တည့်တည့်မှာ ငိုကြွေးဒူးထောက်နေသူသည် ချမ်း သိပ်ချစ်ရတဲ့ ချစ်သူဖြစ်ခဲ့ဖူးသည်။ အို မဟုတ်သေးပါ။ ဖြစ်ခဲ့ဖူးတာမဟုတ်။ ခုချိန်ထိကို ချမ်းနှလုံးသားရဲ့အနက်ရှိုင်းဆုံးနေရာဟာ သူ့အတွက် ဖြစ်နေခဲ့သေးတာ။

ဒါပေမဲ့ ချမ်း ဝန်မခံချင်တော့ပါ။ အရင်တစ်ခါလို ထပ်ပြီး နာကျင်ရ မှာ သူမ သိပ်ကြောက်နေမိသည်။

"ချမ်းကိုယ့်ကို တစ်ခုခုပြောပါဦးနော်၊ အဲဒီလိုကြီး မနေပါနဲ့"

"မဖြစ်နိုင်တော့ပါဘူး"

တိုးသက်စွာ ထွက်သွားသော စကားအဆုံးမှာ သူ့မျက်လုံးများ





ဗိုလို့ အရောင်ဖျော့သွားသည်။ မယုံကြည်နိုင်သလိုမျိုး ချမ်းကို မော့ကြည့် နေခဲ့၏။ ကိုယ့်ရှေ့တည့်တည့်မှာ ဒူးထောက်နေသော ချစ်သူကို ချမ်း ဆက်မကြည့်ရက်တော့စွာ ခြေလှမ်းများကို ပြင်လိုက်သည်။

"ချမ်း သွားစရာမလိုပါဘူး။ ကိုယ်သွားပါ့မယ်၊ ဒီလောကကြီး ထဲကနေပါ ကိုယ်ထွက်သွားပါ့မယ်"

ပြောပြောဆိုဆို ဝုန်းခနဲ ထထွက်သွားသော လေးနက်။ မပြေးရုံ တမယ် ခြေလှမ်းကျဲကြီးများဖြင့် ချမ်း ရှေ့ကနေ ထွက်သွားခဲ့သည်။

သူ ပြောသွားတာ ဘာစကားလဲ။ ဘာသဘောလဲ။ ဒီလောက ကြီးထဲကနေပါ ကိုယ် ထွက်သွားပါ့မယ်တဲ့။ ချမ်း စိတ်တွေမငြိမ်သက်နိုင် တော့။ ရင်ဘတ်ထဲက နှလုံးသားက အပြင်ကိုပေါက်ထွက်တော့မလို ခုန်လှုပ် လာသည်။ ချစ်သူကို ဆုံးရှုံးလိုက်ရပြီလို့ နာကျင်နေခဲ့ရတုန်းက ချမ်း ကိုယ် တိုင်တောင် လောကကြီးထဲကနေ ထွက်သွားဖို့ လုပ်ခဲ့မိသေးတာပဲ။ အခု လေးနက်။

အတွေးများထက် အရင် ချမ်းရဲ့ခြေလှမ်းများက လေးနက် ထွက် သွားသော လမ်းမပေါ်ကို လိုက်သွားနေမိပြီ။ ဟင် သူမ ထင်သည့်အတိုင်း ပါပဲ။ လမ်းလယ်ခေါင်တည့်တည့်မှာ မျက်လုံးစုံမှိတ်လျက် လက်နှစ်ဖက် ဆန့်တန်းပြီး ရပ်နေသော လေးနက်။ ဟိုရှေ့တည့်တည့်မှာလည်း လမ်း အတိုင်းလာနေသော ကားတစ်စီး။

ချမ်းမျက်လုံးများပြာဝေသွားသည်။ သူ့နားသို့ ပြေးသွားမိသော ခြေလှမ်းများက လျှပ်စီးရဲ့အလျင်လိုမျိုး။ မျက်လုံးစုံမှိတ်ရပ်နေသော သူ့ရှေ့ ကနေ ချမ်း ကိုယ်ဖြင့်ပိတ်ကာကာ သူ့ကို တင်းတင်းကျပ်ကျပ် ဖက်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

တဒင်္ဂလေးအတွင်းမှာ ဘာတွေဘယ်လိုဖြစ်သွားမှန်း ချမ်း ကိုယ်တိုင်ပင် မသိတော့။ နောက်ထပ်စက္ကန့်ပိုင်းလေးအတွင်းမှာ ကျယ်လောင်သော ကားဘရိတ်သံ။ အနီးအနားက လူတွေရဲ့အော်ဟစ်လိုက်သံများ ဆူညံပွက်လောရိုက်သွား၏။

သူမ မျှော်လင့်ထားသလို ပြင်းထန်သော နာကျင်မှုတစ်ခုတလေမှတောင် မကျရောက်လာသည့်အတွက် မှိတ်ထားမိသော မျက်လုံးလေးများကို အားယူဖွင့်လိုက်သည်။

သူ့ရင်ခွင်ထဲရောက်နေသော ချမ်းကို ငုံ့မိုးကြည့်နေသည့် သူ့မျက်ဝန်းတွေက မယုံကြည်နိုင်သလို။

"ဘာဖြစ်လို့ အဲဒီလို လုပ်တာလဲဟင် ချမ်း၊ ကားသမားသာ အချိန်မီ ဘရိတ်မအုပ်လိုက်နိုင်ရင်"

လေးနက်တစ်ယောက် စကားကို ဆက်မပြောနိုင်တော့ဘဲ ရင်ခွင်ထဲက မိန်းကလေးကို မြတ်မြတ်နိုးနိုး ကြည့်နေမိသည်။ ဘယ်လောက်ပဲ ရှောင်ပုန်းခဲ့ ရှောင်ပုန်းခဲ့ သူ့အတွက် အချစ်ဆိုတာ ဒီမိန်းကလေးရဲ့ နှလုံးသားထဲမှာ အမြစ်တွယ်နေပြီမှန်း သူ သိလိုက်ပါသည်။

ချမ်းရဲ့ကိုယ်လုံးပျော့ပျော့လေးက အင်အားမဲ့သလို တုန်ယင်နေသည်။ ဘယ်လောက်တောင် ထိတ်လန့်သွားရပါလိမ့်ကွယ်။

"ချမ်းရယ် ချမ်းအသက်ထက်တောင် ကိုယ့်ကို ပိုချစ်နေခဲ့ပြီးတော့ ဘာဖြစ်လို့များ ထွက်ပြေးချင်နေခဲ့ရတာလဲ"

ချမ်း သူ့ကို ဖြည်းဖြည်းလေး မော့ကြည့်သည်။ သူမ မျက်ဝန်းများမှာလည်း မျက်ရည်စတွေ ရစ်ဝိုင်းဖွဲ့သီလို့။





နောက်တော့ နှုတ်ခမ်းလေးတွေ ပွင့်ဟလာသည်။ နှုတ်ခမ်းလေးများ တုန်ယင်နေသောကြောင့် စကားပြောဖို့ အတော်အားယူနေရပုံ။

ချစ်လိုက်တာ ချမ်းရယ်။ မင်းကိုလည်း ကိုယ့်အသက်ထက်ပိုပြီး ဘန်ဖိုးထားရပါတယ်ကွာ။

"ချမ်း ဘေးနားမှာ ရှင်ထပ်မရှိတော့မှာမျိုးကို မခံနိုင်လို့"

အားယူပြောလိုက်သော အဖြေစကားက သူ့နှလုံးသားကို ဆုပ်ကိုင်လှုပ်လိုက်သလိုပါပဲ။ သူ ပိုလို့တင်းကျပ်နေအောင် ဖက်ထားလိုက်မိသည်။

"ဘယ်တော့မှ အဲဒီလို မဖြစ်စေရဘူးကွာ၊ အကယ်၍ ကိုယ့်ကြောင့်နဲ့ ချမ်း ထပ်ပြီး နာကျင်ခဲ့ရရင် လေးနက်ဆိုတဲ့ကောင် အသေဆိုးနဲ့သေ"

သူ့စကားဆက်ခွင့်မရလိုက်။ ချမ်းက လက်လေးများဖြင့် သူ့နှုတ်ခမ်းစပ်ကို လှမ်းပိတ်လိုက်သောကြောင့် ဖြစ်သည်။

"အဲဒီလိုမျိုးတွေ မကျိန်ပါနဲ့နော်",

"ချမ်းရယ် ကိုယ့်ကို ဒီလောက်ထိ ချစ်နေသေးရဲ့နဲ့ကွာ"

အခုတော့ သူ့ရင်ခွင်ထဲကနေ ချမ်း မရုန်းတော့ပါ။ ငြိမ်ငြိမ်ကလေးနေပြီး သူ့ရင်ဘတ်မှာ မျက်နှာအပ်ထားသည်။ နာကျင်စရာတွေ ဘယ်လောက်ပဲများနေခဲ့ပါစေ၊ အချစ်စစ်ဆိုတာကတော့ ပျောက်ပျက်မသွားတတ်ဘူး ချမ်းက လေးနက်ကို သင်ပေးလိုက်ခြင်းပင်ဖြစ်၏။

စိတ်ချပါ ကလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



နာကျင်စရာဆိုတာ ဘယ်လိုအရာကိုပြောတာမှန်း မမှတ်မိလောက်အောင်ကို မင်းအပေါ် ကိုယ် ကောင်းပါ့မယ်။ ဒီနေ့ ဒီရက် ဒီအချိန်ကစငြ်း မင်းနဲ့ကိုယ့်ကို ဘယ်လိုအရာကမှ ခွဲလို့မရစေရဘူး။

ကိုယ့်အသက်နဲ့ထပ်တူ ကျိန်ဆိုတယ်။

ပရိသတ်အတွက်
အမြဲတမ်း
မြူး



BURMESE CLASSIC
www.burmeseclassic.com